သဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရားသခင် ပွင့်တော်မူရာ
မဟာဗောဓိပင် နှင့် အာနန္ဒာဗောဓိ
ဒက္ခိဏသာခါ ဗောဓိပင်တို့ကို ပူဇော်စိုက်ပျိုးပုံ
အကြောင်းစုံအဋ္ဌုပ္ပတ်ကို ပြဆိုအပ်သည့်
ဝင် ၉-ဝင် အဝင်အပါ

# ဗောဓိဝင်ဝတ္ထု

၆၉

ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ)
ပဓာနနာယက၊ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်၊ ရန်ကုန်
ဒု-ပါမောက္ခချုပ်ဆရာတော်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ
အများသူငါ ဗဟုသုတဖြစ်စိမ့်သောငှါ
ပြန်လည်ကူးယူ ဓမ္မဒါနပြု လှူဒါန်းပါသည်

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

တရားအလှူသည် အမြတ်ဆုံးဖြစ်၏

____________________________

____________________________

____________________________

____________________________ သို့

ဓမ္မဒါန ပြုပါသည်။

2009. Graphic Design : Shwemyay-Nanda

သဗ္ဗညုတဉာဏ်ရှင်မြတ်စွာဘုရားသခင်ပွင့်တော်မူရာ

မဟာဗောဓိပင်နှင့်အာနန္ဒာဗောဓိ

**ဒက္ခိဏာသာခါဗောဓိပင်တို့ကို ပူဇော်စိုက်ပျိုးပုံ**

**အကြောင်းစုံအဋ္ဌုပ္ပတ်ပြဆိုအပ်သည်**

ဝင် ၉ - ဝင် အဝင်အပါ

# ဗောဓိဝင်ဝတ္ထု

ဦးခင်စိုး အမှူးရှိသော ပါဠိဆရာများ

ကြပ်မ.ကြည့်ရှုပြင်ဆင်သည်

# နိဒါန်း

**ဝံသကျမ်းများ**

"ဝနောတိ ပတ္ထရတီတိ ဝံသော-သန္တာနော" ဟူသော ဏွာဒိမောဂ္ဂလာန် ဝိဂြိုဟ်, "ဝံသော တန္တိ ပဝေဏီ"ဟူသော မဟာဝံသဋီကာနှင့်အညီ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဌုပ္ပတ်ကို ပြဆိုသော ကျမ်းများသည် "ဝံသကျမ်း"မည်၏၊ ထိုဝံသကျမ်းသည် (၁) ဗုဒ္ဓဝင်, (၂) အနာဂတဝင်,(၃) ဒီပဝင်, (၄) မဟာဝင်, (၅) ဗောဓိဝင်, (၆)ဒါဌာဓာတုဝင်,(၇)နဠာဋဓာတုဝင်,(၈)ထူပဝင်, (၉)ရွှေပြည်ဝင်နှင့်တကွ ဆကေသဓာတုဝင်, သာသနာဝင်, ဂန္ထဝင် ရာဇဝင်စသောအားဖြင့် များစွာရှိလေသည်။

**၁။ ဗုဒ္ဓဝင်ကျမ်း**

ပွင့်တော်မူပြီးကုန်သော ဘုရားသခင်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဌုပ္ပတ်ကို ပြဆိုသော မူလဗုဒ္ဓဝင်ပါဠိတော်, အရှင်မဟာဗုဒ္ဓဒတ္တထေရ် စီရင်တော်မူအပ်သော ဗုဒ္ဓဝင်အဋ္ဌကထာ, အရှင်သောဘိတထေရ် စီရင်တော်မူအပ်သော ဗုဒ္ဓဝင်ဋီကာ များနှင့်တကွ ရှေးဆရာတို့စီရင်တော်မူအပ်သော ဗုဒ္ဓဝင်ပါဠိတော်နိဿယ, ဗုဒ္ဓဝင်အဋ္ဌကထာ နိဿယ, ဗုဒ္ဓဝင်ဝတ္ထု ဟူ၍ ရှိလေသည်။

**၂။ အနာဂတဝင်ကျမ်း**

ပွင့်တော်မူလတ္တံ့သော ဘုရားသခင်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အဌုပ္ပတ်ကို ပြဆိုသော မူလ အနာဂတဝင် ပါဠိတော်, သီဟိုဠ်ကျွန်း အရှင်မဟာဥပတိဿထေရ် စီရင်အပ်သော အနာဂတဝင် အဋ္ဌကထာ, အမည်မသိဆရာ စီရင်အပ်သော ဒသဗုဒ္ဓ အနာဂတဝင်ပါဌ်-များနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော အနာဂတဝင် ပါဠိတော် နိဿယ, အနာဂတဝင် အဋ္ဌကထာနိဿယ, အနာဂတဝင်ဝတ္ထု ဟူ၍ ရှိလေသည်။

၃။ ဒီပဝင် ကျမ်း

ကျွန်းကြီး ၄–ကျွန်းနှင့်တကွ သီဟိုဠ်စသော ကျွန်းငယ်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အဋ္ဌုပ္ပတ်ကို ပြဆိုသော မူလ သီဟဠ ဘာသာ ဒီပဝင်, မာဂဓ ဘာသာဒီပဝင်ပါဠိ, မန္တလေးမြို့ ဒက္ခိဏာရာမ ပဌမ ဘုရားကြီးဆရာတော်စီရင်အပ်သော ဒီပဝင်ဋီကာ-များနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော ဒီပဝင် နိဿယ, ဒီပဝင်ဝတ္ထု ဟူ၍ ရှိလေသည်။

၄။ မဟာဝင် ကျမ်း

မြတ်စွာဘုရားသခင်နှင့်တကွ သာသနာပြု သံဃာတော်များ, သာသနာပြု ဘုရင်မင်းများ၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဋ္ဌုပ္ပတ်ကို ပြဆိုသော မူလ သီဟဠဘာသာ မဟာဝင်, သာသနာ ရှစ်ရာကျော်တွင် သီဟိုဠ်ကျွန်းအရှင်မဟာနာမထေရ် စီရင်အပ်သည့် မာဂဓဘာသာ မဟာဝင်ပါဠိ, နောက်ဆရာတို့ စီရင်အပ်သော မဟာဝင်နောက်ဆက်တွဲခေါ် စူဠဝင် ပါဠိများနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော မဟာဝင် နိဿယ, ကျီးသဲလေးထပ်ကျောင်းဆရာတော် စီရင်အပ်သော မဟာဝင်ဝတ္ထု ဟူ၍ ရှိလေသည်။

၅။ ဗောဓိဝင် ကျမ်း

မဟာဗောဓိနှင့် အာနန္ဒာဗောဓိ ဒက္ခိဏသာခါ ဗောဓိတို့၏ ဖြစ်စဉ်ဖြစ်ရပ်အကြောင်းအဋ္ဌုပ္ပတ်ကို ပြဆိုသော မူလ သီဟဠဘာသာဗောဓိဝင်, သီဟိုဠ်ကျွန်းအရှင်မဟာဥပတိဿထေရ်စီရင်အပ်သည့် မဟာဗောဓိဝင်ပါဠိ, ပုဂံပြည် ပေါင်လောင်အရှင်မဟာကဿပစီရင်အပ်သောမဟာဗောဓိဝင်ဋီကာနှင့်တကွ ဒုတိယငံ့ဆရာတော်စီရင်အပ်သောမဟာဗောဓိဝင် နိဿယ, အမည်မသိဆရာ စီရင်အပ်သော မဟာဗောဓိဝင် ဋီကာ နိဿယ, ဗောဓိဝင်ဝတ္ထု ဟူ၍ ရှိလေသည်။

၆။ ဒါဌာဓာတုဝင်ကျမ်း

စွယ်တော်မြတ်၏ ဖြစ်စဉ် ဖြစ်ရပ် အကြောင်း အဋ္ဌုပ္ပတ်ကိုပြဆိုသော မူလ သီဟဠဘာသာ ဒါဌာဓာတုဝင် သီဟိုဠ်ကျွန်း အရှင်သဒ္ဓမ္မကိတ္တိထေရ် စီရင်အပ်သော မာဂဓဘာသာ ဒါဌာဓာတုဝင်ပါဠိ, အမည်မသိ

ဆရာစီရင်အပ်သော ဒါဌာဓာတုဝင် ပို့ကာ, ဒါဌာဓာတုဝင်နိဿယ, ဒါဌာဓာတုဝင်ဝတ္ထုဟူ၍ ရှိလေသည်။

(၇) နန္ဒာဌမာတုဝင်ကျမ်း

နဖူးသင်းကျစ်တော်၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဌုပ္ပတ်ကိုပြဆိုသော အမည်မသိ ဆရာများစီရင်သည့် မူလ နန္ဒာဌမာတုဝင်ပါဠိ,နဠာဋမာတုဝင် ပို့ကာ,နဠာဋမာတုဝင်နိဿယ, နန္ဒာဌမာတုဝင် ဝတ္ထုဟူ၍ ရှိလေသည်၊

(၈) ထူပဝင်ကျမ်း

ဟေမမာလီမည်သော သီဟိုဠ်ကျွန်း မဟာစေတီတော်မြတ်၏ ဖြစ်စဉ်ဖြစ်ရပ်အကြောင်း အဌုပ္ပတ်ကို ပြဆိုသော သီဟိုဠ်ကျွန်း အရှင်ဝါစိဿရထေရ် စီရင်အပ်သည့် မူလထူပဝင်ပါဠိ, အမည်မသိ ဆရာများ စီရင်အပ်သည့် ဗူဠထူပဝင်ပါဠိ, ထူပဝင်နိဿယ, ထူပဝင်ဝတ္ထုဟူ၍ ရှိလေသည်၊

(၉) ရွှေပြည်ဝင်ကျမ်းစသည်

မြတ်စွာဘုရားသခင်နှင့် အဂ္ဂသာဝက အရှင်မြတ် ၂ ပါးတို့၏ ပရိနိဗ္ဗာန်ပြုတော်မူပုံ အကြောင်းအရာကို ပြဆိုသော အမည်မသိဆရာ စီရင်သည့် ရွှေပြည်ဝင်ဝတ္ထု, ခြောက်ဆူသော ဆံတော်မြတ်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဌုပ္ပတ်ကို ပြဆိုသော အမည်မသိ ဆရာ စီရင်အပ်သည့် ဆကေသဓာတုဝင်ပါဠိ,သာသနာပြု ဆရာအစဉ်အဆက်ကို ပြဆိုသော မောင်းထောင် ဆရာတော် စီရင်သည့် သာသနာ့ဝံသပဒီပိကာပါဠိနှင့် သာသနာလင်္ကာရ စာတမ်း, မည်သည့်ကျမ်းဂန်ကို မည်သည့်ဆရာပြုသည်ဟု ကျမ်းဂန်များနှင့် ကျမ်းပြုဆရာများကို ပြဆိုသော အမည်မသိ ဆရာ စီရင်သည့်မူလ ဂန္ဓဝင်ပါဠိ, ကျီးသဲလေးထပ်ကျောင်းဆရာတော် စီရင်သည့် ပိဋကဂန္ထဝင်ပါဠိ, မင်းစဉ်မင်းဆက်ကို ပြဆိုသော ရာဇဝင်ကျမ်းဟူ၍ ရှိလေသည်။

ဟံသာဝတီ၏ အာသီသ

ကျွန်ုပ်တို့ ဟံသာဝတီပိဋကတ် ပုံနှိပ်တိုက်၏ အာသီသ ဟောင်တရင်း နှလုံးသွင်းမှာ - ပါဠိတော်များ,အဌကထာများ,ဋီကာများ,ယောဇနာများ, [illegible]များ နှင့်တကွ ရှေးဟောင်းကျောက်စာများ ရေးထားသော[illegible]

သော ပိဋကတ်တော်လာ စာပေများ, ဝင် ၉–ဝင်နှင့်တကွသော ဝံသ ကျမ်းများ....မတိမ်ကော မပပျောက်စေရန်ငှ‌င်း, မသူတော်တရား ကွယ်ပ၍ သူတော်တရားထွန်းကားလာစေရန်ငှ‌င်း,ဗုဒ္ဓသာသနာတော် ကြီး စည်ပင်ပြန့်ပွား၍ အဓွန့်ရှည်စွာ တည်စေရန်ငှ‌င်း ရည်သန်ပြီး လျှင် အဆက်မပြတ် ပိဋကတ်တော် ကျမ်းစာများကို ရိုက်နှိပ်အပ် သည်ဖြစ်၍ ယခုအခါ ဝင် ၉-ဝင် အကျုံးဝင်သည့် ဤ**ဗောဓိဝံသ** ကို ရှင်းလင်းသေသပ်သော အထား အသို အပိုအလိုမရှိသောပုဒ်ပါဌ် အဖြတ် အရပ် ကျ-နု-သေချာ၍ အက္ခရာပုဒ်ဗျည်း မလိပ်လည်းစေရ အောင် **ပါဠိဆရာကြီး ဦးခင်စိုး** [သာသနမဇ္ဈ သိရိပဝရ ဓမ္မာစရိယ] အမှူးရှိသော ပါဠိဆရာအဖွဲ့အား ကောင်းစွာသုတ်သင် ပြင်ဆင်စေ ကာ စက်တင် ပုံနှိပ်အပ်သည် ဖြစ်ပါကြောင်း။

**“ဟံသာဝတီ”**

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပဏာမ .... | ၁ |
| | **၁။ ဗောဓိသဏ္ဍာနအခန်း** | |
| ၁။ | ငါတို့မြတ်စွာဘုရားသခင် ပွင့်တော်မူရာ မဟာဗောဓိပင်တော်ကို ပြခြင်းအကြောင်း .... | ၂ |
| | **၂။ ဗောဓိဌာနအခန်း** | |
| ၂။ | အပ္ပရာဇိတပလ္လင်တော်မြတ်အနိမ့်အမြင့်အခြင်းအရာပြခြင်းအကြောင်း .... | ၆ |
| ၃။ | ခုနစ်ရပ်သော သတ္တဋ္ဌာနတို့၏ အဝေးအကွာကို ပြခြင်းအကြောင်း .... | ၁၄ |
| ၄။ | မဟာဗောဓိပင်ကို ပြည်ကြီးတဆယ့်ခြောက်ပြည်တို့ဖြင့် ခြံရံတည်နေပုံနှင့် ယူဇနာအဝေးအကွာတို့ကို ပြခြင်းအကြောင်း .... | ၁၆ |
| ၅။ | မဟာဗောဓိပင်နှင့် ပြည်ကြီးတဆယ့်ခြောက်ပြည်စသည်တို့ အချင်းချင်း အဝေးအကွာတို့ကိုပြခြင်းအကြောင်း .... | ၂၂ |
| | **၃။ ဗောဓိပူဇနအခန်း** | |
| ၆။ | မဟာဗောဓိပင်နှင့် ပလ္လင်တော်ကို မြတ်စွာဘုရားကြည့်ရှုပူဇော်ခြင်းအကြောင်း .... | ၂၆ |
| ၇။ | နတ်တို့၏ယုံမှားသံသယကင်းစိမ့်သောငှါ တန်ခိုးပြာဋိဟာပြတော်မူသောအကြောင်း .... | ၂၈ |
| ၈။ | ဗောဓိပင်နှင့်ပလ္လင်တော်ကို ဘုရားသခင်ပူဇော်ခြင်းနှင့်လူတို့ပူဇော်ဟိုက်ခြင်းအကြောင်း .... | ၃၀ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉။ | သိရိမ္မာသောကမင်းကြီး မဟာဗောဓိပင်ကို အထူးသဖြင့် ပူဇော်ခြင်းအကြောင်း .... | ၃၁ |
| ၁၀။ | အရှင်သီဝလိမထေရ်၏အလောင်း ရုက္ခစိုဝ်းနတ် ဗောဓိပင်ကိုပူဇော်ခြင်းအကြောင်း .... | ၃၃ |
| ၁၁။ | အရှင်ကောသနိယမထေရ်အလောင်း ရုက္ခစိုဝ်း နတ် ဗောဓိပင်ကိုပူဇော်ခြင်းအကြောင်း .... | ၃၄ |
| ၁၂။ | မဟာဗောဓိပင်ကို အဝတ်လှူလိုက်သော အိုးထိန်းသည် ကျွန်မအကြောင်း .... | ၃၆ |
| ၁၃။ | သူဆင်းရဲလင်မယားတို့ မဟာဗောဓိပင်ကို လှူဒါန်းခြင်းအကျိုးပြခြင်းအကြောင်း .... | ၃၉ |
| ၁၄။ | ကလိင်္ဂစကြာမင်းကြီး၌ ရတနာခုနစ်ပါး ဆိုက်ရောက်သည်ကိုပြခြင်းအကြောင်း .... | ၄၂ |
| ၁၅။ | မဟာဗောဓိပင်နှင့်ပလ္လင်တော်တည်ရာမြေအရပ် ကို ပူဇော်လှူဒါန်းခြင်းအကြောင်း .... | ၅၁ |


## ၄။ ဗောဓိရောပနအခန်း


| | | |
|---|---|---|
| ၁၆။ | ညီတော်အာနန္ဒာတည်ထားစိုက်ပျိုးသော ဗောဓိပင်အကြောင်း .... | ၅၇ |
| ၁၇။ | အာနန္ဒာဗောဓိပင်မှ တန်ခိုးပြာဋိဟာပြခြင်း အကြောင်း .... | ၆၀ |
| ၁၈။ | သီဟိုဠ်ကျွန်းမှ ဗောဓိပင် ပင့်ဆောင်ရန် စေလွှတ်ခြင်းအကြောင်း .... | ၆၂ |
| ၁၉။ | သိရိမ္မာသောကမင်းကြီးဒက္ခိဏသာခါ ပင့်ဆောင်ပုံအကြောင်း .... | ၆၄ |
| ၂၀။ | ဒက္ခိဏသာခါ လက်ျာဗောဓိကို သီဟိုဠ်ကျွန်း သို့ပင့်ဆောင်ခြင်းအကြောင်း .... | ၇၄ |
| ၂၁။ | ဒေဝါနံပိယတိဿမင်းကြီးဗောဓိပင်တည်ထား ကိုးကွယ်ခြင်းအကြောင်း .... | ၇၉ |

ဦးရေ  အကြောင်းအရာ  စာမျက်နှာ

၂၂။ အသီးတို့ကိုစိုက်ပျိုးအပ်သော ဗောဓိပင်
ငယ်တို့အကြောင်း .... ၈၃
၂၃။ ဗောဓိအစောင့်အရှောက်တို့အား ချီးမြှောက်
ခြင်းအကြောင်း .... ၈၇
၂၄။ ကကုသန်-စသောဘုရားသုံးဆူတို့၏စေတီ,
ဗောဓိပင်တို့အကြောင်း .... ၉၄

## ၅။ ဗောဓိဝံသအခန်း

၂၅။ သီဟိုဠ်စေတီဗောဓိတို့ကို ဖူးမျှော်ကြသော
ရဟန်းတို့အကြောင်း .... ၉၉
၂၆။ မဟာဗောဓိပင်ကို ဘိုးတော်မင်းတရားကြီး
အဖူးအမျှော်စေလွှတ်ခြင်းအကြောင်း .... ၁၀၂
၂၇။ ဗောဓိပင်သို့စေလွှတ်သောအကြောင်းအရာ
မှန်နန်းရာဇဝင်အရပြဆိုသည့်အကြောင်း .... ၁၀၈
၂၈။ စတုတ္ထရတနာပူရမြို့တည်နန်းတည်မင်းတရား
ကြီးမဟာဗောဓိပင်သို့ လှူဒါန်းစေခြင်း
အကြောင်း .... ၁၁၀
၂၉။ မဟာဗောဓိပင်၌စိုက်ထူလျက်ရှိသော သံပိုင်း
ကျောက်စာတော်အကြောင်း .... ၁၂၀
၃၀။ အမရပူရဘကြီးတော်မင်းတရားကြီးစိုက်ပျိုး
အပ်သော ဗောဓိပင်အကြောင်း .... ၁၂၇
၃၁။ မန္တလေးရတနာပုံပဥ္စမသင်္ဂါယနာတင်
မင်းတရားကြီးစိုက်ပျိုးကိုးကွယ်တော်မူသော
ဗောဓိပင်ကိုပြခြင်းအကြောင်း .... ၁၂၉

# ဗောဓိဝင်ဝတ္ထု

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ပဌမ

၁။ ယဿ မူလေ နိသိန္နောဝ၊ သဗ္ဗာရိဝိဇယံ အကာ။
ပတ္တော သဗ္ဗညုတံ သတ္ထာ၊ ဝန္ဒေ တံ ဗောဓိပါဒပံ။

၂။ ဇနိတံ ယံ ပဌာမေန၊ ဣတိ ဗောဓိမဟီရုဟော။
ပုညံ တဿာ နုဘာဝေန၊ နဿန္တု သဗ္ဗုပဒ္ဒဝါ။ ။

၁။ သတ္ထာ၊ သုံးလူ့ထွတ်တင် ရှင်ပင်ဘုရားသည်။ ယဿ၊ အကြင် သဗ္ဗညုတဉာဏ်တော်၏ ကျင်လည်ရာ မဟာဗောဓိပင်မင်း၏။ မူလေ၊ မြစ်ဆုံမယွင်း ပင်ခြေရင်း၌။ နိသိန္နောဝ၊ ဥဇုကာယ ပလ္လက်ဖြင့် ဌာန မပြောင်း ထိုင်နေအောင်းလျက်သာလျှင်။ သဗ္ဗာရိဝိဇယံ၊ အလုံးစုံသော ကိလေသာမာရ် ပေါင်းဝေရန်ကို ပယ်လှန်တွန်းထုတ် အောင်မြင်ခြင်း အလုပ်ကို။ အကာ၊ ပြုတော်မူလျက်။ သဗ္ဗညုတံ၊ ဉေယျလုံးစုံ ပေါင်းဥသုံ ကို အကုန်အစင် သိမြင်တော်မူသော သဗ္ဗညုအဖြစ်သို့။ ပတ္တော၊ ရောက် တော်မူလေပြီ။ တံဗောဓိပါဒပံ၊ ထိုသဗ္ဗညုတဉာဏ်တော်သို့ရောက်ရာ

ဖြစ်သော မဟာဗောဓိပင်မင်းကို။ အဟံ၊အကျွန်ုပ်သည်။ဝန္ဒေ-ဝန္ဒာမိ၊ ဂါရဝညွတ်ပျောင်း လက်ဆယ်ချောင်းဖြင့် စုပေါင်းညွှတ်ခ ရှိခိုးပါ၏။

၂။ ဣတိ၊ဤသို့လျှင်။ ဗောဓိမဟိရုဟော၊မြတ်သောမဟာဗောဓိပင် မင်း၌။ မယာ၊ အကျွန်ုပ်သည်။ ပဏာမေန၊ ရှိခိုးခြင်းပဏာမဖြင့်။ ယံပုညံ၊ အကြင်ကောင်းမှုကံကို။ ဇနိတံ၊ ဖြစ်စေအပ်ပြီ။တဿပုညဿ၊ ထိုရှိခိုးခြင်းတည်းဟူသော ကောင်းမှုကံ၏။ အာနုဘာဝေန၊ တန်ခိုး အာနုဘော်ကြောင့်၊ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဥပဒ္ဒဝါ၊ ကိုယ်,စိတ် နှစ်ဖြာ မချမ်းသာကြောင်း ဘေးအပေါင်းတို့သည်။ နဿန္တု၊မထိ မရောက် ပပျောက်ကင်းဝေး ပြေးလွှဲရှောင်ရှားစေကုန်သတည်း။

ပဏာမပြီး၏။

---

## ၁။ ဗောဓိသဏ္ဌာန အခန်း

### ၁။ ငါတို့မြတ်စွာဘုရားသခင်ပွင့်တော်မူရာ မဟာဗောဓိ ပင်တော်ကို ပြခြင်းအကြောင်း

ထိုမဟာဗောဓိပင်တော်၏ အဋ္ဌုပ္ပတ္တိကား—

ပတ်လည်ဝန်းကျင် မြေပြင်ဖြိုးတင့် မြင့်မောက်စွာ တည်လျက် ရှိသဖြင့် ရှေးမင်းကောင်းမင်းမြတ်တို့ အဆက်ဆက် လုပ်ကိုင်တည် ထားခဲ့သော အုဌ်မဟာရံတံတိုင်း သုံးထပ်ရှိ၏၊ ထိုသုံးထပ်တို့တွင် တထပ်နှင့်တထပ်အကြား ခုနစ်တောင်တာ ဆယ်တာစီ ခြားကွာ၏၊ မဟာဗောဓိပင်၏ ခြေတော်ရင်း ဥပစာဖြစ်သော အရှေ့, အနောက်, တောင်,မြောက် အရပ်လေးမျက်နှာတို့၌ ခင်းထားအပ်သောအာလိန် ငါးဆင့်၏ အောက်ခံအခြေ ဘိနပ်တော်သည် အရှေ့, အနောက် အချင်းသုံးတောင် နှစ်ဆယ်စီ၊တောင်,မြောက် အချင်းသုံးဆဲ့ကိုးတောင် တမိုက်စီရှိ၏၊ ၎င်းစောက်အမြင့်မှာ တဆယ့်နှစ်တောင်ရှိ၏၊ ထိုမှ အထက်သို့ ပလ္လင်တော် အာလိန်ငါးဆင့် တက်လျက်ရှိ၏။

၁။ ပဌမအာလိန် အမြင့်အစောက် နှစ်တောင့်လေးသစ်၊ အဝန်း လုံးပတ် လေးဆယ့်ငါးတောင်။

၂။ ဒုတိယအာလိန်အမြင့်အစောက် နှစ်တောင်၊ အဝန်းလုံးပတ် သုံးဆယ့်ကိုးတောင်ရှိ၏။

၃။ တတိယအာလိန် အမြင့်အစောက်နှစ်မိုက် လေးသစ်၊ အဝန်း လုံးပတ် သုံးဆယ့်ခြောက်တောင်ရှိ၏။

၄။ စတုတ္ထ အာလိန်အမြင့်အစောက် နှစ်မိုက်ခြောက်သစ်၊အဝန်း လုံးပတ် သုံးဆယ့်တတောင်ရှိ၏။

အာလိန်ငါးဆင့်စုစုပေါင်း အမြင့်အစောက် ငါးတောင့် နှစ်မိုက် ခြောက်သစ်၊ အောက်အခြေခံ ဘိနပ်တော်နှစ်တောင်နှင့် ပေါင်းသော် မြေက ပဌမအာလိန်အဆုံးထိ ခုနစ်တောင့် နှစ်မိုက် ခြောက်သစ် ရှိ၏၊ ၎င်းပဌမ အာလိန်အထက်ဆုံးကစ၍ မဟာဗောဓိပင်တော် မိုးပေါ် စွင့်စွင့် အမြင့်သံတောင်တရာ၊အဝန်းလုံးပတ်တော်သံတောင် ငါးဆယ်၊ ကြီးကျယ်ရော ငါးဖြာခက်မ တဝခက်ရွယ် ခက်သွယ်ခက်လှ ခက်သေး စသား ယယ်စွခက်လန်း ငါးသန်း သုံးသိန်း သုံးသောင်း သုံးထောင့် သုံးဆယ့်ခုနစ်ခက်ရှိ၏၊ ဝေဆာမြူးကွန့် တွန့်ရရှန့်စိမ်းရွှေ ပေါ်ထွက် နေသော ဖူးသစ်စအညွန့်တွေမှာ တရာ့နှစ်ဆယ့်ခုနစ်ကုဋေ တွက်ရေ အတိ ပြည့်စုံခြင်းရှိလေ၏၊ ရွှေစင်လျှော်ဦးကဲ့သို့ အဖူးအညွန့်တို့မှာ နီတျာမောင်းရင့် ခွေးခွေးတင့်သော လယ်ခေါင်ရန်းပန်း ကသစ်ပန်း ပမာ သန္တာချိပ်ပန်းကဲ့သို့ နီမြန်းသော အဆင်းရှိလေ၏၊ မြသွင် စိမ်းလတ် ရွက်ချပ်ရွက်ရေ ကုဋေတသန်း ခြောက်ဆယ်၊ ရှည်သွယ် ကွန့်လွန့် ရွက်ညွန့်ရွက်ဖူး အထူးတွက်ရေ ကုဋေတဆယ့်ရှစ်၊ သစ်သစ် ဝေမြိုင် ဆိုင်ဆိုင်ရွက်ကြီး တသီးရွက်လတ် တရပ်ရွက်ငယ် သုံးသွယ် သုံးမျိုး ရှိလေ၏။

အရောင်အဝါအဆင်းသဏ္ဍာန်များမှာ—

စိမ်း, ဝါ, ဖြူ, ညို, ရွှေလိုဝင်းကြည် ရောင်ငါးလိတ္တိပြင် နီလ,ပီတ, ဩဒါတစသော ခြောက်သွယ်သော ရောင်ခြည်တော် တို့နှင့်တကွ နေ့ညဉ့်မပြတ် နိစ္စပတ်လျှင် တလျှပ်လျှပ် တဝင်းဝင်း ထွန်းလင်း တောက်ပလေ၏၊ ထိုမဟာဗောဓိ ရွက်တော်၏ အကြော အညှာ ရွက်ရိုးမှာကား- သန္တာခေါင်ရန်း ကသစ်ပန်းကဲ့သို့ နီမြန်းသော

အရောင်အဆင်း ရှိလေသည်၊ ရွက်ကြီးရိုးကား-လုံးပတ် သုံးထွာ, အလျားသုံးတောင်ရှိ၏၊ ရွက်ကြီး ရွက်ဘားကား- အလျား, အနံ ငါးတောင်စီ၊ ရွက်ညွန့်ဖျားကား- တဆယ့်နှစ်သစ်စီ ရှိ၏၊ ရွက်လတ် ရိုးညှာမှာ-လုံးပတ်နှစ်ထွာ, အလျားနှစ်တောင်၊ ရွက်လတ် ရွက်ဘား ကား-အလျား,အနံ လေးတောင်စီ၊ ရွက်ညွန့်ဖျားကား-ဆယ့်တသစ်စီ ရှိ၏၊ အရွက်ငယ်၏ အရိုးမှာ-အလျားတတောင်, လုံးပတ် တထွာ၊ ရွက်ငယ်ရွက်ဘားကား-အလျားအနံ သုံးတောင်စီ၊ အညွန့်ဖျားကား ဆယ်သစ်စီရှိ၏။

ဤမဟာ ဗောဓိပင်ကို–

လေကြမ်း, လေပြင်းမုန်တိုင်း, လေပွေတို့ တိုက်ခိုက်ဓွေခတ်ခြင်းငှါ မဝံ့လေသောကြောင့် အဝေးသို့သာ လွှဲဖယ်ရှောင်တိမ်းကာ တိုက်ခတ် သွားကြလေကုန်၏။

ဤမဟာဗောဓိပင်၏–

ခြေရင်းတော်ကို နဂါးစောင့်၏၊

အထက်ဖျားကို ဗြဟ္မာစောင့်၏၊

အခက်အလက်တို့ကို ဗိဿနိုးနတ်စောင့်၏၊

ပင်စည်လုံးပတ်ကို ဘုမ္မစိုဝ်းနတ်စောင့်၏၊

ရွက်ကြီး, ရွက်လတ်, ရွက်ငယ်တို့ကို ရသေ့တထောင် စောင့်၏၊

ရွက်ငယ်, ရွက်ခြောက်, ရွက်ယော်တို့ ကြွေကျသည် ရှိသော် ဝေးလှစွာသော စကြဝဠာတပါးသို့ များစွာသောနတ်အပေါင်းတို့သည် ယူဆောင်သွားလာကြလေကုန်၏၊ ထို့ကြောင့် သူဟောင်းတို့လည်း–

ရှင်လန်းသဒ္ဒါ၊ ရှုဘွယ်သာလျှင်၊ မဟာဗောဓိ၊ ပင်သိရိကို၊ ဝေးဘိ တုံလျှက်၊ ဆယ့်ရှစ်ရက်က၊ လက်လက်တင်တင်၊ တိမ်ညွန့်သွင်သို၊ မြင်၏အတိုင်း၊ ဝေမှိုင်းမှိုင်းနှင့်၊ မနိုင်းတုဘိ၊ လေပြင်းထိသော်၊ ဗောဓိ ရွက်သံ၊ မြည်စဟန်ကား၊ မညံသို့ပင်၊ တသွင်သွင်တည့်၊ ပဉ္စင်တူရိယာ၊ ထက်အာကာက၊ ပမာထင်ရည်၊ နတ်တို့ပြည်ဝယ်၊နတ်စည်စောင်းမြင်း၊

သာယာခြင်းသို့၊ သွင်းလာခဏာ၊ နတ်ဒေဝတို့၊ တကွပင်ဖျား၊ တန်ခိုးအားဖြင့်၊ ဆွဲထားဗိတာန်၊ တည်ညံ့လျှင်၊ ဝေးလံခရီး၊ တနေ့မိုးက၊ မဆီးနားတွင်၊ အတိုင်းထင်၏။

ဖြင်မျှမရှား၊ ကျေးငှက်များလည်း၊ ပျံနားမဝံ့၊ လွန်ကြောက်ရွံ့၍၊ အငွန့်ရှည်ထွေ၊ ဝေးရပ်မြေက၊ ခွါလေသည်သာ၊ တရံခါမျှ၊ မလာပျံနား၊ အံ့ထူးများ၏၊ ရွက်ကားမြရောင်၊ ညိုရောင်တခါ၊ ဝါရောင်တထွေ၊ ရွှေရောင်အတူ၊ ဖြူရောင်လည်းပါ၊ ငါးထွေဖြာ၏၊ နီလာ-ပီတ၊ လောဟိတဟု၊ ထွန်းပ ပြောင်ပြောင်၊ ခြောက်သွယ် ရောင်လည်း၊ တန်ဆောင်မယွန်း၊ နေ့တိုင်းထွန်း၏၊ ထက်ဝန်းညီးညီး၊ ရွက်ကြီးတထပ်၊ ရွက်လတ်တခါ၊ အငယ်သာလျှင်၊ ရွက်မှာသုံးပါး၊ သုံးထွေပြား၏။

ခေါက်ကားငွေရောင်၊ ဖူးခေါင်သဏ္ဌာ၊ သီးမှာဖက္ကာမြားပွန်းသောလားသို့၊ မှန်ငြားလှမော၊ ရွက်ကြောညှာတံ၊ သဏ္ဌာဟန်တည့်၊ အမှန်မညှိုး၊ ရွက်ကြီးရိုးကား၊ ပြည့်ဖြိုးတံလတ်၊ လုံးပတ်သုံးထွာ၊ လျားမှာသုံးတောင်၊ အံ့ဘွယ်ဆောင်လျက်၊ ရွှေညောင်ရုက္ခ၊ ပင်ရွက်မကား၊ အလျားနှင့်ပြက်၊ ချင့်တွက်အညီ၊ ငါးတောင်စီတည့်၊ ညီပေတံသား၊ ရွက်ညွှန့်ဖျားကား၊ မှန်ငြားတံလစ်၊ ဆယ့်နှစ်သစ်လျှင်၊ ရှိသည်ပင်တည့်။

ထို့ပြင် တထပ်၊ ရွက်လတ်ရိုးညှာ၊ လုံးပတ်မှာကား၊ နှစ်ထွာမှန်ငြား၊ အလျားနှစ်တောင်၊ ထို့နောင်တချက်၊ ရွက်၏နံလျား၊ မှန်ငြားတံကျင်၊ လေးတောင်ပင်တည့်၊ ပေါ်ချင်တံငြား၊ ရွက်ညွှန့်ဖျားကား၊ မှတ်သားတံလစ်၊ ဆယ့်တသစ်တည့်၊ ဖြစ်သည်တသွယ်၊ ရွက်ငယ်ရိုးညှာ၊ လျားမှာတတောင်၊ နီရောင်သဏ္ဌာ၊ လုံးတထွာတည့်၊ ရွက်မှာတခြား၊ အလျားနှင့်ပြက်၊ သုံးတောင်ဆက်တည့်၊ ထွက်တံပေါ်ငြား၊ ရွက်ညွှန့်ဖျားကား၊ မှတ်သားတံဘိ၊ ဆယ်သစ်ရှိ၏၊ ကြီးဘိမြင့်ခေါင်၊ အတောင်တရာ၊ ငါးဆယ်သာတည့်၊ ငါးဖြာခက်မ၊ ဝန်းဝန်းပလျက်၊ ရွှမ်းလတူစွာ၊ တောင်တရာတည့်၊ ပင်မှာလုံးပတ်၊ သုံးလူ့နတ်၏၊ ပညတ်လည်းခေါ်၊ ရွှေလက်တော်နှင့်၊ တော်လျော်သင့်အောင်၊ ဆယ့်ရှစ်တောင်တည့်၊ အမှန်ရှိ၏။

ဗောဓိရုက္ခ၊ တောင်ခက်မကား၊ သောကဓမ္မာ၊ မင်းမြတ်စွာ၏၊ ဓိတာတွင်ပြီး၊သမီးတော်လှ၊သင်္ဃမိတ္တာ၊မိမြတ်စွာလျှင်၊ချီးကာဆောင်ကြည်၊ သိဟိုဠ်ပြည်တွင်၊ စိုက်သည်ရှင်ဘိ၊ ယခုရှိ၏၊ များဘိတုံရှောင်း၊ ခက်ငယ်ပေါင်းကား၊ ဆင့်လောင်းတွက်ဆန်း၊ ငါးသန်းသုံးသောင်း၊ သုံးထောင့်သုံးဆယ်၊စွန်းဝယ်ပေါ်ထွက်၊ ခုနစ်ခက်တိ၊ဤမျှရှိ၏၊ ထို့ပြီးတကြောင်း၊ ရွက်အပေါင်းကား၊ ဆင့်လောင်းရေတွက်၊ သိကြောင်းတွက်ရေ၊ကုဋေတသန်း၊ခြောက်ဆယ်စွန်းဘိ၊လေးချပ်ရှိ၏၊ လှဘိတထူး၊ ရွက်ညွန့်ဖူးကား၊ ကြည်နူးစဘွယ်၊ တဆယ်ရှစ်ကုဋေ၊ စွန်းထွေမှန်ဘိ၊ အံ့ရာရှိ၏။

စသည်ဖြင့် ရှေးသူဟောင်းတို့ စပ်ဆိုတော်မူသည်ကို နောင်လာသူတို့ မှတ်သိလွယ်စေခြင်းငှါ ထည့်သွင်းဖေါ်ပြလိုက်ပါသည်။

ဤသည့်လျှင်၊မဟာဗောဓိပင်၏ အစောက်,အမြင့်,ခက်မ,ခက်လတ်,ခက်ငယ်,ရွက်ဖူး,ရိုးညွှာ,အဆင်း,သဏ္ဌာန် စသည်တို့ကိုဆိုရာအကြောင်းပြီး၏။

**မှာထားချက်။** ။ဤဗောဓိပင်တော်နှင့်စပ်လျဉ်းသော ထိုထိုလက်ာစကားပြေကျမ်းဂန် ပါဠိအရပ်ရပ်တို့တွင် တကျမ်းနှင့်တကျမ်း အဆိုမတူကွဲလွဲခြင်းရှိကြရာ တညီတညွတ်တည်း မှန်ကန်စွာဖြစ်နိုင်ဘို့ရန်အကြောင်းကိုရှာကြံတော်မူကြကုန်သောအမျိုးသားတို့စဉ်းစားဆင်ခြင်ရန်အကြောင်းမှာ ဘုရားသခင်၏လက်သစ်အတောင်တော် မဇ္ဈိမပုရိသတို့၏ လက်သစ်အတောင်၊ ပကတိ ပုရိသတို့၏ လက်သစ် အတောင်တို့နှင့် သင့်လျော်ညီညွတ်အောင် အရာဌာနတို့အလျောက် တိုင်းထွာကြပါလျှင် သမုဒ္ဒရာရေနှင့် ဂင်္ဂါရေတို့သည် တညီတညွတ်တည်း ဖြစ်သကဲ့သို့ ဤမဟာဗောဓိပင်တော်၏ ပင်စည် လုံးပတ် အနိမ့် အမြင့် စသည်ကို ဆိုသောစကားရပ်တို့သည် တကျမ်းနှင့်တကျမ်း ကွဲပြားခြင်း မရှိလေအောင်၊ကြံစည် တိုင်းထွာမှတ်သားတော်မူကြပါကုန်။

ဗောဓိသဏ္ဌာန အခဏ်းပြီး၏။

---

## ၂။ ဗောဓိဋ္ဌာန အခဏ်း

### ၂။ အပ္ပရာဇိတပလ္လင်တော်မြတ် အနိမ့်အမြင့် အခြင်းအရာပြခြင်းအကြောင်း

သောတ္တိယ မည်သော မြက်ရိတ် သမားသည် လှူဒါန်း အပ်သော ရှစ်ဆုပ်သောမြက်ကို ခံတော်မူ၍ အရှေ့မြောက်ထောင့်အရပ်မျက်နှာ

အဘို့၌ ရပ်တော်မူလျက် ထိုရှစ်ဆုပ်သော မြက်တို့ကို အဖျား၌ လက်တော်ဖြင့်ကိုင်တော်မူ၍ လှုပ်ကြသောခဏ၌ ကမ္ဘာအသန်းတို့က ဖြည့်ဆည်းပူးတော်မူအပ်သော ပါရမီတော်တို့၏ အာနုဘော်ကြောင့် အလုံးစုံသောရတနာတို့ဖြင့် တင့်တယ်ဆန်းကြယ်လှစွာသော "အပရာဇိတပလ္လင်တော်"သည် မဟာပထဝီ မြေကြီးမှ အလိုလိုသာပေါက်ရောက်ပေါ်ထွက်လာလေ၏၊ ထိုပလ္လင်တော်၏ အစောက်အမြင့်ကား တဆယ့်လေးတောင်၊အနံအပြန့်လည်းတဆယ့်လေးတောင်၊အစောက်အပြန့် ညီမျှစွာရှိ၏။

ဤအရာ၌ ဆရာကြီးများဝါဒမတူ ကွဲလွဲရှိသည်ကို ပြပေအံ့၊ ပလ္လင်တော်မြတ်သည် အစောက်အမြင့်ရှိ၏ဟု ယူမှတ်တော်မူကြသော ပညာရှိပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ် အပေါင်းတို့၏ ဝါဒ ရင်းကား-စစ်ကိုင်းမြို့ "တိလောကဂုရု" ဆရာတော် ဘုရားကြီးသည် ဆည်တော်ကန် အရှင် "တေဇောဒီပ"အယူတော်အားဖြင့်—

> ဥဗ္ဗေဓ=သဒ္ဒါသည် အစောက်အမြင့်ကို ဟောသည်ဖြစ်၍ ပလ္လင်တော်သည် အလျားအပြန့် တဆယ့်လေးတောင်၊ အစောက်အမြင့် တဆယ့်လေးတောင်စီမျှရှိ၏။

ဟု ယူတော်မူ၏၊ ထိုဆရာတော်ဘုရားကြီး၏ စကားအယူတော်ကို ကြိုက်နှစ်သက်သော ပညာရှိပုဂ္ဂိုလ်တို့လည်း ပလ္လင်တော် အစောက်အမြင့်ရှိ၏ဟု မှတ်ယူတော်မူကြကုန်၏။

မဏိဒီပဋီကာကျမ်းကို ပြုစုစီရင်ရေးသားတော်မူသော စစ်ကိုင်းမြို့အရှင် "အရိယာဝံသ"ဆရာတော်ဘုရားကြီး၏ အယူတော်မှာ—

> ဥဗ္ဗေဓ=သဒ္ဒါသည်အပြင်ကိုဟောသည်၊ အစောက် အမြင့်ကိုမဟောဖြစ်သည်၊ ထို့ကြောင့်ပလ္လင်တော်သည် အလျားအနံ တဆယ့် လေးတောင်ရှိ၏၊ အောက်အခြေ ဖရှိသောကြောင့် မဟာပထဝီမြေကြီးမှမလွတ် အမြင့်လည်းမရှိ—

ဟု ယူတော်မူ၏၊ထိုစကားကိုကြိုက်နှစ်သက်သောပညာရှင်ဖြစ်တော်မူကုန်သော ပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့လည်း ပလ္လင်တော် အမြင့်အစောက်မရှိဟူ၍ ပြောဆိုယူမှတ်တော်မူကြကုန်၏၊ ထိုဆရာ

တော်ဘုရားကြီးနှစ်ပါးတို့သည် ဂန္ထန္တရဗဟုသုတ အလွန်ရှိတော်မူကြကုန်၏၊ ပိဋကတ်ကျမ်းဂန်ကို အခေါင်အဖျားတိုင် တတ်မြောက်ပေါက်ရောက် ကျွမ်းကျင်တော်မူကြသော ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့ချည်းပေတည်း၊ ထိုသို့ ဋီကာဆရာ ၂ ပါးတို့သည် အစောက်အမြင့် ရှိ၏-မရှိ၏ဟု ယူတော်မူကြသည့်စကားနှစ်ရပ်တို့တွင်—

၁။ မဏိဒီပဆရာတော်ဘုရား အယူတော်မှာကား-ဝိပဿီမြတ်စွာဘုရား၏ပလ္လင်တော် ငါးဆယ့်သုံးတောင်ဆိုသော စကားသည် အမြင့်ဖြစ်အံ့၊ အတောင်ငါးဆယ်ရှိသော ဗောဓိပင်စည်ကိုမှီ၍ ခက်မကြားသို့ဝင်လျက်တည်ရာ၏၊ အတောင်ရှစ်ဆယ်မြင့်သော ဘုရားကိုယ်တော်သည် ခက်မကိုနောက်ထား၍ စံနေရသည်ဖြစ်ရာ၏ဟု ကြံသည်။

၂။ တိလောကဂုရု ဆရာတော်ဘုရားကြီး အယူတော်မှာကား-မုန့်ညင်းခုံတွင်း၌သော်လည်း ပရိက္ခာရရှစ်ပါးနှင့်တကွ ရပ်၍တည်နေနိုင်တော် မူသည်ဖြစ်ရကား- ဗုဒ္ဓဝိသယ-အစိန္တေယျ အရာဖြစ်သည်၊ ဝိပဿီမြတ်စွာဘုရားပလ္လင်တော်ဗောဓိအရပ်တော်တို့၏အတိုင်းအရှည်တို့ကိုလည်း မကြံအပ်သောအရာပင်ဖြစ်သည်ဟု ယူသည်။

ဤသို့ ဆရာတော်နှစ်ပါးတို့၏ ဝါဒတော်တို့လည်း အထောက်အထားနှင့်ချည်းပင် ဖြစ်ပေသည်၊ မိမိတို့ ကြိုက်နှစ်သက်ရာကို မှတ်ယူတော်မူကြလေကုန်၊ ဆင်ခြင်စဉ်းစားသည်ရှိသော်ကား- သုနာပရန္တတမ္ဗဒီပစသော မြန်မာတို့နိုင်ငံ၌—

၁။ အရှင် အဂ္ဂပဏ္ဍိတ,
၂။ အရှင် အရိယာဝံသ,
၃။ အရှင် တိပိဋကာလင်္ကာရ,
၄။ အရှင် ဝရာဘိသံဃာရာမ—

ဟူသောကျမ်းဂန်တတ်ဆရာတော်ကြီး လေးဦးတို့တွင် ၎င်းအရှင်အရိယာဝံသဆရာတော်သည် တပါးအဝင်အပါဖြစ်၏၊ ၎င်းမှတပါးထောက်ဆဆင်ခြင်ရန် အကြောင်းမှာလည်း မြတ်စွာဘုရားသခင်အနိမိသဌာန၌ နေတော်မူ၍ ခုနစ်ရက်ပတ်လုံး မဟာဗောဓိပင်နှင့်

ရွှေပလ္လင်ကိုရှုကြည့်၍ နေတော်မူသောအရာဝယ် ပလ္လင်တော်အမြင့် မရှိခဲ့သော် မြေ၌ခင်းထားအပ်သော နေရာမျှကိုသာ ရှုကြည့်ရမည့် လက္ခဏာရှိချေသည်၊ အချို့သောဆရာတော်တို့လည်း—

> ပလ္လက်သဒ္ဒါသည် နေရာကိုလည်း ဟောနိုင်၏၊ အစောက် ရှိသောပလ္လင်ကိုလည်းဟောနိုင်၏၊ ဤအရာတွင် ပလ္လက်သဒ္ဒါ သည် နေရာဟောဖြစ်သည်။

ဟူ၍လည်းဆိုကြ၏၊ ထိုစကားအရ ပလ္လက်=သဒ္ဒါသည် နေရာ ဟောမျှသာဖြစ်ခဲ့သည်ရှိသော် ဗောဓိပလ္လင်္ကေ-စသည်ဖြင့်သာကျမ်းဂန် တို့၌ဆိုခဲ့ချေသည်၊ ဗောဓိအာသနေ-စသည်ဖြင့် မဆိုစဘူးပါ၊ တပါး သော အရပ်၌နေတော်မူသော အခါကာလတို့၌ကား-အာသနံပညာ ပေတွာ-စသည်ဖြင့်၎င်း၊ပညတ္တာသနေနိသီဒိ-စသည်ဖြင့်၎င်းလာသည်၊ ဤသို့စသည်ဖြင့်တပါးသောအရာတို့၌ နေရာဟော အာသန-သဒ္ဒါဖြင့် လာသည်၊ မဟာဗောဓိပင်သို့ ရောက်သောကာလ၌ အာသန-သဒ္ဒါ ဖြင့်မလာ၊ ပလ္လက်-သဒ္ဒါဖြင့်သာလာခဲ့သည်၊ လာဟန်ကား—

ဝိနည်းမဟာဝါအဋ္ဌကထာ၌—

> ပလ္လက်ဥ္စ ဗောဓိရုက္ခဥ္စ- ဟူ၍၎င်း။ ။ပလ္လက်ဿစ ဌိတ ဌာနဿစ အန္တရာ-ဟူ၍၎င်း။ ။ပဓာနစရိယံ ဗောဓိပလ္လင်္ကေ- ဟူ၍၎င်း။ ။အပ္ပရာဇိတပလ္လင်္ကေ မာရဝိဇယံ-ဟူ၍၎င်း—

ဤသို့စသည်ဖြင့်သာ ဆိုသည်၊ ထိုသို့ ကျမ်းဂန် ဆိုသောကြောင့် နေရာသက်သက် မြေ၌ခင်းထားလျက် တည်နေသော လက်တသစ်မျှ အမြင့်မရှိသော အာသနမျှသာဟု မယူသင့်၊ ဤအရာ၌ ပလ္လက်-သဒ္ဒါ အထူးရှိသောကြောင့် အရပ်အားဖြင့် အမြင့်အထူးရှိသော ပလ္လင်တော် ၌ တည်းဟုယူသင့်သည်၊ မြက်ကိုခင်းရုံမျှဖြစ်သော နေရာသာဟူ၍ ယူသည် ရှိသော် အကြောင်းဖြစ်သော ပါရမီတော်ကို အထူးဆိုဘွယ်မရှိဖြစ်၍ အကျိုးထူးမရှိလွန်းဖြစ်သည်၊ ထို့ကြောင့် လူးဆန်းလှပ အံ့ဩဘွယ် အမြင့်အရပ်ရှိသော ပလ္လင်္ကဖြစ်၍သာ လေးသင်္ချေနှင့် ကမ္ဘာ တသိန်း ကာလပတ်လုံး အားထုတ် ဆည်းပူးရသော ပါရမီတော်၏ အကျိုးတော်ကြောင့်ဖြစ်ကြောင်းကို -

ဝိနည်းမဟာဝါအဋ္ဌကထာ၌—

စတ္တာရိ အသန္နေယျာနိ ကပ္ပသတသဟဿာနိ ဥပစိတာနံ
ပါရမီနံ ဖလာဓိဂမဋ္ဌာနံ ပလ္လင်္ကဋ္ဌ။

ဟုဆိုလေသည်။

သဂါထာဝဂ္ဂ သံယုတ် အဋ္ဌကထာ အရုဏဝတီ သုတ်တွင်လည်း သိခီမြတ်စွာဘုရားသခင်၏ ပလ္လင်တော်သည် ရှစ်ဆယ့် လေးတောင် ရှိသောမြက်အခင်းကိုခင်း၍နှစ်ဆယ့်လေးတောင်အမြင့်ပမာဏရှိသော ပလ္လင်တော်ပေါက်ရောက်ကြောင်း၊ ထိုပလ္လင်တော်၌ သိခီမြတ်စွာဘုရား စံနေတော်မူကြောင်းကိုလာ၏။

ငါတို့ ဂေါတမ မြတ်စွာဘုရားသခင်၏ ပလ္လင်တော်သည်လည်း တဆယ့်လေးတောင်အမြင့်ပေါက်ရောက် ပေါ်ထွန်းလာသည်ဟု အပြီး မှတ်ယူအပ်တော့သည်သာတည်း။

အကြောင်းတပါးသော်ကား—

ရှေးရှေးသောအခါကပင်လျှင် မဟာစေတီ ဌပနာရာကာလတို့၌ ဗောဓိပင်တွင် ပလ္လင်တော်၏ အထက်၌ ဘုရားသခင်စံနေတော်မူဟန် များကို သွင်းထားထုလုပ်ဟန်များ၌ အမြင့်အစောက်ရှိသော ပလ္လင် တော်နှင့်တကွ သွင်းထားကြောင်းကိုလည်း ထိုထိုကျမ်းဂန်တို့၌ဆိုသည်။

သွင်းထားပုံ သွင်းထားဟန်ကား—

ဌပနာတိုက်၏အလယ်၌ ငွေဖြင့်ပြီးသော တဆယ့်ရှစ်တောင်မျှသော ပင်စည်၊ ငွေဖြင့်ပြီးသော တဆယ့်ရှစ်တောင်မျှသော ခက်မငါးဖြာ ရှိသော အချင်းချင်း ယှက်တင်အပ်သဖြင့် ငွေဖြင့်ပြီးသော ခက်သေး ခက်ငယ်တို့နှင့်ပြည့်စုံစွာ ကမ္ဗလာစိမ်းကိုဖြန့်သောအရောင် မြယပ်ဝန်း ကိုခတ်ဘိသောအသွင် ဥဒေါင်းမြီးစည်းကို ဖြန့်ဘိသောသဏ္ဍာန် မြဖြင့် ပြီးသောရွက်ရင်း ရွက်ညှာတို့ဖြင့် တင့်တယ်စွာရှိ၍ ရွှေဖြင့်ပြီးသော ခက်ငယ်,ရွက်ငယ်၊ သန္တာဖြင့်ပြီးသော ရွက်ဖူး, ရွက်ညွန့်၊ ရွှေဖြင့်ပြီး သောသီးနု,သီးရင့်၊ သန္တာဖြင့်ပြီးသော မြစ်မ,မြစ်သေးတို့ဖြင့်ခိုင်ခံ့စွာ တည်သော ပင်စည်၌ ခြူးပန်း ခြူးနွယ် ဆန်းကြယ်စွာသော အရေး အသားတို့ဖြင့် မဟာဗောဓိပင်ကိုစီရင်ပြီးသော်—

ပုလဲဖြင့် ပြီးသောချ၊ ပုလဲသန္တာတို့ဖြင့် ပြီးသော ကွန်ရက်ဖြင့် ဆွဲအပ်သော ရွှေငွေပတ္တမြား၊ ပုလဲသန္တာတို့ဖြင့် ဆန်းကြယ်လှစွာ ပြုလုပ်အပ်သော ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော ပန်းပွင့်တို့ဖြင့် တင့်တယ်သော ရွှေလ ရွှေနေ ရွှေကြယ်၊ ငွေလ ငွေနေ ငွေကြယ်၊ ရတနာ ခုနစ်ပါးတို့ဖြင့်ပြီးသော လနေကြယ်တို့ဖြင့် အဘွယ်အရာ တင့်တယ်စွာ လေးထောင့်၌ဆွဲအပ်သော အသပြာတသိန်းထိုက်သော ပုလဲသွယ်ရှိသော ပတ်လည်ဆွဲအပ်သော ရတနာတို့ဖြင့် ပြီးသော ကြာသွတ်အိုးငယ်ရှိသော ဗိတာန်ကြက်ပြီးလျှင်—

ဗောဓိပင်၏ ထက်ဝန်းကျင်မှ ရတနာ ခုနစ်ပါးတို့ဖြင့် ပြီးသော ပွတ်လုံး ပွတ်တိုင်တို့ကို စိုက်ရံကာပြီးလျှင် ပွတ်တိုင်တို့၏ အကြား အကြား၌ သျှိသျှားသီးလုံးခန့် ပမာဏရှိသော ရတနာတို့ကိုကြဲ၍ နံ့သာရည်ဖြင့်ပြည့်သော ရွှေအိုး၌ သန္တာပန်း၊ သန္တာအိုး၌ ရွှေပန်း၊ ပတ္တမြားအိုး၌ ငွေပန်း၊ ငွေအိုး၌ ပတ္တမြားပန်း အစရှိသည်တို့ဖြင့် တင့်တယ်စွာ စီရင်အပ်သော ကြာသွတ်အိုးတို့ကိုထား၍ မဟာ ဗောဓိမှ အရှေ့မျက်နှာ၌ ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော တကုဋေ အဘိုးထိုက်သော ပလ္လင်ထက်ဝယ် တခဲနက်သော ရွှေစိုင်တုံးကို ထုလုပ်အပ်သော ဘုရားသခင်၏ ဆင်းတုတော်၌ လက်သည်းတော် ခြေသည်းတော်နှစ်ဘက်တို့၌ဎင်း၊ မျက်စိတော်ဝယ် ဖြူသင့်သောအရာ တို့၌ဎင်း၊ ဖလ်စစ်ကိုပြုလုပ်ခြင်း၊ လက်ဘဝါးတော်, ခြေဘဝါးတော်, နှုတ်ခမ်းတော်,မျက်စိတော်တို့၌ နီသင့်သောအရာတို့ကို သန္တာစစ်ဖြင့် ပြုလုပ်ခြင်း၊ ဆံမုတ်ဆိတ်တော်, မျက်မှောင်တော်, မျက်စိတော်တို့၌ ညိုသင့်သောအရာတို့ကို ဣန္ဒနီလာတို့ဖြင့် ပြုလုပ်ခြင်း၊ သွားတော် လေးဆယ်တို့ကို ဝဇိရစိန်တို့ဖြင့် ပြုလုပ်ခြင်း၊ ဥဏ္ဏလုံတော်, ရေပွက် တော်တို့ကို ငွေစစ်ငွေကောင်းတို့ဖြင့် ပြီးစေလျက် အတိုင်းအရှည်နှင့် တကွပြုလုပ်၍ သွင်းနှံ့ကိုးကွယ်သည်ဟု ဆိုသည်။

ဤ၌ ဗောဓိပလ္လင်တော်သည် မြေမှမတက်သည်ဖြစ်အံ့၊ မြေ၌သာ လျှင် ထား၍ ကိုးကွယ်ပူဇော်ရာသည်၊ ရတနာဖြင့်ပြီးသော ပလ္လင် တော်ကို ပြုလုပ်ဘွယ်ရာမရှိပြီ၊ ပလ္လင်ထုလုပ်၍ ကိုးကွယ် သည်ကို

ထောက်ဆသော် ရှေးရှေးသောဘုရားရှင်တော်တို့ ပလ္လင်တော်သည် အမြင့်ရှိ၏ဟု ယူမှတ်ရာ၏၊ ပလ္လင်တော်အမြင့်မရှိဟူသော စကားသည် နောက်မှ ဖြစ်ပေါ်သောစကားဟု ဆရာတော်ဘုရားကြီးတို့ ပြောဆိုမိန့်တော်မူကြကုန်၏။

ဆုတောင်းခဏ်းတွင်—

※ ဗောဓိညောင့်ရွှေ၊ ဗုဒ္ဓဟေအောက်၊ ဆန်းကြယ်ပေါက်သား၊ ရောင်တောက်ပလ္လင်၊ သမိုက်ပြင်ထက်၊ ဟူ၍ဝင်း။

ပုံတောင်နိုင်မော်ကွန်းတွင်—

※ ထွတ်တို့ရှင်တော်၊ အာနုဘော်ကြောင့်၊ ထွန်းပေါ်ကမ္ဘာ၊ ပေါ်ဦးခါကာ၊ ကျွန်းချာသမုတိ၊ တုမရှိသည်၊ ဗောဓိရွှေတွင်၊ မြေအပြင်၌၊ ဖလ္လင်ရတနာ၊ ပေါက်လှည့်ရာကိုမိစ္ဆာသလုယက်၊ မာရ်စစ်ထွက်သို့၊ ဟူ၍ဝင်း။

ပါရမီခဏ်း၌—

※ ပလ္လင်နိမ့်မြင့်၊ အကျင့်တို့ရှည်၊ ဆိုစသည်တုံ၊ တရည်တည်းပင်၊ ဟူ၍ဝင်း။

ဓမ္မရာသီ၌လည်း—

※ ရွှေမြောက် ယွန်းပါး၊ လေးတောင်ခြားဝယ်၊ တည်ကြား ရပ်မြဲ၊ မြက်ဆုပ်ကြဲကာ၊အံ့အဲဘွယ်သာ၊ဆန်းကြယ်စွာသား၊ ထက်ဝါမြင့်ခေါင်၊ ဆယ့်လေးတောင်လျှင်၊ ပြောင်ပြောင် ထွန်းတောက်၊ ပလ္လင်ပေါက်၍၊ ဝမ်းမြောက်ထိုထက်၊ စံပယ် လျက်လျှင်၊ဟူ၍ဝင်း။

ဗုဒ္ဓပြဇ္ဈိတွင်—

※ ပလ္လင်ရွှေပြောက်၊ ခြူးညွန့် ညှောက်နှင့်၊ လျှားလျှောက် မြင့်ခေါင်၊ ဆယ့်လေးတောင်ထိ၊ပြောင်ပြောင် ထွန်းတောက်၊ ဘုန်းကြောင့်ပေါက်ကာ၊ ဟူ၍ဝင်း။

တေမိယျူတွင်—

※ ငါရှင်ကျော်ကား၊ ရွှေလှော်ရောင်တောက်၊ ဗောဓိအောက်၌၊ စောက် ဆယ့်လေးတောင်၊လျှံပြောင်ထိန်ထိန်၊ ဝဇိရိန်ပလ္လင်၊ ဖွေထိပ်ပြင်ထက်၊ဟူ၍ရှင်း၊

စပ်ဆိုတော်မူကြသည်ကို ထောက်သဖြင့် ပေါက်သည် ဆိုသော စကားအရ အထက်အမြင့်တက်သည်ကိုသာ ယူသင့်သည်၊

ပလ္လင်္ကော-စသောပါဠိတို့၌လည်း ပလ္လင်ဟူ၍ဆိုက မြင့်သောအရပ်ရှိသည်ကိုသာယူရမည်၊ မြင့်သောအရပ်ရှိသော ပလ္လင်ဖြစ်မှလည်း မြတ်စွာဘုရားနှင့် တင့်တယ်လျောက်ပတ်ရာသည်၊ ချီးမြှောက်ရာသို့လည်း ရောက်သည်၊ ကမ္ဘာအသင်္ချေချေက ဆည်းပူးတော်မူခဲ့သော ပါရမီတော်တို့၏အကျိုးလည်း ထင်ရှားသည်၊ပလ္လင်တော်မြေမှမထွက် မပေါက် မမြင့်ဟု ဆိုသောသူတို့သည် ဘုန်းတော်, ဂုဏ်တော်တို့ကို နှိမ့်ချရာ ချေဖျက်ရာရောက်ချေသည်၊

ဇာတ်နိပါတ်ကျမ်းဂန်တို့၌ ရှေးရှေးသောမင်းတို့ပလ္လင်၌ နေသည်ဟု လာရာ၌လည်း မြင့်သောပလ္လင်ကိုသာလာသည်၊ သင်္ကါယနာတင်ရာဝယ် ပလ္လင်ထက်နေကြောင်းကို ဆိုရာ၌လည်း မြင့်သော ပလ္လင်၌သာ ဖြစ်သည်၊ မင်းတို့အဆက်ဆက် ရာဇပလ္လင် လုပ်ရိုးထုရိုး ကိုးပါးသော ပလ္လင်တို့၌လည်း သီဟာသန,ဂဇာသန,အဿာသန,မိဂါသန, မယူရာသန,ဘမရာသန,ဟံသာသန,ပဒုမာသန,သင်္ခါသန—

ဟူသော ကိုးပါးသောပလ္လင်၊ ရှင်ဥရာဇပလ္လင်, မဏ္ဍိမရာဇပလ္လင်, မဟာရာဇပလ္လင် လုပ်နည်းလုပ်ခမ်းများမှာလည်း မြတ်စွာဘုရားသခင်၏ပလ္လင်တော်ကိုပုံပြု၍ အရပ်အစောက်အမြင့်နှင့်သာ လုပ်ရိုးထုရိုးရှိကြသည်၊ ထို့ကြောင့် ဗောဓိပလ္လင်တော်ကိုလည်း အရပ်အမြင့်ရှိ၏ ဟူ၍သာ မှတ်သင့် မှတ်ထိုက်လှပေတော့သည်၊

အပရာဇိတပလ္လင်တော်မြတ်အနိမ့်အမြင့်
အခန်းအရ ပြီးပြီ။

### (၃) ခုနစ်ရပ်သော သတ္တဋ္ဌာနတို့၏ အဝေး အကွာကို ပြခြင်းအကြောင်း

ငါတို့မြတ်စွာဘုရားသခင် ပွင့်တော်မူရာ မဟာဗောဓိပင်၏ ထက်ဝန်းကျင်ပတ်လည်ခြံရံ၍တည်သော–

ပလ္လင်္ကသတ္တာဟ အနိမိသသတ္တာဟ စင်္ကမသတ္တာဟ ရတနာဃရသတ္တာဟ အဇပါလသတ္တာဟ မုစလိန္ဒသတ္တာဟ ရာဇာယတနသတ္တာဟ–

တည်းဟူသော ခုနစ်ဌာနသော အရပ်တို့သည် မဟာဗောဓိပင်၏ အနီးဝယ်ခြံရံကာ တည်ရှိကြကုန်၏။

ထိုခုနစ်ဌာနတို့တွင်–

တေန ဗောဓိရုက္ခေန ပလ္လင်္ကဿ အန္တရံ ပန ကေဗျာမော အတ္ထိ-ဟူသော ဗောဓိဝိဘာဝနီကျမ်းနှင့်အညီ၊ ထိုဗောဓိပင်တော်နှင့် ရတနာပလ္လင်တော်၏အကြားသည် တလံမျှသာ ခြားကွာလေ၏။

ပလ္လင်္က မာဘုဇိတွာ ဗောဓိရုက္ခမူလေ ပုရတ္ထာဘိမုခေါ နိသိဒိ-ဟူသော ဗောဓိဝင်အဋ္ဌကထာပါဠိနှင့်အညီ၊ ပလ္လင်တော်သည် မဟာဗောဓိပင်တော်၏အရှေ့မျက်နှာအဘို့၌ တည်လေ၏။

ပလ္လင်္ကေန အနိမိသဿ အန္တရေ ဥတ္တရဒိသာဘာဂေ ရတနစင်္ကမံ ဒွိဗျာမန္တရံ အဟောသိ-ဟူသော ဗောဓိဝိဘာဝနီပါဠိနှင့်အညီ ရတနာစင်္ကြံတော်သည် ပလ္လင်တော်နှင့် အနိမိသစေတီတော် နှစ်ရပ်တို့၏ အကြား မြောက်အရပ်အဘို့ နှစ်လံကွာမျှသောအရပ်၌ တည်လေ၏။

မဟာဗောဓိပလ္လင်္ကတော ဤသကံ ပါစိနနိဿိတေ ဥတ္တရဒိသာဘာဂေ ဌတွာ-ဟူသော ဗောဓိဝင်အဋ္ဌကထာပါဠိနှင့်အညီ အနိမိသစေတီတော်သည် မဟာဗောဓိပလ္လင်တော်မှ အရှေ့ မြောက်ထောင့်အရပ်၌ တည်လေ၏။

ပုဗ္ဗပစ္ဆိမာယာမေ ရတနစင်္ကမေတိ ဝုတ္တံ ဟောတိ-ဟူသော ဗောဓိဝင်ဋီကာပါဠိနှင့်အညီ ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော ရတနာစင်္ကြံတော်သည် ရတနာပလ္လင် အနိမိသနှစ်ရပ်တို့၏အကြား အရှေ့ အနောက် အလျားအားဖြင့် ဖြစ်၍တည်လေ၏။

တေန ဗောဓိရုက္ခေန ရတနဃရဿ အန္တရံ တေဝိသဗျာမေ အတ္တိ- ဟူသော ဗောဓိဝိဘာဝနီပါဠိနှင့်အညီ မဟာဗောဓိပင်နှင့် ရတနာဃရ ရွှေအိမ်၏အကြားသည် အလံအားဖြင့် သုံးလံမျှခြားကွာလေ၏။

ရတနဃရေတိ သတ္တဝိဓရတနမယဃရေ၊ တံ ဗောဓိပလ္လင်္ကဿ ပစ္ဆိမဒိသာဘာဂေ ဇာတန္တိ ဝုတ္တံ ဟောတိ-ဟူသော ဗောဓိဝင်ဋီကာပါဠိနှင့်အညီ ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော ရတနာဃရရွှေအိမ်တော်သည် မဟာဗောဓိပင်မှ အနောက်ဖြစ်သော အရပ်မျက်နှာအဘို့၌တည်လေ၏။

ဗောဓိတော အဇပါလနိဂြောဓရုက္ခဿ အန္တရေ ဗာတ္တိံသဗျာမေ အတ္တိ- ဟူသော ဗောဓိဝိဘာဝနီပါဠိနှင့်အညီ အဇပါလမည်သော ဆိတ်ကျောင်း ညောင်ပင်အရပ်သည် မဟာဗောဓိပင်နှင့် သုံးဆယ့်နှစ်လံခြားကွာလေ၏။

အဇပါလမူလန္တိ အဇပါလမူလေ၊ တံ ဗောဓိပလ္လင်္ကဿ ပုဗ္ဗဒိသာဘာဂေ ဇာတန္တိ ဝုတ္တံ ဟောတိ-ဟူသော ဗောဓိဝင် ဋီကာပါဠိနှင့်အညီ အဇပါလမည်သော ဆိတ်ကျောင်းညောင်ပင်သည် မဟာဗောဓိပင်၏ အရှေ့မျက်နှာအရပ်၌တည်လေ၏။

ဗောဓိရုက္ခမုစလိန္ဒဿ အန္တရံ နဝဝီသဒဗျာမာ အတ္တိ- ဟူသော ဗောဓိဝိဘာဝနီပါဠိနှင့်အညီ မဟာဗောဓိပင်နှင့် မုစလိန္ဒမည်သော ကျည်းပင်တို့၏ အကြားအရပ်သည် နှစ်ဆယ့်ကိုးလံမျှ ခြားကွာလေ၏။

မုစလိန္ဒမူလေတိ မုစလိန္ဒမယတီရေ ဇာတနိစုဋရုက္ခမူလေ၊ တံ ဗောဓိမဏ္ဍဿ အဂ္ဂိကောဏေ ဇာတံ-ဟူသော ဗောဓိဝင် ဋီကာပါဠိနှင့်အညီ မုစလိန္ဒနဂါးမင်းသည် အစိုးရသော ကျည်းပင်ပျိုအပေါင်းတို့ဖြင့်ပြီးသော ထုံးအိုင်ရေကန်၏ ဆိတ်ကမ်းဖြစ်သော မုစလိန္ဒဧဝတီ တည်ရှိရာအရပ်သည် မဟာဗောဓိပင်၏အရှေ့တောင်ထောင့်ဖြစ်သော အရပ်မျက်နှာအဘို့၌တည်လေ၏။

ဗောဓိရုက္ခေန တဿ ရာဇာယတနရုက္ခဿ အန္တရံ တာလီသ ဗျာမော အတ္တိ-ဟူသော ဗောဓိဝိဘာဝနီပါဠိနှင့်အညီ မဟာဗောဓိပင်

နှင့် ရာဇာယတနလင်းလွန်းပင်၏ အကြားသည် အလံလေးဆယ်မျှ ခြားကွာလေ၏။

ရာဇာယတနမူလေတိ ရာဇာယတနနာမကဿ ရုက္ခဿမူလေ၊ တံ ဗောဓိမဏ္ဍဿ ဒက္ခိဏာဒိသာယ ဇာတံ-ဟူသော ဗောဓိဝင်ဋီကာ ပါဠိနှင့်အညီ ရာဇာယတနမည်သောလင်းလွန်းပင်သည် မဟာဗောဓိပင်၏ တောင်မျက်နှာအရပ်၌ တည်လေ၏။

ဤသည်လျှင် အလုံးစုံသောဘုရားသခင်တို့ သတ္တာလေးအင်ပိုင်းခြား ထင်၍ သိမြင်တော်မူရာ မဟာဗောဓိပင်၏အနီး ခုနစ်ရပ်သောဌာန တို့၌ ခုနစ်ရက်ခုနစ်လီ ကာလပတ်လုံး ပြောင်းလှည့်စံနေတော်မူရာ သတ္တဌာနအရပ်တို့ကို ဝေဘန်ခြားနား၍ ဗောဓိဝင်အဋ္ဌကထာ, ၎င်း ဋီကာ,၎င်းဝိဘာဝနီစသောကျမ်းတို့နှင့်အညီ ထုတ်ဖေါ်ပြရာဖြစ်သော စကားတရပ် အပြီးသတ်သတည်း။

ခုနစ်ရပ်သောသတ္တဌာနတို့၏ အဝေးအကွာကို
ပြခြင်းအကြောင်းပြီး၏။

---

### (၄) မဟာဗောဓိပင်ကို ပြည်ကြီးတဆယ့်ခြောက်ပြည်တို့ဖြင့် ခြံရံတည်နေပုံနှင့် ယူဇနာအဝေးအကွာတို့ကို ပြခြင်းအကြောင်း

ဗာရာဏသီ ဝေသာလီစ၊ ရာဇဂဟံ ပါဋလိပုတ္တံ၊
ပါဝါ စေဝ မိထိလာပိ၊ ဇေတုတ္တရာစ သက်ဿံ။
တက္ကသီလဥ္စ သာဝတ္ထိ၊ ကလိင်္ဂရဋ္ဌံ မခုရံ၊
ကောသမ္ဗီစာပိ ကပိလံ၊ ကောလိယံ စမ္ပာနဂရန္တိ။

ဟူသောဗောဓိဝိဘာဝနီကျမ်းနှင့်အညီ—

၁။ ဗာရာဏသီပြည်,
၂။ ဝေသာလီပြည်,
၃။ ရာဇဂြိုဟ်ပြည်,
၄။ ပါဋလိပုတ်ပြည်,
၅။ ပါဝါပြည်,

၆။ မိထိလာပြည်,
၇။ ဇေတုတ္တရာပြည်,
၈။ သင်္ကဿနဂိုရ်ပြည်,
၉။ တက္ကသိုလ်ပြည်,
၁၀။ သာဝတ္ထိပြည်,
၁၁။ ကလိင်္ဂရစ်ပြည်,
၁၂။ မဒုရစ်ပြည်,
၁၃။ ကောသမ္ဗီပြည်,
၁၄။ ကပိလဝတ်ပြည်,
၁၅။ ကောလိယပြည်,
၁၆။ စမ္ပာနဂိုရ်ပြည်–

ဟု ဆိုအပ်သော တဆယ့်ခြောက်ရပ်သော ပြည်ကြီးတို့သည် မဟာဗောဓိပင်တော်ကိုခြံရံလျက် ထက်ဝန်းကျင်အရပ်တို့၌ တည်ကြလေကုန်၏။

ဗာရာဏသီ ဝေသာလီ ရာဇဂဟဥ္စေတိ ဣမေ တယော မဟာနဂရာ ဗောဓိရုက္ခတော ဥတ္တရဒိသာဘာဂေ တိဋ္ဌန္တိ–ဟူသော ဝိဘာဝနီ ပါဌ်နှင့်အညီ၊ ဗာရာဏသီပြည်, ဝေသာလီပြည်, ရာဇဂြိုဟ်ပြည် ဤသုံးရပ်သောပြည်ကြီးတို့သည် မဟာဗောဓိပင်တော်မှမြောက်အရပ်၌တည်ကြလေကုန်၏။

တတော ဗောဓိရုက္ခတော ဗာရာဏသီနဂရံ ပန အဋ္ဌာရသဒိန ပထော အတ္ထိ–ဟူသောဝိဘာဝနီပါဌ်နှင့်အညီ၊ ဗာရာဏသီပြည်ကြီးသည် မဟာဗောဓိပင်တော်မှ တဆယ်ရှစ်ယူဇနာ ဝေးကွာသဖြင့် ခြေလျင်ခရီးသော်ကား တဆယ့်ရှစ်ရက်သွားရလေ၏။

တတော ဗောဓိတော ဝေသာလီနဂရံ ဧကူနဝီသဒိနဝဋ္ဋမေ အတ္ထိ–ဟူသောဝိဘာဝနီပါဌ်နှင့်အညီ၊ဝေသာလီပြည်ကြီးသည် မဟာဗောဓိပင်တော်မှ တဆယ့်ကိုးယူဇနာ ဝေးကွာလေသဖြင့် ခြေလျင် ခရီးသော်ကား တဆယ့်ကိုးရက်တိုင်သွားရလေ၏။

တထာ ရာဇဂဟံ သဒိသာဝ မဂ္ဂေါ အတ္ထိ—ဟူသော ဝိဘာဝနီပါဌ်နှင့်အညီ၊ ရာဇဂြိုဟ်ပြည်ကြီးသည် မဟာဗောဓိပင်တော်မှ တဆယ့်ကိုးယူဇနာ ဝေးကွာလေသဖြင့် ခြေလျင်ခရီးသော်ကား တဆယ့်ကိုးရက်တိုင် သွားရလေ၏။

မိထိလာ ဇေတုတ္တရာစေတိ ဣမေ ဒွေ မဟာနဂရာ ဗောဓိရုက္ခတော ပုဗ္ဗဒိသာဘာဂေ တိဋ္ဌန္တိ—ဟူသော ဝိဘာဝနီပါဌ်နှင့်အညီ၊ မိထိလာပြည်ကြီး, ဇေတုတ္တရာပြည်ကြီး ဤနှစ်ရပ်သော ပြည်ကြီးတို့သည် မဟာဗောဓိပင်တော်မှ အရှေ့အဘို့ဖြစ်သော အရပ်၌ တည်ကြလေကုန်၏။

တထာ မိထိလာနဂရံ ဒွါဒသဒိနမဂ္ဂေါ အတ္ထိ—ဟူသောဝိဘာဝနီပါဌ်နှင့်အညီ၊မိထိလာပြည်ကြီးသည် မဟာဗောဓိပင်တော်မှ တဆယ့်နှစ်ယူဇနာဝေးကွာလေသဖြင့် ခြေလျင်ခရီးသော်ကား တဆယ့်နှစ်ရက်တိုင်သွားရလေ၏။

တထာ ဇေတုတ္တရနဂရံ ဧကမာသမဂ္ဂေါ အတ္ထိ— ဟူသော ဝိဘာဝနီပါဌ်နှင့်အညီ၊ ဇေတုတ္တရာ ပြည်ကြီးသည် မဟာဗောဓိပင်တော်မှ ယူဇနာသုံးဆယ်ဝေးကွာလေသဖြင့် ခြေလျင်ခရီးသော်ကား တလတိုင်သွားရလေ၏။

သာဝတ္ထိကလိင်္ဂဒွေတိ ဣမေ ဒွေ မဟာနဂရာ ဗောဓိတော ဒက္ခိဏာဌာနေ တိဋ္ဌန္တိ—ဟူသော ဝိဘာဝနီပါဌ်နှင့်အညီ၊ သာဝတ္ထိပြည်, ကလိင်္ဂရစ်ပြည် ဤပြည်ကြီး နှစ်ရပ်တို့သည် မဟာဗောဓိပင်တော်မှ တောင်မျက်နှာအဘို့၌ တည်ကြလေကုန်၏။

တထာ သာဝတ္ထိနဂရံ ဒွိမာသမဂ္ဂေါ အတ္ထိ—ဟူသော ဝိဘာဝနီပါဌ်နှင့်အညီ၊ သာဝတ္ထိပြည်ကြီးသည် မဟာဗောဓိပင်တော်မှ ယူဇနာခြောက်ဆယ်ဝေးကွာလေသဖြင့် ခြေလျင်ခရီးသော်ကား နှစ်လတိုင်တိုင်သွားရလေ၏။

တထာ ကလိင်္ဂနဂရံ ဧကမာသေန ဒွါဒသမဂ္ဂေါ အတ္ထိ—ဟူသော ဝိဘာဝနီပါဌ်နှင့်အညီ၊ ကလိင်္ဂရစ်ပြည်ကြီးသည် မဟာဗောဓိပင်တော်မှ လေးဆယ့်နှစ်ယူဇနာ ဝေးကွာလေသဖြင့် ခြေလျင်ခရီး သော်ကား တလနှင့် တဆယ့်နှစ်ရက်တိုင်သွားရလေ၏။

ကပိလဝတ္ထုံ ကောလိယဥ္စ ဣမေ ဒွေ မဟာနဂရာ ဗောဓိတော ပစ္ဆိမဒိသာဘာဂေ တိဋ္ဌန္တိ-ဟူသော ဝိဘာဝနီပါဌ်နှင့်အညီ၊ ကပိလ ဝတ်ပြည်, ကောလိယပြည် ဤပြည်ကြီးနှစ်ရပ်တို့သည် မဟာဗောဓိပင် တော်မှ အနောက်မျက်နှာအဘို့၌ တည်ကြလေကုန်၏။

တထာ ကပိလာနဂရံ ပဉ္စဒိနေန တေမာသမဂ္ဂေါ အတ္ထိ-ဟူသော ဝိဘာဝနီပါဌ်နှင့်အညီ၊ ကပိလဝတ်ပြည်သည် မဟာဗောဓိပင်တော်မှ ကိုးဆယ့်ငါးယူဇနာဝေးကွာသဖြင့် ခြေလျင်ခရီးသော်ကား သုံးလနှင့် ငါးရက်တိုင်တိုင်သွားရလေ၏။

တထာ ကောလိယနဂရံ ဒွါဒသမဂ္ဂေါ အတ္ထိ- ဟူသောဝိဘာဝနီ ပါဌ်နှင့်အညီ၊ ကောလိယ ပြည်ကြီးသည် မဟာဗောဓိပင်တော်မှ တဆယ့်နှစ်ယူဇနာ ဝေးကွာလေသဖြင့် ခြေလျင်ခရီးသော်ကား တဆယ့် နှစ်ရက်တိုင်တိုင်သွားရလေ၏။

ပါဋလိပုတ္တံ ပါဝါစေတိ ဣမေ ဒွေ မဟာနဂရာ ဗောဓိတော သေနေ္တ တိဋ္ဌန္တိ-ဟူသောဝိဘာဝနီပါဌ်နှင့်အညီ၊ ပါဋလိပုတ်ပြည်,ပါဝါ ပြည် ဤနှစ်ရပ်သောပြည်ကြီးတို့သည် မဟာဗောဓိပင်တော်မှ အရှေ့ မြောက်ထောင့်အရပ်၌ တည်ကြလေကုန်၏။

တထာပါဋလိပုတ္တနဂရံ တေရသဒိနအဒ္ဓါ အတ္ထိ-ဟူသော ဝိဘာ ဝနီပါဌ်နှင့်အညီ၊ ပါဋလိပုတ်ပြည်ကြီးသည် မဟာဗောဓိပင်တော်မှ တဆယ့်သုံးယူဇနာဝေးကွာသဖြင့် ခြေလျင်ခရီးသော်ကား တဆယ့်သုံး ရက်တိုင်သွားရလေ၏။

တထာ ပါဝါနဂရံ ပန္နရသဒိနမဂ္ဂေါ အတ္ထိ-ဟူသော ဝိဘာ ဝနီပါဌ်နှင့်အညီ၊ပါဝါပြည်ကြီးသည် မဟာဗောဓိပင်တော်မှ တဆယ့် ငါးယူဇနာ ဝေးကွာလေသဖြင့် ခြေလျင်ခရီးသော်ကား တဆယ့် ငါးရက်တိုင်သွားရလေ၏။

သက်ဿံ တက္ကသီလဉ္စေတိ ဣမေ ဒွေ မဟာနဂရာ ဗောဓိတော အဂ္ဂိဋ္ဌာနေ တိဋ္ဌန္တိ-ဟူသောဝိဘာဝနီပါဌ်နှင့်အညီ၊သက်ဿနဂိုရ်ပြည်, တက္ကသိုလ်ပြည် ဤနှစ်ရပ်သော ပြည်ကြီးတို့သည် မဟာဗောဓိပင် တော်မှ အရှေ့တောင်ထောင့်ဖြစ်သော အရပ်၌တည်ကြလေကုန်၏။

တထာ သက်ဿနဂရံ ဒွါဒသဒိန အဗ္ဗုသံ အတ္တိ–ဟူသော ဝိဘာဝနီပါဠ်နှင့်အညီ၊ သက်ဿနဂိုရ်ပြည်ကြီးသည် မဟာဗောဓိပင်တော်မှ တဆယ့်နှစ်ယူဇနာ ဝေးကွာလေသဖြင့် ခြေလျင်ခရီးသော်ကား တဆယ့်နှစ်ရက်တိုင်သွားရလေ၏။

တထာ တက္ကသိလနဂရံ ဧကမာသပထော အတ္တိ–ဟူသော ဝိဘာဝနီပါဠ်နှင့်အညီ၊တက္ကသိုလ်ပြည်ကြီးသည် မဟာဗောဓိပင်တော်မှ ယူဇနာသုံးဆယ်ဝေးကွာလေသဖြင့် ခြေလျင်ခရီးသော်ကား တလတိုင်သွားရလေ၏။

ကောသမ္ဗိ မဓုရာစေတိ ဌမေ ဒွေ မဟာနဂရာ ဗောဓိတော နရတိဋ္ဌာနေ တိဋ္ဌန္တိ–ဟူသော ဝိဘာဝနီပါဠ်နှင့် အညီ၊ ကောသမ္ဗီပြည်၊ မဓုရစ်ပြည် ဤပြည်ကြီးနှစ်ရပ်တို့သည် မဟာဗောဓိပင် တော်မှ အနောက်တောင်ထောင့်အရပ်၌ တည်ကြလေကုန်၏။

တထာ ကောသမ္ဗိနဂရံ ဧကမာသမဂ္ဂေါ အတ္တိ–ဟူသော ဝိဘာဝနီပါဠ်နှင့်အညီ၊ ကောသမ္ဗီပြည်ကြီးသည် မဟာဗောဓိပင် တော်မှ ယူဇနာသုံးဆယ် ဝေးကွာလေသဖြင့် ခြေလျင်ခရီးသော်ကား တလတိုင် သွားရလေ၏။

တထာ မဓုရနဂရံ ကောဒသဒိနမဂ္ဂေါ အတ္တိ–ဟူသော ဝိဘာဝနီပါဠ်နှင့်အညီ၊ မဓုရစ်ပြည်ကြီးသည် မဟာဗောဓိပင်တော်မှ တဆယ့်တယူဇနာ ဝေးကွာလေသဖြင့် ခြေလျင်ခရီးသော်ကား တဆယ့်တရက်တိုင် သွားရလေ၏။

စမ္ပာနဂရမ္ပန မဟာဗောဓိရုက္ခတော ပါယပ္ပဋ္ဌာနေ တိဋ္ဌတိ–ဟူသောဝိဘာဝနီပါဠ်နှင့်အညီ၊စမ္ပာနဂိုရ်ပြည်ကြီးသည်မဟာဗောဓိပင်တော်မှ အနောက်မြောက်ထောင့်အရပ်၌တည်လေ၏။

တထာ ဗောဓိတော စမ္ပာနဂရံ ကောဒသဒိနမဂ္ဂေါ အတ္တိ–ဟူသော ဝိဘာဝနီပါဠ်နှင့်အညီ၊စမ္ပာနဂိုရ်ပြည်ကြီးသည် မဟာဗောဓိပင်တော်မှ တဆယ့်တယူဇနာဝေးကွာလေသဖြင့် ခြေလျင်ခရီးသော်ကား တဆယ့်တရက်တိုင်သွားရလေ၏။

၂ အမှတ် ..........
ရက်စွဲ ..........

# ဗောဓိဌာနအခန်း

ဤကား မဟာဗောဓိပင်မှ တဆယ့်ခြောက်ရပ်သော ပြည်ကြီးတို့၏ ခရီးအဝေးအကွာ ယူဇနာတို့ကို ဣဒမ္ပန မဟာဗောဓိတော ယောဂ္ဂဿ မဟာနဂရဿ ဒုရာသန္နဒဿနံ-ဟူသော ဗောဓိဝိဘာဝနီကျမ်းနှင့် အညီ၊ ထုတ်ဖော်ပြဆိုလိုက်သော စကားရပ်တည်း။

## ဆောင်ပုဒ်လင်္ကာအကျဉ်း

၁။ ဗောဓိကသည်၊ ဗာရာပြည်၊ ဝေးသည်တဆယ့်ရှစ်ယူဇနာ။
၂။ ဗောဓိကသည်၊ ဝေသာလီ၊ ထူးလည်တဆယ့်ကိုးယူဇနာ၊
၃။ ရာဇဂြိုဟ်၊ ဗောဓိက၊ မိန့်ပြတဆယ့်ကိုးယူဇနာ။
၄။ ပါဋလိပုတ္တ၊ ဗောဓိက၊ မှတ်ကြတဆယ့်သုံးယူဇနာ။
၅။ ပါဝါနဂရ၊ ဗောဓိက၊ ထူးလှတဆယ့်ငါးယူဇနာ။
၆။ ဗောဓိညောင်သာ၊ မိထိလာ၊ ဝေးကွာတဆယ့်နှစ်ယူဇနာ။
၇။ ဗောဓိညောင်သာ၊ ဇေတုတ္တရာ၊ ဝေးကွာတလသာ။
၈။ ဗောဓိဌာန၊ သင်္ကဿ၊ မှတ်ကြတဆယ့်နှစ်ယူဇနာ။
၉။ ဗောဓိပင်ပျို၊ တက္ကသိုလ်၊ လူမိုလ်မှတ်ပါ-တလသာ။
၁၀။ ပင်ပျိုဗောဓိ၊ သာဝတ္ထိ၊ ဝေးဘိနှစ်လသာ။
၁၁။ ဗောဓိပင်မှ၊ ကလိင်္ဂ၊ မှတ်ကြလေးဆယ့်နှစ်ယူဇနာ။
၁၂။ ဗောဓိပင်မှ၊ မဓုရ၊ ဝေးလှတဆယ့်တရက်သာ။
၁၃။ ဗောဓိရိပ်ကြည်၊ ကောသမ္ဗီ၊ ထူးလည်တလသာ။
၁၄။ ဗောဓိပင်မှ၊ ကပိလ၊ သုံးလငါးရက်သာ။
၁၅။ ဗောဓိပင်က၊ ကောလိယ၊ မိန့်ပြဆယ့်နှစ်ရက်သာ။
၁၆။ စမ္ပာနဂရ၊ ဗောဓိက၊ ဝေးလှတဆယ့်တရက်သာ။

ဤဆိုအပ်ခဲ့ပြီးသည်ကား မှတ်သားဆောင်လွယ်စေခြင်းငှါ တဆယ့် ခြောက်ရပ်သော ပြည်ကြီးတို့၏ မဟာဗောဓိပင်နှင့် အဝေးအကွာ ယူဇနာတို့ကို ဗောဓိဝိဘာဝနီကျမ်းနှင့်အညီ သီကုံး ဖွဲ့ဆို အပ်သော အကျဉ်းဆောင်ပုဒ်လင်္ကာသံပေါက်များပေတည်း။

မဟာဗောဓိပင်ကိုပြည်ကြီးတဆယ့်ခြောက်ပြည်တို့ဖြင့်
ခြံရံတည်နေပုံနှင့် ယူဇနာအဝေးအကွာတို့ကို
ပြခြင်းအကြောင်းပြီး၏။

ကပိလဝတ္ထုု ကောလိယဥ္စ ဣမေ ဒွေ မဟာနဂရာ ဗောဓိတော ပစ္ဆိမဒိသာဘာဂေ တိဋ္ဌန္တိ-ဟူသော ဝိဘာဝနီပါဠိနှင့်အညီ၊ ကပိလဝတ်ပြည်, ကောလိယပြည် ဤပြည်ကြီးနှစ်ရပ်တို့သည် မဟာဗောဓိပင်တော်မှ အနောက်မျက်နှာအဘို့၌ တည်ကြလေကုန်၏။

တထာ ကပိလာနဂရံ ပဉ္စဒိနေန တေမာသမဂ္ဂေါ အတ္ထိ—ဟူသော ဝိဘာဝနီပါဠိနှင့်အညီ၊ ကပိလဝတ်ပြည်သည် မဟာဗောဓိပင်တော်မှ ကိုးဆယ့်ငါးယူဇနာဝေးကွာသဖြင့် ခြေလျင်ခရီးသော်ကား သုံးလနှင့် ငါးရက်တိုင်တိုင်သွားရလေ၏။

တထာ ကောလိယနဂရံ ဒွါဒသမဂ္ဂေါ အတ္ထိ— ဟူသောဝိဘာဝနီပါဠိနှင့်အညီ၊ ကောလိယ ပြည်ကြီးသည် မဟာဗောဓိပင်တော်မှ တဆယ့်နှစ်ယူဇနာ ဝေးကွာလေသဖြင့် ခြေလျင်ခရီးသော်ကား တဆယ့်နှစ်ရက်တိုင်တိုင်သွားရလေ၏။

ပါဋလိပုတ္တံ ပါဝါစေတိ ဣမေ ဒွေ မဟာနဂရာ ဗောဓိတော သေန္ဒေ တိဋ္ဌန္တိ-ဟူသောဝိဘာဝနီပါဠိနှင့်အညီ၊ ပါဋလိပုတ်ပြည်,ပါဝါပြည် ဤနှစ်ရပ်သောပြည်ကြီးတို့သည် မဟာဗောဓိပင်တော်မှ အရှေ့မြောက်ထောင့်အရပ်၌ တည်ကြလေကုန်၏။

တထာပါဋလိပုတ္တနဂရံ တေရသဒိနအဒ္ဓါ အတ္ထိ—ဟူသော ဝိဘာဝနီပါဠိနှင့်အညီ၊ ပါဋလိပုတ်ပြည်ကြီးသည် မဟာဗောဓိပင်တော်မှ တဆယ့်သုံးယူဇနာဝေးကွာသဖြင့် ခြေလျင်ခရီးသော်ကား တဆယ့်သုံးရက်တိုင်သွားရလေ၏။

တထာ ပါဝါနဂရံ ပန္နရသဒိနမဂ္ဂေါ အတ္ထိ—ဟူသော ဝိဘာဝနီပါဠိနှင့်အညီ၊ပါဝါပြည်ကြီးသည် မဟာဗောဓိပင်တော်မှ တဆယ့်ငါးယူဇနာ ဝေးကွာလေသဖြင့် ခြေလျင်ခရီးသော်ကား တဆယ့်ငါးရက်တိုင်သွားရလေ၏။

သက်ဿံ တက္ကသီလဥ္စေတိ ဣမေ ဒွေ မဟာနဂရာ ဗောဓိတော အဂ္ဂိဋ္ဌာနေ တိဋ္ဌန္တိ-ဟူသောဝိဘာဝနီပါဠိနှင့်အညီ၊သက်ဿနဂိုရ်ပြည်, ပ,က္ကသိုလ်ပြည် ဤနှစ်ရပ်သော ပြည်ကြီးတို့သည် မဟာဗောဓိပင်တော်မှ အရှေ့တောင်ထောင့်ဖြစ်သော အရပ်၌တည်ကြလေကုန်၏။

တေန ရာဇဂဟေန ဂင်္ဂါနာမ မဟာနဒီယာ အန္တရံ ပန ပဋ္ဌယော ဇနံ အတ္ထိ—ဟူသော ဝင်းပါဠိနှင့်အညီ၊ ထိုရာဇဂြိုဟ်ပြည်ကြီးနှင့်ဂင်္ဂါ မည်သောမြစ်၏အကြားသည်ကား ငါးယူဇနာဝေးကွာသဖြင့် ခြေလျင် ခရီးငါးရက်တိုင်သွားရလေ၏။

တာယ ဂင်္ဂါနာမ မဟာနဒီယာ ဝေသာလိနဂရဿ အန္တရံ တိယောဇနံ အတ္ထိ၊ သာစ ဂင်္ဂါ မဟာနဒီ ဝိတ္ထာရတော ဧကယော ဇနံ အတ္ထိ—ဟူသောဝင်းပါဠိနှင့်အညီ၊ ထိုဂင်္ဂါမည်သော မြစ်ကြီးနှင့် ဝေသာလီပြည်၏အကြားသည် သုံးယူဇနာဝေးကွာသဖြင့် ခြေလျင်ခရီး သုံးရက်သွားရလေ၏၊ ထိုဂင်္ဂါမည်သောမြစ်သည် အလျားအပြန့် အားဖြင့် တယူဇနာအတိုင်းအရှည်ရှိလေ၏။

ဝေသာလိယာ ရာဇဂဟဿ အန္တရံ နဝယောဇနံ အတ္ထိ—ဟူသော ဝင်းပါဠိနှင့်အညီ၊ ဝေသာလီပြည်နှင့် ရာဇဂြိုဟ်ပြည်၏အကြားသည် ကိုးယူဇနာဝေးကွာသဖြင့် ကိုးရက်တိုင် သွားရလေ၏၊ ထိုဝေသာလီ ပြည်ကြီး၌ ခုနစ်ထောင့် ခုနစ်ရာ့ ခုနစ်ဆယ့် ခုနစ်ယောက် အရေ အတွက်ရှိသော မင်း အပေါင်းတို့သည် အစိုးရကြကုန်သည်ဖြစ်၍ အကြိမ်ကြိမ် အလှည့်လှည့်အားဖြင့် မင်းပြုကြလေ ကုန်သတည်း။ ထို့ကြောင့် ဝင်းကျမ်း၌—

> တသ္မိံ ဝေသာလိနဂရေ သတ္တသဟဿ သတ္တသတ သတ္တ-
> တိ သတ္တသင်္ချာ ခတ္တိယသမူဟာ ဣဿရာ ဟုတွာ ဝါရံဝါရံ
> ရာဇဘာဝံ ကရောန္တိ-ဟု မိန့်၏။

ပါဝါ နဂရေန ကုသိနာရာ နဂရဿ အန္တရံ ပန တိဂါဝုတမတ္တေါ အတ္ထိ—ဟူသော ဝင်းပါဠိနှင့်အညီ၊ ပါဝါပြည်ကြီးနှင့် ကုသိနာရုံပြည် သည် သုံးဂါဝုတ်ခြားကွာလေသဖြင့် ခြေလျင်ခရီး နေ့၏လေးဘို့သုံးဘို့ သွားရလေ၏။

ရာဇဂဟေန သာဝတ္ထိနဂရဿ အန္တရံ ပဉ္စစတ္တာလီသယောဇနံ အတ္ထိ—ဟူသောဝင်းပတ်နှင့်အညီ၊ ရာဇဂြိုဟ်ပြည်ကြီးနှင့် သာဝတ္ထိပြည် ၏အကြားသည် လေးဆယ့်ငါးယူဇနာဝေးကွာသဖြင့် ခြေလျင်ခရီး လေးဆယ့်ငါးရက်တိုင် သွားရလေ၏။

သာဝတ္ထိနဂရေန သုနာပရန္တဇနပဒဿ အန္တရံ တိံသယောဇနံ အတ္ထိ–ဟူသော ငှင်းပါဠိနှင့်အညီ၊သာဝတ္ထိပြည်နှင့် သုနာပရန္တဇနပုဒ် တို့၏အကြားသည် ယူဇနာသုံးဆယ် ဝေးကွာလေသဖြင့် ခြေလျင် ခရီး တလတိုင်တိုင်သွားရလေ၏။

မဟာဗောဓိရုက္ခေန ဂယာနာမ နဒိယာ အန္တရံ တိဂါဝုတပ္ပ မာဏံ အတ္ထိ–ဟူသော ငှင်းပါဠိနှင့်အညီ၊ မဟာဗောဓိပင်တော်နှင့် ဂယာမည်သောမြစ်၏ အကြားသည် သုံးဂါဝုတ်မျှသာ ဝေးကွာသဖြင့် ခြေလျင်ခရီး နေ့၏ လေးဘို့-သုံးဘို့သာသွားရလေ၏။

ဝက်ပဗ္ဗတေန ဇေတုတ္တရာနဂရဿ အန္တရံ သဋ္ဌိယောဇနံ အတ္ထိ–ဟူသော ငှင်းပါဠိနှင့်အညီ၊များစွာသောကွေ့ကောက်သော ချောက်, မြောင်, တောဂှမ်း, တောင်တန်း, တောင်စွယ်တို့ဖြင့် ယှက်သွယ် ရှုပ်ထွေးလျက်တည်သော ဝက်မည်သော တောင်တန်းနှင့်ဇေတုတ္တရာ ပြည်ကြီး၏အကြားသည် ယူဇနာခြောက်ဆယ်ဝေးကွာသဖြင့် ခြေလျင် ခရီး နှစ်လတိုင်တိုင် သွားရလေ၏။

ဗာရဏသိနဂရေန တက္ကသီလနဂရဿ အန္တရံ ပဉ္စာသယောဇနံ အတ္ထိ–ဟူသော ငှင်းပါဠိနှင့်အညီ၊ဗာရဏသိနဂိုရ်ပြည်ကြီးနှင့် တက္ကသိုလ် ပြည်ကြီး၏အကြားသည် ယူဇနာငါးဆယ်ဝေးကွာလေသဖြင့် ခြေလျင် ခရီးရက်ပေါင်း ငါးဆယ်တိုင် သွားရလေ၏။

သာဝတ္ထိနဂရေန သင်္ကဿနဂရဿ အန္တရံ အသီတိယောဇနံ အတ္ထိ–ဟူသော ငှင်းပါဠိနှင့်အညီ၊သာဝတ္ထိပြည်ကြီးနှင့် သင်္ကဿနဂိုရ် ပြည်ကြီး၏အကြားသည် ယူဇနာရှစ်ဆယ်ဝေးကွာလေသဖြင့် ခြေလျင် ခရီးရက်ပေါင်း ရှစ်ဆယ်သွားရလေ၏။

ဥရုဝေဠဝနေန ဇာသိပတနမိဂဒါယဿ အန္တရံ အဋ္ဌာရသယော ဇနံ–ဟူသော ငှင်းပါဠိနှင့်အညီ၊ ဥရုဝေဠတောနှင့် မိဂဒါဝုန်တော၏ အကြားသည် တဆယ့်ရှစ်ယူဇနာ ဝေးကွာလေသဖြင့် ခြေလျင်ခရီး တဆယ့်ရှစ်ရက်တိုင်သွားရလေ၏။

မဟာဗောဓိရုက္ခတော သီဟဠဒီပံ ဆမာသမဂ္ဂေန ဂစ္ဆတိ– ဟူသော ငှင်းပါဠိနှင့်အညီ၊မဇ္ဈိမဒေသ မဟာဗောဓိပင်တော်မှ သီဟဠ

ဒီပမည်သော သီဟိုဠ်ကျွန်း၏ အကြားသည် ယူဇနာတရာ့ရှစ်ဆယ် ဝေးကွာသဖြင့် ခြေလျင်ခရီး ခြောက်လတိုင်တိုင် သွားရလေ၏။

တတော ဗောဓိရုက္ခတော သောသီဟဠဒီပေ ါ နရတိဋ္ဌာနေ အတ္ထိ-ဟူသော ဝုဝ်းပါဠိနှင့်အညီ၊ ထိုသီဟိုဠ်ကျွန်းကြီးသည် မဇ္ဈိမဒေသ မဟာဗောဓိပင်၏ အနောက်တောင်ထောင့်အရပ်၌ တည်လေ၏။

တသ္မိံ ဒီပေ ဒုဋ္ဌဂါမဏိရာဇာ ပတိဋ္ဌာပိတံ မဟာစေတိယံ ပန တဿ ရညော ဟတ္ထေန ဋ္ဌိသဟဿံ အတ္ထိ-ဟူသော ဝုဝ်းပါဠိနှင့်အညီ၊ ထိုသီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိမင်းကြီးတည်ထားအပ်သော မဟာစေတီ တော်သည် ထိုမင်းကြီး၏ အတောင်အားဖြင့် တိုင်းထွာသည်ရှိသော် အတောင်ပေါင်း နှစ်ထောင် အတိုင်းအရှည်ရှိပေ၏။

ဇေတုတ္တရာနဂရတော သီဟဠဒီပံ ထလမဂ္ဂေန အဋ္ဌမာသအဥ္စုသံ အတ္ထိ-ဟူသော ဝုဝ်းပါဠိနှင့်အညီ၊ ဇေတုတ္တရာပြည်မှ သီဟိုဠ်ကျွန်းသို့ ကြည်းကြောင်းခရီးအားဖြင့် ရှစ်လတိုင်တိုင် သွားရလေ၏။

တေန ဇေတုတ္တရာနဂရေန ဗာရာဏသီနဂရဿ အန္တရံ ပန တိဒိဝါဓိကော ကေမာသမဂ္ဂေါ အတ္ထိ-ဟူသော ဝုဝ်းပါဠိနှင့်အညီ၊ထို ဇေတုတ္တရာပြည်နှင့် ဗာရာဏသီပြည်၏အကြားသည် သုံးဆယ့်သုံး ယူဇနာဝေးကွာသဖြင့် ခြေလျင်ခရီး တလနှင့်သုံးရက်တိုင်သွားရလေ၏၊

ဗာရာဏသီနဂရတော မဟာဝနံနာမ ဝနံ ကေမာသမဂ္ဂေ အတ္ထိ-ဟူသော ဝုဝ်းပါဠိနှင့်အညီ၊ ဗာရာဏသီပြည်ကြီးနှင့် မဟာဝုန်မည် သောတော၏အကြားသည် ယူဇနာသုံးဆယ်ဝေးကွာသဖြင့် ခြေလျင် ခရီး တလတိုင်သွားရလေ၏။

တဿ မဟာဝနဿ ဝိတ္ထာရတော ပမာဏံ အဋ္ဌဒိနမဂ္ဂံ အတ္ထိ-ဟူသော ဝုဝ်းပါဠိနှင့်အညီ၊ ထိုမဟာဝုန်တော၏ အကျယ်အပြန့်ကား တဆယ့်ရှစ်ရက်ခရီးပမာဏ ရှိလေ၏။

တတော မဟာဝနတော ကလိင်္ဂနဂရံ ကေဒိနမဂ္ဂေအတ္ထိ-ဟူသော ဝုဝ်းပါဠိနှင့်အညီ၊ ထိုမဟာဝုန်တောနှင့် ကလိင်္ဂရစ်ပြည်၏ အကြား သည် တရက်ခရီးရှိသဖြင့် တယူဇနာမျှ ခြားကွာလေ၏။

ကလိင်္ဂနဂရေန ဗောဓိရုက္ခဿ အန္တရံ ဒွါဒသာဓိကော ကောမာ-သပထော အတ္ထိ-ဟူသော ၎င်းပါဠိနှင့်အညီ၊ ကလိင်္ဂရစ်ပြည်ကြီးနှင့် မဟာဗောဓိပင်တော်၏ အကြားသည် တလနှင့် တဆယ့်နှစ်ရက်ခရီး ဝေးကွာသဖြင့် လေးဆယ့်နှစ်ယူဇနာခြားကွာလေ၏။

ဤဆိုအပ်ခဲ့ပြီးသည်ကား အလုံးစုံသောဘုရားသခင်တို့၏ ပွင့်တော်မူရာ မဇ္ဈိမဒေသ မဟာဗောဓိပင်တော်၏အရပ် ထက်ဝန်းကျင်အရပ်တို့၌ တည်ရှိကြကုန်သော တိုင်းကြီး, ပြည်ကြီး အသီးသီးတို့၏ အချင်းချင်းအခြားအကွာတို့ကို ဗောဓိဝိဘာဝနီမည်သော ကျမ်း၌လာရှိသည့် အတိုင်း ပြဆိုအပ်သော **စကားစုပေတည်း။**

မဟာဗောဓိပင်နှင့် ပြည်ကြီးတဆယ့်ခြောက်ပြည် စသည်တို့
အချင်းချင်းအဝေးအကွာတို့ကို
ပြခြင်းအကြောင်းပြီး၏။

ဗောဓိဌာနအခန်းပြီး၏။

---

## ၃။ ဗောဓိပူဇနအခန်း

### ၆။ မဟာဗောဓိပင်နှင့် ပလ္လင်တော်ကို မြတ်စွာဘုရား ကြည့်ရှုပူဇော်ခြင်းအကြောင်း

ဣမသ္မိံ ဝတ မေ ဌတွာ မဟာဗောဓိမူလေ သဗ္ဗညုတဉာဏံ ပဋိဝိဒ္ဓန္တိ၊ အပရိမိတသမယသမုပစိတပါရမိတာ ဖလာဓိဂမ-ဋ္ဌာနံ ပလ္လင်္ကံ ဗောဓိရုက္ခဉ္စ ပသာဒသမုဇ္ဇလေန ပီတိဝိကသိ-တေန အနိမိသေန နယနယုဂဠေန ပူဇေန္တော သတ္တာဟံ တတ္ထ အဋ္ဌာသိ။[ဗောဓိဝင်အဋ္ဌကထာပါဠိ။]

မေ-မယာ၊ ငါဘုရားသည်။ ဝတ၊ စင်စစ်။ ဣမသ္မိံမဟာဗောဓိမူလေ၊ ဤမဟာဗောဓိပင်၏အနီးဖြစ်သော ပလ္လင်တော်၌။ သဗ္ဗညုတဉာဏံ၊ သဗ္ဗညုတဉာဏ်တော်ကို။ ပဋိဝိဒ္ဓံ၊ ပိတ်ပင်တားဆီးခြင်းမှ ကင်းသဖြင့် မိမိအလိုလိုသာလျှင် ထိုးထွင်း၍ သိတော်မူရပေပြီ။ ဣတိ၊ ဤသို့အသင့်အတင့် နှိုင်းချင့်ပိုက်ကျုံး နှလုံးသွင်းတော်မူ၍။ အပရိမိ

တသမယသမုပစိတပါရမိတာ ဗလာဓိဂမဌာနံ၊ မနှိုင်းယှဉ်အပ်သော ကမ္ဘာတသိန်းအလွန်ရှိသော လေးသင်္ချေကာလပတ်လုံး ကောင်းစွာ ဖြည့်ဆည်းပူးတော်မူအပ်သော ပါရမီတော်တို့ကြောင့် အားတော် ဆယ်တန် ဉာဏ်တော်ဆယ်မျိုး တန်ခိုးတော်အနန္တတို့ကို ရရာဌာန ဖြစ်သော။ ပလ္လက်ဋ္ဌ၊ ပလ္လင်တော်ကိုရင်း။ ဗောဓိရုက္ခဋ္ဌ၊ မဟာဗောဓိပင် တော်ကိုရင်း။ ပသာဒသမုဇ္ဇလေန၊ ပသာဒတော် တည်းဟူသော ချမ်းအေးလှစွာသော ရေကြည်ရှိသော။ ပီတိဝိကသိတေန၊ မြတ်သော ပီတိအစွမ်းကြောင့် ပွင့်ခြင်းသို့ ရောက်တော်မူသော။ အနိမိသေန၊ မမှိတ်သော မျက်လွှာတော်ရှိသော။ နယနယုဂဠေန၊ နှစ်ဘက်သော မျက်စိတော် အစုံဖြင့်။ ပူဇေန္တော၊ တစိမ့်စိမ့် ရှုကြည့်တော်မူသော အားဖြင့် ပူဇော်တော်မူလျက်။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဝါ၊ ခုနစ်ရက်တိုင်တိုင်။ တတ္ထ၊ ထိုအနိမိသ သတ္တာဟကုန်းတော်ပေါ်၌။ အဋ္ဌာသိ၊ ရပ်တည်တော်မူလေ၏။ ။ဤကား ဗောဓိဝင်အဋ္ဌကထာ ပါဌ်၏ အနက်တည်း။

သုံးလူ့ထွတ်ထား သဗ္ဗညုရှင်တော်ဘုရားသည် မြေမျှားဦးစွန်း ကျွန်း၏အချာ ဇေယျာပထဝီ မဟီဘက်မှ တဆယ့်ရှစ်မင်း ပယ်ကွင်း ခရိုင် ဗောဓိမဏ္ဍိုင် မြေရန်နိုင်ထက် စံပြိုင်မရ ခက်မလေးဖြာ တရာ သံတောင် မိုးခေါင်ထိလောက် မြထီးဝန်းဆောက်သကဲ့သို့ ဖြိုးမောက် ကြီးကျယ်စွာ ဒုမရာဇာ မဟာဗောဓိ သီရိရွှန်းဝေ ဗုဒ္ဓဟောရွှေညောင် ပင်မင်း၏အရင်း ခင်းထားအပ်သော ပလ္လင်တော်၌ ကြွင်းဥဿုံ အလုံး စုံသော တရားအပေါင်းတို့ကို မျက်ဝါးထင်ထင် သိမြင်တော်မူခြင်း ငှာ စွမ်းနိုင်သော သဗ္ဗညုတ ရွှေဉာဏ်တော်ကို ပတ္တမြားမျက်ရှင် လက်ဝါးတင်သို့ထိုးထွင်းပိုင်ပိုင် ငါကိုယ်တော်တိုင် သိရပေပြီဟု နှလုံး သွင်းတော်မူ၍လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး ကောင်း စွာဖြည့်ဆည်းပူးတော်မူအပ်သော ပါရမီတော်တို့ကြောင့် မနှိုင်းယှဉ် အပ် မြတ်ထက်မြတ်သော ပီတိတော်အစွမ်းကြောင့် ပွင့်ခြင်းဟုဆိုအပ် သော အထွတ်အထိပ်သို့ ရောက်တော်မူသော စတုဝေသာရဇ္ဇ ဆအ သာဓာရဏ ဣန္ဒြိယပရောပရိယတ္တိစသော အားတော်ဆယ်တန် ဉာဏ် တော်ဆယ်ပါးတို့ကို ရရာဌာနဖြစ်သော အပရာဇိတ ရွှေပလ္လင်တော်ကို

မမှိတ်သော ချမ်းကြေည်လင် စင်ကြယ်သော စက္ခုတော် အစုံဖြင့် တစိမ့်စိမ့်ရှုကြည့်သောအားဖြင့် ပူဇော်တော်မူလျက် ခုနစ်ရက်တိုင်တိုင် အနိမိသသတ္တာဟ၌ သီတင်းသုံးစံနေတော်မူလေ၏။

မဟာဗောဓိပင်နှင့် ပလ္လင်တော်ကိုမြတ်စွာဘုရား
ကြည့်ရှုပူဇော်ခြင်းအကြောင်း ပြီး၏။

---

## ၇။ နတ်တို့၏ ယုံမှားသံသယ ကင်းစိမ့်သောငှါတန်ခိုး ပြာဋိဟာ ပြတော်မူသောအကြောင်း

အထ ဘဂဝါ အဋ္ဌမေ ဒိဝသေ သမာပတ္တိတော ဝုဋ္ဌာယ ဒေဝတာနံ ကင်္ခံ ဉတွာ ကင်္ခါဝိဓမနတ္ထံ အာကာသေ ဥပ္ပတိတွာ ယမကပါဋိဟာရိယံ ဒဿေတွာ တာသံ ကင်္ခံ ဝိဓမိတွာ ပလ္လင်္ကတော ဤသကံ ပါစိနနိဿိတေ ဥတ္တရဒိသာဘာဂေ ဌတွာ စတ္တာရိအသင်္ချေယျာနိ ကပ္ပသတသဟဿဉ္စ ဥပစိတာနံ ပါရမီနံ ဗလာဓိဂမဋ္ဌာနံ ပလ္လင်္ကံ ဗောဓိရုက္ခဉ္စ အနိမိသေဟိ အက္ခီဟိ ဩလောကယမာနော သတ္တာဟံ ဝီတိနာမေတိ၊ တံဌာနံ အနိမိသစေတိယံနာမ ဇာတံ။ [မဟာဝါအဋ္ဌကထာ ပါဠိ။]

ဂုင်းပါဠိ၏ယောဇနာကား—

အထ-တသ္မိံ၊ ထိုသို့နတ်တို့ ယုံမှားဖြစ်သောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဋ္ဌမေဒိဝသေ၊ ရှစ်ရက်မြောက်သောနေ့၌။ သမာပတ္တိတော၊ သမာပတ်မှ။ ဝုဋ္ဌာယ၊ ထတော်မူ၍။ ဒေဝတာနံ၊ နတ်တို့၏။ ကင်္ခံ၊ ယုံမှားခြင်းကို။ ဉတွာ၊ သိတော်မူ၍။ ကင်္ခါဝိဓမနတ္ထံ၊ ယုံမှားခြင်းကို ပယ်ဖျောက်တော်မူခြင်းအကျိုးငှါ။ အာကာသေ၊ ကောင်းကင်သို့။ ဥပ္ပတိတွာ၊ ပျံတက်တော်မူပြီးလျှင်။ ယမကပါဋိဟာရိယံ၊ ရေမီးအစုံစုံသောတန်ခိုးပြာဋိဟာကို။ ဒဿေတွာ၊ ပြတော်မူ၍။ တာသံ၊ ထိုနတ်တို့၏။ ကင်္ခံ၊ ယုံမှားခြင်းကို။ ဝိဓမိတွာ၊ ပယ်ဖျောက်၍။ ပလ္လင်္ကတော၊ မြတ်သောပလ္လင်တော်မှ။ ဤသကံ၊ စဉ်းငယ်။ ပါစိနနိဿိတေ၊ အရှေ့အရပ်ကိုမှီသော။ ဥတ္တရဒိသာဘာဂေ၊ မြောက်မျက်နှာ

အဘို၌။ ဌတွာ၊ ရပ်တော်မူ၍။ စတ္တာရိအသင်္ချေယျာနိစ၊လေးအသင်္ချေ တို့ကာလပတ်လုံးဖြင့်။ ကပ္ပသတသဟဿဥ္စ၊ ကမ္ဘာတသိန်းတို့ ကာလ ပတ်လုံးဖြင့်။ ဥပစိတာနံ၊ ဆည်းပူးအပ်ကုန်သော။ ပါရမီနံ၊ ပါ ရမီတော်တို့၏။ ဖလာဓိဂမဋ္ဌာနံ၊ သဗ္ဗညုတဉာဏ်တည်းဟူသော အားး တော်အစွမ်းသို့ ရောက်ရာရရာဖြစ်သော။ ပလ္လင်္ကဥ္စ၊ မြတ်သော ပလ္လင် တော်ကိုဖြင့်။ ဗောဓိရုက္ခဥ္စ၊ ဗောဓိပင်ကိုဖြင့်။ အနိမိသေဟိ၊ မမှိတ် ကုန်သော။ အက္ခီဟိ၊ စက္ခုတော်အစုံတို့ဖြင့်။ ဩလောကယမာနော၊ ကြည့်ရှုတော်မူလျက်။ သတ္တာဟံ၊ ခုနစ်ရက်ကို။ ဝီတိနာမေတိ၊ လွန်စေ တော်မူ၏။ တံဌာနံ၊ ထိုအရပ်သည်။ အနိမိသစေတိယံနာမ၊ အနိမိ သစေတီ မည်သည်၊ ဇာတံ၊ ဖြစ်၏။

၌အဋ္ဌကထာပါဠိ၏အဓိပ္ပါယ်ကား—

လူနတ်ဗြဟ္မာ သတ္တဝါတို့၏ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရား သခင်သည် ဗောဓိပင်နှင့်ရွှေပလ္လင်တော်ဝယ် ခုနစ်ရက်ကိုလွန်စေတော် မူ၍ ထိုဗောဓိပင်၏အရှေ့မြောက် မနီးမဝေးလွန်းသော အရပ်၌ ရပ်တော်မူပြီးလျှင် ၌ဗောဓိပင်နှင့် ရွှေပလ္လင်တော်၌ သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပေ၏၊ အထွတ် အထိပ်ဖြစ်သော သဗ္ဗညုတရွှေဉာဏ်တော်ကိုရတော်မူရပေ၏ဟုမမှိတ် သောစက္ခုတော်အစုံဖြင့် တစိမ့်စိမ့် ရှုမျှော်၍ ကြည့်တော်မူလေ၏၊ ၌သို့ကြည့်ရှုတော်မူသောအခါ နတ်များစွာတို့သည် ယုံမှားသံသယ ဒွိဟဖြစ်ကြကုန်၏။

အဘယ်သို့ဖြစ်ကြကုန်သနည်းဟူမူကား—

ရှင်ဂေါတမဘုရားသည် ဗောဓိပင်နှင့်ရွှေပလ္လင်ကို တပ်ခြင်းတဏှာ ရာဂရှိသေးသောကြောင့်သာလျှင် ပြန်၍တဖန် တစိမ့်စိမ့် မမှိတ်သော စက္ခုတော်အစုံတို့ဖြင့် ကြည့်ရှု၏ဟု ယုံမှားသံသယ ဒွိဟဖြစ်ကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသခင်သည် အနိမိသသတ္တာဟ လွန်၍ ရှစ်ရက် မြောက် မိုးသောက်သော နေ့၌ နတ်တို့၏အကြံကို သဗ္ဗညုတရွှေဉာဏ် တော်ဖြင့်သိတော်မူ၍ ထိုနတ်တို့၏ယုံမှားသံသယကို ဖျောက်ပယ်တော် မူခြင်းငှါ အထက်ကောင်းကင်သို့ ပျံတက်ကြွတော်မူပြီးလျှင် အလွန်

ကြီးကျယ်စွာသော ရေမီး အစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူ၍ နတ်အပေါင်းတို့၏မကောင်းသော ယုံမှား သံသယကို ပယ်ဖျောက်သုတ်သင်တော်မူလေ၏။

နတ်တို့၏ယုံမှားသံသယကင်းစိမ့်သောငှါ တန်ခိုးပြာဋိဟာ
ပြတော်မူသောအကြောင်းပြီး၏။

---

## ၈။ ဗောဓိပင်နှင့်ပလ္လင်တော်ကိုဘုရားသခင်ပူဇော်ခြင်းနှင့် လူတို့ပူဇော်ထိုက်ခြင်းအကြောင်း၊

ဤသို့လျှင်လေးသင်္ချေနှင့်ကမ္ဘာတသိန်းတို့ကာလပတ်လုံးအားထုတ်ဖြည့်ဆည်းပူးတော်မူအပ်ကုန်သော ပါရမီတော် အဟုန်တို့ကြောင့် မြတ်ထက်မြတ်သော သဗ္ဗညုတရွှေဉာဏ်တော်တည်းဟူသော အားအစွမ်းတို့သို့ရောက်ရာရရာဌာနမှချကောန်မှန်သောရွှေပလ္လင်တော်မြတ်ကိုဎင်း,ဗောဓိပင်တော်မြတ်ကိုဎင်း, မမှိတ်သော စက္ခုတော်အစုံတို့ဖြင့် တစိမ့်စိမ့် ကြည့်ရှုတော်မူလျက် ခုနစ်ရက်ကို လွန်စေတော်မူလေ၏၊ ထို့ကြောင့် ဤနေရာအရပ်သည် အနိမိသဌာနမည်၏၊ အနိမိသစေတီတော်လည်းမည်၏။

ဤသို့ အဋ္ဌသာလိနီအဋ္ဌကထာ, ဝိနည်းမဟာဝါအဋ္ဌကထာ,ဗောဓိဝင်စာကိုယ်-စသော ကျမ်းကြီး,ကျမ်းငယ်တို့၌ အခိုင်အမာ လာသည့်အတိုင်း ပလ္လင်တော်နှင့် မဟာဗောဓိပင်တော်ကို မမှိတ်သောစက္ခုတော်အစုံတို့ဖြင့် ခုနစ်ရက်ပတ်လုံး အနိမိသကုန်း စေတီတော်ထက်၌ရပ်တော်မူပြီးလျှင် အတုမရှိသော မြတ်စွာဘုရားကိုယ်တော်စဉ်လျက်ဖူးမျှော် ပူဇော်ခြင်းကိုထောက်သဖြင့် လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့ ညွတ်ပျောင်းရိုကျိုး ရှိခိုးပူဇော်ဖူးမျှော်လျှာဒါန်းအပ်သည်ကို အဘယ်မှာလျှင် ယုံမှားဘွယ်ရာရှိတော့အံ့နည်း၊ စင်စစ် ဖူးမျှော်ပူဇော်ထိုက်သည်သာလျှင်တည်း။

ရှင်တော်ဘုရားသည် ဤကဲ့သို့ ကြည့်ရှုပူဇော်တော်မူသောအားဖြင့် ငါဘုရားပူဇော်တော်မူသကဲ့သို့ မြတ်သောလောကီ, လောကုတ္တရာစီးပွါးချမ်းသာကို အလိုရှိကြကုန်သော သူတော်ကောင်းတို့သည်လည်း

အလောင်းမန္ဓာတ် စကြာနတ်တို့ ရအပ်သော ပတ္တမြားရတနာကဲ့သို့ ထက်လှစွာသော သဒ္ဓါတရားကို ရှေ့သွားဦးစီး အကြီးအမှူးပြုလျက် သက်စွန့်ကြိုးကုတ် အားထုတ် ပူဇော်ကြလေ-ဟူသော အဆုံးအမ ဩဝါဒကိုပေးတော်မူလေ၏။

ဗောဓိပင်နှင့်ပလ္လင်တော်ကို ဘုရားသခင်ပူဇော်ခြင်းနှင့်
လူတို့ပူဇော်ထိုက်ခြင်းအကြောင်းပြီး၏။

---

## ၉။ သိရိဓမ္မာသောကမင်းကြီး မဟာဗောဓိပင်ကို အထူးသဖြင့်ပူဇော်ခြင်းအကြောင်း

သိရိဓမ္မာသောကမင်းတရားသည် တထောင်အတိုင်းအရှည်ရှိကုန်သော ဦးစီးနာယက ဂဏပါမောက္ခ ဖြစ်တော်မူကြကုန်သော မဟာထေရ်အရှင်မြတ်တို့ကို ရှိသေလေးမြတ်စွာ တောင်းပန်လျှောက်ထား ပင့်ဆောင်ပြီး၍ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းကြီးပေါ်၌ ရောက်အပ် ရအပ်ပြီးသော ရာဇဘိသေကမင်္ဂလာရှိသဖြင့် မင်းအဖြစ်သို့ ရောက်ကုန်ပြီးသော တထောင်သောမင်းအပေါင်းတို့ဖြင့် ခြံရံလျက် မဟာဗောဓိပင်သို့ထွက်ကြွတော်မူ၍ မဟာဗောဓိပင်တော်မြတ်ကို ထက်ဝန်းကျင်ဝန်းရံစေလျက် ထိုမဟာဗောဓိပင်တော်နှင့် မနီးမဝေးသော အရပ်၌ ရှိသေစွာရပ်တည်ကာ မဟာဗောဓိပင်တော်ကို ကြည့်မျှော်တော်ရော် ပူဇော်ကန်တော့လေ၏။

ထိုအခါ မဟာဗောဓိပင်စည်၏ လက်ျာတောင်ကိုင်းကို အရင်းမှ လေးတောင်မျှချန်ထား၍ ဆေးဒန်းမြင်းသီလာဖြင့် သားပြီးလျှင် ရွှေဖျဉ်းအိုးဖြင့်ခံ၍ထားလေ၏၊ ထိုအခါ ၎င်းလေးတောင် အရပ်မှ ကြွင်းသော လက်ျာမဟာဗောဓိအခက်တော်သည် ပျောက်ကွယ်၍ အလုံးစုံသော ရဟန်းပရိသတ်,မင်းပရိသတ်, သူဌေးသူကြွယ်မှစ၍ များစွာသော ဗိုလ်ပါပရိသတ်အပေါင်းတို့ မမြင်ကွယ်ပျောက်ခြင်းသို့ ရောက်လေ၏၊ ထိုအခါ သိရိဓမ္မာသောကမင်းမြတ်သည် [illegible] တန်ခိုးပြာဋိဟာတို့ကို ဖူးမြင်ရ၍ များစွာနှစ်သက်ဝမ်းမြောက် [illegible]

လှသောကြောင့် ဂိုဏ်း၏အကြီးအမှူး ဦးစီးနာယက ဂဏာပါမောက္ခ ဖြစ်တော်မူကြကုန်သော မဟာထေရ်အရှင်မြတ်တို့အား ဤသို့လျှောက်ထားလေ၏။

"အရှင်ဘုရားတို့တပည့်တော်သည်ဤကဲ့သို့သဘောရှိသော ထူးကဲသော တန်ခိုး ပြာဋိဟာတော်ကို ယခုမျက်မှောက် ထင်ထင် ဖူးမြင် ကန်တော့ရသည့်အတွက် အလွန်တရာပင် နှစ်သက်ဝမ်းမြောက်လှပါသည်"–

ဟု လျှောက်ထားလေ၏၊ ထိုအခါ သိရိမေဃွာသောကမင်းကြီးသည် သဒ္ဓါရွှင်ပြော စိတ်မနော ဖြင့် အံ့ဩဖူးမျှော် ပူဇော်ကန်တော့၍ အားမရမရောင့်ရဲနိုင်ရကားမဟာဗောဓိပင်တော်အားဇမ္ဗူဒိပ်ကျွန်း အလုံးကို အစိုးရသော ကေရာဇ်မင်းစည်းစိမ်မြတ်ကို အပ်နှံလှူဒါန်း၍ ရွှင်လန်းစွာ ပူဇော်ကန်တော့လေ၏၊ သိရိမေဃွာသောက မင်းကြီးသည် ဤသို့ရဟန်းသံဃာတော်တို့အား လျှောက်ထားတိုင်ကြား၍ ကေရာဇ် မင်းအဘိသိက်ကို ပေးလှူပူဇော်တော်မူပြီးနောက် လက်ျာတောင်ကိုင်း ဖြစ်သော မဟာဗောဓိမြတ်ရတနာရွှေဖျဉ်း၌ ကိန်းအောင်းတည်နေ တော်မူသည်ကိုမြင်၍ အလွန်လျှင် ရွှင်လန်း ဝမ်းမြောက်လှရကား ညွှတ်ထွားပျို့နှ ရှုချင်စဖွယ် တင့်တယ်လှစွာသော ထိုလက်ျာတောင်ကိုင်း မဟာဗောဓိပင် မြတ်အားလည်း ဇမ္ဗူဒိပ်ကျွန်းအလုံးကို အစိုးရ သော ကေရာဇ်မင်းမြတ် အဘိသိက်ကို ခုနစ်ရက်ပတ်လုံး လှူဒါန်း အပ်နှင်း၍ ထိုမဟာဗောဓိပင်ရင်း၌သာလျှင် ဖရဏာပီတိ ဆိထိဝ္ပမ်း ပုံ သဒ္ဓါဟုန်ဖြင့် တလုံလုံ အမြဲဖူးမျှော်ကန်တော့ကာ နေတော် မူလေ၏။

သိရိမေဃွာသောကမင်းကြီးသည် မဟာသမုဒ္ဒရာ၏ မနီးမဝေးသော ကမ်းနံဘေး၌လည်း ယခင်ကပူဇော်သကဲ့သို့ပင် ခုနစ်ရက်တိုင်တိုင် ပူဇော်လှူဒါန်းပြန်လေ၏၊ ထိုသိရိမေဃွာသောကမင်းကြီးကား ဤဇမ္ဗူ ဒိပ်ကျွန်း၌ဖြစ်သော မင်း၏စည်းစိမ်ဖြင့် မဟာဗောဓိပင်ကို သုံးကြိမ် သုံးခါအားရနှစ်သက်စွာ လှူဒါန်းပူဇော်လေ၏။

ထို့နောင်သမီးတော်ဖြစ်သော သင်္ဃမိတ္တာထေရီမသည် ပင့်ဆောင် ၍မဟာသမုဒ္ဒရာသို့ဖြတ်သန်းသွားရာ နဂါးအပေါင်းတို့သည် သင်္ဃမိတ္တာ

ထေရိမအားကောင်းစွာ လျှောက်ထားတောင်းပန်၍ လက်ျာတောင်ကိုင်းမဟာဗောဓိတော်ကို နဂါးပြည်သို့ ပင့်ဆောင်ယူသွားပြီးလျှင် ခုနစ်ရက်တိုင်တိုင် နဂါးပြည်၌ဖြစ်သော စည်းစိမ်ဖြင့် လှူဒါန်းပူဇော်ကြလေ၏၊ ထိုကမှသီဟိုဠ်ကျွန်းသို့ ပင့်ဆောင်၍ ရောက်ရှိသောအခါ ၎င်းသီဟိုဠ်ကျွန်းကြီးကို အစိုးရတော်မူသော ဒေဝါနံပိယတိဿ မင်းတရားကြီးသည်လည်း များစွာပင် ပူဇော်လှူဒါန်းတော်မူလေ၏။

[ထိုမင်းကြီးပူဇော်လှူဒါန်းသောအကြောင်းကို ပါရာဇိကဏ် အဋ္ဌကထာမဟာဝိဟာရနိဒါန်း, ၎င်းအဘွင့်သာရတ္ထဒီပနီဋီကာတို့၌ အကျယ်တဝင့်ဘွင့်ဆိုတော်မူကြကုန်၏၊ အလိုရှိသောပုဂ္ဂိုလ်တို့မှာ ၎င်းအဋ္ဌကထာ ဋီကာတို့ကိုကြည့်ရှုတော်မူကြပါကုန်။]

သိရိမဟာသောကမင်းကြီး မဟာဗောဓိပင်တော်ကိုအထူးသဖြင့် ပူဇော်ခြင်းအကြောင်းပြီး၏။

---

## ၁၀။ အရှင်သီဝလိမထေရ်၏အလောင်း ရုက္ခစိုဝ်းနတ် ဗောဓိပင်ကို ပူဇော်ခြင်းအကြောင်း

ငါတို့ ဂေါတမဘုရားရှင် လက်ထက်တော်တွင် လာဘ်သပ္ပကာ လွန်စွာ ပေါများသောအရာ၌ ဧတဒဂ်ရတော်မူသော အရှင်သီဝလိထေရ်၏ အလောင်းသည် ရှေးလွန်လေပြီးသောအခါ အတ္ထဒဿီမြတ်စွာဘုရားသခင်၏ လက်ထက်တော်၌ မြတ်စွာဘုရား သခင်တို့ ပွင့်တော်မူရာ မဟာဗောဓိပင်တော်၏အနီးဝယ် ကြီးစွာသောသစ်ပင်ကြီးတခု၌ ဝရုဏမည်သော ရုက္ခစိုဝ်းနတ်သားဖြစ်၍ ဘုရားသခင်ထင်ရှားရှိတော်မူစဉ် နတ်၏ချမ်းသာကိုခံစား-စံစားလျက်မမေ့မလျော့ သောနေခြင်းဖြင့် နေလေ၏။

ထို့နောင် ဘုရားသခင် ပရိနိဗ္ဗာန်စံယူတော်မူပြီးမှ သဋ္ဌါတက်ပွား၍ သံဝေဂတရားရသဖြင့် ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်ကို သက်တော်ထင်ရှား ရှိတော်မူသောဘုရားကဲ့သို့ ထင်မှတ်ကြည်ညို၍ မိမိပရိသတ်အခြံအရံနှင့်တကွလာပြီးလျှင် ထိုမဟာဗောဓိပင်တော်ကို ကချေသဘင် ပဉ္စင်တူရိယာတို့ဖြင့် မြိမ့်မြိမ့်ညံအောင် တီးမှုတ်-ကသီလျက် ပူဇော်လှူဒါန်းလေ၏၊ ထို့နောင်၌ရုက္ခစိုဝ်းနတ်သားနှင့်တကွ

ပရိသတ်အခြံအရံဖြစ်သောနတ်အပေါင်းတို့သည် စုတေမနေသေးလွန်ကုန်သည်ရှိသော် ထိုမဟာဗောဓိပင်တော်ကို များစွာသော ကချေသဘင်ပဉ္စင်တူရိယာတို့ဖြင့်တီးမှုတ်လျှပ်ဒါန်းပူဇော်ခဲ့ဘူးသော ကောင်းမှုထူးတို့ကြောင့်—

နတ်ပြည်ခြောက်တန်တို့၌ လူးလာစုန်ဆန်အဖန်ဖန်အထပ်ထပ် နတ်တို့၏စည်းစိမ်ချမ်းသာကို ခံစား-စံစားကြရလေ၏၊

နတ်ပြည်မှတဖန်စုတေပြန်၍ လူ့ဘုံ၌ဖြစ်သောအခါ အံ့သြချီးပဘွယ်ရာဖြစ်သော အထူးထူးသော လူမင်းတို့၏ စည်းစိမ်ချမ်းသာတို့ကို ခြောက်သောင်း ခြောက်ထောင် ကုန်သောမောင်းမမိဿံ ကချေသဘင်သည်တို့ဖြင့် ခြံရံလျက် ဖျော်ဖြေပျော်ပါး စံစားမွေ့လျော်ကြရလေ၏။

ရုက္ခဇိုဝ်းနတ်မင်းသည် ဤသို့ကြီးမြတ်သောလူမင်းနတ်မင်းစည်းစိမ်တို့ကို အကြိမ်ကြိမ်အဖန်ဖန် ခံစား-စံစားပြီးမှ ငါတို့ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ သုပ္ပဝါသ မင်းသမီး၏ဝမ်း၌ ပဋိသန္ဓေစွဲနေပြီးနောက် မီးရှူးသန့်စင် ဘွားမြင်တော်မူ၍ အရွယ်ရောက်သောအခါ အရှင်သီဝလိရဟန္တာဟု ထင်ပေါ်ကျော်စောစွာ ဖြစ်လာတော်မူလေ၏။

အရှင်သီဝလိမထေရ်မြတ်အလောင်း
မဟာဗောဓိပင်နှင့် ပလ္လင်တော်ကို လျှပ်ဒါန်းပူဇော်ဘူးသော
အကြောင်းပြီး၏။

---

**၁၁။ အရှင် ကောသနိယမထေရ်အလောင်း ရုက္ခဇိုဝ်းနတ်**
**ဗောဓိပင်ကိုပူဇော်ခြင်းအကြောင်း**

အရှင်ဂေါတမမြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်တော်မူသော အရှင်ကောသနိယမထေရ်၏ အလောင်းတော်သည် ရှေးလွန်လေပြီးသောအခါ အတ္ထဒဿီ မြတ်စွာဘုရားသခင် ပွင့်တော်မူရာ ဖြစ်သော မဟာဗောဓိပင်၏အနီး တခုသောတောင်ကြီး၌ ဝရုဏအာ မည်ရှိသော ဘုမ္မဇိုဝ်းနတ်မင်း ဖြစ်ဘူးလေ၏၊ ထိုအခါ အတ္ထဒဿီ မြတ်စွာဘုရား

ပွင့်တော်မူသည်ကို ဖူးမြင်ရ၍ အလွန်တရာ မြတ်နိုးကြည်ညိုသောစိတ် ရှိရကား ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကိုပြုလျက် အထူးထူးသော ပန်းနံ့သာစသည်တို့ကို လှူဒါန်းပူဇော်လေ၏။

ထို့နောက် အတ္တဒဿီ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံယူတော် မူသောအခါ၌လည်း ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်နှင့် ရွှေပလ္လင် တော်မြတ်တို့ကို သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရား ရှိတော် မူစဉ်အခါကဲ့သို့ စိတ်စေတနာ သဒ္ဓါယုံမှတ်လျက် မိမိ၏ပရိသတ်အခြံ အရံနှင့်တကွလာ၍ တူရိယာပဥ္စင် ကချေသဘင်တို့ဖြင့် ပူဇော်လှူဒါန်း ခဲ့၍ ထိုဘဝမှစုတေ့မနေ သေလွန်လေသောအခါ—

အထက်နတ်ပြည် ခြောက်ထပ်တို့တွင် ငါးထပ်မြောက် ဖြစ်သော နိမ္မာနရတိဘုံ၌ နတ်သားဖြစ်လေ၏။

ထိုနိမ္မာနရတိဘုံ၌ နတ်တို့စည်းစိမ် ချမ်းသာတို့ကို ခံစား-စံစားပြီးမှ စုတေ့ခဲ့၍ လူ့ပြည်၌ဖြစ်လာသောအခါ ကျွန်းငယ် အရံ နှစ်ထောင်နှင့်တကွ ကျွန်းကြီး လေးကျွန်း လုံးတို့ကို သိမ်းကျုံးပိုင်သ အစိုးရသောဝရဏာမည်သော စကြာဝတေးမင်း ကြီးဖြစ်လေ၏။

ဤကဲ့သို့ လူ့ပြည်,နတ်ပြည်တို့၌ ဖြစ်သော စည်းစိမ်ချမ်းသာတို့ကို ဘဝများစွာ ခံစား-စံစားပြီးမှ ငါတို့ဂေါတမ မြတ်စွာဘုရားသခင် လက်ထက်တော်ကျသောအခါ သာဝတ္ထိပြည်ကြီးဝယ် သူကြွယ်အမျိုး၌ ဖြစ်လာ၍ အချိန်အရွယ်သို့ရောက်သောအခါ ဘုရားသခင်၏သာသနာ တော်ထမ်း ရဟန်းပြုသဖြင့် မကြာမြင့်မီပင် ပဋိသမ္ဘိဒါလေးပါးနှင့် တကွ ရဟန္တာအဖြစ်သို့ရောက်၍ အရှင် ကောသနိယမထေရ်ဟု ကျော်စောထင်ရှားစွာဖြစ်လေ၏၊ ထိုကောသနိယမထေရ်မြတ်သည် မိမိပြုခဲ့ဘူးသော ကောင်းမှုကုသိုလ်ထူးကို ပရိသတ်လေးပါးတို့အလယ် တွင်-ထင်ရှားစွာပြတော်မူခြင်းငှါ။ ၊ဝရုဏောနာမ နာမေန-စသော ဂါထာကိုဟောကြားတော်မူလေ၏။

ကောသနိယမထေရ်အလောင်း
ဘုမ္မဇိုဝ်းနတ်ဖြစ်စဉ် ဗောဓိပင်ကိုပူဇော်သော
အကြောင်းပြီး၏ ။

## ၁၂။ မဟာဗောဓိပင်ကိုအဝတ်လှူလိုက်သော အိုးထိန်းသည် ကျွန်မအကြောင်း

လက်ာဒီပသီဟဠကျွန်းမှ သုံးကျိပ်သောရဟန်းတော် အရှင်မြတ်တို့သည် ဤဇမ္ဗူဒိပ်ကျွန်း မဇ္ဈိမဒေသအရပ်သို့ကူး၍ ဘုရားပွင့်တော်မူရာမဟာဗောဓိပင်တော်ကိုရှိခိုးပူဇော်ဖူးမျှော်ကန်တော့ခြင်းအကျိုးငှါ ကြွလာတော်မူကြရာ လမ်းခရီးအကြား၌ တခုသော အိုးထိန်းသည်တို့၏ရွာမှ ရေခပ်အံ့သောငှါ ထွက်လာသော အိုးထိန်းသည်တို့၏ ကျွန်မနှင့် ခရီးရင်ဆိုင် တွေ့မြင်တော်မူကြလေကုန်၏၊ ထိုသို့တွေ့မြင်တော်မူကြသောအခါ ထိုကျွန်မသည် ရဟန်းတော် သုံးကျိပ်တို့အား ရိုသေကျိုးနွံစွာ ရှိခိုးလျက် အပါးသို့ချဉ်းကပ်ပြီးလျှင် ဤသို့သော စကားဖြင့် လျှောက်ထားလေ၏။

အရှင်ကောင်းတို့..အရှင်ကောင်းတို့သည် အဘယ်မည်သောအရပ်မှ အဘယ်မည်သောကိစ္စဖြင့် ကြွလာတော်မူကြပါသနည်းဟု လျှောက်ထားလေသော် မထေရ်မြတ်တို့က ငါတို့ကား သီဟိုဠ်ကျွန်းကြီးမှ ဤမဇ္ဈိမဒေသ၌ ငါတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူ၍ တထောင့်ငါးရာ ကိလေသာတို့ကို အကြွင်းအကျန်မရှိ ဖျက်ဆီးတော်မူရာ မာရ်ငါးပါးတို့ကို ထွားထွားညက်ညက် ဖျက်ဆီး သုတ်သင် အောင်မြင်တော်မူရာ မြေတကာတို့၏အစ်ကို မြေဇဟို ဖြစ်သော အရပ်၌ာန၌ ပေါက်ရောက်ပေါ်ထွန်းလာသော မဟာဗောဓိပင်မြတ်ကို ရှိခိုးပူဇော် ဖူးမျှော်လိုသောသမ္ဘာဆန္ဒ အာသီသဖြင့် ကြွလာကြပေသည်ဟု ပြောကြားကြလေကုန်၏။

ထိုအခါ အိုးထိန်းသည်တို့၏ ကျွန်မသည် အရှင်မြတ်တို့ကား လွန်ကဲထူးမြတ်သော ဘုန်းကံပါရမီရှိပါပေစွ၊အရှင်ဘုရားတို့....အကျွန်ုပ်မှာမူကား ရှေးပါရမီဘုန်းကံ နည်းပါးလှသည့်အတွက် သက်တော်ထင်ရှား မြတ်စွာဘုရားကိုလည်း မဖူးမတွေ့လိုက်ရပါ၊ မြတ်စွာဘုရားကိုမဆိုထားဘိ ပရိဘောဂ စေတီတော်ကြီးဖြစ်၍ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်ပူဇော်ရာဖြစ်တော်မူသော ဤမဟာဗောဓိပင် တော်မြတ်ကိုမျှ အဖူးအမျှော်မသွားရပါ၊ သူတပါးတို့၏အိမ်၌သာ

ခြံရံ၍ မင်း၏စည်းစိမ်ကိုခံစား စံစားကာ နေ့ရက်တို့ကို လွန်စေကုန် သတည်း၊ ထိုမင်းကြီး၌ အမြဲမပြတ်ဆည်းကပ်ခစားသော ဓမ္မသတ်, ရာဇသတ်, ဖြတ်ထုံးပုံပြင်, ဗေဒင်ကျမ်း, ဆေးကျမ်း, အခန်းခန်းတို့၌ ကျွမ်းကျင်လိမ်မာ၍ လွန်စွာပညာရှိသော ကလိင်္ဂဘာရဒွါဇ အမည် ရှိသော ပုရောဟိတ်အမတ်ကြီးသည် ဤမင်း၏ မြင့်မြတ်သော ပုရိသ လက္ခဏာတို့ကိုမြင်၍ စကြာမင်းဖြစ်အံ့သောအကြောင်းကို သိသဖြင့် မိမိအရှင်သခင်ဖြစ်သော မင်းကြီးအား ဆယ်ပါးသော စကြာမင်းတို့ ကျင့်ရာသော ဝတ်ကိုကြားပေ၏။

ထိုမင်းကြီးလည်းပုရောဟိတ်အမတ်ကြီး လျှောက်ထားသော ဆယ် ပါးသောကျင့်ဝတ်တို့ကို ဖြည့်ကျင့်ပြီးလျှင် တဆယ့်ငါးရက်မြောက်ဖြစ် သော ဥပုသ်နေ့၌တသောင်းသော ဥစ္စာတို့ကို စွန့်ကြဲ၍ အလှူတော်ကြီး ကို ပေးလှူစွန့်ကြဲပြီးလျှင် တဆယ့်ခြောက်လုံးသော နံ့သာရေအိုးတို့ဖြင့် ဦးခေါင်းထက်၌သွန်းလောင်းလျက် ကိုယ်ကိုသုတ်သင်စင်ကြယ်စေပြီး လျှင် သန့်ရှင်းစင်ကြယ်သော ဖြူသောစုလျားတင်အဝတ်ကို ကိုယ်၌ စံပယ်တင်သည်ကိုပြု၍ ဘုံခုနစ်ဆင့်ရှိသော နန်းပြာသာဒ်၏ အထက် အသရေရှိသောနေရာ၌ ထက်ဝက်ဘွဲ့ခွေနေတော်မူလျက် မိမိပြုအပ် သော ဒါန-စသည်ဖြင့်ပြီးသော ကောင်းမှုအာနုဘော်တော်မြတ်ကို ဆင်ခြင်အောက်မေ့၍နေတော်မူလေ၏။ [ဤသည်ကား အလုံးစုံသော စကြာမင်းတို့၏ပြုအပ်သော သဘောဓမ္မတာပင်တည်း။]

၁။ ဤသို့မိမိပြုအပ်သော ဒါန, သီလစသော ကောင်းမှုအဘို့တို့ ကို သုံးသပ်ဆင်ခြင်၍ ထက်ဝက်ဘွဲ့ခွေ နေတော်မူစဉ်ပင်လျှင် ထိုဒါန, သီလစသော ကောင်းမှုကုသိုလ်တို့၏ အာနုဘော်တော်ကြောင့် ဥတု လျှင် ဖြစ်ကြောင်းရှိသော ညိုသော ပတ္တမြား အဆင်းနှင့်တူသော စက် ရတနာသည် အရှေ့သမုဒ္ဒရာရေအပြင်ကို ဖေါက်ထွင်း၍ အာကာသ ကောင်းကင်ပြင်သို့ ပျံတက်ပြီးလျှင်—

ကောင်းစွာတန်ဆာဆင်အပ်သော အပေါက်ငယ်တို့၌ လေတို့ ဖြင့်တိုက်ခတ်အပ်သည်ရှိသော် နတ်ဂီတ်ဖြစ်သောတူရိယာ ငါးပါး တို့ကို တီးမှုတ်သော အသံကဲ့သို့ရင်း၊ ရွှေဆည်းလည်း, ငွေ

ဆည်းလည်းကြီးငယ်တို့ကို လက်ဖြင့်ကိုင်၍ လှုပ်ဘိသကဲ့သို့ဂုဏ်း၊
ကောင်းကင်ယံ၌ ခြိမ့်ညံသာယာ နာပျော်ဘွယ်ရှိသော အသံ
တို့ကို ဖြစ်စေလျက်—

ကလိင်္ဂမင်းကြီး စံနေရာနန်းပြာသာဒ်သို့ ရှေးရှု လာပြီးလျှင် လေသာတံခါးမုတ်ဝ၌ "အရှင်မင်းကြီး ဤစက်ရတနာထက်သို့ တက်ကြွတော်မူပါ"ဟု တင်လျှောက်ဘိသကဲ့သို့ တည်လာလေ၏။

၂။ စကြာမင်းကြီးအား ဤသို့သော စကြာရတနာဆိုက်ရောက်လာပြီးသည်ရှိသော် အမတ်အပေါင်းတို့သည် မင်္ဂလာရှိသော ဆင်တင်းကုပ် တည်ရာအရပ်တို့၌ မြေတို့ကို ကောင်းမွန်ညီညွတ်အောင် ပြင်ဆင်၍ အထက်ဖြစ်သော အရပ်တို့၌လည်း ကောင်းသော အမွှေးအထုံတို့ဖြင့်သုတ်လိမ်း ချယ်လယ်စေပြီးလျှင် အောက်အဘို့ အရပ်တို့၌လည်းဆန်းကြယ်သော ကောင်းသောအနံ့ရှိကုန်သော မြတ်လေးပန်းစသောပန်းတို့ဖြင့်ပွမ်းစေလျက် ပန်းဗိတာန် မျက်နှာကြက်တို့ကိုကြက်ကာသဖြင့် မင်္ဂလာဆင်တင်းကုပ် တခုလုံးကို နတ်တို့၏ ဗိမာန်ကဲ့သို့ တန်ဆာဆင်ယင်ပြီးလျှင် စကြာမင်းကြီးအား "အရှင်မင်းကြီး ဤသို့သဘောရှိသော ဆင်တင်းကုပ်အရပ်ဝယ် နတ်၌ဖြစ်သော ဆင်ပျံရတနာသည်ရောက်လာစေသတည်းဟု အရှင်မင်းကြီး၏စိတ်တော်၌ အောက်မေ့ဆင်ခြင်တော် မူပါလော့"ဟု လျှောက်တင်ကြကုန်သည် ရှိသော် ထိုစကြာမင်းကြီးသည် ရှေး၌ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်ပင် အလှူကြီးကို ပေးလှူပြီးလျှင် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပေါသထ သီလတော်မြတ်ကို ခံယူဆောက်တည်၍ ထိုကောင်းမှုကံ အာနုဘော်တော်မြတ်ကို အောက်မေ့ဆင်ခြင်ကာ နေတော်မူစဉ် ထိုကောင်းမှုတို့ဖြင့် တိုက်တွန်းနှိုးဆော်အပ်သည်ဖြစ်၍—

ညို,ရွှေ,ဖြူ, နက်, ထွေးယှက်ရောပွမ်းနီနှမ်းဘောက်ပြား
ပြောက်ကျားတွန့်ကွက်ခြင်းစသော အပြစ်တို့မှ ကင်းလျက်
သန့်ရှင်းရွှမ်းစို ကိုယ်လုံးကျွတ်ဖွေးဖွေးဖြူသော မြေလျှိုးမိုးပျံ
လျင်မြန် ထက်မြက်သော ခွန်အား စွမ်းပကားနှင့် ပြည့်စုံ၍
တနံနက်တွင်းတွင် လေးကျွန်းလုံးကို လက်ျာရစ်လှည့်ပြီးလျှင်
ဤဇမ္ဗူဒိပ်ကျွန်းသို့နံနက်စာမှီ ပြန်ရောက်နိုင်သော—

တို့ဖြင့် ရှိရှားပန်းနွမ်းခြင်းမရှိရအောင် လှူဒါန်းဆက်ကပ် အစဉ်မပြတ် လုပ်ကျွေးပြုစုကာ နောက်ရံက လိုက်ပါမည်”ဟု ဝန်ခံလျှောက်ထား လေ၏။

ထိုရဟန်းတော်သုံးကျိပ်တို့လည်း မဟာဗောဓိပင် ရှိရာအရပ်သို့ ကိုယ်တိုင်သွားရောက်၍ မဟာဗောဓိပင်မင်းကို ရိုသေစွာရှိခိုးဖူးမျှော် ကြလေကုန်၏၊ ဘုမ္မဇိုင်းနတ်လည်း ထိုအရှင်မြတ်တို့ မိမိတို့သီတင်းသုံး နေထိုင်ရာအရပ်သို့ ပြန်လည်ဆိုက်ရောက်တော် မူကြသည်တိုင်အောင် အသွားအပြန်ပင် ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းလျက် မပင်မပန်းရအောင် စောင့်ရှောက်လိုက်ပါလေ၏၊ ရဟန်းတော်တို့ လည်း မပင်မပန်းချမ်းသာစွာ မိမိတို့နေမြဲကျောင်းသို့ ပြန်လည် ဆိုက်ရောက်တော် မူကြရလေကုန်၏။

သဟာဿဝတ္ထုနှ်လာသော သီဟိုဠ်ကျွန်းမှကူး၍
မဟာဗောဓိပင်ကို ဖူးမျှော်လာကုန်သော ရဟန်းသုံးကျိပ်တို့နှင့်
မဟာဗောဓိပင်ကို အဝတ်လှူလိုက်သောအိုးထိန်း
သည်တို့၏ ကျွန်မအကြောင်းပြီး၏။

---

### ၁၃။ သူဆင်းရဲလင်မယားတို့ မဟာဗောဓိပင်ကိုလှူဒါန်းခြင်း အကျိုးပြခြင်း အကြောင်း

ဤဇမ္ဗူဒိပ်ကျွန်း၌ဖြစ်သော ရဟန်းတော် ခြောက်ကျိပ်တို့သည် မဟာဗောဓိပင်ကို ဖူးမျှော်ကန်တော့ခြင်းငှါ ဗောဓိပင်တည်ရာ မဇ္ဈိမ ဒေသသို့ကြွသွားကြရာ လမ်းခရီးအကြား တခုသော ရွာငယ်သို့ ဆိုက် ရောက်တော်မူကြလေကုန်၏၊ ထိုရွာ၌တယောက်သောသားငယ်ရှိသော သူဆင်းရဲ လင်မယားတို့သည် ရှိသတတ်၊ ထိုသူဆင်းရဲ လင်မယားတို့ သည် ထိုအရှင်မြတ်တို့အား အလွန်ကြည်ညိုမြတ်နိုးသော စိတ်ရှိကြ၍ ဆွမ်းဘောဇဉ်တို့ကို လှူဒါန်းဆက်ကပ်လိုသော်လည်း မိမိတို့၌ လှူဒါန်း ရန်ပစ္စည်းဝတ္ထုတစုံတရာမျှ မရှိသည်ဖြစ်၍ အချင်းချင်း ဤသို့တိုင်ပင် ကြကုန်၏၊ “ငါတို့သည် ချစ်ခင်လှစွာသော ဤသားငယ်ကို သတ်သည် ရှိသော် ဆွေမျိုးဉာတိစသောရပ်ရွာနေ လူအပေါင်းတို့သည် ငါတို့အား ဆန်, ဆီ, ဆား, ငြုတ်, ကြက်သွန်-စသော ဝတ္ထုပစ္စည်း တို့ကို

ထောက်ပံ့ပေးကမ်းကြကုန်လတံ့၊ ထိုသို့ ထောက်ပံ့ပေးကမ်းကြသော ပစ္စည်းတို့နှင့် သံဃာတော်အရှင်မြတ်တို့အား ဆွမ်း, ခဲဘွယ်,ဘောဇဉ်-စသည်တို့ဖြင့် လှူဒါန်း ပူဇော်ရကုန်လတံ့” ဟု ပြောဆို တိုင်ပင်ကြကုန်၏။

ထိုသို့ပြောဆိုတိုင်ပင်ကြပြီးလျှင် မယားဖြစ်သူက လင်ယောကျ်ားကို“အမောင်သားငယ်ကို အမောင်သာ သတ်ပါလော့”ဟု တိုက်တွန်းလေ၏၊ လင်ဖြစ်သူကလည်း မိမိရင်ဝယ်ဖြစ်သော ချစ်လှစွာသောသားကို ကိုယ်တိုင်သတ်ခြင်းငှါ မဝံ့သည်ဖြစ်၍ မယားဖြစ်သူအား “သင်သာ သတ်လော့”ဟု တိုက်တွန်းပြန်လေ၏၊ ထိုအခါ မယားဖြစ်သူကလည်း ထိုနည်းတူစွာကိုယ်တိုင်မသတ်ဝံ့သည်ဖြစ်၍ တယောက်အားတယောက် ပြန်လှန်တိုက်တွန်းကာနေကြပြီးလျှင် တဖန်တိုင်ပင်ကြပြန်လေ၏။

> “ငါတို့အိမ်၏ နောက်အတ္တိမှာ တောင်ပို့တခုသည်ရှိ၏၊ ထိုတောင်ပို့ခေါင်း၌ အမြဲနေသော မြွေနဂါးတကောင်သည်ရှိ၏၊ ငါတို့၏သားငယ်ကို ထိုတောင်ပို့၏အနီးတွင် ကျင်ဖုကစားစေသည်ရှိသော် ကျင်ဖုသည်တောင်ပို့သို့ဝင်ရာ၏၊ထိုသို့ဝင်သည်ရှိသော်တောင်ပို့ခေါင်းကိုလက်ဖြင့်နှိုက်ရာ၏၊ ထိုသို့နှိုက်သောလက်ကို မြွေနဂါးပေါက်သဖြင့် သူငယ်သေလေရာ၏၊ ယင်းသို့သေခဲ့သော် ဆွေမျိုး,ဉာတိစသည်တို့၏ထောက်ပံ့ခြင်းကိုရသဖြင့် အရှင်မြတ်တို့အား ဆွမ်းဘောဇဉ် စသည်တို့ကို လုပ်ကျွေးလှူဒါန်းရကုန်လတံ့”-

ဟု တိုင်ပင်ကြပြီးလျှင် သားငယ်ကိုခေါ်၍ “အမောင် ငါတို့၏အိမ်နောက်အတ္တိ တောင်ပို့ခေါင်း၏အနီး၌ ကျင်ကစားလေလော့” ဟု စေလွှတ်လေ၏၊ ထိုအခါသားငယ်သည် ကျင်ကိုဆောင်ယူလျက် ထိုတောင်ပို့၏အနီးတွင် ကစားလေသည်ရှိသော် ကျင်ဖုငယ်သည် မြွေနဂါးရှိရာ တောင်ပို့ခေါင်းသို့ ဝင်ပြီးလျှင် မြွေနဂါး၏ ဦးခေါင်းထက်သို့ တည့်တည့်ကျလေသဖြင့် မြွေနဂါးသည်ပြင်းစွာ အမျက်ထွက်လတ်၍ တောင်ပို့ခေါင်းအတွင်း မိမိနေရာအရပ်မှ တွင်းဝသို့ ထွက်လာသည်ရှိသော် သူငယ်သည် မကြောက်မရွံ့ ရဲဝံ့သောစိတ် ရှိသဖြင့်

မြွေနဂါး၏လည်ကို မြဲစွာဆုပ်ကိုင်၍ အမိအဘတို့ကိုခေါ်လေ၏၊ အမိအဘတို့လည်း သား၏ခေါ်သံကိုကြားလျှင် လျင်မြန်စွာ ပြေးလာကြလေ၏၊ နဂါးမင်းသည် သူဆင်းရဲလင်မယားတို့၏ သဒ္ဓါတရားအစွမ်းကြောင့် အခိုးအလျှံလွှတ်ခြင်းကို ပြုအံ့သော်ငှါ မစွမ်းနိုင်သည်ဖြစ်၍ အသက်ဘေးမှချမ်းသာရာ ရလိုကြောင်းကိုတောင်းပန်ပြီးလျှင် မိမိလည်၌ ဝတ်ဆင်ထားသော အလိုရှိသမျှအရာခပ်သိမ်းတို့ကို ပေးစွမ်းနိုင်သောပတ္တမြားရတနာကိုပေးခဲ့၍မိမိနေရာတောင်ပို့သို့ပင်ဝင်လေ၏။

ထိုအခါ သူဆင်းရဲလင်မယားတို့သည် နဂါးမင်း ပေးခဲ့သော ပတ္တမြားရတနာကိုရ၍ ထိုခြောက်ကျိပ်သော ရဟန်းသံဃာတော်တို့အား ဆွမ်းစသောဒါနဝတ္ထုတို့ဖြင့် ကောင်းမွန်စွာ လှူဒါန်းပူဇော်ကြပြီးလျှင် "အရှင်ဘုရားတို့သည် မဟာဗောဓိပင်ကို ပူဇော်ဖူးမျှော်၍ ပြန်လည်တော် မူကြသောအခါ၌လည်း တပည့်တော် တပည့်တော်မတို့အား ချီးမြှောက်သနားတော်မူသောအားဖြင့် ဆွမ်းအလှူခံတော်မူကြပါကုန်ဦး"ဟုလျှောက် ထားလိုက်ကြလေ၏၊ ထိုခြောက်ကျိပ်သော ရဟန်းတော်တို့ကလည်း ထိုသူဆင်းရဲ လင်မယားတို့ လျှောက်ထားသည်ကို ဝန်ခံခဲ့ပြီးလျှင် မဟာဗောဓိပင်ကိုရှိခိုးပူဇော်ဖူးမျှော်ကန်တော့အံ့သော်ငှါ ကြွသွားတော်မူကြ၍ ထိုမဟာဗောဓိပင်တော်ကိုကော်ရော်မြတ်နိုး ရှိခိုးဖူးမျှော်၍အပြန်တွင်လည်း ထိုသူဆင်းရဲလင်မယားတို့၏ ဆွမ်းကို အလှူခံယူ ဘုဉ်းပေးသုံးဆောင်တော် မူကြပြီးမှပင် မိမိတို့ သီတင်းသုံးတော်မူရာအရပ် ပြန်လည်ကြွသွားတော် မူကြလေကုန်၏။

ထိုသူဆင်းရဲ လင်မယားနှစ်ယောက်တို့သည် မဟာဗောဓိပင်သို့ ကြွသွားတော်မူကြသော ရဟန်းသံဃာတော်တို့အား လွန်စွာကြည်ညိုသော သဒ္ဓါတရားကို အစွဲပြု၍ နဂါးမင်းပေးသော ပတ္တမြားရတနာကို ရသဖြင့် အသက်ထက်ဆုံးတစုံတခုသောအမှုကိစ္စကိုမပြုမလုပ်မူ၍ ဒါန, သီလ-စသော ကောင်းမှုတို့ကိုသာ ဆည်းပူးအားထုတ်လျက် စုတေသေလွန်သောအခါ တာဝတိံသာနတ်ပြည်၌ ဖြစ်ကြရလေကုန်၏။

သူတော်ကောင်းအပေါင်းတို့သည် ဤဝတ္ထုပုံစံများကိုထောက်ထားချင့်စာကြပြီးလျှင် အဆိုပါအိုးထိန်းသည်ကျွန်မ၏သဒ္ဓါတရား,သူဆင်းရဲ

လင်မယားတို့၏ သဒ္ဓါတရားကဲ့သို့သော သဒ္ဓါတရားများကို မိမိတို့ သန္တာန်၌ မဖြစ်လျှင်မနေရဟု ကြိုးစားအားထုတ်ကြရန် လွန်စွာ သင့်လျော်လှလေသတည်း။

သဟာသာဝတ္ထု၌ပင်လာသော သူဆင်းရဲလင်မယား
ဝတ္ထုကား ဤတွင်ပြီး၏။

---

## ၁၄။ ကလိင်္ဂစကြာမင်းကြီး၌ ရတနာခုနစ်ပါး ဆိုက်ရောက်သည်ကိုပြခြင်းအကြောင်း။

ရှေးလွန်လေပြီးသောအခါ ကလိင်္ဂအမည်ရှိသော တိုင်းကြီးအဝင် အပါ ဒန္တပုရမည်သောမြို့၌ ကလိင်္ဂမည်သော မင်းကြီးသည် မင်းပြု လေ၏၊ ထိုကလိင်္ဂမည်သောမင်းကြီး၌ မဟာကလိင်္ဂ, စူဠကလိင်္ဂဟု ကုန်သော သားတော်နှစ်ယောက်တို့သည်ရှိကုန်၏၊ ထိုနှစ်ယောက်သော သားတော်တို့တွင် စူဠကလိင်္ဂမင်းကိုစွဲ၍ မဒ္ဒရာဇ်မင်းကြီး၏ သမီးတော် ဝမ်းမှဘွားမြင်သော မင်းသားငယ်သည်ကား ကလိင်္ဂကုမာရ-ဟူသော အမည်ဖြင့် ထင်ရှားကျော်စောလေ၏၊ ထိုမင်းသားသည် အလွန် မွေးကြိုင်သင်းပျံ့သော ကြာညိုပန်းအနံ့ကဲ့သို့သော ကိုယ်အနံ့ရှိ၏၊ တည်ကြည် ငြိမ်သက်သော ဣန္ဒြေတော်လည်း ရှိ၏၊ သိမ်မွေ့ပြေပြစ် ကျစ်လစ်နူးညံ့သောကိုယ်အမူအရာ,နှုတ်အမူအရာလည်းရှိ၏၊ အလုံးစုံ သောသူတို့၏စိတ်ကို ယိုဗိတ်ကြည်လင် ရွှင်ပျ နှစ်သက် စေတတ်သော အဆင်းရူပကာယနှင့်လည်းပြည့်စုံ၏၊ ထိုမင်းသားငယ်သည် အဘိုး၏ အရိုက်အရာဖြစ်သော ဒန္တပုရအမည်ရှိသောမြို့ကြီးကို လွှမ်းမိုးပိုင်သ အစိုးရသဖြင့် ရာဇာဘိသေကမင်္ဂလာသဘင်ကို ဆင်ယင် ကျင်းပလျက် မင်း၏အဖြစ်ကို ခံယူတော်မူလေသတည်း။

ထိုကလိင်္ဂမည်သောမင်းကြီးသည် ကိုးနှစ်တို့ကာလပတ်လုံး မင်းတို့ ကျင့်ရာ ဆယ်ဖြာသောရာဇဓမ္မ ခုနစ်ဝသော အပရိဟာနိယတရား တို့ကို ကျင့်သုံးလျက် လောက၌ ပူဇော်ချီးမြှောက် ထောက်ပံ့ထိုက် ကုန်သော ရဟန်း, ပုဏ္ဏား-စသော အလှူခံပုဂ္ဂိုလ်တို့အား ထိုက်သက် သည့်အလျောက် လှူဒါန်းထောက်ပံ့ပြီးလျှင် အမတ်အပေါင်းတို့ဖြင့်

အစေအပါးကျွန်ဖြစ်၍ နေရပါသည်၊ယင်းကဲ့သို့ဖြစ်ရခြင်းသည်သံသရာ ကာလဘဝများစွာကပ်ကမ္ဘာတို့က ဒါနနည်းပါးခဲ့လေသောကြောင့်သာ ဖြစ်ရပါသည်ဟု မိမိကိုယ်ကိုပြစ်တင်ဆုံးမ နှိမ့်ချလျှောက်ထားလျက် ထိုမထေရ်မြတ်တို့အား လှူဒါန်းလိုသောသဒ္ဓါတရား များစွာထက်သန်လှသော်လည်း လှူဒါန်းရန်ဝတ္ထုပစ္စည်း တစုံတရာမျှ မရှိသည်ဖြစ်၍ မိမိကိုယ်တွင် ဝတ်ရုံထားသော အဝတ်တန်ဆာကိုပင်ချွတ်၍ လှူဒါန်းပူဇော်တော့အံ့ဟု ကြံပြီးမှ ဝတ်ဆင်ထားသောအဝတ်ကို လဲချွတ်လျက် ဖြူစင်အောင် လျှော်ဖွပ်ပြီးလျှင် မိမိကိုယ်ကို မြက်သစ်ရွက်စသည်တို့ဖြင့် ဖုံးအုပ်လွှမ်းမိုး၍ ရဟန်းတော် သုံးကျိပ်တို့၏လက်တော်သို့ ဆက်ကပ်အပ်နှင်းပြီးလျှင်—

"အရှင်ဘုရားတို့···· အလွန် ဆင်းရဲပင်ပန်း လှစွာသော တပည့်တော်မကို အစဉ်သနားတော်မူသောအားဖြင့်၍အဝတ်တန်ဆာကို ယူဆောင်လျက် မဟာဗောဓိပင်မြတ်အား တပည့်တော်မကိုယ်စား တမ်းခွန် ကြက်လျှာပြု၍ တင်ကပ်လှူဒါန်းတော်မူကြပါလေကုန်"—

ဟု တောင်းပန်လျှောက်ထား၍ လှူဒါန်းပူဇော်လိုက်လေ၏၊ရဟန်းတော်သုံးကျိပ်တို့လည်း ထိုကျွန်မလှူဒါန်းလိုက်သော အဝတ်တန်ဆာကိုယူဆောင်လျှက် မဟာဗောဓိပင်တော်ရှိရာအရပ်သို့ ရှေးရှုကြွတော်မူကြကုန်စဉ် ထိုကျွန်မသည် ထိုသို့လှူဒါန်းပူဇော်သောနေ့၌ပင် စုတေသေလွန်လေ၍ ထိုမဟာဗောဓိပင်တော်မြတ်၏အနီး တခုသောတောအုပ်ကြီး၌ တန်ခိုးကြီးသော ဘုမ္မစိုဝ်းနတ်ဖြစ်လေ၏၊ ထိုအခါရဟန်းတော် သုံးကျိပ်တို့သည် ထိုဘုမ္မစိုဝ်းနတ်ကိုတွေ့မြင်၍ ဆွေးနွေးမေးမြန်းကြရာ ဘုမ္မစိုဝ်းနတ်က ဤသို့လျှောက်ထားလေ၏။

"အရှင်ကောင်းတို့—

အရှင်ကောင်းတို့သည် မိမိကိုယ်ဝတ်ကိုချွတ်၍ မဟာဗောဓိပင်မြတ်အား တမ်းခွန်ကြက်လျှာပြုလုပ်ရန် လှူဒါန်းလိုက်သော အိုးထိန်းသည်တို့၏ အလုပ်အကျွေး ကျွန်မကိုသတိရတော်မူကြပါကုန်၏လော"ဟု မေးမြန်းလျှောက်ထားလေ၏၊ ထိုသုံးကျိပ်

သောရဟန်းတို့က “အချင်းသူတော်ကောင်း….ငါတို့ကား ထိုကျွန်မကို သတိရကြပါကုန်၏”ဟု ထိုကျွန်မ လှူဒါန်းလိုက်သော အဝတ်ထည်ကိုထုတ်ဖေါ်၍ပြသကြလေလျှင်“အရှင်ဘုရားတို့…ဤအဝတ်ကို လှူဒါန်းဆက်ကပ်လိုက်သော ကျွန်မသည်ကား အခြားသူမဟုတ်ပါ၊ တပည့်တော်ပင်ဖြစ်ပါသည်”ဟု လျှောက်ထားလေ၏။

ထိုသို့ လျှောက်ထားသော စကားကို အရှင်မြတ်များကြားတော်မူကြလေလျှင် “အချင်းသူတော်ကောင်း….ထိုအိုးထိန်းသည်တို့၏ အလုပ်အကျွေး ကျွန်မဖြစ်သောအခါက ကိုယ်ဝတ်ကိုချွတ်၍ လှူလိုက်သော ကောင်းမှုမှတပါး အဘယ်မည်သောကုသိုလ်ကောင်းမှုများကို ပြုခဲ့ပါသနည်း၊အဘယ်ကောင်းမှုကြောင့် ဤကဲ့သို့ ကြီးကျယ်ထူးမြတ်လှစွာသော စည်းစိမ်ချမ်းသာတို့နှင့်တကွ ဘုမ္မဇိုဝ်းနတ်၏အဖြစ်ကို ရပါသနည်း”ဟု ရဟန်းတော် သုံးကျိပ်တို့က မေးမြန်းကြကုန်သည် ရှိသော် ဘုမ္မဇိုဝ်းနတ်မင်းက“အရှင်ဘုရားတို့‥ ဤစည်းစိမ် ချမ်းသာကို အခြားကောင်းမှုကြောင့် ရသည်မဟုတ်ပါ၊ ကိုယ်၌ဝတ်ရုံထားသောအဝတ်ကိုချွတ်၍ မဟာဗောဓိပင်တော်၌ တမ်းခွန်ကြက်လျှာ ပြုလုပ်လှူဒါန်းရန် အလို့ငှါ အရှင်မြတ်တို့အား အပ်နှင်းဆက်ကပ်လိုက်သော မြတ်သောကောင်းမှု ကုသိုလ်ထူးကြောင့်ပင်ရရှိပါသည်”ဟု လျှောက်ထားလေ၏။

ဤသို့ကိုယ်တိုင်မရောက် အဆင့်ပေးလှူပူဇော်လိုက်သော ဒါနဖြင့်ပင်လည်း ဤကဲ့သို့သော နတ်၏စည်းစိမ် ချမ်းသာကို ရပါသေး၏၊ ကိုယ်တိုင်သွားရောက်၍ မဟာဗောဓိပင်မြတ်အား ရှိခိုးပူဇော်လှူဒါန်းခြင်းကိုပြုရပါမူကား ထို့ထက်သာလွန် မြင့်မြတ်သော စည်းစိမ်ချမ်းသာတို့ကို ကေန်မလွဲ အမြဲစင်စစ်ပင်ရပေရာ၏ဟု လျှောက်ထားပြောဆိုပြီးလျှင် အရှင်ကောင်း အရှင်မြတ်တို့လည်း ဤမဟာဗောဓိပင်ရှိရာအရပ်သို့ ကိုယ်တိုင်ရောက်အောင် ကြွသွားတော်မူကြပါကုန်၊ တပည့်တော်လည်း အရှင်မြတ်တို့အား ဆွမ်းစသော ပစ္စည်းလေးပါး

ဥပေါသထ ဆင်မျိုးမှ ဖြစ်သော ဆဒ္ဒန်ဆင်မင်း ကဲ့သို့သော ငွေတောင်ထွတ်အတူ ဖြူစွာသောဆင်ပျံရတနာသည် စကြာမင်းကြီး ရှိရာအရပ်သို့ ရှေးရှုလာ၍ တည်လေ၏။

၃။ စကြာမင်းကြီးအား ဤသို့သောဆင်ပျံရပ်တနာ ဆိုက်ရောက်လာပြီးသည်ရှိသော် ယောကျ်ားအပေါင်းတို့သည် ပကတိ မင်္ဂလာရှိသောအရပ်၌ မြင်းတင်းကုပ်ပြုရာ မြေအပြင်ကို စင်ကြယ်အောင်ပြုပြင်သန့်ရှင်းစေလျက် ထက်အောက်ဗိလာ တွင်းပ ဝဲယာ အကာနံရံ မကြွင်း မြင်းတင်းကုပ်အလုံးကို ဆင်တင်းကုပ်၌ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း မွှမ်းမံချယ်လှယ်စေပြီးလျှင် ကလိင်္ဂစကြာမင်းကြီးအား "အရှင်မင်းကြီး ဤသို့သဘောရှိသော အရပ်ဌာနသို့ မြင်းပျံရတနာ ရောက်လာစေသတည်းဟု အရှင်မင်းကြီး စိတ်တော်၌ ဆင်ခြင်နှလုံး သွင်းတော်မူပါ"ဟု တိုက်တွန်း လျှောက်တင် ကြကုန်သည်ရှိသော် စကြာမင်းကြီးလည်း ရှေးနည်းအတိုင်းပင် ဒါနသီလတို့ကို ပြုလုပ်ဆောက်တည်ပြီးလျှင် ထိုကောင်းမှုအဘို့တို့ကို နှလုံးသွင်းကာနေတော်မူစဉ် ထိုကောင်းမှုတို့ဖြင့် တိုက်တွန်းနှိုးဆော်အပ်သည်ဖြစ်၍—

> ကောင်းကင်၌ တိမ်လွှာတိမ်ညွန့်တို့ကိုစားလျက် ပျော်ပါး ကွန့်မြူး လူးလာပျံသန်းကာနေသော အာဇာနေယျ သိန္ဓဝမြင်းမျိုးမှဖြစ်၍ စန္ဒကူးနှစ်အဆင်းကဲ့သို့နီသောဦး,နီသော နှုတ်သီးတို့ဖြင့် တင့်တယ်လျက် စင်ကြယ်သိမ်မွေ့သော ကိုယ်ရှိသော ဇာနန္ဒိလာပတ္တမြားညိုတသီး ကျီးငှက်၏လည်ဆံတမျှ လှပမည်းနက်သော လည်ဆံတို့ဖြင့် မြင်းကန်တို့ပြုပြင်စီမံ၍ ထားဘိသကဲ့သို့သားနားပြေပြစ် ကျစ်လစ်တင့်တယ်ခြင်း ရှိသည်ဖြစ်၍ လေးကျွန်းလုံးကို နံနက်စာမှီကာလအတွင်း လှည့်လည်ပြန်ရောက်နိုင်သော—

ဝလာဟကအမည်ရှိသော မြင်းပျံရတနာသည် စကြာမင်းကြီး အနီးသို့ ချဉ်းကပ်ပြီးလျှင် ကိုယ်ကိုကိုင်းရှိုင်း၍ မိမိကျောထက်သို့ တက်စီးစေလိုသော အမူအရာကို ပြလျက် ခစားဆိုက်ရောက် လာလေ၏။

၄။ ဤသို့စကြာမင်းကြီးအား မြင်းပျံရတနာဆိုက်ရောက် လာပြီးသည်ရှိသော် ရှေး၌ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်သာလျှင် စကြာမင်းကြီး၏ ကောင်းမှုအာနုဘော်တို့သည် တိုက်တွန်း နှိုးဆော်အပ်သည်ဖြစ်၍ အလိုဆန္ဒအလုံးတို့ကိုပြီးစေနိုင်သော တန်ခိုးအာနုဘော်နှင့်ပြည့်စုံသော ပတ္တမြားရတနာသည် စကြာမင်းကြီးရှိရာအရပ်သို့ ရှေးရှုပျံသန်းလျက် ဆိုက်ရောက်လာလေ၏။

ထိုပတ္တမြားရတနာသည်ကား–

အလျားအားဖြင့် စကြာမင်း၏ လေးတောင်မျှ အတိုင်းအရှည်ရှိလေ၏၊ အဝန်းလုံးပတ်အားဖြင့် လှည်းဘီးပုံတောင်းချက်ပမာဏမျှရှိလေ၏၊ ထိုပတ္တမြားရတနာ၏ နှစ်ဘက်သောအစွန်းတို့တွင် နားပန်းစွန်းလျှင် အပိုင်းအခြားရှိသောအရပ်တို့၌ ထက်ဝန်းကျင်စင်ကြယ်သော ပုလဲလုံး အပေါင်းတို့ဖြင့်၎င်း၊ ငွေဖြင့်ပြီးသော ပဒုမာ ကြာရွက်တို့ဖြင့်တန်ဆာဆင်အပ်ကုန်သောရှစ်သောင်းလေးထောင်ကုန်သော ပတ္တမြားလုံးငယ်တို့ဖြင့်၎င်း မွမ်းမံစီချယ် အပ်သည်ဖြစ်၍နက္ခတ်တာရာ ကြယ်များစွာတို့ခြံရံကာ ကွန့်လှမ်းသော ငွေစန်းသော်မော် လစန္ဒော်ကဲ့သို့ ကြည့်မျှော်၍ အားမရ မရောင့်ရဲ နိုင်အောင် လွန်ကဲစွာ တင့်တယ်ထွန်းပလေ၏၊ ထိုပတ္တမြား ရတနာကို ပုလဲဇာကွန်ရက်၌ ထားပြီးလျှင် ဝါးလုံးအဆက်ဆက်စိုက်ထူ၍ အတောင်ခြောက်ဆယ်ရှိသော ကောင်းကင်အရပ်၌တင်ထားသည်ရှိသော် ညဉ့်အခါ ယက်ဝန်းကျင် တယူဇနာ အတိုင်းအရှည်ရှိသောအရပ်မျက်နှာတို့၌ အရောင်အလင်းဓာတ်တို့ဖြင့် ပျံ့နှံ့၍ တည်လေ၏။

လူအပေါင်းတို့သည် အရုဏ်တက်၍ နေထွက်လာသကဲ့သို့သော ထိုပတ္တမြားရတနာ၏အရောင်အလင်းကို ရကြကုန်သည်ဖြစ်၍ နေ့အခါကဲ့သို့ပင် မိမိမိမိတို့၏ ကုန်သွယ်ရောင်းဝယ်ခြင်းစသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်ကြ ကုန်လေသတည်း၊ စကြာမင်းကြီးလည်း ထိုပတ္တမြားရတနာဖြင့်ပင်လျှင် အလုံးစုံသောအမှုကိစ္စတို့ကို ပြီးစီးအောင် ဆောင်ရွက်တော်မူလေသတည်း။

၅။ ဤသို့လျှင် စကြာမင်းကြီးအား ပတ္တမြားရတနာ ဆိုက်ရောက်လာပြီးသည်ရှိသော် ရှေးနည်းဖြင့်ပင်လျှင် စကြာမင်းကြီး၏ ပုညအာနုဘော်တော်ကြောင့် ထူးမြတ်သော ချမ်းသာသုခကို ခံစားစိမ့်သောငှါ မဒ္ဒရာဇ်မင်း၏အမျိုးမှ ဆောင်ယူဆက်သသောအားဖြင့်သော်၎င်း၊ မြောက်ဥတ္တရ ကုရုကျွန်းမှ ဆောင်ယူဆက်သသောအားဖြင့်သော်၎င်း၊ စကြာမင်းကြီး၏ ဘုန်းအာနုဘော်တော်ကြောင့် အလိုလိုဖြစ်ပေါ်လာသော အားဖြင့်သော်၎င်း၊ မိဖုရားရတနာသည် ဆိုက်ရောက်လာရလေ၏။

ဆိုမိဖုရားရတနာသည်ကား—

လွန်စွာအဆင်းလှလေ၏၊ကြည့်ရှုချင်ဘွယ်ရှိသဖြင့် မျက်စိ၌စွဲငြိတပ်စွန်းစေတတ်သော အဆင်းနှင့်ပြည့်စုံ၏၊ မြင်သမျှလူထိုထိုတို့ကို ကြည်ညိုနှစ်သိမ့်စေတတ်သော အရောင်အဆင်းရှိ၏။

၁။ အတိဒီဃ၊ အလွန်ရှည်ခြင်း,အလွန်မြင့်ခြင်း,
၂။ အတိရဿ၊ အလွန်တိုခြင်း,အလွန်ပုခြင်း,
၃။ အတိကိသ၊ အလွန်ကြုံခြင်း,အလွန်ပိန်ခြင်း,
၄။ အတိထူလ၊ အလွန်ဆူခြင်း,အလွန်ဝခြင်း,
၅။ အတိကာဠ၊ အလွန်မည်းနက်ခြင်း,
၆။ အတိဩဒါတ၊ အလွန်ဖြူခြင်း—

ဟူသော ခြောက်ပါးသောအပြစ်တို့မှ ကင်းပြီးလျှင် ဆံ၏ကောင်းခြင်း, အသား၏ကောင်းခြင်း, သွား၏ကောင်းခြင်း-စသော ကောင်းခြင်း ငါးသွယ်တို့နှင့် အထူး ပြည့်စုံလေ၏၊ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း အပြစ်ခြောက်ပါးတို့မှ ကင်းသဖြင့် မနိမ့်မမြင့်,မမည်း မဖြူ,မဆူမကြုံ, ပုံပန်းသဏ္ဍာန် ကြန်အင်လက္ခဏာ လွန်စွာ ကောင်းမြတ်သည့်ပြင် ပကတိ လူတို့၏အဆင်းအရောင်ကိုလွန်၍ နတ်၌ဖြစ်သော အဆင်းအရောင်ကဲ့သို့ တင့်တယ်လှပလေ၏။

ဤမိဖုရားရတနာ၏ကိုယ်မှ ထွက်သော အရောင်အလင်းသည် တဆယ့်နှစ်တောင်အတိုင်းအရှည်ရှိသောအရပ်ကို ပျံ့နှံ့လွှမ်းအုပ်၍ တည်လေ၏၊ ထိုမိဖုရား၏ ကိုယ်အတွေ့သည်ကားအလွန်တရာကြည်လင်စွာသော ထောပတ်ကြည့်၌ပစ်ချ၍ ထားအပ်သော နူးညံ့သိမ်မွေ့လှစွာသော လဲ,ဝါ,ဂွမ်း အစုကဲ့သို့အလွန်လျှင် နုထွတ်ညံ့သက်လေ၏၊ စကြာမင်းကြီးအား ချမ်းအေးသောအခါ ပူနွေးသောကိုယ်အတွေ့၊ ပူအိုက်သောအခါ ချမ်းအေးသော ကိုယ်အတွေ့ကို ပေးစွမ်းနိုင်သော ထူးသောဂုဏ်နှင့်ပြည့်စုံလေ၏၊ ထိုမိဖုရားရတနာ၏ကိုယ်မှ စန္ဒကူးကရမက်နံ့ကဲ့သို့သင်းပျံ့ထုံမွှေးသောအနံ့တို့သည် အခါခပ်သိမ်းပင်တပျံ့ပျံ့တကြိုင်ကြိုင်လှိုင်လေကုန်၏၊ပြုံးရယ်သောအခါစကားပြောသောအခါတို့၌ ခံတွင်းမှ သင်းပျံ့ မွှေးကြိုင်လှစွာသောပဒုမာကြာညိုပန်းအနံ့ကဲ့သို့သောအနံ့တို့သည် ထွက်လေကုန်၏၊ ဤသို့သော အဆင်း, အတွေ့, အနံ့တို့နှင့် ပြည့်စုံ၍ စကြာမင်းကြီးမှ တပါးသော ယောကျ်ားတို့၌ စိတ်ဖြင့်အနည်းငယ်မျှမှ ပြစ်မှားတပ်စွန်းခြင်းမရှိသော မြတ်သောမိဖုရားရတနာသည်—

စကြာမင်းကြီး၏ နောက်အဘို့ဖြစ်သော အရပ်မှ နေပြီးလျှင်ထန်းရွက်ယပ်ဝန်းဖြင့် ယပ်လေခပ်လျက် အရှင်မင်းကြီး အဘယ်အမှုကိစ္စတို့ကိုပြုစေလိုပါသနည်းဟု ဘိတ်ကြားမေးလျှောက်ခြင်းစသည်ကိုပြု၍ မင်းကြီးနှစ်သက်မြတ်နိုးရာအမှုကိုသာ လိုက်နာဆောင်ရွက်လေ့ရှိသော မြတ်သောခြေရင်း အလုပ်အကျွေး အဖြစ်ဖြင့် ဖြစ်ပေါ်လာလေ၏။

၆။ စကြာမင်းကြီးအား ဤသို့မိဖုရားရတနာ ပေါ်ထွန်းဆိုက်ရောက်လာပြီးသည်ရှိသော် မင်းကြီး၏ရှေးပါရမီဘုန်းကံတော်ကြောင့်ပစ္စည်းဥစ္စာတို့ဖြင့် ပြုလုပ်ဆောင်ရွက်ဘွယ် ကိစ္စတို့၌ မင်းကြီးအလိုရှိသမျှသော ပစ္စည်းဥစ္စာတို့ကို မကြာမတင် လျင်မြန် လွယ်ကူစွာထုတ်ပေးဆက်သနိုင်သော သူဌေးကြီး ရတနာသည် ထင်ရှားစွာပေါ်ပေါက်ဖြစ်ထွန်းလာလေ၏။

ထိုသူဌေးကြီးရတနာသည်—

များစွာသောဥစ္စာနှစ်နှင့်ပြည့်စုံသော ဂဟပတိမဟာသာလ အမျိုး၌ဖြစ်၍ မင်းကြီး အလိုတော်ရှိတိုင်းသော ပစ္စည်းဥစ္စာတို့ကို ထောက်ပံ့ ပေးကမ်းနိုင်လေ၏၊ ထိုသူဌေးရတနာအား စကြာမင်းကြီး၏ ဘုန်းတန်ခိုးအာနုဘော်တော်နှင့်တကွ မိမိ၏ ကမ္မဝိပါကဇရုပ်ဖြင့် ပြီးသော နတ်မျက်စိကဲ့သို့ အဆီးအတား အပိတ်အပင်မရှိ မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခု နတ်မျက်စိသည် ဖြစ်ပေါ်လာလေ၏၊ထိုနတ်မျက်စိဖြင့် ကြည့်သည်ရှိသော် မြေကို ဖေါက်ထွင်း၍ သုံးယူဇနာအတွင်း၌ သိုမှီးမြှုပ်နှံ၍ ထားအပ်သော ရွှေ,ငွေရတနာတို့ဖြင့် ပြည့်သော ရွှေအိုး,ငွေအိုးတို့ကို အဆီးအတားအပိတ်အပင်မရှိပကတိမျက်စိဖြင့်မြင်ဘိသကဲ့သို့ မြင်ရလေသည်။

သူဌေးသည် ထိုသို့ မိမိ၌ပြည့်စုံသော စည်းစိမ်တို့ကို မြင်သည်ရှိသော် ရှင်လန်းနှစ်သက် တက်ကြွဝမ်းမြောက်ခြင်းနှင့်တကွ စကြာမင်းကြီးအထံတော်သို့သွား၍“အရှင်မင်းကြီး··အပ္ပေါသုက္က ကြောင့်ကြမဲ့သာ ချမ်းသာစွာစံနေတော်မူပါလော့၊ အကြင်အခါ၌ ပစ္စည်းဥစ္စာတို့ဖြင့် ပြုဘွယ်ကိစ္စရှိ၏၊ထိုအခါ ကျွန်တော်မျိုးအား မိန့်ကြားတော်မူပါလော့၊ကျွန်တော်မျိုး၏ပစ္စည်းဥစ္စာဖြင့်သာလျှင်ပြုပါအံ့”ဟု ဘိတ်ကြားသံတော်ဦးတင်ပြီးလျှင် ရွှေ,ငွေတို့ဖြင့်ပြည့်သောအိုးတို့ကို ထုတ်ဖေါ်၍ မင်းကြီးအား ပြလေ၏၊ စကြာမင်းကြီးသည်လည်း အကြင် အခါ၌ ပစ္စည်းဥစ္စာဖြင့် ပြုဘွယ်ကိစ္စ ပေါ်ပေါက်လာ၏၊ ထိုအခါ သူဌေးရတနာကိုမိန့်ကြား၍ သူဌေးရတနာ၏ဥစ္စာတို့ဖြင့်သာလျှင် ထိုပြုဘွယ်ကိစ္စတို့ကိုဆောင်ရွက်စေလျက် အပ္ပေါသုက္က ကြောင့်ကြမဲ့သာ စကြာမင်းစည်းစိမ်ကို ခံစံကာ နေလေ၏။

၇။ ဤသို့လျှင် စကြာမင်းအား သူဌေးကြီးရတနာ ပေါ်ပေါက်ဖြစ်ထွန်းလာပြီးသည် ရှိသော် တိုင်းရေး ပြည်မှုနှင့်တကွ အမှုကိစ္စအပေါင်းတို့ကို ကောင်းစွာစီရင်ခန့်ခွဲခြင်းငှါ စွမ်းနိုင်သော ပရိဏာယကဖြစ်သော သားကြီးရတနာသည် ထိုစကြာမင်းကြီး၏ ဘုန်းကံအာနုဘော်တော်ကြောင့်ပင်လျှင် ထင်ရှားပေါ်ပေါက် လာလေ၏။

ထိုသားကြီးရတနာသည်ကား—

စကြာမင်းကြီး၏ သားရင်း အကြီးဆုံးပင်ဖြစ်၍ ပကတိအားဖြင့်လျှင် စူးစမ်းဆင်ခြင် မြော်မြင်တိုင်းထွာ တတ်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊ အရာဟုတ်သည် မဟုတ်သည်၌ သိကျွမ်းလိမ်မာခြင်း၊ ကြီးသော လုံ့လဝီရိယရှိခြင်း-စသော ဂုဏ်တို့နှင့်ပြည့်စုံလေ၏၊ အထူးအားဖြင့်ကား ဘခင်စကြာမင်းကြီး၏အာနုဘော်တော်ကြောင့်ငှင်း၊ မိမိ၏ကောင်းမှု အာနုဘော်ကြောင့်ငှင်း၊ သူတပါးတို့၏ စိတ်အကြံအစည်ကို ပကတိ ဟုတ်မှန်တိုင်း သိစွမ်းနိုင်သော ပရစိတ္တဝိဇာနန ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ တဆယ့်နှစ်ယူဇနာအတွင်း၌ စကြာမင်းကြီးကိုမှီ၍ နေထိုင်ကုန်သောသူတို့၏ အကြံအစည် အလေ့အကျင့်များကို ကြည့်ရှုသိမြင်ပြီးလျှင် မင်းကြီး၏ အကျိုးစီးပွားကို ရွက်ဆောင်ခြင်းငှါ စွမ်းနိုင်သောတန်ခိုးသတ္တိရှိလေ၏။

ထိုသို့သော မိမိ၏တန်ခိုးအာနုဘော်ကို သိသည်ဖြစ်၍ ရွှင်လန်းဝမ်းမြောက်စွာစကြာမင်းကြီးရှိရာသို့ချဉ်းကပ်ပြီးလျှင် "အရှင်ဖြစ်တော်မူသောဘခင်မင်းမြတ်…တိုင်းနိုင်ငံသူ လူအပေါင်းတို့၏ ကြံစည်လုပ်ကိုင် နေထိုင်ပြုမူခြင်းနှင့် စပ်လျဉ်းသော အလုံးစုံသော အမှုအရာမျိုးတို့၌ အပျော့ပေါ့သုက္က ကြောင့်ကြမဲ့သာ စကြာမင်း၏စည်းစိမ်ချမ်းသာကို ခံစားစံစားလျက် ပျော်ပါးမွေ့လျော်စွာ နေထိုင်တော်မူပါ၊ အကျွန်ုပ်သည်သာလျှင် တိုင်းနိုင်ငံသူအလုံးတို့ကို ဆုံးမကာမြစ်ခြင်းနှင့်တကွ ရှိသမျှသော ကိစ္စကြီးငယ်တို့ကို သည်ပိုးရွက်ဆောင်ပါမည်"ဟု ရဲဝံ့စွာဝန်ခံလျှောက်တင်လေ၏၊ ဤသို့လျှင် စကြာမင်းကြီး၏ဘုန်းကံ အာနုဘော်တော်ကြောင့် ပရိဏာယကဖြစ်သော သားကြီးရတနာသည် ထင်ရှားပေါ်ပေါက်လာလေသတည်း။

ထို့ကြောင့် ဝေံ ပါတုဘူတ သတ္တရတနော ရာဇာ ကာလိင်္ဂေါ စက္ကဝတ္တိ-စသောစကားကို ဗေဒမိဝင်အဋ္ဌကထာဆရာ မိန့်ဆိုတော်မူလေသတည်း။

ကာလိင်စကြာမင်းကြီး၌ ရတနာခုနစ်ပါးဆိုက်ရောက်ခြင်းကို ပြသောအကြောင်း ပြီး၏။

## ၁၅။ မဟာဗောဓိပင်နှင့် ပလ္လင်တော်တည်ရာမြေအရပ်ကို ပူဇော်လှူဒါန်းခြင်းအကြောင်း

ရာဇာ ကာလိင်္ဂေါ စက္ကဝတ္တိ၊ ဓမ္မေန ပထဝိ မနုသာသိ၊
အဂမာသိ ဗောဓိသမီပံ၊ နာဂေန မဟာနုဘာဝေန။
[တေရသနိပါတ်၊ ကလိင်္ဂဇာတ်ပါဠိတော်။]

ကာလိင်္ဂေါ၊ ကလိင်္ဂအမည်ရှိသော။ စက္ကဝတ္တိ၊ စကြာရတနာကို လည်စေတတ်သော။ ရာဇာ၊ အရှင်အာနန္ဒာ၏ အလောင်းတော် ဖြစ်သော လေးကျွန်းလုံးကိုအစိုးရသော စကြာမင်းဖြစ်သော မင်းတရားသည်။ ဓမ္မေန၊ စကြာမင်းဖြစ်သော မင်းတရားတို့၏ ကျင့်အပ်သော ဝတ်တရားနှင့် အညီ။ ပထဝိံ၊ လေးကျွန်းတခွင် မြေအပြင်၌နေသောလူအပေါင်းကို။ အနုသာသိ၊ ဆုံးမကံမြစ်တော်မူ၏။ မဟာနုဘာဝေန၊ ကြီးသောတန်ခိုး အာနုဘော်ရှိသော။ နာဂေန၊ ငွေတောင်ထွတ်နှင့်တူသော ကိုယ်လုံး ဖွေးဖွေးဖြူသောဥပေါသထအမျိုးမှဖြစ်သောဆင်ပျံရတနာဖြင့်။ ဗောဓိ သမီပံ၊ အလုံးစုံသောဘုရားရှင်တို့၏ မာရ်ငါးပါးကို အောင်တော်မူရာ ဖြစ်သော မဟာဗောဓိပင်တော်၏ အနီးသို့။ အဂမာသိ၊ သွားရောက် တော်မူလေ၏။ [ဤကားပါဠိတော်၏ ဂါထာအနက်။]

ဤသို့ တေရသနိပါတ် ကလိင်္ဂဇာတ်ပါဠိတော်, ၎င်းအဋ္ဌကထာ, ၎င်းဋီကာတို့၌ လာရှိသည်နှင့်အညီ အရှင်အာနန္ဒာ၏ အလောင်း အလျာဖြစ်သော ကလိင်္ဂမည်သော စကြာမင်းကြီးသည် လေးကျွန်း လုံးအပြင်၌ နေကြကုန်သော လူအပေါင်းတို့အား စကြာမင်းတို့ ကျင့်ရာသောတရားဆယ်ပါးနှင့်အညီ စီရင်ဆုံးမ ဩဝါဒပေး၍ မင်းပြု လေ၏။

ဤသို့လျှင် ရတနာခုနစ်ပါးတို့နှင့်ပြည့်စုံတော်မူသော ကလိင်္ဂစကြာ မင်းကြီး၌ ကြီးသောတန်ခိုးအာနုဘော်ရှိသော ဂေလာသမည်သော ငွေတောင်ထွတ်တန္နန်း ကိုယ်လုံးဖွေးဖွေးဖြူသော ဥပေါသထဆင်မျိုးမှ ဖြစ်သော ဆင်ပျံရတနာသည်ရှိလေ၏၊ ထိုစကြာမင်းကြီးသည် တနေ့ သ၌ သုံးဆယ့်ခြောက် ယူဇနာရှိသော ပရိသတ်အပေါင်းတို့ဖြင့် ခြံရံ လျက် ထိုဆင်ပျံရတနာကိုတက်စီးပြီးလျှင် ကြီးစွာသော စကြာမင်း၏

အသရေတော်ဖြင့် မယ်တော်, ခမည်းတော်တို့၏အထံသို့ ထွက်စံကြွချီတော်မူရာ လမ်းခရီးအကြားဝယ် အလုံးစုံသော ဘုရားရှင်တို့၏ မာရ်ငါးပါးတို့ကို အောင်မြင်တော်မူရာ မြေတကာတို့၏ဦးစွန်း ဇမ္ဗူဒိပ်ကျွန်းကြီး၏အချက်အချာ မဟာဗောဓိပင်နှင့်ပလ္လင်တော်တို့၏ ပေါက်ရောက်ရာဖြစ်သော မြေပြင်၏အထက်အဘို့သို့ ကျရောက်သော အခါ ထိုရတနာဆင်ပျံတော်သည် ဖြတ်ကျော် ပျံသွားအံ့သောငှါ မဝံ့သဖြင့် ဆိုင်းငံ့ရပ်တန့်၍နေလေ၏။

ထိုအခါ စကြာမင်းကြီးသည် ဆင်ပျံရတနာကို အခါခါ အကြိမ်ကြိမ် နှိမ်နင်းမောင်းနှင်သော်လည်း မသွားဘဲ ရပ်တန့်၍သာနေလေ၏၊ ထိုအခါ ဘုရားအလောင်းတော်ဖြစ်သော စကြာမင်းကြီး၏ ပုရောဟိတ်ပုဏ္ဏားသည် မင်းကြီးနှင့်တကွ သွားကြစဉ် ဤကောင်းကင်အရပ်၌ တစုံတခုသော ပိတ်ပင်ဆီးတားခြင်းမည်သည်မရှိ၊ အဘယ်အကြောင်းကြောင့် ဤဆင်ပျံရတနာဆိုင်းရပ်၍ နေလေသနည်းဟု စူးစမ်းဆင်ခြင်အံ့သောငှါ ကောင်းကင်မှဆင်းသက်လေ၏၊ထိုအခါပုရောဟိတ်ပုဏ္ဏားသည် မသွားဝံ့ဘဲတန့်ရပ်၍နေသောအခြင်းအရာကိုထောက်ဆဆင်ခြင်သဖြင့် ဤမြေအရပ်သည် ရှေးရှေးသော အလုံးစုံသော ဘုရားသခင်တို့၏ သဗ္ဗညုတရွှေဉာဏ်တော်ကို ရရာဌာနဖြစ်သော မဟာဗောဓိပင်နှင့်ပလ္လင်တော်တို့၏ တည်ရာမြေအဘို့ပေတည်းဟု သိသဖြင့် ကလိင်စကြာမင်းကြီးအား လက်အုပ်ချီ၍ ဤသို့သံတော်ဦးတင်လေ၏။

"အရှင်မင်းကြီး..မြေသို့သက်ဆင်းတော်မူပါလော့၊ဤအရပ်ကား.. မဟာဗောဓိပင်တည်ရာ မြေအရပ်ပေတည်း၊ ထိုအရပ်ကို အလုံးစုံသော ဘုရားရှင်တို့သည် ချီးမွမ်းတော်မူကြကုန်၏၊ သီလ, သမာဓိ, ပညာ-စသော ဂုဏ်တို့ဖြင့် ပုံဆောင်းနှိုင်းပြိုင်စရာမရှိ ဓိပတိထွတ်ထား မြတ်ဘုရားတို့ လေးပါးသစ္စာ မုံအာစွင့်စွင့် ပွင့်ကြီးပွင့်၍ ကြီးမြင့်ခြင်းအထွတ်အထိပ်သို့ရောက်တော်မူကြရာ အရပ်ဖြစ်ပေ၏၊ ရှေးရှေးသောဘုရားရှင်တော် အဆက်ဆက်တို့၏ တက်သစ်စ နေပြာင်ကဲ့သို့ ကြည်လင် တင့်တယ်တော်မူကြရာ အရပ်ဖြစ်ပေ၏၊ မဟာဗောဓိပင်ရောက်ရာမြေမျက်နှာအဘို့၌ ထက်ဝန်းကျင်သောအရပ်မှ အလုံးစုံ

သော မျက်သစ်ပင် ချုံပိတ်ပေါင်းတို့သည် လက်ျာရစ် လှည့်လည် ယှက်ကူးလျက် ဦးတိုက်ကာတည်ကြရလေကုန်၏၊ မဟာပထဝီမြေကြီး ၏အလယ်ချက်ဗွေ မြေများအစ်ကို မြေဗဟိုဟု အကျွန်ုပ်တို့ ဗေဒင် ကျမ်း၌ ကြားဘူးပါသည်''ဟု သံတော်ဦးတင်လေ၏။

[ဤမဟာဗောဓိပင်နှင့် ပလ္လင်တော်တည်ရာ မြေအဘို့သည် နှစ်သိန်း လေးသောင်းအထုရှိသော မဟာပထဝီမြေကြီး၏ကြည်ရာ အနှစ်သဘွယ် ဖြစ်ပေ၏၊ မြဲမြံခိုင်ခံ့ တည်တံ့သဖြင့် မတုန်မလှုပ်သော မြေအဘို့ဖြစ်ပေ ၏၊ ကမ္ဘာတည်သောအခါ ရှေးဦးစွာတည်၍ ကမ္ဘာပျက်သောအခါ နောက်ဆုံးမှ ပျက်လေ၏။]

''အရှင်မင်းကြီး....အကျွန်ုပ်တို့သည်ဤသို့သော လက္ခဏာဗေဒင် ကျမ်းတို့ကိုအမှီပြု၍ ဤမြေအဘို့ကား သဗ္ဗညုတဉာဏ်ကို ရရာ ရကြောင်းဖြစ်သော ဘုရားရှင်တို့၏ပွင့်တော်မူရာ မဟာဗောဓိပင်နှင့် ပလ္လင်တော်တည်ရာ မြေအဘို့တည်းဟု သိပါသည်၊ ဤနေရာအရပ် မြေမျက်နှာအပေါ်သို့ ဆင်ပုံရတနာ ဖြတ်ကျော်ပျံသွားခြင်းငှါ မတတ် ကောင်းပါ၊ အရှင်မင်းကြီး....ဤသို့သဘောရှိသော မြင့်မြတ်သော မြေအရပ်ဖြစ်၍ ဆင်ပုံရတနာ၏ ကျောက်ကုန်းမှ အမြန်ဆင်းသက် တော်မူ၍ ရှိသေမြတ်နိုးရှိခိုးဖူးမျှော် ပူဇော်ခြင်းကိုပြုတော်မူပါလော့'' ဟု ထပ်မံလျှောက်ထားပြီးလျှင် ဆင်ပေါ်မှ မဆင်းမသက်နေသော မင်းကြီးကို''အရှင်မင်းကြီး....ဥပေါသထအမျိုးမှဖြစ်သော ဤဆင်ပုံ ရတနာသည် အလုံးစုံသော ဘုရားရှင်တို့၏ သစ္စာလေးပါး မြတ်တရား တို့ကို မိုင်းခြားထင်ထင် သိမြင်တော်မူရာ မဟာဗောဓိပင်နှင့် ပလ္လင် တော်တို့၏ ပေါက်ရောက်ရာ မြေမျက်နှာအပေါ်ကို ကျော်နင်းပျံသွား ခြင်းငှါမစွမ်းနိုင်ရာ၊ဤလျှောက်တင်ချက်ကို အရှင်မင်းကြီးအယူတော် မရှိ၍ ဆင်ပုံရတနာကို ဝဇိရိန်ချွန်းကောက်ဖြင့် ပေါက်နှက် ပဲ့ပြင်၍ မည်သို့ပင် မောင်းနှင်တော်မူသော်လည်း ဖြတ်ကျော် ပျံသန်းခြင်းငှါ မစွမ်းနိုင်ရာသည်သာတည်း''ဟု လျှောက်တင်လေ၏။

ထိုအခါ စကြာမင်းကြီးလည်း ပုရောဟိတ်ပညာရှိ၏ စကားသည် မှန်မည်လော,ချွတ်ယွင်းမည်လောဟု စူးစမ်းအံ့သောငှါ ရတနာချွန်း ကောက်ဖြင့် ဆင်ပုံရတနာကို ပေါက်နှက်ထိုးနှိမ်၍ အကြိမ်ကြိမ်

အားထုတ် မောင်းနှင်တော်မူလေ၏၊ သို့မောင်းနှင် ပြေးသော်လည်း ဆင်ပုံ့ရတနာသည် ကြီးကြသံ ကရဝိက်သံကဲ့သို့သော ပြင်းစွာသော အသံကို ညံ့ညံ့စီစီ တကျည်ကျည်မြည်ကြွေးဟစ်အော်လျက် ဖြတ်ကျော် ပျံသွားအံ့သောငှါ မဝံ့သည်ဖြစ်သောကြောင့် နှာမောင်းကို အထက် သို့ချီပြီးလျှင် ကြီးလေးလှစွာသောဝန်ကို ဆောင်ယူခြင်းငှါ မစွမ်းနိုင် သကဲ့သို့ ကောင်းကင်ပြင်အရပ်၌ပင်လျှင် ကြို့ကြို့ခိုင်ခိုင် ရပ်တန့်၍ နေလေ၏၊ ထိုဆင်ပုံ့ရတနာသည် ကြိမ်ဖန်များစွာ ဝဇိရိန်ချွန်းဖြင့် ထိုးနှက်ပုတ်ခတ်သောဒဏ်ကို မခံမရပ်နိုင်ရကား အသက်သေဆုံးခြင်း သို့ရောက်ရလေ၏။

စကြာမင်းကြီးလည်း မိမိ၏ဆင်ပုံ့ရတနာ သေဆုံးသည်ကိုမျှ မသိ သဖြင့် ဆင်ကျောက်ကုန်း၌ပင် တည်လျက်နေလေ၏၊ ထိုအကြောင်း ကို ပုရောဟိတ် ပုဏ္ဏားသိသဖြင့် "အရှင်မင်းကြီး.... ဆင်ပုံ့ရတနာ အသက်သေဆုံးခြင်းသို့ ရောက်ခဲ့ချေပြီ၊ အရှင်မင်းကြီး အလိုတော် ရှိသေးပါလျှင် တပါးသောဆင်ပုံ့ရတနာကို တောင့်တတော် မူပါ လော့"ဟု တင်လျှောက်လေ၏၊ ထိုအခါ စကြာမင်းကြီး၏ ဘုန်းကံ အာနုဘော်တော်ကြောင့် ဥပေါသထအမျိုးမှဖြစ်သော ဆင်ပုံ့ရတနာ တစီးသည် မင်းကြီးအားကျောက်ကုန်းဖြင့်ညွှတ်၍ ခံလာရပြန်လေ၏၊ မင်းကြီးလည်း ထိုဆင်ပုံ့ထက်သို့ပြောင်းရွှေ့တက်စီးတော်မူလေ၏။

ထိုအခါ သေလေပြီးသော ဆင်ပုံ့ရတနာသည် မြေသို့လျှောကျ သွားသည်ကိုမြင်သဖြင့် မင်းကြီးသည် ကြီးစွာတုန်လှုပ် ကြောက်ရွံ့ ခြင်းဖြစ်လတ်ရကား ဆင်ပုံ့ရတနာ၏ကျောက်ကုန်းထက်မှ လျင်မြန် စွာ ဆင်းသက်၍ မဟာဗေဒမိပင်နှင့်ပလ္လင်တော်တည်ရာ ကုန်းမြတ်သို့ အလုံးစုံသော မြက်သစ်ပင် ချုံနွယ်အပေါင်းတို့ လက်ျာရစ်ယှက်ကုး၍ ဦးညွှတ်ကော်ရော် ပူဇော်ကိုင်းရှိုင်းလျက် တည်နေကြသည်ကို မြင်ရ သောအခါ များစွာ အံ့ဩပြီးလျှင် အသင် ပုရောဟိတ်သည်ပင် ပြိုင်ယှဉ်ဘွယ်မရှိ အလုံးစုံသောတရားတို့ကိုသိမြင်သော သဗ္ဗညုဖြစ်ပေ သလောဟု ထောမနာစကား မြွက်ကြားမေးမြန်းတော်မူလေ၏။

ပုရောဟိတ်ပုဏ္ဏားလည်း ထိုမင်းကြီး၏စကားကို ဝန်မခံနိုင်သည် ဖြစ်ရကား မိမိကိုယ်ကို နိမ့်ကျသောအရာ၌ထား၍ ဘုရားသခင်ကို

ပြိုင်ယှဉ်ဘွယ်မရှိအောင် မြင့်မြတ်သောအရာသို့ တင်မြှောက် ချီးမွမ်းပြီးလျှင် "အရှင်မင်းကြီး....အကျွန်ုပ်သည် သဒ္ဒါကိုအမှီပြု၍ အနက်အဓိပ္ပါယ်သဘောကို ပြောဆိုနိုင်သော သုတဗုဒ္ဓမျှသာ ဖြစ်ပါသည်၊ အတုမရှိသော ဘုရားသခင်တို့သည်မူကား တစုံတခုသော လောကီသဒ္ဒါ လက္ခဏာပညတ် အမှတ်သင်္ကေတကျမ်းဂန်တို့ကို အမှီမပြုဘဲ အလုံးစုံသောသဘောတရားတို့ကို မိမိတို့အလိုလိုသာ ထိုးထွင်းသိမြင်တော်မူကြသောကြောင့် သမ္ဗာသမ္ဗုဒ္ဓ သဗ္ဗဝိဒူ သဗ္ဗညူဟူသော အမည်ကို ရတော်မူကြပေကုန်သည်။

ထိုစကားသည်မှန်၏၊ ဘုရားရှင်တို့သည် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟူသော ကာလသုံးပါးတို့၌ အလုံးစုံသောတရားတို့ကို အဆီးအတားအပိတ်အပင်မရှိသောအားဖြင့် သိမြင်တော်မူကြ လေကုန်၏၊ အကျွန်ုပ်မှာမူကား လေ့ကျက်သင်ကြား မှတ်သားဘူးသော အတတ်ပညာသညာမျှ၏ အစွမ်းဖြင့်သာလျှင် သိပါသည်"ဟု လျှောက်တင်လေ၏။

မင်းကြီးလည်းအလုံးစုံသော ဘုရားသခင်၏ဂုဏ်ကျေးဇူးတော်တို့ကို ကြားလျှင် ရွှင်လမ်းဝမ်းမြောက်ခြင်း ရှိလှရကား အလုံးစုံသော လေးကျွန်းသူအပေါင်းတို့ကို ဆန်းကြယ်သော အဝတ်တန်ဆာ ပန်းနံ့သာစသည်တို့ကို ယူဆောင်စေလျက်ဗောဓိပင်နှင့် ပလ္လင်တော်တည်ရာမြေပြင်အနီးဝယ် ကြီးကျယ်လှစွာသော မဏ္ဍပ်ကြီးကိုဆောက်လုပ်စေ၍ပန်းဆိုင်း,ကုက္ကား,မုလေးပွါး,ကြက်လျှာစသည်တို့ဖြင့် တင့်တယ်စွာ မွမ်းမံချယ်လယ် စေပြီးလျှင် ထိုမဏ္ဍပ်ကြီးအတွင်း၌ ခုနစ်ရက်ပတ်လုံးဆီမီးညှိထွန်းခြင်း၊ စည်စောင်းပတ်သာ ခရာမှုရိုး တီးမှုတ်မျိုးတို့ကို ငြိုးငြိုးငြိမ့်ငြိမ့် နှစ်သိမ့် သာယာစွာ တီးမှုတ်စေခြင်း တို့ဖြင့် ပွဲသဘင်ကျင်းပလျက် မဟာဗောဓိပင်ပေါက်ရောက်ရာဌာနကို ဝါဟခြောက်သောင်း အတိုင်းအရှည်ရှိသော ပန်းမျိုးစုံတို့ဖြင့် ပူဇော်ကန်တော့လေ၏။

[လှည်းတစီးတိုက်သည်=တဝါဟဟူရကား လှည်းခြောက်သောင်းသော ပန်းတို့ဖြင့် ပူဇော်သည်ဟူလို။]

ထို့နောင် ကလိင်္ဂစကြာမင်းကြီးသည် နောင်လာသူအပေါင်းတို့ ဤမဟာဗောဓိပင်နှင့် ရွှေပလ္လင်ပေါက်ရာ မြေအပြင်ကို အစဉ်အမြဲ ကိုးကွယ်ပူဇော် လှူဒါန်းကြစေရန်ငှါး၊ မိမိလည်း အမြဲမပြတ် သိမှတ် စွဲမြဲ မှိဝဲဆည်းကပ်ရန်ငှါး၊ တဆယ့်ရှစ်တောင် အတိုင်းအရှည်ရှိသော "မဏ္ဍာဂိရိမည်သော တောင်မင်း၏ တင့်တယ်ခြင်းကဲ့သို့" ရွှေဖြင့်ပြီး သော သည်တိုင်ကို ကောင်းစွာတတ်ကျွမ်းလိမ်မာကုန်သော ပန်းချီ, ပန်းပု,ပန်းထိမ်ဆရာတို့ကို ဆန်းကြယ်စွာသော ပန်းပြောက်,ပန်းညွန့် ပန်းနွယ်စသည်တို့ဖြင့် ထုလုပ်စီမံစေပြီးလျှင် ကောင်းစွာစိုက်ဆောက် ၍ ထားလေ၏။

ထိုသည်တိုင်၏ ပတ်လည်ဝန်းကျင်၌ ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော ပွတ်လုံး ပွတ်တိုင်တို့ကို ကာရံပြီးမှ ရတနာခုနစ်ပါးတို့နှင့် ရောနှော သောသဲတို့ကို ဖျန်းပက်ခင်းထားခြင်း၊ ရတနာတံတိုင်း ကာရံခြင်း၊ ဣန္ဒနီလာကျောက်ဖြင့်ပြီးသော တံခါးမုခ်လေးခုတို့ကို ပြုလုပ်၍ ထို တံခါးမုခ်တို့၌ ခြူးပန်း, ခြူးနွယ်တို့ဖြင့် တင့်တယ်စွာ တန်ဆာဆင် ယင်ခြင်း၊လူအများတို့ ဝင်ထွက်သွားလာရန် မုခ်ဦးပြာသာဒ်ဆောက် လုပ်ခြင်းစသော အစီအမံတို့ကိုပြုလုပ်လှူဒါန်းပြီးလျှင် ဤဗောဓိပင် နှင့် ပလ္လင်တော်ပေါက်ရာ မြေအပြင်ကို နေ့စဉ်မပြတ်ပင် ခြောက် သောင်း ၂-ထောင်မျှကုန်သောပန်းတို့ဖြင့် ပူဇော် လှူဒါန်းလေ သတည်း၊ ထိုစကြာမင်းကြီးသည် အသက်အတိုင်းနေ၍ စုတေလေ သော် တာဝတိံသာ၌ဖြစ်၍ ကြီးစွာသောနတ်တို့၏ စည်းစိမ်ကို ခံစားစံစားရလေ၏။

[ဤသို့ စကြာမင်းကြီး၏ ဆင်ပုံရတနာ မကျော်မပျံသန်းဝံ့ရှိသည်ကို ထောက်သဖြင့် မဟာဗောဓိပင်နှင့် ပလ္လင်တော်တည်ရာ မြေမျှသည်ပင် သို့စင်ထူးဆန်း ချီးမွမ်းအံ့ဩဘွယ်ရှိလှပေသည်၊မဟာဗောဓိပင်နှင့် ပလ္လင် တော်မြတ်မှုကား အဘယ်မှာဆိုဘွယ်ရာ ရှိတော့အံ့နည်းဟူ၍ငှါး၊မဟာ ဗောဓိပင်နှင့် ပလ္လင်ပေါက်ရာ မြေအတို့ကို ပူဇော်လှူဒါန်းသော ကလိင်္ဂ စကြာမင်းကြီးသည်ပင် သေသည်၏ အခြားမဲ့၌ ကြီးမားသောနတ်၏ စည်းစိမ်ကို ခံစား စံစားရပေသေးသည်၊ မဟာဗောဓိပင်မြတ်ကို ပူဇော် လှူဒါန်းရမှုကား အဘယ်မှာဆိုဘွယ်ရာ ရှိတော့အံ့နည်းဟူ၍ငှါး၊နည်းယူ

ထောက်ထား ယုံစားသက်ဝင်လျက် ရှင်လူရဟန်းအများတို့သည် ဘုရားသခင်တို့ ဖြစ်ပွင့်တော်မူရာ မဟာဗောဓိပင်မြတ်ကို ဆည်းကပ်ဘော်ရော်ပူဇော်လှူဒါန်းခြင်း ပြုသင့်ကြလှပေသတည်း။ ။ဤကား ဥယျောဇဉ်စကားချပ်တည်း။]

ကလိင်္ဂစကြာမင်းကြီး မဟာဗောဓိပင်ပေါက်ရာ
မြေအပြင်ကို လေးကျွန်းသူ လူအပေါင်းတို့နှင့်တကွ ပူဇော်
လှူဒါန်းသည်ကိုပြသောအကြောင်းပြီး၏။

ဗောဓိပူဇနအခဏ်းပြီး၏။

---

## ၄။ ဗောဓိရောပနအခဏ်း

### ၁၆။ ညီတော်အာနန္ဒာတည်ထားစိုက်ပျိုးသော ဗောဓိပင်အကြောင်း

သုံးလောကသာမိ ဓိပတီထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် တရံသောအခါ ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းစံနေတော်မူစဉ် တရားဘဏ္ဍာစိုးဖြစ်တော်မူသော ညီတော်အာနန္ဒာမထေရ်သည် သဗ္ဗညုမြတ်စွာဘုရားသခင်အား ဤသို့နားတော်လျှောက်လေ၏။

"ဘုန်းတော်သခင် ဉာဏ်တော်ရှင် ဖြစ်တော်မူသော အရှင်ဘုရား....ကိုယ်တော်အရှင်ဘုရားသည် ဤဇေတဝန်ကျောင်းတော်ကြီးမှ တရံတခါအရပ်တပါးသို့ ဒေသစာရီဖြန့်ချီကြွမြန်းတော်မူပါသည်၊ ထိုအခါ သာဝတ္ထိပြည်၌နေထိုင်ကြကုန်သော များစွာကုန်သော ဒါယကာ, ဒါယိကာမတို့သည် ထက်သန်သော သဒ္ဓါစိတ်ဖြင့် တံခွန်ကြက်လျှာ ပန်းနံ့သာ စသည် လက်စွဲကုန်လျက် ကိုယ်တော်မြတ်ကို ဖူးမျှော်ကန်တော့အံ့သောငှါ ဤဇေတဝန်ကျောင်းတော်သို့ လာကြရာ ကိုယ်တော်မြတ်ကို မတွေ့ပါသောကြောင့် မိမိတို့ တွင်ပါလာသော လှူဒါန်းဘွယ် ပန်းနံ့သာ စသည်တို့ကို ဂန္ဓကုဋိတိုက်တော်၏ အနီး တံခါးမုခ်၌ ပစ်ချစွန့်ကြပြီးလျှင် မရွှင်မသာသောစိတ်ဖြင့် မိမိတို့အိမ်သို့ ပြန်လည်ကြရပါကုန်သည်၊နောက်နောင် ကိုယ်တော်မြတ်မရှိခိုက်တွင် ထိုသူတို့

ကဲ့သို့ ညှိုးငယ်ခြင်းမဖြစ်ကြစေရန် အလုံးစုံသော ဘုရားရှင်တို့၏ သစ္စာလေးပါး တရားတို့ကို ထိုးထွင်း၍ သိမြင်တော်မူကြရာ ဘုရားအဖြစ်သို့ ရောက်တော်မူကြရာ မဟာဗောဓိပင်တော်မှ ဗောဓိသီးကို ယူဆောင်၍ ဤဇေတဝန်ကျောင်းတော် တံခါးမုခ်၌ စိုက်ပျိုးကိုးကွယ်ပါအံ့"–

ဟု ခွင့်ပန်လျှောက်ထားလေ၏၊ ဘုရားကိုယ်တော်မြတ်လည်း ထိုညီတော်အာနန္ဒာလျှောက်ထားချက်ကို သတ္တဝါအများတို့အားအကျိုးကျေးဇူးများရန် အကြောင်းဖြစ်ပေသည်ဟု နှလုံးပိုက်တော်မူ၍ ခွင့်ပေးတော်မူလိုက်လေ၏။

ညီတော် အာနန္ဒာမထေရ်လည်း ဘုရားကိုယ်တော်မြတ် ခွင့်ပေးတော်မူသည်ကို ဦးထိပ်ရွက်ပန်ဆင်၍ ကောသလမင်း, အနာထပိဏ်သူဌေး,ဝိသာခါ-စသော ဒါယကာ, ဒါယိကာမတို့ကို ခေါ်စေလျက် "ဤဇေတဝန်ကျောင်းတော်အပါး၌ လူအများတို့ကိုးကွယ်ရန် မဟာဗောဓိပင်မှ ဗောဓိသီးကိုယူဆောင်၍ ဗောဓိပင်စိုက်ပျိုးမည်ဖြစ်သောကြောင့် ကောင်းမွန်တင့်တယ်စွာသော တွင်းကို တူးဆွစီရင်ကြကုန်လော့"ဟု စေခိုင်းပြီးမှ အရှင်မဟာမောဂ္ဂလာန် မထေရ်သို့ ကပ်၍ "အရှင်ဘုရား····ဘုရားရှင်တို့၏ပွင့်တော်မူရာ မဟာဗောဓိပင်တော်မှ အပ်သော ဗောဓိသီးကို ယူဆောင်၍ပေးတော်မူပါကုန်"ဟု တောင်းပန်လျှောက်ထားလေ၏။

အရှင်မဟာမောဂ္ဂလာန်မထေရ်လည်း ကောင်းပြီဟု ဝန်ခံပြီးလျှင် တောင်းကင်ခရီးဖြင့် ကြွချီတော်မူ၍ မဟာဗောဓိပင်၏အနီးသို့ရောက်မှ သက်ဆင်းတော် မူပြီးလျှင် ထိုမဟာဗောဓိပင်တော်မှ ရင့်ရော်၍ အညှာတံနှင့်တကွ မြေသို့ကြွေကျလာသော ဗောဓိသီးကို ဝတ်ရုံသော သင်္ကန်းဖြင့် ဖြန့်ခံတော်မူ၍ ကောင်းကင်ခရီးဖြင့်ပင် ယူဆောင်ပြန်လာပြီးလျှင် ညီတော်အာနန္ဒာမထေရ်၏လက်သို့ ပေးအပ်တော်မူလေ၏၊ ညီတော်အာနန္ဒာမထေရ်လည်း အရိုးညှာတံနှင့်တကွသော ဗောဓိသီးကို ကောင်းစွာ ခံယူပြီးလျှင် ဤမဟာဗောဓိမျိုးကို ယနေ့ပင်စိုက်ပျိုးအံ့ဟု နှလုံးသွင်းလျက် ကောသလမင်းစသော ပူအပေါင်း တို့အား အကြောင်းကြားတော်မူလေ၏။

ကောသလမင်းကြီးလည်း များစွာသော ဗိုလ်ပါပရိသတ်အပေါင်း တို့ကို စည်းဝေးစေ၍ ဗောဓိပင် စိုက်ပျိုးရန်အလို့ငှါ ရတနာရွှေစင်ဖြင့် ပြီးသော ကြီးစွာသောဖျဉ်းအိုးကို စီမံပြုလုပ်စေပြီးမှ ညချမ်းသော အခါ များစွာသောမှူးမတ်ဗိုလ်ပါ စစ်အင်္ဂါအလုံးအရင်း သင်းပင်း ရံရွေ နန်းတွင်းနေတို့နှင့်တကွ ကြီးစွာသောမင်း၏ အသရေဖြင့် ရွှေဖျဉ်းအိုးကိုယူဆောင်၍ ဇေတဝန်ကျောင်းတော်သို့ထွက်ချီခဲ့လေ၏၊ ဤဗောဓိပင်စိုက်ပျိုးရာပါ ပရိသတ်ကား အနာထပိဏ်, ဝိသာခါ- စသော အရိယာပုဂ္ဂိုလ်ငါးကုဋေ၊ သီလ,သရဏဂုံတည် ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်နှစ်ကုဋေအားဖြင့် ခုနစ်ကုဋေ အတိုင်းအရှည်ရှိလေ၏။

ညီတော်အာနန္ဒာမထေရ်လည်း ဇေတဝန်ကျောင်းတော် တံခါး မုခ်အနီး၌ ရွှေဖြင့်ပြီးသော ကြီးစွာသောရွှေဖျဉ်းအိုးကို တည်ထား စေပြီးမှ အောက်၌အပေါက်ငယ်တို့ကို ဖေါက်ထွင်းစေပြီးလျှင် မွှေး ကြိုင်သင်းပျံ့လှစွာသော နံ့သာတို့ဖြင့်ရောနှောအပ်သောရွှံ့ညွန်ပျောင်း တို့ကို ပြည့်စေ၍ ညာတံနှင့်တကွသော မဟာဗောဓိသီးကို လက်တော် ဖြင့် ကိုင်ယူကာ ကောသလမင်းကြီးအား စိုက်ပျိုးဘိလော့ဟု ပေး အပ်ဆောင်နှင်းတော်မူလေ၏။

ကောသလမင်းကြီးလည်း ဤဗောဓိသီးကို အနာထပိဏ်သူဌေး သာ စိုက်ခြင်းငှါအပ်၏ဟု အနာထပိဏ်သူဌေးအား တဆင့်ပေးအပ် ပြန်လေ၏၊ အနာထပိဏ်သူဌေးလည်း နံ့သာညွန်ကို လက်ဖြင့် ယက် ထုတ်ပြီးလျှင် မဟာဗောဓိသီးမှဖြစ်သော ဗောဓိမျိုးစေ့ကို စိုက်ပျိုးချ မြှုပ်လေ၏၊ ထိုသို့စိုက်ပျိုးချမြှုပ်၍ လက်မှလွှတ်ကာမျှ၌ပင် ထိုဗောဓိ စေ့မှ ထွန်တုံးပမာဏရှိသော ပင်စည်လုံးပတ်နှင့် အရပ်အမြင့် အတောင်ငါးဆယ် အတိုင်းအရှည်ရှိသော ဗောဓိပင်သည် ကောသလ မင်းစသော ခုနစ်ကုဋေသော ပရိသတ်တို့ရှေ့တွင်ပင် ထင်ထင်ရှား ရှား မားမားမောက်မောက် ပေါက်ရောက်ကြီးပွါး၍လာလေ၏၊

ထို့နောင် ထိုမဟာဗောဓိပင်စည်မှ အတောင် ငါးဆယ်ငါးဆယ်စီ အတိုင်းအရှည်ရှိသော ခက်မငါးဖြာတို့သည် အရပ်လေးမျက်နှာတို့သို့ ဖြာထွက်စည်ကား ကြီးပွါးထွက်ပေါ်လာသဖြင့် မကြာမြင့်မီပင်လျှင်

အလုံးစုံသော ခက်ငယ်, ခက်ကြီး, ရွက်ကြီး, ရွက်နုစသည်တို့နှင့်ပြည့်စုံသည်ဖြစ်၍ တောအုပ်ကြီးအတွင်းရှိ တောစိုးသစ်ပင်ကြီးသဘွယ် ကြီးကျယ်တင့်တယ်စွာတည်လေ၏၊ထိုဗောဓိပင်ကို အရှင်အာနန္ဒာမထေရ်မြတ်ကြွပ်မစိုက်ပျိုးစေသောကြောင့် အာနန္ဒာဗောဓိဟုလူအပေါင်းတို့ခေါ်ဝေါ်သမုတ်ကြလေကုန်သတည်း။

[အကျယ်သိလိုမူ ဗောဓိဝံသာ၀နိကျမ်းကိုကြည့်ရှုတော်မူကြပါကုန်။]

ငါတို့မြတ်စွာဘုရားထင်ရှားရှိတော်မူစဉ်
ညီတော်အာနန္ဒာမထေရ်စိုက်ပျိုးစေအပ်သောဗောဓိပင်ပျိုး
တည်ပုံကိုပြသောအခန်းပြီး၏။

---

### ၁၇။ အာနန္ဒာဗောဓိပင်မှတန်ခိုးပြာဋိဟာ ပြခြင်းအကြောင်း

ဤသို့ ကောသလမင်း, အနာထပိဏ်သူဌေး, ဝိသာခါ ဒါယိကာမ စသောအရိယာတို့နှင့်တကွ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့ဖြင့် ပြွမ်းသော ခုနစ်ကုဋေအတိုင်းအရှည်ရှိသော ပရိသတ်အပေါင်းတို့သည် ဤကဲ့သို့ ရွှေဖျဉ်းအိုးမှ တမုဟုတ်ခြင်း ပေါ်ထွက်၍ ခက်လက်ပင်စည်နှင့်တကွတည်သော မဟာဗောဓိပင်ကိုမြင်သဖြင့် ရင်သပ်လက်တီး အံ့ချီးကြွေးကြော်၍ ရွှင်ပျော်ဝမ်းမြောက်စွာဖူးမျှော်ပူဇော်နေကြကုန်စဉ်—

ဤမဟာဗောဓိပင်မှ နီလ, ပီတ, လောဟိတ- စသော ရောင်ခြည်တော် ခြောက်သွယ်တို့သည် အရပ်ဆယ်မျက်နှာတို့ကို အဖြာဖြာယှက်ကူးလျက် ကွန့်မြူးထွက်ကြလတ်သဖြင့် ထက်ရပ်ဝန်းကျင် မြေအပြင်နှင့် မြင်မြင်သမျှသောအရပ်တို့၌ ဓတရဋ္ဌမည်သော ရွှေဟင်္သာမင်းသည် ဟင်္သာငယ်အပေါင်းတို့ဖြင့်ခြံရံလျက် ပျံသန်းကွန့်မြူးဘိ သကဲ့သို့ရှင်း၊ ရတနာရွှဲလုံး ပုလဲလုံးကြီးငယ် အသွယ်သွယ်တို့ကို ထက်နယ်ဝေဟင် မိုးကောင်းကင်သို့ ပစ်တင်ကြမြှောက်ဘိသကဲ့သို့ရှင်း၊ ဆီးနှင်း,မြူ, တိမ်, သူရိန်, မီးခိုး ညစ်မျိုးငါးအင် သန့်ရှင်းစင်သော ကောင်းကင်ပြင်အလယ်၌ ကြယ်တာရာရံသန်းသော လဝန်း၏တင့်တယ်

ခြင်းကဲ့သို့ရှင်း၊ ဝိုးဝင်းထိန်ပြောင် မိုးလုံး လောင်မျှသော
ရောင်ခြည်တော်အနဲ့နဲ့ ဒွံ့ဘွယ်သရဲ အဆန်းဆန်းတို့ကို ရှိပန်း
ဖြူဖြူ ဦးတင်ဖူးတွေ့ကြရပြန်ရကား—

ထိုမင်းစသောပရိသတ်ခပဲတို့ သဲသဲရုတ်ရုတ် အုတ်အုတ်ကျက်ကျက်
တပြိုင်နက်ဟစ်ကြွေး၍ကောင်းချီးပေးကြသောအသံသည် ပွဲတင်သံကဲ့သို့
ဖြစ်လေသတည်း။

ထို့နောင်မှ ပသေနဒီ ကောသလမင်းကြီးက ရတနာခုနစ်ပါး
အတိပြီးသောပွတ်လုံးပွတ်တိုင်တို့ကို ကောင်းစွာစီမံပြုလုပ်စေ၍ ဗောဓိ
ပင်တော်ရင်းမှ တလံမျှကွာခြားရာအရပ် ပတ်လည်ဝန်းကျင် မြေအပြင်
တို့၌ စီစဉ်ကာစိုက်ထူကာရံ စေပြီးလျှင် သိင်္ဂနိက်ရွှေစင်မှ ဖြစ်သော
သေးငယ်သောရွှေမှုန့်တို့ဖြင့် ရောနှောအပ်သော ဘော်သာခွါအဆင်း
ရှိသော ဖြူစင်သောသဲတို့ကို ထိုမဟာရံတန်တိုင်းအတွင်း၌ ပြည့်နှက်
အောင်ဖြန့်ဖြူးခင်းထားစေပြီးမှ ဒုတိယ,တတိယ ဖြစ်သောမဟာရံတန်
တိုင်းနှစ်ရပ်တို့ကို ထပ်မံ၍ ကာရံပြုလုပ်စေပြန်လေ၏၊ ထို့နောင်မှ
အရပ်လေးမျက်နှာတို့၌ ချမ်းသာစွာ ဝင်ထွက်ဖူးမျှော် နိုင်ကြစေရန်
နိုင်ငံတော်အတွင်း ထင်ပေါ် ကျော်စောသော ဗိသုကာဆရာတို့ကို
သပြာကံကျွေးများစွာပေးကမ်းငှါးရန်း၍ခြူးပန်းခြူးနွယ်အသွယ်သွယ်
သောပန်းအုံပန်းကြွတို့ဖြင့် လှပတင့်တယ်သော ရတနာခုနစ်ပါးအတိ
ပြီး၍ အဘိုးအနဂ္ဃထိုက်တန်သော တန်ဆောင်းမုခ်ဦး ပြာသာဒ်ကြီး
တို့ကို ဆောက်လုပ်စေပြီးလျှင် အစောင့်အရှောက်များစွာ ခန့်ထား
လေ၏။

ဤသို့လျှင် ပသေနဒီကောသလ မင်းကြီးနှင့်တကွသော သာဝတ္ထိ
ပြည်သူ ပြည်သားအပေါင်းတို့သည် ဗောဓိပင်တော်ကို သက်တော်
ထင်ရှား သဗ္ဗညု ရှင်တော်ဘုရားကို ကဲ့သို့ လေးစား စုံမက်လျက်
အသက်ထက်ဆုံး ဆည်းကပ်ပူဇော်ကြလေကုန်သတည်း။

အာနန္ဒာဗောဓိပင်မှတန်ခိုးပြာဋိဟာ
ပြခြင်းနှင့်တကွ ထိုဗောဓိပင်၌ ခြံရံတည်ထားသည်တို့ကို
ပြသောအကြောင်းကားဤတွင်ပြီး၏။

### ၁၈။ သိဟိုဠ်ကျွန်းမှဗောဓိပင်ပင့်ဆောင်ရန် စေလွှတ်ခြင်းအကြောင်း

သီဟိုဠ်ကျွန်း၌ ရဟန်းတို့၏အကြီးအမှူး ဦးစီးနာယက ဖြစ်တော်မူသော အရှင်မဟိန္ဒမထေရ်မြတ်သည် ဒေဝါနံပိယတိဿ မင်းကြီးလျှာဒါန်းအပ်သော မေဃဝန်ဥယျာဉ်ကို အလှူခံတော်မူသော နေ့၌ပင်လျှင် အနုဠာဒေဝီမည်သောမိဖုရားသည် ငါးရာသောမိန်းမအပေါင်းတို့နှင့်တကွ အရှင် မဟိန္ဒမထေရ်သို့ ချဉ်းကပ်၍ ကောင်းမြတ်သောတရားတော်ကိုကြားနာရသဖြင့် ဒုတိယဖြစ်သော သကဒါဂါမိဖိုလ်သို့ရောက်လေ၏၊ ထို့နောင်မှ အနုဠာဒေဝီ အမှူးရှိသော ငါးရာသောထိုဥပါသိကာမတို့သည် ဗလဝသဒ္ဓါ ရှိဟောင်းတွင် ထပ်လောင်း၍တဖန် သကဒါဂါမိတည်ပြန်သဖြင့် ထက်သန်လှစွာသော အစလသဒ္ဓါပန်း လန်းကြီးလန်း၍ရဟန်းပြုလိုကြရကား ဒေဝါနံပိယတိဿမင်းကြီးသို့ကပ်၍ ထိုအကြောင်းကို ကြားလျှောက်ကြလေကုန်၏။

ဒေဝါနံပိယတိဿမင်းကြီးလည်းထိုအကြောင်းကိုသိပြီးလျှင် အရှင်မဟိန္ဒမထေရ်အထံသို့ချဉ်းကပ်၍ "အရှင်ဘုရား..ဤအနုဠာဒေဝီမိဖုရားအမှူးရှိသောငါးရာသောဥပါသိကာမတို့သည် သာသနာတော်ထမ်းရဟန်းပြုလိုပါကုန်သတတ်၊ ထိုငါးရာသော မိန်းမတို့ကို ရဟန်းပြုတော်မူပါကုန်"ဟု လျှောက်ထားလေ၏။

ထိုအခါ အရှင်မဟိန္ဒမထေရ်မြတ်က–

"တကာတော်မင်းကြီး....သက်သက်သော ရဟန်းယောကျ်ားသံဃာဖြင့် မာတုဂါမတို့အား ရဟန်းပြုခြင်းငှါမအပ်ချေ၊ ပါဋလိပုတ်ပြည်၌ ငါ၏နှမတော်ဖြစ်သော သင်္ဃမိတ္တာမည်သော ထေရီမသည်ဗဟုဿုတရှိကုန်သော များစွာကုန်သော အဖော် ဘိက္ခုနီမတို့နှင့်အတူတကွ နေထိုင်လျက်ရှိလေသည်၊ဤသီဟဠမည်သော ကျွန်းကြီးသည်လည်း ရှေးလွန်လေပြီးသော ကကုသန်,ကောဏာဂုံ-စသောသုံးဆူသော ဘုရားရှင်တို့၏ ပွင့်တော်မူကြရာ မဟာဗောဓိပင်တို့၏စိုက်ပျိုးတည်ထွန်းဘူးရာ ဌာနဖြစ်သောကြောင့် ငါတို့မြတ်စွာဘုရားသခင်၏ ပွင့်တော်မူရာ မဟာဗောဓိပင်ကိုလည်း ဤကျွန်း၌ တည်ထား

ကိုးကွယ်ခြင်းငှါ သင့်လှချေသည်၊ ထို့ကြောင့် ထိုသယ်မိတ္တာ ထေရီမနှင့် မဟာဗေဒမိပင်၏ ဒက္ခိဏာသာခါ လက်ျာတောင်ကိုင်း တို့ကို ဤသီဟိုဠ်ကျွန်းသို့ ပင့်ဆောင်ခွင့် ရစေရန် အသင် မင်းကြီး၏ အဆွေတော်အထံသို့သံအမတ်တို့ကိုစေလွှတ်အကြောင်းကြားဘိလော့၊ ယင်းသို့အကြောင်းကြား၍ ပင့်ဆောင်ရောက်ရှိသောအခါ ဤအနုဠာ ဒေဝီမိဖုရားနှင့်တကွ ငါးရာသောမိန်းမတို့ကို ရဟန်းပြုကြကုန်လတ့်" ဟု မိန့်တော်မူလေ၏၊

မင်းကြီးလည်း—

"အရှင်ဘုရား....ကောင်းလှပါပြီ"ဟုဝန်ခံပြီးမှ အခါတပါးသော နေ့၌ အရှင်မဟိန္ဒမထေရ်၏အထံသို့ အခြံအရံ ပရိသတ်တို့နှင့်တကွ ချဉ်းကပ်၍ မှူးမတ်အပေါင်းတို့နှင့် နှီးနှော တိုင်ပင်တော် မူပြီးလျှင် တူတော်ဖြစ်သော အရိဋ္ဌအမတ်ကို ရှေ့တော်သို့သွင်းစေ၍ "အချင်း အရိဋ္ဌ...သင်သည် ငါ၏အဆွေတော်ဖြစ်သောပါဋလိပုတ်ပြည်ကြီးရှင် ဘုရင်သိရီဓမ္မာသောကမင်းကြီးထံသို့သွား၍မဟာဗေဒမိပင်နှင့်တကွ အရှင်သယ်မိတ္တာထေရီမတို့ကို ပင့်ဆောင်ခြင်းငှါ စွမ်းနိုင်ပါအံ့လော" ဟု မေးတော်မူလေ၏၊ တူတော်ဖြစ်သော အရိဋ္ဌ အမတ်လည်း "အရှင်မင်းကြီး....အကျွန်ုပ်အား ရဟန်းပြုမိမ့်သောငှါ အခွင့်ပေး သနားတော်မူပါမူကား စွန့်စွန့်စားစား သွားရောက်ပင့်ဆောင်ပါ အံ့"ဟု ဝန်ခံလျှောက်တင်လေ၏။

ထိုအခါ မင်းကြီးက—

"အချင်း အရိဋ္ဌ....ငါအလိုတော်ရှိသော မဟာဗေဒမိပင်နှင့် အရှင်သယ်မိတ္တာထေရီမတို့ကို ပင့်ဆောင်ခြင်းကိစ္စပြီးလျှင် သင်သည် အလိုရှိတိုင်း ရဟန်းပြုမိမ့်သောငှါ ငါအခွင့်ပေး၏"ဟု မိန့်တော်မူ လေ၏။

တူတော် အရိဋ္ဌလည်း—

"အရှင်မင်းကြီး....ကောင်းပါပြီ" ဟု ဝန်ခံ၍ မင်းကြီး၏ငှင်း, မထေရ်၏ငှင်း မှာဆိုသော သတင်းစကားများကို မှတ်သားနာယူ ပြီးလျှင် အဿယုဇနက္ခတ်နှင့် ယှဉ်သော သီတင်းကျွတ် လဆန်း ၂-ရက်နေ့ ဇမ္ဗုကောလပဋ္ဋနသင်္ဘောဆိပ်သို့ ဆင်း၍ လှေထက်သို့

တက်စီးကာ မဟာသမုဒြာသို့ ကူးခပ် ထွက်သွားလေသည်ရှိသော် အရှင်မဟာမဟိန္ဒမထေရ်၏ အမိဋ္ဌာန်တော်ဖြင့် သီဟိုဠ်ကျွန်း ဇမ္ဗုကောလပဋ္ဋသင်္ဘောဆိပ်မှ ထွက်ခွါလာသော နေ့၌ပင်လျှင် ပါဋလိပုတ်ပြည်သို့ ဆိုက်ရောက်လေသတည်း။

အနုဋ္ဌာဒေဝီမိဖုရားလည်း—

ထိုသကဒါဂါမိတည် နန်းတွင်းသူငါးရာ,မင်းသမီး ငါးရာအားဖြင့် တထောင်ကုန်သော အခြံအရံတို့နှင့်တကွ ဆယ်ပါးသောသီလတို့ကို ခံယူဆောက်တည်ပြီး၍ ထေရီမအသွင်ကို ရည်သန်ကာ ဖန်ရည်တပ်စွန်းသောအဝတ်တို့ကို ဝတ်ရုံပြီးလျှင် မြို့၏အနီး တခုသောအရပ်၌ သခ်မ်းကျောင်းဆောက်လုပ် နေထိုင်နှင့်လေ၏။

သီဟိုဠ်ကျွန်းမှ ဗောဓိပင်နှင့် သင်္ဃမိတ္တာ
ထေရီမတို့ကိုပင့်ဆောင်ရန်စေလွှတ်သည်ကို ပြသော
အကြောင်းပြီး၏။

---

## ၁၉။ သိရီဓမ္မာသောကမင်းကြီး ဒက္ခိဏာသာခါ ပင့်ဆောင်ပုံအကြောင်း

အရိဋ္ဌအမတ်လည်း ပါဋလိပုတ်ပြည်ကြီးကို အစိုးရတော်မူသော သိရီဓမ္မာသောကမင်းကြီးထံသို့ ဝင်ပြီးလျှင် အရှင်မဟိန္ဒမထေရ်နှင့် ဒေဝါနံပိယတိဿမင်းကြီးတို့ မှာထားလိုက်သော အလုံးစုံသော သတင်းစကားတို့ကို လျှောက်တင်ပြီးမှ အရှင်သင်္ဃမိတ္တာထေရီမထံသို့ချဉ်းကပ်၍ ထိုအလုံးစုံသောအကြောင်းစကားတို့ကိုကြားလျှောက်လေ၏၊သင်္ဃမိတ္တာထေရီမလည်း အရိဋ္ဌအမတ် လျှောက်ထားသည်ကို ကြားလျှင် ဘခင်ဖြစ်သော သိရီဓမ္မာသောကမင်းကြီးထံသို့ကြွရောက်ချဉ်းကပ်ပြီးလျှင် ''ဘခင်မင်းမြတ်····အကျွန်ုပ်သည် မောင်တော်၏စကားဖြင့် သီဟိုဠ်ကျွန်းသို့သွားပါအံ့''ဟု ပန်ကြားလေ၏၊ ထိုအခါ သိရီဓမ္မာသောကမင်းကြီးက—

အမိသင်္ဃမိတ္တာ—

''အကျွန်ုပ်မှာ သားကြီးဖြစ်သော အရှင်မဟိန္ဒမထေရ်နှင့် မြေးတော်ဖြစ်သော အရှင် သုမနသာမဏေတို့ အကျွန်ုပ်အားပြတ်သော

လက်ရုံးရှိသကဲ့သို့ပြု၍ သီဟိုဠ်ကျွန်းသို့ကြွသွားကြကုန်သည် ဖြစ်၍ ထိုသား, မြေးတို့ကို မဖူးမမြင်ရ ပိယဝိပ္ပယောဂဒုက္ခဖြင့် သောက ငြောင့်ကြီး ဖိစီးစူးဝင်လာသောအခါ သမီးတော်၏မျက်နှာကို ဖူးမြင်ရသဖြင့် သောကဒုက္ခ လျော့ကျပျောက်ကွာ၍ လွမ်းဆွတ်ခြင်းသက်သာရာရရှိပါသည်၊ ယခုတဖန် သမီးတော်သွားပြန်က ဘခင်မင်းကြီးမှာ သောကတည်းဟူသော မဟာသမုဒ္ဒရာ၌ အခါခပ်သိမ်း နစ်မြုပ်၍သာ ကျန်ရစ်ရချေတော့မည်၊ ချစ်သမီးအဘယ့်ကြောင့် သွားရအံ့နည်း''ဟု မြွက်ပယ်လေ၏။

ထိုအခါ သင်္ဃမိတ္တာထေရီမလည်း မောင်တော်ဖြစ်သော အရှင်မဟာမဟိန္ဒမထေရ်၏ အမိန့်အာဏာတော်ကို လွန်ဆန်ခြင်းငှါမဝံ့ရကား—

''ဘခင်မင်းမြတ်—

မောင်တော်မထေရ်၏ အမိန့်အာဏာဖြင့် အနုဠာဒေဝီမိဖုရားသည် များစွာကုန်သောမင်းမိန်းမအခြံအရံတို့နှင့်တကွ ရဟန်းပြုလိုသောဆန္ဒဖြင့် အကျွန်ုပ်ကို မျှော်တစောင့်စား၍ နေကြလေပြီ၊ ဤအရိဋ္ဌအမတ်လည်း မောင်တော်မြတ် အမိန့်အာဏာဖြင့်ပင် လာရောက် ပင့်ဘိတ်ခြင်းဖြစ်ခဲ့သည်၊ မောင်တော်မြတ် အမိန့်အာဏာကို ပယ်လှန်ငြင်းဆန်ခြင်းငှါ မသင့်ဖြစ်ပါသည်၊ အကျွန်ုပ် သွားရပါအံ့ သတည်း''ဟု ဆိုလေ၏၊ မင်းကြီးလည်း ''ချစ်သမီး....ထိုသို့တပြီးကား မဟာဗောဓိကို ပင့်ဆောင်၍ မဟာဗောဓိနှင့်တကွ သွားလေလော့''ဟု ခွင့်ပေးတော်မူလေ၏။

ထို့နောင်မှ မင်းကြီးအား ဤသို့အကြံတော်ဖြစ်လေ၏၊ ''ဤမဟာဗောဓိပင်သည် ကမ္ဘာပတ်လုံးတည်သည်လည်းဖြစ်ရာ၏၊ ကလိင်မည်သော စကြဝတေးမင်းကြီးမှသော်လည်း ဆင်ပုံ့ရတနာကို စီးနင်း၍ သွားရာ မဟာဗောဓိပင်၏အနီးသို့ ရောက်သောအခါ ဖြတ်ကျော်ပျံသန်းခြင်းငှါ မဝံ့သည်ဖြစ်၍ သက်ဆင်းရချေသည်၊ ထိုကဲ့သို့ကြီးသော တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံသော မဟာဗောဓိပင်ကို ဓား,ပုဆိန်စသော လက်နက်တို့ဖြင့် ဖြတ်ပိုင်းခြင်းငှါ အဘယ်မှာ တတ်နိုင်ပါအံ့နည်း၊ ခုတ်လှီးဖြတ်ပိုင်းခြင်းငှါ မတတ်နိုင်သည်သာ ဖြစ်လတံ့၊ ထိုသို့ဖြစ်ခဲ့

သော် သားတော် အရှင်မဟိန္ဒမထေရ်သည် ဤမဟာဗောဓိကို အပင့်အဆောင်မယွတ်တန်ရာ၊ လွှတ်လည်း လွှတ်ခဲ့ပြန်၏၊ အသို့ပြုရအံ့နည်း”ဟု ကြီးစွာသော ယုံမှားသံသယဖြစ်ပေါ်လာလေ၏။

ထို့နောင်မှ အမတ်အပေါင်းတို့ကိုစည်းဝေးခစားစေ၍ ဝေခွဲ၍မရအောင် ဒွိဟဖြစ်ပွားသောအကြောင်းကို မိန့်ကြားမေးမြန်းတော်မူလေသော်တယောက်သောအမတ်က “အရှင်မင်းကြီး--တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံကုန်သော ဉာဏ်ပညာကြီးကုန်သော များစွာကုန်သော သံဃာတော်အရှင်မြတ်တို့သည် ရှိသည်မဟုတ်ပါကုန်လော” ဟု လျှောက်တင်သည်ရှိသော် မင်းကြီးလည်း သတိရသဖြင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်အမှူးရှိသော များစွာသော သံဃာတော်တို့ကို ဘိတ်ကြား၍ များမြတ်သော ဆွမ်း,ခဲဘွယ်, ဘောဇဉ်, ချိုချဉ်ရသာ အဖြာဖြာတို့ဖြင့် သဒ္ဓါမြတ်လေး ကျွေးမွေးဆက်လှူ ပူဇော်မြတ်နိုးတနာ ပြုပြီးသောအခါ ဆရာဖြစ်သော အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်အနီးသို့ ချဉ်းကပ်၍ ဆိုအပ်ခဲ့ပြီးသောမိမိ၏သံသယကို အစကအဆုံးတိုင် လျှောက်ထားလေ၏။

အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်လည်း ထိုသို့လျှောက်လာသောမင်းကြီးအား ရှင်တော်ဘုရား၏ ငါးပါးသော အဓိဋ္ဌာန်တော်မူချက်တို့ကို ဤသို့ထုတ်မြွက် ဟောကြားတော်မူလေ၏။

၁။ “ငါတို့မြတ်စွာဘုရားသခင်သည် ဝိပါက်ကမ္မဇရုပ်အကြွင်းမဲ့ချုပ်၍ ဥက္ကဋ္ဌဗိမာန် နန်းနိဗ္ဗာန်သို့ စံဝင်တော်မူရာ ရတနာညောင်စောင်း၌ ကိန်းအောင်းစံနေတော်မူစဉ် လင်္ကာဒိပသီဟဠကျွန်းခွင်၌ မဟာဗောဓိပင် တည်စိုက်စိမ့်သောဌါ သိရိဓမ္မာသောကမည်သော မင်းကြီးသည် မဟာဗောဓိပင်ရှိရာအရပ်သို့သွားလတံ့၊ ထိုအခါ မဟာဗောဓိပင်၏ ဒက္ခိဏသာခါ လက်ျာတောင်ကိုင်းသည် မိမိအလိုလို ပြတ်ကြွေ၍ ရွှေဖျဉ်း၌ တည်စေသတည်းဟု ဓိဋ္ဌာန်တော်မူခြင်း။

၂။ ထိုသို့သောအခါမဟာဗောဓိပင်၏အရွက်တို့မှဍင်း၊အသီးတို့မှဍင်း၊ နီလ,ပီတ-စသော ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်စေသတည်းဟု အဓိဋ္ဌာန်တော်မူခြင်း။

၃။ ထိုခြောက်သွယ်သော ရောင်ခြည်တော်တို့သည် မဟာဗောဓိပင်တော်မှ အထက်ကောင်းကင်သို့ပျံတက်၍ ဆီးနှင်းတိမ်တိုက်ဖြင့် ဖုံးအုပ်လျက် ခုနစ်ရက်ပတ်လုံး ထိုဆီးနှင်း တိမ်တိုက်တို့၌သာ တည်စေသတည်းဟု မိဋ္ဌာန်တော်မူခြင်း။

၄။ ထုပါရုံ စေတီတော်ကြီး၌ ငါဘုရား၏ လက်ျာညှပ်ရိုးဓာတ်သွင်းနှံ့ဌာပနာသောနေ့၌ပင်လျှင် ကြီးစွာသော တန်ခိုးပြာဋိဟာတို့ကိုပြစေသတည်းဟု မိဋ္ဌာန်တော်မူခြင်း။

၅။ ထိုလက်ာဒီပ မည်သော ကျွန်း၌ပင်လျှင် တစစ္စတ်မျှသော ဓာတ်တော်တို့ကို မဟာစေတီ၌ သွင်းနှံ့ဌာပနာ မည်ရှိသော အခါ ထိုဓာတ်တော်တို့သည် ငါဘုရား၏သဏ္ဍာန်ကိုဘန်ဆင်းပြီးလျှင် အထက်ကောင်းကင်သို့ ပျံတက်၍ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်ကာ တန်ခိုး ပြာဋိဟာ ပြစေသတည်း''ဟု မိဋ္ဌာန်တော်မူခြင်း။

ဤသို့အားဖြင့် ငါးပါးသော အမိဋ္ဌာန်တော်မူချက်ရှိကြောင်းကို မင်းကြီးအား ဟောကြားတော်မူလေ၏။

မင်းကြီးလည်း အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် မိန့်တော်မူသောစကားကိုကြားလျှင် များစွာဝမ်းမြောက်ခြင်းရှိသဖြင့် ပါဋလိပုတ်ပြည်မှ ယူဇနာခုနစ်ရာကွာသော မဟာဗောဓိပင်သို့သွားရာ ခရီးလမ်းတလျှောက်ကို လျှောက်ပတ်ညီညာ သာယာပြေပြစ်စွာရှိအောင် တူးညှိသုတ်သင် ခုတ်ထွင်ရှင်းလင်းစေပြီးလျှင် ဖြူစင်သော သဲတို့ကို ဖြန့်ကြဲခင်းထားစေခြင်း၊ ရေပန်းကြည်းပန်း ပေါက်ပေါက်ပန်းတို့နှင့် ကြိုင်လျှမ်းမွှေးထုံစွာသော နံ့သာကရမက်မှုန့်တို့ကို ဖြန့်ခင်းစေခြင်း၊ အထူးထူးသော တံခွန်ကုက္ကား မုလေးပွါး ကြက်လျှာတိုင် တို့ကို ကောင်းစွာစိုက်ထူစေခြင်းစသည်တို့ဖြင့် လှပတင့်အပ်စွာတန်ဆာဆင်လျက် ဗောဓိပင်စိုက်ဘို့ရွှေဖျဉ်းပြုလုပ်ရန်အလို့ငှါ များစွာကုန်သော ရွှေစင်တို့ကို ထုတ်ဆောင်စေ၏။

ထိုအခါ သိကြားမင်း၏အစေခံအမတ်ဖြစ်သော ဝိသကြုံမည်သော နတ်သားသည် ရွှေအဆင်းရှိသော မိမိကိုယ်ကို ဘန်ဆင်းလျက်

မင်းကြီး၏ ရှေ့တူရူအရပ်သို့လာ၍ ရပ်လေ၏၊ ထိုအခါ မင်းကြီးသည် "အမောင်လုလင်…ဤရွှေတို့ကိုယူ၍ ရွှေဖျဉ်းပြုလော့"ဟု ဆိုလေ၏။ "အရှင်မင်းကြီး… အဘယ်မျှလောက်သော အတိုင်းအရှည်ရှိသော ရွှေဖျဉ်းကို ပြုရပါအံ့နည်း"ဟု ဆိုသော် "အမောင်လုလင်… အလိုရှိတိုင်းသာလျှင်ပြုလော့"ဟု ဆိုလေ၏၊ ဝိသကြံနတ်သားလည်း ထိုရွှေတို့ကိုယူပြီးလျှင် မိမိ၏တန်ခိုးအာနုဘော်ဖြင့် ဆုပ်နယ် ပုတ်ခတ်လျက် အဝန်းလုံးပတ် ကိုးတောင်၊ အမြင့်ငါးတောင်၊ အကျယ်အပြန့် သုံးတောင်၊ ထု-လက်ရှစ်သစ်ရှိသော ဆင့်နှာမောင်းခန့် ပမာဏ ရှိသော အနားရေးအရစ်တို့ဖြင့် တန်ဆာဆင်အပ်သော ဝန်းဝိုင်းသော နေလုလင်ဖျိုကဲ့သို့ တင့်တယ်ခြင်းရှိတော်မူသော ရွှေဖျဉ်းကြီးကို ဘန်ဆင်း၍ သိရိဓမ္မာသောကမင်းကြီးအား ယူတော်မူလော့ဟု ပေးအပ်ပြီးလျှင် ကွယ်ခဲ့လေ၏။

ထိုအခါ သိရိဓမ္မာသောကမင်းကြီးသည် အလုံးစုံသော ကကြိုး တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော မင်္ဂလာ ဆင်တော်ထက်သို့ တက်စီး၍ အဘိသိက်ခံပြီးသော ယိးဖြူဆောင်းမင်း အရေအတွက် တထောင်တို့နှင့်တကွ များစွာကုန်သော စစ်သည်ဗိုလ်ပါအပေါင်းတို့ကို ခြံရံလိုက်ပါစေလျက် အလျားခုနစ်ယူဇနာ, အနံသုံးယူဇနာအတိုင်း အရှည်ရှိသော ပရိသတ်အပေါင်းအား အထက်က ပြဆိုခဲ့သော ရွှေသားဖျဉ်းတော်ကြီးကို ပိုင်းအုံချီဆောင်စေပြီးလျှင် အရိယာသံဃာ တော်တို့ကို ပရိသတ်ရှေ့ဦးမှ ကွန့်မြူးကြွချီစေကာ မဟာဗောဓိပင် ရှိရာအရပ်သို့ ရှေးရှုထွက်သွားလေသတည်း။

ထိုသို့ထွက်သွား၍ မဟာဗောဓိပင်သို့ ဆိုက်ရောက်သောအခါ များစွာကုန်သော ယိးဖြူ, တံခွန်ကုက္ကား, မုလေးပွါး ကြက်လျှာတို့ကို စိုက်ထူစေခြင်း၊ အထူးထူးသောရတနာတို့ဖြင့် ဆန်းကြယ်စွာ မွမ်းမံ ခြယ်လယ်စေခြင်း၊များစွာကုန်သော ပန်းပေါက်ပေါက်တို့ကို ဖြန့်ပက် ကြဲမြှောက်စေခြင်း၊ စောင်းငြင်း ပတ်သာ စည် ခရာစသော များစွာကုန်သော တူရိယာမျိုးတို့ကို တီးမှုတ်စေခြင်းတို့ဖြင့် ပွဲသဘင်ခင်းကျင်း ပူဇော်ပြီးသောအခါ မဟာဗောဓိပင်ကို စစ်အင်္ဂါလေးပါး ခြံရံ စောင့်ရှောက်စေလျက် တင်းပါမိကန့်လန့်ကာတို့ဖြင့် ကာရံစေလေ၏။

ထို့နောင်မှ မင်းကြီးနှင့်တကွ ဂိုဏ်းဂဏ၏ အကြီးအမှူး ဦးစီးနာယကဖြစ်ကုန်သော မထေရ်ကြီးတို့သည်၎င်း, ထီးဖြူဆောင်းချင်းမင်းအဖြစ်သို့ရောက်ကုန်ပြီးသော တထောင်ကုန်သော မင်းအပေါင်းတို့သည်၎င်း, တောင်ညာစံဒေဝီ မဟေသီမိဖုရားခေါင်ကြီးနှင့်တကွ မောင်းမမိဿံ ခြွေရံပရိသတ် မှူးမတ်ဗိုလ်ပါ အပေါင်းတို့သည်၎င်း မဟာဗောဓိပင်ရင်းသို့ ချဉ်းကပ် ခြံရံကြကုန်ပြီးလျှင် အသီးအသီး လက်အုပ်ချီ၍ ကြည်ညိုမြတ်နိုးစွာ ရှိခိုးပူဇော် ဖူးမျှော် ကန်တော့ကြလေကုန်၏၊ ထိုအခါ မဟာဗောဓိပင်တော်၏ ဒက္ခိဏသာခါလက်ျာတောင်ကိုင်းမှ ဖြာထွက်သော အညွန့်အတက် ခက်မခက်သေးတို့သည် လေးတောင်မျှ အတိုင်းအရှည်ရှိသော အရင်းပိုင်းကိုချန်လှပ်၍ ခုတ်ဖြတ်ပယ်ထားသည့်အသွင် မမြင်ကွယ်ပျောက်ခြင်းသို့ ရောက်လေကုန်၏၊ ထို့ကြောင့်—

တဿ ဒက္ခိဏသာခါယ စတုဟတ္ထပ္ပမာဏကံ ဌာနံ ခန္ဓဌ
ဌပယိတွာ သာခါ အန္တရဓာယိံသု။

ဟု ဗောဓိဝံအဋ္ဌကထာ၌လာ၏။

ထိုအခါ သိရိဓမ္မာသောကမင်းကြီးသည် ဤသို့သော တန်ခိုးပြာဋိဟာကို ဖူးမြင်ရ၍ ဗလဝသဒ္ဓါစေတနာဟောင်းထက်တွင် ထပ်လောင်းများပြား ကြည်ညိုစိတ်ပွားလတ်ရကား—

"အရှင်မြတ်တို့....

တပည့်တော်သည် ဤမဟာဗောဓိပင်၏ တန်ခိုးပြာဋိဟာတို့ကို ဖူးမြင်ရသဖြင့် ဗလဝသဒ္ဓါအလျဉ် အစဉ်မပြတ် ဖြစ်ပွား၍ အားရဝမ်းသာရှိလှပါသည်၊ ဤမဟာဗောဓိပင်တော်အား ဇမ္ဗူဒိပ်ကျွန်းအလုံးကို အစိုးရသောမင်း၏ စည်းစိမ်ကို ပေးလှူပူဇော်ပါအံ့" ဟု လျှောက်ဆိုပြီးလျှင် မဟာဗောဓိပင်တော်ကို အကြိမ်တထောင်တိုင်တိုင် အဘိသိက် သွန်းလောင်းခြင်းကို ပြုလေ၏၊ ထို့နောင်မှ မြတ်သောတန်ဆာဆင်ခြင်းဖြင့် မွေးကြိုင်လှစွာသော တန်ဆာ ဆင်အပ်သော မင်းအပေါင်း တထောင်တို့နှင့်တကွ ပန်းနံ့သာတို့ကို လက်စွဲကာ မဟာဗောဓိပင်တော်ကို သုံးကြိမ်တိုင်တိုင် လက်ျာရစ်လှည့်လည် ပူဇော်လေ၏။

ယင်းသို့ပူဇော်၍ ရှစ်ပါးသောအရပ်တို့၌ ရှိခိုးပြီးမှ နဖူးထက်၌ တင်အပ်သော လက်အုပ်ရှိသည်ဖြစ်၍ မတ်တတ်ရပ်ပြီးလျှင် "တပည့်တော်သည် ဤမဟာဗောဓိပင်တော်ကို ဆောင်ယူခြင်းငှါ အလိုရှိပါသည်"ဟု သစ္စာပြုသောအားဖြင့် လျှောက်ထားလေ၏၊ ထို့နောင်မှ လက်ျာတောင်ကိုင်း ထိလုမျှသော အမြင့်အကျယ်ကို ပြုစေလျက် ထိုအကျယ်ထက်၌ ရတနာအင်းပျဉ်ကို တင်ထားစေ၍ ထိုရတနာ အင်းပျဉ်ထက်၌ ရွှေဖျဉ်းကိုတင်ထားစေလေ၏။

မင်းကြီးလည်း ယင်းသို့စီရင်ပြီးမှ ရွှေဖြင့်ပြီးသော စောင်းတန်းလှေကားဖြင့်တက်၍ ရတနာအင်းပျဉ်ထက်၌ မတ်တတ်ရပ်ကာ အရှေ့အရပ်သို့ မျက်နှာမူပြီးလျှင် ရွှေနှင့်တံစုတ်ကိုယူလျက် ဒက္ခိဏသာခါ လက်ျာတောင်ကိုင်းကို ဆေးဒန်းမြင်းသီလာဖြင့်သားလျက်"ဤဒက္ခိဏသာခါ လက်ျာတောင်ကိုင်းသည် မိမိအလိုလို ပြတ်ကြွေ၍ မြေပဝရသီဟဠကျွန်းခွင်၌ အစဉ်တည်နေတော်မူအံ့သောငှါ ဤရတနာရွှေဖျဉ်းထက်၌ စိုက်လျက်တည်ပါစေသတည်း"ဟု အဓိဋ္ဌာန်ပြုလေ၏။

ထိုအခါ မဟာဗောဓိသာခါ လက်ျာတောင်ကိုင်းသည် ဆေးဒန်းမြင်းသီလာဖြင့်ရေးသားအပ်သောနေရာအရပ်မှ မိမိအလိုလိုကြွေပြတ်၍ အထပ်ထပ်သော နံ့သာညွှန်ပျောင်းတို့ဖြင့် ပြည့်သော ရွှေဖျဉ်း၏ အထက်၌ တည်လေ၏။ ထို့ကြောင့်—

လေခဋ္ဌာနေ မဟာဗောဓိဆိဏ္ဍိတွာ သယမေဝ သဂန္ဓကဒ္ဒမ
ပူရဿ ကဋာဟဿ ဥပရိ ပတိဋ္ဌိတာ။

ဟုဗောဓိဝင်အဋ္ဌကထာ၌ လာ၏။

ထို့နောင်မှ သိရိဓမ္မာသောကမင်းကြီးသည် ယင်းသို့ကြွေပြတ်လျက် မတ်မတ်မားမားတည်လာသော ဒက္ခိဏသာခါ ကိုင်းမတွင် မူလဖြစ်သော မြင်းသီလာအရေးမှ-အထက် လက်သုံးသစ်မျှခြားကွာရာအရပ်၌ တခုသောအရေးကို ရေးသားပြန်လေ၏၊ ယင်းသို့ ရေးသားပြီးသော ခဏ၌ပင်လျှင် ထိုနေရာအရပ်မှ အဖုအညှောက် ပေါ်လာ၍ ဆယ်ဖြာသော အမြစ်တို့သည်ထွက်လာလေ၏၊ ထို့နောင်မှ ထိုအရေး

၏အထက်၌ လက်သုံးသစ်စီခြားကွာစေလျက် ကိုးခုသောအရေးတို့ကို ရေးသားပြန်လေသည် ရှိသော် ထိုကိုးခုသော အရေးတို့မှ ရှေးနည်းအတူ ဆယ်ခုဆယ်ခုသော အမြစ်တို့သည် အစဉ်အတိုင်း ပေါ်ထွက်လာသဖြင့် ကိုးဆယ်သောအမြစ်တို့သည် ဖြစ်လေကုန်၏။

ဤသို့လျှင်သိရိမဏ္ဍသောကမင်းကြီးရတနာအင်းပျဉ်ထက်၌ရပ်လျက် တည်စဉ်ပင်လျှင် ဒက္ခိဏသာခါ လက်ျာတောင်ကိုင်းမှ တရာသော အမြစ်တို့ သစ်သစ်ပြောင်ပြောင် အရောင်အသရေနှင့်တကွ ပေါ်ထွက်လာသည်ကို ဖူးမြင်ကြရကုန်သည်ဖြစ်၍ အတိုင်းထက် အလွန်လျှင် ကြည်လင် ဝမ်းမြောက်ကြကုန်ရကား တထောင်မျှလောက်ကုန်သော ရဟန်းသံဃာတော်မြတ်တို့နှင့်တကွ များစွာကုန်သော စစ်သည်မိုလ်ပါ ပရိသတ်အပေါင်းတို့ ကောင်းချီးချီငေါ် ကြွေးကြော် ထောမနာပြုကြသော အသံသည် တပြိုင်နက် အုတ်အုတ် ကျက်ကျက် ဖြစ်လေ၏၊ စစ်သည်မိုလ်ပါ ပရိသတ်အပေါင်းတို့လည်း ထောင်သောင်း မကသော ပုဆိုးတို့ကိုကြဲမြှောက်ကြလေကုန်၏၊ ဤလူ့ဘုံမှစ၍ အထက် အကနိဋ္ဌ ဗြဟ္မာ့ဘုံတိုင်အောင် အလုံးစုံသော နတ်, ဗြဟ္မာ အပေါင်းတို့သည် ကောင်းချီးကြော်ငြာ၍ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာပြုကြလေကုန်၏၊ ယင်းသို့ ရဟန်းသံဃာ ပရိသတ်နှင့်တကွ မင်းမှူးမတ်ပရိသတ်တို့ ရင်ခတ်လက်တီး အံ့ချီးကြွေးကြော်ကာ ပူဇော်ဖူးမျှော်ကြကုန်စဉ်ပင်လျှင် တရာကုန်သောဗောဓိမြစ်တို့သည် ရွှေဖျဉ်းကြီးအတွင်း နံ့သာညွန်ပျောင်းသို့သက်၍ ဖွဲ့ယှက်ကာ တည်ကြ လေကုန်၏။

ထို့ကြောင့်—

> ဝေ သတေန မူလာနံ၊ တတ္တ သဂန္ဓ ကဒ္ဒမေ၊
> ပတိဋ္ဌာသိ မဟာဗောဓိ၊ ပဿန္တံ မဟာဇနာနန္တိ။

ဟု ဗောဓိဝင်အဋ္ဌကထာ၌လာ၏။

ထိုတရာကုန်သောဗောဓိမြစ်တို့တွင် ရှေးဦးစွာထွက်သော ဆယ်ခုသော အမြစ်ကြီးတို့သည် ရွှေဖျဉ်းအပြင်ကို ပြန့်နှံ့ထိခိုက်၍တည်ကြလေ၏၊ ကြွင်းသော ကိုးဆယ်သောအမြစ်ငယ်တို့သည်ကား အစဉ်အတိုင်း ကြီးပွါးကုန်သည်ဖြစ်၍နံ့သာညွန်ပျောင်း၌သာလျှင်တည်ကြလေကုန်၏၊

ထိုဒက္ခိဏသာခါ မဟာဗောဓိ လက်ျာတောင်ကိုင်းသည် အမြင့်အား ဖြင့် ဆယ်တောင်မျှရှိလေ၏၊ အရှည်လေးတောင်စီ ရှိသော ခက်မကြီး ငါးခု, တထောင်မျှသော ခက်ငယ် ခက်သေး, ငါးလုံးသော အသီးတို့ ဖြင့် တန်ဆာဆင်အပ်သည်ဖြစ်၍ အလွန်လျှင် တင့်တယ်စိုပြေလေ၏။

ငင်းဒက္ခိဏသာခါပင်မင်း ရွှေဖျဉ်း၌တည်သောအခါ မဟာ ပထဝီမြေကြီးသည် ကြည်းဟည်းမည်ကြွေး ကောင်းချီးပေး လျက် အေးယာဉ်ပုခက် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါမျှ တချာချာတုန်လှုပ်လေ၏၊နတ်ပြည်၌ဖြစ်သော စည်စောင်းငြင်း စသောတူရိယာတို့သည် အလိုလိုသာလျှင် သာယာစွာမြည်ကြ လေကုန်၏၊အလုံးစုံသော တောင်ကြီး တောင်ငယ် အပေါင်း တို့သည်လည်း စောင်းထောင် ညွတ်ကိုင်းကြလေကုန်၏၊နတ် ပြည်ခြောက်ထပ် နတ်အပေါင်း တို့သည်၎င်း, အလုံးစုံသော နဂါး,ဂဠုန်,ကုမ္ဘဏ်,ဂန္ဓပ်,နတ်အသုရာတို့သည်၎င်း ကောင်း ချီးပေးသောအားဖြင့် ကြွေးကြော်သောအသံကို ပြုကြလေကုန် ၏၊ ဗြဟ္မာအပေါင်းတို့သည်လည်း ကောင်းချီး ပေးသောအား ဖြင့် လက်ပန်းပေါက်ခတ် ကြလေကုန်၏၊ မိုဃ်းသားမိုဃ်းတိမ် တို့လည်း အလိမ်လိမ်အထပ်ထပ် တက်လတ်၍ နယ်ရှစ်ရပ် လုံး ခြိမ့်ခြိမ့်အုန်းအောင် ထစ်ချုန်းမြည်ဟည်း ကြလေကုန်၏၊ ဤသို့လျှင် အလုံးစုံသော ကောင်းချီးသံသည် ဤမြေ အပြင်မှ အထက် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် တပြိုင်နက် ပွဲတင် ထပ်မျှဖြစ်လေ၏။

ထိုအခါ မဟာဗောဓိ ဒက္ခိဏသာခါ၏ ငါးဖြာသောခက်မကြီးတို့ မှ၎င်း,တထောင်သော ခက်သေးခက်ငယ်တို့မှ၎င်း, ငါးလုံးသောအသီး တို့နှင့် အရွက်တို့မှ၎င်း နီလ,ပီတ-စသော ခြောက်သွယ်သော ရောင် ခြည်တော်တို့သည် ဖူးမျှော်၍မငြီး အံ့ချီး၍မပြီးနိုင်အောင် တညီးညီး တထိန်ထိန် ထွက်ကြွကွန့်မြူးကြလေကုန်၏၊ ထိုရောင်ခြည်တော်တို့သည် အလုံးစုံသော စကြဝဠာ အာကာသအပြင်ကို ရတနာအချင်ယနယ် တို့ဖြင့် ဖုံးအုပ် မိုးကာဘိသကဲ့သို့ ပြုလျက် အထက် ဗြဟ္မာ့ပြည် တိုင် အောင် တက်လေကုန်၏၊ ထို့နောင်မှ ဆီးနှင်းတိမ်တိုက်တွင်းသို့ဝင်၍

တစုံတယောက်သောသူမျှ မဖူးမမြင်ရသည်ကိုပြုလျက် ခုနစ်ရက် ပတ်လုံး တည်နေတော်မူလေသတည်း၊ ထို့ကြောင့်—

သကဋ္ဌာဟံ မဟာဗောဓိ၊ ဥဂ္ဂန္တွာန တတော နဘံ။
အဋ္ဌာသိ ဟိမဂဗ္ဘမှိ၊သတ္တာဟာနိ အဒဿနီ။ ။

ဟု ဗောဓိဝင်အဋ္ဌကထာ၌လာ၏။

သိရိမေဃာသောကမင်းကြီးလည်း ရတနာအင်းပျဉ်ပေါ်မှအောက်သို့ ဆင်းသက်၍ ခုနစ်ရက်ပတ်လုံး မဟာဗောဓိပင်ကို ပူဇော်ဖူးမျှော်ကာ နေ၏၊ယင်းသို့မင်းကြီးပူဇော်ဖူးမျှော်၍ခုနစ်ရက်စေ့သောအခါ ထိုရောင်ခြည်တော်ခြောက်ဖြာတို့သည် ထက်ဝဋ္ဋာတိမ်တွင်းမှ ဆင်းသက်ပြန်နစ်ပြီးလျှင် မဟာဗောဓိပင်သို့ဝင်၍ စံနေတော်မူကြလေကုန်၏၊ မင်းကြီးလည်း ဤသို့သော တန်ခိုးပြာဋိဟာတို့ကို ဖူးမြင်ရသဖြင့် ဗလဝသဒ္ဓါဖရဏာဇောအကြိမ်ကြိမ်စောလတ်ရကား "ဤမဟာဗောဓိပင်သစ်ကိုကောရာဇ်မင်းစည်းစိမ်ဖြင့် ပူဇော်ကန်တော့ဦးအံ့"ဟုကြံပြီးလျှင် အနေသာတတ်ရေစင်ဖြင့် အဘိသိက်သွန်းသည်ကိုပြု၍ ထိုဗောဓိပင်ပျို၏အနီး၌ပင် ခုနစ်ရက်ပတ်လုံးစံနေတော်မူလေ၏။

အသန္ဓိမိတ္တာမိဖုရားကြီးနှင့်တကွ တသောင်းခြောက်ထောင် ကုန်သော မင်းသမီးအပေါင်းတို့သည်လည်း မိမိတို့တွင် ဝတ်ဆင်လျက် ပါလာသောရတနာဘယက် လက်ကောက် နားဒေါင်း စသောတန်ဆာတို့ကိုချွတ်၍ လှူဒါန်းပူဇော်ကြလေကုန်၏၊မင်းကြီးနောက်တော်မှ ခြံရံလျက်ပါလာကုန်သော အလုံးစုံသောမင်းတို့သည်လည်း မိမိတို့၌ စိုက်ဆောင်း ဆင်ယင်အပ်ကုန်သော အဘိုးအသိန်းမက ထိုက်ကုန်သော မကိုဋ်သရဖူတို့ကိုချွတ်၍ ပူဇော်လှူဒါန်းကြလေကုန်၏။

[ဤဒကွိဏာသာခါ လက်ျာတောင်ကိုင်းသည် အထက် ဆိုခဲ့သောနှစ် သီတင်းကျွတ်လပြည့် ဥပုသ်နေ့ ညချမ်းအချိန်တွင် ရွှေဖုဥ်း၌ တည်တော်မူလေသတည်း။]

ထို့နောက် ခုနစ်ရက်ပတ်လုံး အဘိသေကမင်္ဂလာသဘင်ကိုဆင်ယင်ကျင်းပတော်မူပြီးလျှင် သီတင်းကျွတ် လပြည့်ကျော် ရှစ်ရက် ဥပုသ်နေ့တွင် ထိုမဟာဗောဓိပင်တော်ကို ဘော်သာဒွါအဆင်း သန့်ရှင်းသော

အပွေးရှိသော မဂ်လာမြင်းဖြူတို့ဖြင့် ကအပ်သော နဝရတ်ရတနာ စီခြွာဆန်းကြယ် တင့်တယ်လှစွာသော မင်္ဂလာရထား ထက်သို့ တင်ပြီးလျှင် စစ်အင်္ဂါ အပေါင်း ခြံရံလိုက်ပါစေလျက် ပြေပြစ် ညီညာ သာယာတင့်ဆန်း ရှုမခန်းအောင် နတ်လမ်းတမျှ လှပစွာ တန်ဆာဆင်အပ်သော မင်းလမ်းခရီးအစဉ်ဖြင့် စံရှင်ရာပါဋလိပုတ် ပြည်သို့ပင့်ဆောင်ခဲ့ရာ ထိုနေ့တနေ့ခြင်းဖြင့်ပင် ပါဋလိပုတ်ပြည်သို့ ဆိုက်ရောက်သဖြင့် ပြည်တွင်းသို့သွင်း၍ ပူဇော်ကြလေကုန်သတည်း၊ ထို့နောင် တန်ဆောင်မုန်းလဆန်းတရက်နေ့ ပြည်တွင်းမှထုတ်ပြန်၍ မြို့၏အရှေ့မျက်နှာ၌ရှိသော သာလာယံ စရပ်ကြီး၏အနီး၌ ကြီးစွာ သောမဏ္ဍပ်ကို ဆောက်လုပ်စေပြီးလျှင် ထိုမဏ္ဍပ်ကြီးအတွင်း၌ သွင်း ထားပူဇော်ကြပြန်သတည်း။

[ရွှေဖူးဦး၌ တည်သောနေ့မှ နောက် တဆယ့်ခုနစ်ရက်မြောက်သော နေ့၌ ဤမဟာဗောဓိပင်မှ အသစ်ဖြစ်သော ကိုးခုသော အညှောက်တို့ တဖန်ထပ်မံပေါက်ရောက်ပြန်လေသတည်း။]

သိရိဓမ္မာသောကမင်းကြီး ပင့်ဆောင်အပ်သော
ဒက္ခိဏသာခါ လက်ျာတောင်ကိုင်းနှင့်စပ်သောအကြောင်းကိုပြရာ
စကားအစဉ်ကား ဤတွင်ပြီး၏။

---

## ၂၀။ ဒက္ခိဏသာခါ လက်ျာဗောဓိကို သီဟိုဠ်ကျွန်းသို့ ပင့်ဆောင်ခြင်းအကြောင်း

ထို့နောင်မှ သိရိဓမ္မာသောကမင်းကြီးသည် ဆင္ဃာဘိညဖြစ်သော သမီးတော် သင်္ဃမိတ္တာထေရီမကို ပင့်ဘိတ်တော်မူပြီးလျှင်"ချစ်သမီး... ဤဒက္ခိဏသာခါ လက်ျာညွန့်ရှင် ဗောဓိပင်ကို လင်္ကာဒိပ သီဟဠ ကျွန်းဘောင်သို့ ဆောင်ယူ ပင့်သွားလေလော့"ဟု ခွင့်ပေးလေ၏၊ ထို့နောင်မှ နဂါးမင်းကိုခေါ်စေလျက်"အသင်နဂါးမင်းသည် အခြံ အရံနှင့်တကွ ဤဗောဓိပင်ကို အစဉ်စောင့်ရှောက်လိုက်ပို့ပါလော့" ဟုဆိုပြီးမှ တဆယ့်ရှစ်ယောက်သောနတ်မျိုးတို့ကို ခေါ်ပြန်၍ "သင်တို့ လည်း ဤမဟာဗောဓိပင်ကို အစဉ်စောင့်ရှောက် လိုက်ပို့ကြကုန် လော့"ဟု မိန့်ဆိုလေ၏၊ ထို့နောင်မှ ရှစ်ယောက် ရှစ်ယောက်ကုန်

သော မင်းမျိုး, သူဌေးမျိုး, သူကြွယ်မျိုး, ကုန်သည်မျိုး စသည်တို့ကို ဌာနန္တရအသီးသီးတို့၌ ချီးမြှင့်ခန့်ထား၍ ထူးခြား ဆန်းကြယ်စွာ တန်ဆာဆင်အပ်သော လှေထက်သို့ မဟာဗောဓိပင်ကိုတင်စေ၏။

အရှင် သင်္ဃမိတ္တာ ထေရီမနှင့်တကွ တကျိပ်နှစ်ယောက်သော ဘိက္ခုနီမတို့ကိုင်၎င်း, သိတမန်တော်ဖြစ်သော အရိဋ္ဌအမတ်ကို၎င်း, ဗောဓိ အစောင့်အရှောက်ဖြစ်သော သူတို့တွင် အကြီးအမှူး ဦးစီး နာယကဖြစ်ကုန်သော သူတို့ကို၎င်း ထိုဗောဓိပင်တင်ရာ လှေတော် ထက်သို့ချည်း တင်စေတော်မူ၏၊ကြွင်းသော အခြံအရံဖြစ်သောသူတို့ကို ကား လှေငယ်တို့၌ တင်စေတော်မူ၏၊ မင်းကြီးလည်း ယင်းသို့အရပ် ရပ်သောကိစ္စတို့ကို စီရင်ပြီးလျှင် မြို့မှထွက်တော်မူ၍ သမုဒ္ဒါကမ်းခြေ ပတ်လည်၌ ဝန်းရံကာတည်ရှိသော ဝိဇ္ဈာတဝီမည်သော တောအုပ်ကြီး ကို လွန်မြောက်စေလျက် အစဉ်သဖြင့် ကြွချီလေသော် ခုနစ်ရက် မြောက်သောနေ့၌ သီဟိုဠ်ကျွန်းသို့ ကူးသွားရာ သဘော်ဆိပ်ကမ်းသို့ ဆိုက်ရောက်တော်မူလေသတည်း။

ဓမ္မာသောကမင်းကြီးသည် ယင်းသို့ဆိုက်ရောက်တော်မူသောအခါ သမုဒ္ဒါကမ်းခြေ ရေမလွှမ်းနိုင်ရာအရပ် ဖြူလျှပ်ဝင်းပြောင် အသရေ ဆောင်သော ငွေသဲသောင်ထိပ်ဦး၌ ထူးမြတ်ဆန်းကြယ် တင့်တယ် လှစွာသော မဏ္ဍပ်ကြီးဆောက်လုပ်၍ ထိုမဏ္ဍပ်အတွင်း၌မဟာဗောဓိ ပင်ကို သွင်းထားလျက် မင်းမျိုးဖြစ်သော သတို့သမီးလက်၌ အမျက် ရတနာခြယ်စီမွမ်း၍ နာရကာရွှေစင်ဖြင့် သွန်းလုပ်အပ်သောခရုသင်း, သူဌေးမျိုးဖြစ်သော သတို့သမီးလက်၌ ငွေစင်ဖြင့် သွန်းလုပ် အပ်သော ခရုသင်း,ပုဏ္ဏားမျိုးဖြစ်သော သတို့သမီးလက်၌ လက်ျာရစ်လည်သော ခရုသင်းတို့ကို ကိုင်ထားစေပြီးလျှင် အနောတတ်ရေစင်ဖြင့် ထိုမဟာ ဗောဓိပင်ကို အဘိသိက်သွန်းလောင်းပြန်လေ၏။

ထို့နောင် နတ်တော်လဆန်း တရက်နေ့၌ တကျိပ်ခြောက်ယောက် သော အခြံအရံတို့နှင့်တကွ မဟာဗောဓိပင်ကို ချီမပင့်မြှောက်၍ မိမိဦးခေါင်းထက်၌တင်ထားပြီးလျှင် လည်မျိုပမာဏရှိသော သမုဒ္ဒါ ရေသို့ ဆင်းသက်ပင့်ဆောင်သွားပြီးမှ ထူးပြားဆန်းကြယ်စွာ တန်ဆာ

ဆင်အပ်သော လှေထက်ရှိ ရွှေအင်းပျဉ်ပေါ်သို့ တင်ထားလေ၏၊ ထို့နောင် သမီးတော်သယ်မိတ္တာထေရီမနှင့်တကွ ထေရီမ၏အခြံအရံ တို့ကို ထိုမဟာဗောဓိပင်တင်ရာလှေထက်သို့ရင်း,ကြွင်းသော အစောင့် အရှောက် အခြံအရံတို့ကို လှေငယ်ထက်သို့ရင်း တက်စီးကြစေပြီးမှ အရိဋ္ဌအမတ်ကို ခေါ်တော်မူ၍–

"အဆွေဖြစ်သော ဒေဝါနံ ပိယတိဿမင်း….

အကျွန်ုပ်သည် ဤမဟာဗောဓိပင်မြတ်ကို ဇမ္ဗူဒိပ်ကျွန်းအလုံး ကို အစိုးရသော ကေရာဇ်မင်း စည်းစိမ်ဖြင့် သုံးကြိမ်တိုင်တိုင် ပူဇော်ပြီးမှ မိမိဦးခေါင်းထက်၌တင်ရွက်ကာ လည်မျိုပမာဏ ရှိသော သမုဒ္ဒရာရေသို့ ဆင်းသက်လိုက်ပို့၍ ကူးတို့လှေထက်သို့ တင်ကာ အဆွေတော်၏အထံသို့ ပါးလိုက်ပါသည်၊ အဆွေ တော်လည်း ကျွန်ုပ်အတူ ပူဇော်ဆောင်ရွက်ပါလေလော့"–

ဟု သဝဏ်စာရေးသားပေးအပ်တော်မူလိုက်လေသတည်း။

သိရိဓမ္မာသောကမင်းကြီးသည် ယင်းသို့ သတင်းစကား ရေးသား ပေးတော်မူလိုက်ပြီးနောက် သမုဒ္ဒရာကမ်းပေါ်၌ ရပ်တည်တော်မူစဉ် မဟာဗောဓိပင်နှင့်တကွ လှေကြီးလှေငယ်တို့ ထွက်ခွါသွားကြသည်ကို မြင်ရလေလျှင် "ညို, ရွှေ, နီ, ဖြူ, မောင်း,ဟူမြီးပြက် တခဲနက်ဟူသော ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို တပြောင်ပြောင် ထွန်းလင်း တောက်ပစေတော်မူတတ်သော မဟာဗောဓိပင်မင်းတည်း"ဟု ထုတ် ဖော်မိန့်မြွက်၍ ဦးထိပ်ထက်တွင် လက်အုပ်တင်ကာ သွယ်ဖြာစီးကျ မျက်ရည်ခသော ပသာဒမျက်စိဖြင့် ပကတိအတိုင်းမြင်နိုင်သောအရပ် အဆုံးတိုင်အောင် မခိုင်မကျည် အတည်တည် လွမ်းဆွတ်သော စိတ် တော်ဖြင့် မျှော်ကြည့်ဖူးမြင်ပြီးသောအခါမှ မိမိနေရာ ပါဋလိပုတ်ပြည် သို့ ပြန်လည်တော်မူခဲ့လေသတည်း၊ထို့ကြောင့်–

မဟာဗောဓိဝိယောဂေန၊ ဓမ္မာသောကောမသောကဝါ။
ကန္ဒိတွာ ပရိဒေဝိတွာ၊ အဂမာသိ သကံ ပုရံ။ ။

ဟု ဗောဓိဝင်အဋ္ဌကထာ၌လာ၏။

မဟာဗောဓိပင်ဟင်အပ်သော လှေတော်သည် ယင်းသို့ ထွက်ခွါကူးခပ်၍ မဟာသမုဒ္ဒြာအတွင်း တယူဇနာမျှသော အရပ်သို့ ရောက်လေသောအခါ မဟာသမုဒ္ဒြာ၏အတွင်း၌ ကြီးမင်းစွာထသော လှိုင်းတံပိုးတို့သည် တန်ခိုးတော်အဟုန်ကြောင့် အလုံးစုံကွယ်ငုပ်၍ ပုတ်ခတ်ထိပါး လှုပ်ရှားတိုက်ခတ်ခြင်းမရှိ၊ ပကတိငြိမ်သက်လျက် စည်မျက်နှာအပြင်နှင့်တူသော ရေပြင်သည်ဖြစ်လေ၏၊ ထိုရေအပြင်၌ ဆဒ္ဒန္တမည်သောရေအိုင်ကြီးအတွင်း၌ကဲ့သို့ အဆင်းငါးပါးရှိသော ကြာမျိုးတို့သည် ဖြိုးဖြိုးမိုမို စိုစိုစွင့်စွင့် ဆင့်ရရင့်စီရရီပွင့်ကြလေကုန်၏၊ အထက်ကောင်းကင် လဟာပြင်တရိုးမှလည်း အခိုးမြူမှောင် တိမ်တောင်မိုးသားမျှားကင်း၍ သန့်ရှင်းစင်ကြယ်လျက် ငါးသွယ်သော နတ်တူရိယာတို့ကို တီးမှုတ်ကြော်ငြာသကဲ့သို့ သာယာစွာသော အသံတို့သည်ဖြစ်လေကုန်၏၊ သမုဒ္ဒြာ သီဒါ၀န်းကျင် ကောင်းကင်ရေမြေ၌ မှီနေကုန်သော နတ်တို့လည်း နတ်၌ဖြစ်သော ထူးမြတ်သော ပူဇော်သက္ကာတို့ဖြင့် မြတ်နိုးတနာ ပူဇော်ကြလေကုန်၏။

ထိုအခါ မဟာသမုဒ္ဒြာ၏ အတွင်း၌နေကုန်သော နဂါးအပေါင်းတို့သည်“ထိုမဟာဗောဓိပင်မင်းကို အတင်းလုယူအံ့”ဟုကြံစည်ကြပြီးလျှင် ကြောက်မက်ဘွယ်ရှိသော အမျိုးမျိုးသော တန်ခိုးဣဒ္ဓိပါဒ်တို့ကို ဘန်ဆင်းပြသကြလေကုန်၏၊ယင်းသို့ နဂါးအပေါင်းတို့ကြံစည်သည်ကို အရှင်သယ်မိတ္တာထေရီမ သိတော်မူလေလျှင် ရွှေစင်ဖြင့် ပြီးသော ကြီးစွာသော ဂဠုန်မင်းသဏ္ဍာန် ဖန်ဆင်း၍ ကောင်းကင်သို့ ပျံတက်လျက် သမုဒ္ဒြာ၏ထက်ဝန်းကျင် ကောင်းကင်ပြင်အလုံးကို တခဲနက်ပိတ်ဖုံးမိုက်မှောင်စေလျက် အတောင်နှစ်ဘက်တို့မှဖြစ်သော ပြင်းစွာသော လေအဟုန်တို့ဖြင့် ရေယမုန်အဒ္ဒမ်းကို ဖြန်းဖြန်းကွဲတုန်လှုပ်ချောက်ချားစေ၍ နဂါးမျိုးခပင်းကို အတင်းထိုးသုတ် ဖမ်းယူအံ့သောအခြင်းအရာကိုပြုသည်ရှိသော် ထိုအလုံးစုံသော နဂါးမျိုးအပေါင်းတို့သည် ပုန်းအောင်းခိုကိုးရာမမြင် အလွန်လျှင် ထိတ်လန့် ကြောက်ရွံ့ကြကုန်ရကား သယ်မိတ္တာထေရီမထံ ချဉ်းကပ်၍ မိမိတို့ကြံစည်အပ်သော အကြံကို လျှောက်ထားဖေါ်ပြလျက်—

"အရှင်မ····အကျွန်ုပ်တို့ နဂါးများသည် မြတ်စွာဘုရားသာသနာ၌ လွန်စွာကျေးဇူးများပါသည်၊မြတ်စွာဘုရားသခင်ဖြစ်တော်မူအံ့သော နေ့၌ ကာလနဂါးမင်းသည် မြတ်စွာဘုရားသခင်အား များစွာသော ပရိယာယ်ဂုဏ်ပုဒ်တို့ကို ထုတ်ဖော်ချီးမွမ်းခြင်း, မုစလိန္ဒသဏ္ဍာဟ၌ မုစလိန္ဒ နဂါးမင်းသည် ခုနစ်ရက်ပတ်လုံး မိမိကိုယ်ကို ဂန္ဓကုဋိပြု၍ မြတ်စွာဘုရားသခင်အား ပူဇော်မြတ်နိုးတနာပြုခြင်း, ဥရုဝေလ နဂါးမင်းကို ဆုံးမတော်မူ၍ ထိုနဂါးမင်း သရဏဂုံ သီလတို့၌ တည်ခြင်း, အရှင်မောဂ္ဂလာန်မထေရ် နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမတော်မူ၍ ထိုနဂါးမင်း အကျွတ်တရား ရခြင်း စသည်ဖြင့် အကျွန်ုပ်တို့နဂါးမျိုးများ ဘုရားသခင် သာသနာ၌ လွန်စွာသဒ္ဓါကြည်ညိုသော ကုသိုလ်အဟုန်ကို ထောက်ထား၍ မိုက်မှားမိသည်ကို သည်းခံတော်မူကာ မဟာဗေဒမိပင်ကို အကျွန်ုပ်တို့နဂါးပြည်သို့ ခေတ္တမျှပင့်ဆောင် ပူဇော်ရန် ခွင့်ပြုတော်မူပါ"ဟု ချေင်စွာ တောင်းပန်လျှောက်ထားကြလေကုန်သတည်း။

ယင်းသို့ လျှောက်ထားကြသောစကားကို အရှင်သယ်မိတ္တာထေရီမ ကြားတော်မူလေလျှင်"အသင်နဂါးလုလင်အပေါင်းတို့····ဤမဟာဗေဒမိပင်ကို အကျွန်ုပ်မှတပါး မည်သူတဦးတယောက်မျှ ဆောင်ယူပိုင်ခွင့်မရှိ၊ အကျွန်ုပ် တဦးတည်းသာလျှင် ဆောင်ယူပိုင်ခွင့် ရှိသည်၊ ထို့ကြောင့် အသင်တို့အား ခုနစ်ရက်မျှခွင့်ပေးတော်မူမည်၊ သင်တို့နဂါးပြည်သို့ဆောင်၍ ခုနစ်ရက်မျှ ပူဇော်မြတ်နိုးတနာ ပြုကြလေကုန်လော့၊ ခုနစ်ရက်စေ့သောအခါ ပြန်၍ ပင့်ဆောင်ခဲ့ကြကုန်လော့"ဟု ခွင့်ပေးတော်မူလိုက်လေသတည်း။

နဂါးအပေါင်းတို့လည်း မဟာဗေဒမိပင်ကို ရတနာခုနစ်ပါးတို့ဖြင့် ခြယ်လယ်ဆင်ယင်၍ ပျော်ရွှင်ဝမ်းမြောက်စွာ နဂါးပြည်သို့ပင့်ဆောင်ကြလေကုန်၏၊ ယင်းသို့ပင့်ဆောင်၍ နဂါးပြည်သို့ ရောက်သောအခါ ရွှေဖျဉ်းနှင့်တကွသော မဟာဗေဒမိပင်ကို ကြီးစွာသော ရတနာမဏ္ဍပ်အတွင်း ရတနာအင်းပျဉ်ထက်၌ တင်ထားပြီးမှ ထီးဖြူအမျိုးမျိုး

တို့ကိုစိုက်မိုးလျက် အခိုးအထုံ အစုံစုံသော ပန်းနံ့သာတို့ဖြင့် ပူဇော်လျှ ဒါန်းစေ၍ ကချေသည်ဖြစ်သော နဂါးလုလင်ပျိုအပေါင်းတို့ကို ငြိမ့် ငြောင်းသာယာစွာ တီးမှုတ်ကျူးသီစေလျက် ခုနစ်ရက်ပတ်လုံး နဂါး တို့၏ စည်းစိမ်ဖြင့် ပူဇော်ကြလေကုန်၏၊ ယင်းသို့ပူဇော်၍ ခုနစ်ရက် စေ့သောအခါမှ ပြန်ယူပင့်ဆောင်ပြီးလျှင် လှေထက်သို့ တင်ထားကြ လေကုန်၏၊ မဟာဗောဓိပင်မင်းသည် ယင်းသို့ နဂါးတို့ ပြန်လည် ပင့်ဆောင်၍ လှေထက်ဝယ် တင်ထားသောနေ့၌ပင်လျှင် သင်္ဃမိတ္တာ ထေရီမပင့်ဆောင်၍ သီဟိုဠ်ကျွန်း ဇမ္ဗုကောလပဋ္ဋ သင်္ဘောဆိပ်သို့ ဆိုက်ရောက်လေသတည်း။

မဟာဗောဓိပင်ကို အရှင်သင်္ဃမိတ္တာထေရီမသီဟိုဠ်ကျွန်းသို့
ပင့်ဆောင်သည်ကို ပြသောအကြောင်း ပြီး၏။

---

## ၂၁။ ဒေဝါနံပိယတိဿမင်းကြီး
## ဗောဓိပင် တည်ထားကိုးကွယ်ခြင်းအကြောင်း

သီဟိုဠ်ကျွန်း ဒေဝါနံပိယတိဿမင်းကြီးသည် သုမန သာမဏေ၏ စကားဖြင့် နတ်တော်လဆန်း တရက်နေ့ကစ၍ အနုရာဓမြို့မြောက် တံခါးမှ ဇမ္ဗုကောလပဋ္ဋသင်္ဘောဆိပ် တိုင်အောင်သော လမ်းခရီးကို ညီညွတ်စွာသုတ်သင် ရှင်းလင်းစေ၍ ထိုခရီး၌ဖြူစင်သော သဲတို့ကို ကြဲဖြန့်သွန်းလောင်းစေပြီးသော် မြို့မှကိုယ်တော်တိုင် ထွက်တော်မူ လျက် မြို့တော်၏ မြောက်ဘက်တံခါးအနီး သမုဒ္ဒသာလမည်သော စရပ်ကြီး၌ စံနေတော်မူကာ သမုဒ္ဒြာသို့ ရှေးရှုကာ အမြဲမျှော်ရှု၍ နေတော်မူလေ၏။

ယင်းသို့မျှော်ရှုကာနေတော်မူစဉ် သင်္ဃမိတ္တာထေရီမသည် ကြီးလှ စွာသော တန်ခိုးအာနုဘော်ဖြင့် မဟာဗောဓိပင်တော် ပင့်ဆောင် လာသည်ကိုမြင်လျှင် သာရှင်ဝမ်းမြောက်ခြင်း ပြင်းစွာဖြစ်ရကား သွားရာခရီးလမ်းကို ရေပန်းကြည်းပန်း အမျိုးမျိုးခင်းယားစိုက်လှူစေ ခြင်း, တံခွန် ကုက္ကား မလေးပွား ကြက်လျှာတို့ကို ဆန်းကြယ်စွာ စိုက်ထူစေခြင်း, ပန်းတို့၏ အကြားအကြားတို့၌ ရေပြည့်အိုးတို့ကို

တည်ထားစေခြင်းစသည်တို့ဖြင့် နတ်လမ်းမအသွင် တန်ဆာဆင်၍ စစ်အင်္ဂါလေးပါး ခင်းကျင်းလျက် နေ့ခြင်းပင် ဇမ္ဗူကောလပဋ္ဌ သဘော်ဆိပ်သို့ ထွက်ကြွတော်မူလေ၏။

ယင်းသို့ထွက်ကြွ၍ ဆိုက်ရောက်နေတော်မူလျှင်ရေပြင်ကျယ်တရိုး၌ လှိုင်းတံပိုးအနည်းငယ်မျှမှ မထဘဲ အေးမြကြည်လင်လျက်ရှုချင်ဘွယ် ငြိမ်သက်စွာရှိသည်ကိုရင်း, ထိုရေမျက်နှာ၌ ကြာမျိုးငါးပါးတို့ ကားကား စွင့်စွင့် တင့်တင့်တယ်တယ်ဆန်းကြယ်စွာ ပွင့်လျက်ရှိသည်ကိုရင်း မြင်ရ၍ သာယာစွာသော နတ်တူရိယာသံတို့ကိုကြားရသဖြင့် ဆဆထံ ပိုး တိုးတက်ကြည်ယုံ သဒ္ဓါဇောထုံလတ်ရကား လူ့ဘုံ၌ဖြစ်သော မောင်းကြေးနှင်းစသော တူရိယာတို့ကို ရွှေနောက်ဝဲယာ ခြီရံကာ တီးမှုတ်စေ၍ ပန်းနံ့သာ နံ့သာပျောင်းစသည်တို့ဖြင့် ပူဇော်လျက် နှစ်သက်ကြည်ညို ပိုမိုလွန်ကဲသော ဇောပီတိအဟုန်ဖြင့် ရေအမြှုံ အတွင်းသို့ လည်ပင်းထိသက်ဆင်းပြီးမှ–

"အိုအချင်းတို့....

ဤဗေဒမိပင်မင်းကား သက်တော်ထင်ရှား သဗ္ဗညုရှင်တော်ဘုရား ကဲ့သို့ ထူးခြားတင့်တယ် ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်တော်မူပေတတ်စွတကား"ဟု များစွာသော ချီးမွမ်းထောမနာ စကားတို့ကို မြွက်ကြားချီးပ၍ မြတ်လှသော ဗေဒမိပင်ကို ကိုယ်အင်္ဂါ တမွတ် အထွတ်တပ်ရွှေခင်း မကိုင်ဆောင်းသော ဦးခေါင်းထက် တင်ထားပြီးမှ"မြတ်စွာဘုရားသာသနာ၌ ငါ့အားအကျိုးရှိသော လူ၏ အဖြစ်ကိုရတော်စွ"ဟုအားရဝမ်းမြောက်စွာ မဟာဗေဒမိ၏ အစောင့် အရှောက်ဖြစ်ကုန်သော တကျိပ်ခြောက်ယောက်ကုန်သော သူတို့နှင့် တကွ ချီမပင့်ဆောင်ကာ သမုဒ္ဒရာကမ်းသို့ တင်တော်မူ၏၊ ယင်းသို့ ပင့်တင်၍ ကမ်းသို့ရောက်လျှင် ထိုကမ်း၌ ခမ်းနားကြီးကျယ် မွေ့လျော် ဘွယ်ရှိသော မဏ္ဍပ်ကြီးကို ဆောက်လုပ်စေ၍ ထိုမဏ္ဍပ်ကြီး အလယ် ၌ မဟာဗေဒမိပင်ကိုထားပြီးလျှင် လက်ာဒီပကျွန်းအလုံးကို အစိုးရ သော မင်းစည်းစိမ်ဖြင့် သုံးရက်တိုင်တိုင် ပူဇော်လှူဒါန်းလေ၏။

မင်းကြီးလည်း ယင်းသို့ပူဇော်လှူဒါန်း၍ တကျိပ် ခြောက်ယောက် ကုန်သော အမျိုးသားတို့၏လက်၌ မင်းစည်းစိမ်ကို အပ်နှင်းပြီးလျှင်

တံခါးစောင့်အသွင်ဖြင့် နေတော်မူလေ၏၊ ထို့နောင် ခုနစ်ရက်ပတ်လုံးလည်း ထိုမဏ္ဍပ်အတွင်း၌ပင် သဘင်ကြီးစွာခံ၍ အထူးထူးသော ပူဇော်သက္ကာတို့ဖြင့် ပူဇော်ချီးမြှောက်တော်မူလေ၏၊ ယင်းသို့ပူဇော်၍ ဆယ်ရက်မြောက်သောနေ့၌ မဟာဗောဓိပင်ကို ကောင်းစွာ တန်ဆာ ဆင်အပ်သော ရထားထက်သို့ တင်ပြီးလျှင် စစ်အင်္ဂါ အပေါင်း ခြံရံစောင့်ရှောက်စေ၍ ပန်းပေါက်ပေါက်စသည် ကြဲ မြှောက်ပူဇော်ကာ အနုရာဓမြို့၏အရှေ့ တံခါးကျောင်းရွာသို့ ရှေးရှု ပင့်ဆောင်၍ ထိုအရပ်ရှိ ရဟန်းရှင်လူတို့ကိုပူဇော်ဖူးမျှော်စေပြီးလျှင် ထိုအရပ်မှ တဖန် တဝက္ကပုဏ္ဏားရွာသို့ ရှေးရှုပင့်ဆောင်ပြန်၍ ထိုရွာရှိရဟန်းရှင်လူတို့ကို ရှေးနည်းတူ ပူဇော်ဖူးမျှော်စေပြီးမှ တန်ဆာဆင် အပ်သော လမ်းခရီးအစဉ်ဖြင့် ပင့်ဆောင်၍ အနုရာဓမြို့၏ အနီးသို့ ဆိုက်ရောက်လေသတည်း။

ယင်းသို့ဆိုက်ရောက်၍ နတ်တော်လကွယ်နေ့ ကျသောအခါ မြို့၏ မြောက်မျက်နှာတံခါးဖြင့် မြို့တွင်းသို့သွင်း၍ ခင်းကျင်းပြုပြင် တန်ဆာ အထူးဆင်ယင်သော မင်္ဂလာမင်းလမ်းဖြင့် ခမ်းနား ကြီးကျယ်စွာ ပူဇော်ပင့်ဆောင်၍ မြို့၏ တောင်မျက်နှာတံခါးမှ ထွက်ပြီးလျှင် မေဃ ဝန်ဥယျာဉ်သို့ ပင့်ဆောင်လေ၏၊ ယင်းသို့ပင့်ဆောင်၍ ဆိုက်ရောက် သောအခါ ထိုဥယျာဉ်အတွင်း ငါတို့ မြတ်စွာဘုရားသခင် ရဟန္တာ အပေါင်း ခြံရံလျက် နိရောဓသမာပတ် ဝင်စားတော်မူရာ အရပ်၌ ထားလေ၏၊ ထိုအရပ်၌ကားနသည်ကား ရှေးဘုရားရှင် သုံးဆူတို့၏ ပွင့်တော်မူရာ ဗောဓိပင်တို့ကို စိုက်ပျိုးရာအရပ်ပင် ဖြစ်လေသတတ်။

[ထိုစကားသည် မှန်၏၊ ကကုသန်ဘုရားသခင်၏ ပွင့်တော်မူရာ ဗောဓိကား ကုက္ကိုပင်၊ ကောဏာဂုံဘုရားသခင်၏ ဗောဓိကား ရေသဖန်းပင်၊ ကဿပဘုရားသခင်၏ ဗောဓိကား ပညောင်ပင်ဖြစ်၍ ထိုအပင်တို့ကို စိုက် ပျိုးရာအရပ်ဖြစ်လေသတည်း။]

ထိုအရပ်ကို သုမနသာမဏေအရှင်၏ စကားဖြင့် ရှေးမဆွကပင် ရှင်းလင်းသုတ်သင် အသင့် ပြုပြင်၍ ထားသဖြင့် ၎င်း အရပ်၌ပင် ထိုဒက္ခိဏသာခါ လက်ျာတောင်ကိုင်းဖြစ်သောဗောဓိပင်ကို တည်စိုက် လေသတည်း၊ ထိုမဟာဗောဓိပင်ကို စိုက်ပျိုးအံ့သောအခါ၌ မင်းကြီး

သည် တံခါးစောင့်အသွင်ကို ယူတော်မူ၍ ပါဋလိပုတ်ပြည်မှ မဟာဗောဓိနှင့်တကွ ပါလာကုန်သော မဟာဗောဓိ၏ အစောင့်အရှောက်ဖြစ်ကုန်သော တကျိပ်ခြောက်ယောက်ကုန်သော အမျိုးသားတို့အား မင်း၏အသွင်ကိုယူစေ၍ မဟာဗောဓိပင်ကို ချီမစေပြီးလျှင် ယခင်ဆိုခဲ့တိုင်းသော ဘူမိနက်သန်အရပ်၌ နေရာချထား တည်စိုက်တော်မူလေ၏။

မဟာဗောဓိပင်သည် ယင်းသို့တည်စိုက်၍ တကျိပ်ခြောက်ယောက်သော အမျိုးသားတို့၏လက်မှ လွတ်သောခဏ၌ပင်လျှင် အထက်ကောင်းကင်သို့ အတောင်ရှစ်ဆယ်မျှပျံတက်၍ တလက်လက် တထိန်ထိန် တရှိန်ရှိန် တဝင်းဝင်း ထွန်းလင်းတောက်ပြောင် မိုဃ်းလုံးလောင်သော ရောင်ခြည်တော်ခြောက်စိုင်တို့ကို တပြိုင်တည်း လွှတ်လတ်သဖြင့် ပတ်ကုံးဒိသာ အရပ်မျက်နှာတို့သို့ အဖြာဖြာကွန့်မြူး ပြေးထွက်လျက် အထက် ဗြဟ္မာ့ပြည်တိုင်အောင် ပျံ့နှံ့၍တည်လေ၏၊ ထို့ကြောင့်—

> ဟတ္ထတော မုတ္တမတ္တာ သာ၊အသီတိ ရတန နဘံ၊
> ဥဂ္ဂန္တွာန ဣတော မုတ္တိ၊ ဆဗ္ဗဏ္ဏရသ္မိယော ပုဂ်၊၊ ။

ဟု ဗောဓိဝင်အဋ္ဌကထာ၌လာ၏။

ထိုအခါ မဟာဗောဓိပင်မှ တက်၍ အထက်ဗြဟ္မာ့ပြည်တိုင်အောင် ကွန့်မြူးသော မမြင်စဘူး ထူးမြတ်ဆန်းကြယ် လွန်တင့်တယ်သော ရောင်ခြည်တော် ခြောက်သွယ်တို့ကို ဖူးမြင်ကြရကုန်သော တထောင်ကုန်သော အမျိုးသားတို့သည် ဘုရားသခင်၏ ဂုဏ်ကျေးဇူးမတော်အဟုန်ကို တလုံလဲလဲ အောက်မေ့ကြည်ညိုပြီးလျှင် အစဉ်အတိုင်းသော ဝိပဿနာတို့ကို ဖြစ်စေလျက် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ကြလေကုန်သတည်း။

ဒေဝါနံပိယတိဿမင်းကြီး မဟာဗောဓိပင်စိုက်ပျိုး
တည်ထားသောအကြောင်းအရာ ပြီး၏။

## ၂၂။ အသီးတို့ကိုစိုက်ပျိုးအပ်သောဗောဓိပင်ငယ်တို့အကြောင်း။

ဤသို့လျှင် ဇမ္ဗူဒိပ်ကျွန်း မဇ္ဈိမဒေသအရပ်ရှိ မဟာဗောဓိပင်တော်မှ သင်္ဃမိတ္တာထေရီမ ပင့်ဆောင်တော်မူခဲ့သော ဒက္ခိဏသာခါလက်ျာဗောဓိတော်ကို အရှင်မဟာမဟိန္ဒမထေရ်အမှူးရှိသော သံဃာတော်မြတ်တို့နှင့်တကွ သီဟိုဠ်ကျွန်းကြီးကို အစိုးရတော်မူသော ဒေဝါနံပိယတိဿမင်းကြီးတို့သည် ကောင်းချီးကြေညာ ပူဇာသဘင်ပွဲကြီးယင်လျက် မေဃဝနမည်သော ဥယျာဉ်အတွင်း၌ စိုက်ပျိုးတည်ထားကြလေကုန်သတည်း၊ ယင်းသို့စိုက်ပျိုးတည်ထားအပ်သော မဟာဗောဓိပင်တော်မှ အထက်၌ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ထွက်ကြွ ကွန့်မြူးသောရောင်ခြည်တော် ခြောက်သွယ်တို့သည် ကောင်းကင်အလယ် အတောင်ရှစ်ဆယ်မျှ အတိုင်းအရှည်ရှိသောအရပ်၌ တလျှပ်လျှပ် တဝင်းဝင်းထွန်းလင်း တည်နေ၍ ထိုနေ့အဘို့ ကုန်လွန်သဖြင့် ညဉ့်အချိန်တိုင်ရောက်သောအခါ ရောဟိဏီနက္ခတ် မွန်းတည့်မတ်သည်နှင့်တပြိုင်နက်မြေသို့သက်၍ တည်တော်မူကြလေကုန်၏။

ယင်းသို့ရောင်ခြည်တော်ခြောက်ထွေတို့ မြေသို့သက်၍ တည်သည်နှင့်တပြိုင်နက် ယူဇနာနှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီဤမြေအလုံးသည် ပထဝီသန္ဓာရကဖြစ်သော ရေအဆုံးရှိသည်ကို မြှ၍ဆင်ကျောက်ကုန်းခါသည့်ပမာ အကြိမ်များစွာ ကြည်းဟည်းတုန်လှုပ်၍ ပူဇော်ကန်တော့လေ၏၊ ထို့နောင် စိုက်ပျိုးအပ်သော ဗောဓိမြတ်အရင်းမှ သန့်ရှင်းဖြူစင်လှစွာသော အမြစ်ကြီးအမြစ်ငယ်တို့ အသွယ်သွယ် ပေါ်ထွက်၍ ရွှေခွက်ရွှေဖျဉ်းအလုံးကို ရစ်ဖုံးမြေးယှက်ပြီးလျှင်အောက်မြေသို့သက်၍ စူးဝင်ဘွဲ့တွယ်ကာ တည်ကြလေကုန်၏။

ထိုအခါ အံ့ဘွယ်သရဲဖြစ်သော ဤမဟာဗောဓိပင်၏ တန်ခိုးပြာဋိဟာကို ကိုယ်ထင်ဒိဋ္ဌ ဖူးတွေ့ကြကုန်သော သီဟဠကျွန်းသူ လူ, ရှင်, ရဟန်းအပေါင်းတို့သည် သောင်းသောင်း အုတ်အာ ကောင်းချီးညာလျက် များစွာသော ပန်းနံ့သာဆီမီးစသော ဝတ္ထုတို့ဖြင့် မဟာဗောဓိပင်တော်ကို ပူဇော်လှူဒါန်းကြလေကုန်၏၊ နတ်အပေါင်းတို့လည်း ကောင်းကင်ပြင်အရပ်မှ နတ်၌ဖြစ်သော မွှေးကြိုင်လှစွာသော ပန်း

မိုဃ်း နံ့သာမိုဃ်းတို့ကို တဖြိုးဖြိုးရွာစေလျက် ရှိသေစွာ ပူဇော်ဖူးမျှော်ကြလေကုန်၏၊နတ်၌ဖြစ်သောတူရိယာမျိုးတို့သည်လည်း မတီးမမှုတ်ဘဲ အလိုလိုသာလျှင် သာယာငြိမ့်လေးစွာ မြည်ဟည်းကြလေကုန်၏။

ကြီးစွာသော မိုဃ်းတိမ်တိုက်တို့သည်လည်း အရပ်ထက်ဝန်းကျင်မှ တက်လတ်၍ ထူးမြတ်စင်ကြယ်သော မိုဃ်းရေ မိုဃ်းပေါက်တို့ဖြင့် သွန်းလောင်းဖျန်းပက်ကာ ပူဇော်ကြလေကုန်၏၊ လျှပ်စစ်လျှပ်ပန်းတို့သည်လည်း မိုဃ်းလုံးလောင်မျှ တပြောင်ပြောင် ယှက်ကူးလျက် ကြည်နူးဝမ်းမြောက်သကဲ့သို့ထွက်ကွန့်မြူးထူးကြလေကုန်၏၊ထို့နောင် ထက်ဝန်းကျင်သောအရပ်မျက်နှာတို့မှတခဲနက်သော ဆီးနှင်းတိမ်တိုက်တို့သည် တက်လတ်၍ ဤမဟာဗောဓိပင်မြတ်ကို ထက်ဝန်းကျင်သော အရပ်တို့မှ ဖုံးအုပ်ပူဇော်ကာ တည်လေကုန်၏။

ဤသို့လျှင် မဟာဗောဓိပင်တော်သည် မြေသို့အမြစ်များဆင်းသက်၍ တည်နေတော်မူပြီးနောက် ဖုံးအုပ်သော ဆီးနှင်းတိမ်တိုက်၏အတွင်း၌ ခုနစ်ရက်ပတ်လုံး လူ,နတ်တို့အား မမြင်စေသည်ကိုပြု၍ ကိန်းဝပ်စံနေတော်မူလေ၏၊ ထိုသို့စံနေတော်မူပြီးနောက် ခုနစ်ရက်စေ့ရောက်သောအခါ ဆီးနှင်းတိမ်တိုက်တို့သည် အလိုလိုသာလျှင် ဖဲခွါပျောက်လွင့်ကြလေကုန်၏၊ ထိုအခါ မဟာဗောဓိပင်တော်မှ ခြောက်သွယ်သောရောင်ခြည်တော်တို့သည် ထိုမှဤမှ ထွက်ကြွ ကွန့်မြူးတော်မူကြပြန်လေ၏၊ မဟာဗောဓိပင်တော်၏ ခက်မငါးဖြာတို့၌လည်း ငါးလုံးသောအသီးတို့သည် သီးလေကုန်၏။

ထိုသို့ခုနစ်ရက်စေ့၍ မဟာဗောဓိပင်တော် ဆီးနှင်းတိမ်တိုက်တွင်းမှ ထွက်ပေါ်နေတော်မူစဉ်အခါတွင်အရှင်မဟာမဟိန္ဒမထေရ်, သင်္ဃမိတ္တာထေရီမ, ဒေဝါနံပိယတိဿမင်းကြီးစသော သူအပေါင်းတို့သည်၎င်း, သီဟိုဠ်ကျွန်းရှိ တိုင်းနိုင်ငံငယ်အရပ်ရပ်တို့မှ မင်းမျိုးပုဏ္ဏားမျိုးစသော ထင်ရှားကျော်စောကုန်သော သူတို့နှင့်တကွ အလုံးစုံသော သူတို့သည်၎င်း နတ်တို့၏ အာနုဘော်ကြောင့် ဤမဟာဗောဓိပင် ရှိရာအရပ်သို့ အညီအညွတ် တပြိုင်နက်တည်း ပင်လျှင် စည်းဝေးရောက်လာကြလေကုန်သတည်း။

ထိုအခါ ပရိသတ်အပေါင်းတို့သည် မဟာဗောဓိပင်သို့ ရှေးရှု ပူဇော်ကန်တော့ကြကုန်လျက် ကြည်ရွှင်သောပသာဒစက္ခုဖြင့် ကြည့်ရှု ဖူးမျှော်ကာနေကြကုန်စဉ် မဟာဗောဓိပင်တော်၏ အရှေ့ဖြစ်သော အကိုင်းတော်မှ တလုံးသော ဗောဓိသီးသည် ညွှတ်လယ်အခါ မှောင်မြူ ကွာစဉ် ရောင်ဝါတင့်ထူး ကြယ်သောက်ရှူးသည် မြူးကွန့်ပျံသန်းကာ မိမိတည်ရာအရပ်မှ လျှောကျသက်ဆင်းလာဘိသည့်ပမာ ကောင်းစွာ မှည့်ရင့်လတ်၍ တလျှပ်လျှပ် တဝင်းဝင်း ထွန်းလင်းသော ရောင်ခြည် တော်ခြောက်စိုင်တို့ကို တပြိုင်တည်း လွှတ်တော်မူကာ အညွှာမှကြွေကျ သက်ဆင်းတော်မူလေ၏၊ ထိုအခါအရှင်မဟာမဟိန္ဒမထေရ်မြတ်သည် လက်တော်ကိုဖြန့်၍ ခံတော်မူသည်ရှိသော် အရှင်မဟာမဟိန္ဒ မထေရ် ၏လက်၌ တည်တော်မူလေ၏။

[ဤအရာ၌ အချို့သောစာများတွင် မဟာဗောဓိပင် မြောက်ကိုင်းမှ ဖြစ်သောအသီးဟု ဆိုကြကုန်၏၊ ထိုသို့ဆိုသော်လည်း ဤဗောဓိဝင်ဝတ္ထု၌ လာသည့်အတိုင်းသာမှတ်အပ်၏၊ ထို့ကြောင့်—

ပါစိနမဟာသာခတော ဧကံ ဖလံ ပစ္စိတွာ ဝဏ္ဏတော ပရိဂလိတွာ ထေရဇေနာပနိတေ ဟတ္ထေ ပတိဋ္ဌာသိ—

ဟုအဋ္ဌကထာ၌ ထင်ရှားရှိလေသည်။]

ထိုအခါ အရှင် မဟာမဟိန္ဒမထေရ်လည်း ထိုဗောဓိသီးကို "မင်းကြီးကြည့်ရှုဖူးမျှော်လော့"ဟုမိန့်တော်မူပြီးလျှင်ဒေဝါနံပိယတိဿ မင်းကြီးအား ပေးအပ်တော်မူလေ၏၊ မင်းကြီးလည်း ထိုဗောဓိသီးကို ခံယူပြီးလျှင် ရွှေဖျဉ်း၌စင်ကြယ်သန့်ရှင်းသောမြေမှုန့်တို့ကိုထည့်လောင်း ၍ ကြိုင်လှောင်းမွှေးပျံ့လှစွာသော နံ့သာရေတို့ဖြင့် ပက်ဖျန်း လောင်း သွန်းကာ နံ့သာညွှန်ပြုလုပ်ပြီးမှ ထိုဗောဓိသီးကို စိုက်ပျိုးတည်ထား လေ၏၊ ထို့နောင်မှ မြတ်စွာဘုရားသခင်တို့သာ နေခြင်းငှါထိုက်သော အဘိုးအတိုင်းမသိ ထိုက်သော မဟာရဟ နေရာ၌ ထိုရွှေဖျဉ်းကို ထားလေ၏၊ ထိုအခါ အလုံးစုံသော ပရိသတ်တို့ ကြည့်ရှုကာနေကြ ကုန်စဉ်ပင်လျှင် ထိုဗောဓိသီးမှ လေးတောင်မျှ အတိုင်းအရှည်ရှိသော ရှစ်ခုသော ဗောဓိပင်ပျိုတို့သည် တပြိုင်နက်တည်း ပေါ်ထွက်ပေါက် လာကြလေကုန်၏။

ထိုအခါ ဒေဝါနံပိယတိဿမင်းကြီးသည် ဤကဲ့သို့ ထူးဆန်းသော အံ့ဘွယ်သရဲကို ဖူးမြင်ရ၍ ရှင်ပျံဝမ်းမြောက်ခြင်း တည်းဟူသော ပီတိပါမောဇ္ဇအဟုန်ဖြင့် လွှမ်းခြုံပြန့်ပွားလျက် အားကြီးထက်သန်သော သဒ္ဓါတရား ရှိလတ်ရကား ဈောက်ပတ်သားနား ထူးခြားလှပစွာ စီမံပြုလုပ်အပ်သော တံခွန်ကြက်လျှာတို့ကို ဝန်းရံကာစိုက်စေပြီးလျှင် ကြီးစွာသောထီးဖြူကို ဗောဓိပင်ပျိုတို့၏ အထက်၌ စိုက်ထူမိုးကာ၍ ပူဇော်လှူဒါန်းလေ၏၊ ထို့နောင် မဟာဗောဓိပင်နှုကို သုံးခုသောလက်ျာရစ်ခရုသင်းတို့ဖြင့် မင်း၏အဖြစ်၌ အဘိသိက်သွန်းလောင်း၍ ကောင်းစွာပူဇော်ပြန်လေသတည်း။

ယင်းသို့ပူဇော်ပြီးမှ ရွှေဖျဉ်း၌ ပေါက်ရောက်သော ဗောဓိပင်ပျိုရှစ်ပင်တို့အနက်—

၁။ တခုသောဗောဓိပင်ပျိုငယ်ကို ဇမ္ဗုဒိပ်ကျွန်းမှ မဟာဗောဓိပင်ရှေးဦးစွာ ဆိုက်ရောက်တန့်နားတော်မူရာဖြစ်သော ဇမ္ဗုကောလပဋ္ဋနသင်္ဘောဆိပ်၌ စိုက်ပျိုးလေ၏၊

၂။ တခုသော ဗောဓိပင်ပျိုငယ်ကို တဝက္ကမည်သော ပုဏ္ဏားရွာ တံခါးမုခ်၌ စိုက်ပျိုးလေ၏။

၃။ တခုသော ဗောဓိပင်ပျိုငယ်ကို မဟာထူပါရုံ တည်ရာအရပ်၌ စိုက်ပျိုးလေ၏။

၄။ တခုသော ဗောဓိပင်ပျိုငယ်ကို ဣဿရဟနမည်သော ရွာကျောင်း၌ စိုက်ပျိုးလေ၏။

၅။ တခုသော ဗောဓိပင်ပျိုငယ်ကို ပဌမစေတီ တည်ရာအရပ်၌ စိုက်ပျိုးလေ၏။

၆။ တခုသော ဗောဓိပင်ပျိုငယ်ကို စေတိယတောင်၌ စိုက်ပျိုးလေ၏။

၇။ တခုသော ဗောဓိပင်ပျိုငယ်ကို ရောဟဏဇနပုဒ် ဘောဇနရွာ၏အနီး၌ စိုက်ပျိုးလေ၏။

၈။ တခုသော ဗောဓိပင်ပျိုငယ်ကို ထိုရောဟဏဇနပုဒ် စန္ဒနရွာ၌ပင်စိုက်ပျိုးလေ၏။

ထိုမှကြွင်းသော လေးလုံးသောအသီးတို့မှ ပေါက်ကုန်သော သုံးဆယ့်နှစ်ပင်သော ဗောဓိပင်ပျိုးတို့ကို သီဟိုဠ်ကျွန်း အနုရာဓပြည်၌ နေကုန်သော လူအပေါင်းတို့အား ကိုးကွယ်စိမ့်သောငှါ ပေးအပ်တော်မူလေ၏၊ ထိုလူအပေါင်းတို့လည်း တပင်နှင့်တပင် ယူဇနာတရာစီ ခြားကွာရာအရပ်တို့၌ ကောင်းစွာစိုက်ပျိုး ကိုးကွယ်ကြလေကုန်သတည်း။

ဤသို့လျှင် သီဟိုဠ်ကျွန်းကြီး၌ ထီးနန်းကို အုပ်စိုးသော မင်းမျိုးအဆက်ဆက်တို့ လက်ထက်ကာလပတ်လုံး မြတ်စွာဘုရား သာသနာတော် ထွန်းပေါ်တောက်ပသဖြင့် ဒေဝါနံပိယတိဿမင်းကြီး၏ ညီတော် အိမ်ရှေ့မင်းနှင့်တကွ မင်းချင်းယောက်ျား တထောင်တို့သည် ရဟန်းပြုကြ၍ မကြာမြင့်မီပင် ရဟန္တာချည်း ဖြစ်ကြလေကုန်၏၊ ထို့နောင်အနုဠာဒေဝီ မိဖုရားနှင့်တကွ မင်းသမီးငါးရာ, နန်းတွင်းသူငါးရာအားဖြင့် တထောင်ကုန်သော မိန်းမတို့သည်လည်း သင်္ဃမိတ္တာထေရီမ၏ အထံ၌ ရဟန်းပြုကြ၍ မကြာမြင့်မီအတွင်းပင် ကိလေသာကုန်ခန်း၍ ရဟန္တာချည်း ဖြစ်ကြပြန်လေကုန်သတည်း။

ထို့နောင် ဒေဝါနံပိယတိဿမင်း၏ တူဖြစ်သော အရိဋ္ဌအမတ်သည်လည်း ငါးရာသော မိမိ၏ အခြံအရံပရိသတ်နှင့်တကွ အရှင်မဟာမဟိန္ဒ၏အထံ၌ ရဟန်းပြုသဖြင့် မကြာမြင့်မီအတွင်းပင် မင်းချင်းယောက်ျားတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ပြန်လေ၏၊ ဤသို့လျှင် သီဟိုဠ်ကျွန်း၌ များစွာသောလူအပေါင်းတို့ အမြိုက်တရားကို ရကြကုန်လေသတည်း။

သီဟိုဠ်ကျွန်း၌ ဗောဓိပင်ပျိုးငယ်စိုက်ပျိုးတည်ထားသည်ကို ပြသောအကြောင်းအရာကား ဤတွင်ပြီး၏။

---

### ၂၃။ ဗောဓိအစောင့်အရှောက်တို့အား ချီးမြှောက်ခြင်းအကြောင်း

သီဟိုဠ်ကျွန်း အနုရာဓမြို့၏တောင်မျက်နှာ မေဃဝန် ဥယျာဉ်တော်အတွင်း ရှေးရှေးသော ဘုရားရှင်တို့၏ပွင့်တော်မူရာ ဗောဓိပင်တို့၏ တည်ရာအရပ်၌ ဒက္ခိဏသာခါလက်ျာဗောဓိပင်မင်းကို ဒေဝါနံပိယ

တိဿမင်းကြီးစိုက်ပျိုးတည်ထား၍ ပြီးစီးသောအခါ တူတော်ဖြစ်သော အရိဋ္ဌမင်းသားသည် ဇမ္ဗူဒိပ်ကျွန်းမှ မဟာဗောဓိပင်နှင့်တကွ လိုက်ပါလာကြ ကုန်သော ရှစ်ယောက် ကုန်သော မင်းမျိုးတို့နှင့်တကွ တူသော အမျိုးရှိကုန်သော ဗောဓိ အစောင့်အရှောက် တော်တို့ကို ခေါ်၍ ဒေဝါနံပိယတိဿမင်းကြီးအထံသို့ကပ်လျက် တင့်အပ်ရာအရပ်မှ ရှိခိုးနေထိုင်စေပြီးလျှင် အကြီးအမှူး ဖြစ်ကုန်သော ရှစ်ယောက် ကုန်သော မင်းမျိုးတို့၏ အမျိုးအမည်အရည်အချင်းများကို ထုတ်ဖော်ချီးကျူး၍ သံတော်ဦးတင်လျှောက်လေ၏၊

မင်းကြီးလည်း ထိုသူတို့ကို မြင်သည်ရှိသော် ယခင်က သိရိဓမ္မာသောကမင်းကြီး ပါးတော်မူလိုက်သော သဝဏ်စာကို ဘတ်နာပြီးဖြစ်သည့်အတိုင်း ဤသူတို့သည်ကား ငါတို့၏ကျေးဇူးသခင် အရှင်မဟာမဟိန္ဒမထေရ်၏ ဦးကြီးတို့ပင်တည်းဟု နှစ်သက် ဝမ်းမြောက်သောစိတ်ရှိသဖြင့် ထူးမြတ်သော နေရာတို့၌ အသီးအသီးနေစေပြီးမှ—

> ငါ့အဆွေတော်ဖြစ်သော သိရိဓမ္မာသောက မင်းကြီးသည် ရှေးဦးစွာ မိမိရင်နှစ်ဖြစ်သော အရှင်မဟာမဟိန္ဒမထေရ်ကို စေလွှတ်တော်မူ၍ နောက်ထပ်တဖန် မဟာဗောဓိ ဒက္ခိဏသာခါနှင့်တကွ သမီးတော်သင်္ဃမိတ္တာထေရီမတို့ကို စေလွှတ်ပြန်သဖြင့် ငါ့အားအကျိုးကျေးဇူးများအံ့သည်ကိုသာ ပြုပေစွတကား—

ဟု များစွာသော ချစ်ခင်ခြင်းနှင့်တကွ ထိုအစောင့်အရှောက်တို့အား ရာထူးဌာနန္တရ ပေးအပ်ဆောင်နှင်းတော်မူအံ့သောငှါ အမတ်အပေါင်းတို့နှင့် ညှိနှိုင်းတိုင်ပင်တော်မူပြီးမှ ဗောဓိဂုတ္တမင်းသားအား ထူးခြားလှပစွာသောတန်ဆာမျိုးတို့ကို ဝတ်ဆင်စေလျက် ကိုယ်အင်္ဂါအထွတ်ဖြစ်သော ဦးခေါင်း၌ မကိုဋ်သရဖူ ဆောင်းစွပ်စေပြီးလျှင် မင်္ဂလာဆင်တော်ထက်သို့ တင်လျက် သုံးလက်သော ထီးဖြူတို့ကို စိုက်ထူဆောင်းမိုးစေပြီးမှ မင်္ဂလာစည်တော်ကြီးကို တီးခတ်ဆော်ရွမ်းကာ မဟာဗောဓိပင်တော်နှင့် အတူလိုက်ပါလာကြသော သူတို့နှင့်တကွ များစွာကုန်သော စစ်သည်အပေါင်းတို့ကို ခြံရံလိုက်ပါစေလျက်

တုရိယာအပေါင်းတို့ကို ငြိမ့်ငြောင်းသာယာစွာ တီးမှုတ်ကျူးသီစေ၍ နေပြည်တော်ကို လက်ျာရစ်လှည့်လည်ကာ မဟာဗောဓိပင်တည်ရာသို့ သွားရောက်ဦးတိုက်စေပြီးမှ ထိုမဟာဗောဓိပင်နှင့်မနီးမဝေးသော နေရာ အရှင်မဟာမဟိန္ဒမထေရ် တရားဟောတော်မူရာ အရပ်၌ ဩဘက်ပတ်သောမင်္ဂလာအိမ်မိမာန်ကို ဘန်ဆင်းဆောက်လုပ်စေ၍ ထိုအိမ်ကို ချီးမြှင့်ပေးသနားတော်မူလေ၏။

ဗောဓိဂုတ္တမင်းသားလည်း မဟာဗောဓိပင်တော်၏ အစောင့်အရှောက်ဟူသော ရာထူးဌာနန္တရကိုခံယူ၍ ထိုမင်းပေးသောနေအိမ်၌ အမြဲနေထိုင်စောင့်ရှောက်ရလေ၏၊ ထို့နောင် သုမိတ္တမင်းသားအားလည်း ထိုဗောဓိဂုတ္တမင်းသား အတူသာလျှင် အစီးအနင်းအဆောင်အရွက်တို့နှင့်တကွ ရာထူးဌာနန္တရ ချီးမြှင့်အပ်နှင်း၍ မြို့၏အတွင်း အရှင်မဟာမဟိန္ဒမထေရ်တရားဟောတော်မူရာအရပ်၌ အိမ်ကောင်းစွာ ဆောက်လုပ် နေရာချထားတော်မူလေ၏၊ သုမိတ္တမင်းသားလည်း ဗောဓိဂုတ္တမင်းသားအတူသာလျှင် ဗောဓိတော် အစောင့်အရှောက်ဖြစ်သော ရာထူးဌာနန္တရကို ခံယူစောင့်ရှောက်ခါနေရလေ၏။

၍သို့လျှင် ဒေဝါနံပိယတိဿမင်းကြီးသည်—

၁-၂။ ဗောဓိဂုတ္တမင်းသားနှင့်- သုမိတ္တမင်းသားတို့အား မဟာဗောဓိ၏ အစောင့်အရှောက်အဖြစ်ဖြင့် အဘိသိက်နှင်းပြီးလျှင် ကြွင်းကျန်ကုန်သော သူတို့အားလည်း ရှေးနည်းတူ အသီးအသီး အဘိသိက်သွန်းခြင်းကိုပြု၍—

၃။ စန္ဒဂုတ္တအား မဟာဗောဓိပင်၌ မင်္ဂလာ ဖြစ်စိမ့်သော၄ါ ရတနာစည်တော်ကြီးကို နှင်းအပ်၍ စည်မြတ်တီးအရာ၌ ခန့်ထားလျက် ရွာစားပေးတော်မူလေ၏။

၄။ ထို့နောင် ဒေဝဂုတ္တအား မဟာဗောဓိပင်၌ အစဉ်အမြဲ ဝတ်တော်ရေသွန်းလောင်းစိမ့်သော၄ါ ရတနာရွှေကရားကို နှင်းအပ်၍ တခုသောအရပ်ကိုအပိုင်စား ပေးတော်မူလေ၏။

၅။ ထို့နောင် ဓမ္မဂုတ္တအား မဟာဗောဓိပင်၌ မင်္ဂလာဖြစ်စိမ့်သော၄ါ လက်ျာရစ်ခရုသင်းကို အပ်နှင်း၍ ခရုသင်းမှုတ်အရာ

နှင့်တကွ မောရိယမည်သော အရပ်ကို အပိုင်စား ပေးတော်မူလေ၏။

၆။ ထို့နောင် သူရိယဂုတ္တအား ဒေဝဂုတ္တကိုကဲ့သို့ ရွှေကရား တခုကိုပေးအပ်၍ ညောင်ရေသွန်းအရာနှင့် ရွာတရွာကို အပိုင်စား ပေးသနားတော်မူလေ၏။

၇။ ထို့နောင်မှ ဂေါတမအား မဟာဗောဓိပင်၌ မင်္ဂလာဖြစ်စိမ့်သောငှါ ကြီးစွာသောထီးဖြူကိုပေးအပ်၍ ထီးမြတ်မိုးအရာနှင့်တကွ တခုသောဌာနကို အပိုင်စား ပေးသနားတော်မူလေ၏။

၈။ ထို့နောင် မူတန္တအား မဟာဗောဓိပင်၌ထက်ဝန်းကျင်သော အရပ်တို့မှ ဥပဒ်ဘေးရန်များ မကျမရောက် နိုင်အောင် အစောင့်အရှောက်ရာထူးကို ပေးအပ်၍ တခုသောအရပ်ကို အပိုင်စား ပေးသနားတော်မူလေ၏။

ဤသို့လျှင် ရှစ်ယောက်ကုန်သော သူတို့အား ရာထူးဌာနန္တရ အသီးအသီးချီးမြှင့်ပေးအပ်တော်မူ၍ ကြွင်းကုန်သော အမျိုးသားတို့အားလည်း ထိုက်သက်သည်အားလျော်စွာ အရာအထူး ပေးအပ်ချီးမြှင့်တော်မူလေ၏၊ ထိုအမျိုးသားတို့တွင် သူဌေးမျိုးဖြစ်ကုန်သော သူတို့အား သူဌေးမျိုးတို့၌ အကြီးဆုံးဖြစ်သော ရာထူးဌာနန္တရကို အပ်နှင်းခြင်း, ပုဏ္ဏားမျိုးဖြစ်ကုန်သော သူတို့အားလည်း ပုဏ္ဏားမျိုးတို့၌ အကြီးဆုံးဖြစ်သော ရာထူးဌာနန္တရကို ပေးအပ်ဆောင်နှင်းခြင်း စသည်ဖြင့် မိမိမိမိတို့၏အမျိုးအနွယ် အားလျော်စွာသာလျှင် ရာထူးဌာနန္တရပေးအပ်ခန့်ထားတော်မူလေ၏။

ထို့နောင် မင်းမျိုးဖြစ်ကုန်သော လေးယောက်သောသတို့သမီးပျို တို့အား ရွှေအိုးငွေအိုးတို့ကိုပေးအပ်၍ ဗောဓိညောင်ရေသွန်းလောင်း ခြင်းရာထူး၌ ခန့်ထားလျက် ထူးပြားဆန်းကြယ်စွာ ပြုလုပ်အပ်သော မကိုဋ်သရဖူစိုက်ဆောင်းစေပြီးလျှင် ခတ္တိယနွယ်ဝင်ဖြစ်သော မင်းသား တို့နှင့်ပင် ထိမ်းမြားစုံဘက်တော်မူလေ၏၊ အနုဠာဒေဝီ မိဖုရားသည် လည်း အခြွေအရံဖြစ်သော မိန်းမတထောင်တို့နှင့်တကွ အရှင်သဃ်

မိတ္တာထေရီမအထံ၌ ရဟန်းပြု၍ အဆင့်ဆင့်သော ဝိပဿနာကို ပွါးများအားထုတ်သဖြင့် မကြာမြင့်မီပင် အခြံအရံ ပရိသတ်နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်လေသတည်း။

အရိဋ္ဌမင်းသားလည်း ဘကြီးတော်မင်းကြီးထံမှ အခွင့်ပန်ကြား ရရှိသည့်အတိုင်း ငါးရာကုန်သော မင်းချင်းယောကျာ်းတို့နှင့် တကွ အရှင်မဟာမဟိန္ဒ မထေရ်၏အထံ၌ ရဟန်းပြု၍ အဆင့်ဆင့်သော ဝိပဿနာကို ပွါးများအားထုတ်သဖြင့် မကြာမြင့်မီပင် အခြံအရံ ပရိသတ်တို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်လေသတည်း။

ဒေဝါနံပိယတိဿမင်းကြီးလည်းမြို့၏အထောင့်ဖြစ်သောတခုသော အရပ်၌ နှလုံးမွေ့လျော်ဘွယ်ရှိသော တခုသော ကျောင်းတိုက်ကြီးကို တည်ဆောက်စေပြီးလျှင် အခြံအရံပရိသတ်နှင့်တကွသော သဃမိတ္တာ ထေရီမအား နှင်းအပ်လှူဒါန်းတော်မူလေ၏၊ ထေရီမလည်း အခြံအရံ ပရိသတ်နှင့်တကွ ထိုကျောင်းတိုက်ကြီးတွင် သီတင်းသုံးနေထိုင်တော်မူလျက် မြတ်စွာဘုရားသခင်၏ သာသနာတော် ပွင့်လင်းစည်ကားအောင် အားထုတ်ဆောင်ရွက်တော်မူလေသတည်း။

အခါတပါးသောနေ့၌ ဒေဝါနံပိယတိဿမင်းကြီးသည် ရာထူးဌာနန္တရကို ရရှိကုန်သော အလုံးစုံသောမဟာဗောဓိ အစောင့်အရှောက်တို့နှင့်တကွ အရှင်မဟာမဟိန္ဒမထေရ် သီတင်းသုံးတော်မူရာ မဟာမေဃဝန်ဥယျာဉ်သို့ထွက်တော်မူ၍ ထိုသူတို့ကို တခုသောအစွန်မှ ရှိခိုးနေထိုင်စေပြီးလျှင်အရှင်မဟာမဟိန္ဒမထေရ်အား ဤသို့နားတော် လျှောက်လေ၏။

"အရှင်ဘုရား.... ဒကာတော်သည် ဤမဟာဗောဓိနှင့် တကွ လိုက်ပါလာကြကုန်သော သူတို့အား အထူးထူးသော ရာထူးဌာနန္တရများနှင့်တကွ ပိုင်စားရရွာ နေရာတိုက်အိမ်, စည်းစိမ်အဆောင်အယောင် အလုံးစုံတို့ကို ချီးမြှင့်အပ်နှင်းပါကုန်ပြီ၊ ထိုသို့ပြုသဖြင့် ထိုအမျိုးတို့အား ဤလင်္ကာဒီပကျွန်း၌ အမျိုးအနွယ် ဆက်နွယ် ဆင်းသက်သည် မည်ပါပြီလော"ဟု လျှောက်လေ၏။

မထေရ်မြတ်လည်း“မင်းကြီး····ဤသို့ပြုကာမျှဖြင့် အနွယ် ဝံသသက်ဆင်းသည်မမည်သေး”ဟု မိန့်တော်မူလေ၏။

မင်းကြီးလည်း “အရှင်ဘုရား····အဘယ်သို့သော အခါ ကာလမှ ထိုသူတို့၏အမျိုးသည် ဤသီဟိုဠ်ကျွန်း၌ ဆင်းသက် ပြန့်ပွါးခြင်းဖြစ်ပါကုန်လတ့်နည်း”ဟု လျှောက်ပြန်လေ၏။

မထေရ်လည်း“မင်းကြီး····ထိုသူတို့သည် အကြင်အခါ၌ သား, မြေး, မြစ်-စသော အခြံအရံတို့နှင့် ပြည့်စုံကုန်လတ့်၊ ထိုသို့ ပြည့်စုံသောအခါမှသာလျှင် ဇမ္ဗူဒိပါကျွန်းသူ ဖြစ်ကုန် သော ဗောဓိအစောင့်အရှောက် အမျိုးတို့သည် ဤသီဟိုဠ် ကျွန်း၌ ဆင်းသက်ပြန့်ပွါးခြင်း ဖြစ်ကုန်လတ့်သတည်း”ဟု မိန့် တော်မူလေ၏။

ထိုအခါမင်းကြီးသည် မိမိနေရာမြို့နန်းသို့ ဝင်တော် မူပြီးလျှင် ဗောဓိဂုတ္တ,သုမိတ္တ- ဟူကုန်သော အစောင့်အရှောက် စာရေး နှစ်ယောက်တို့ကိုခေါ်စေ၍ “အမောင်တို့····အမောင်တို့သည် အမျိုး အနွယ်ကို စောင့်ရှောက်ကြပါကုန်၏လော” ဟု မေးသည် ရှိသော် “အရှင်မင်းကြီး····အကျွန်ုပ်တို့သည် အရှင်သင်္ဃမိတ္တာထေရီမ၏အမျိုး အနွယ်အဆက်မှ ဆင်းသက် ပေါက်ပွားသူများ ဖြစ်ကြပါကုန်သည်၊ အကျွန်ုပ်တို့နှင့်တူသောအမျိုးရှိကုန်သော များစွာကုန်သောမင်းသမီး တို့သည် ရှိပါကုန်၏”ဟု လျှောက်ဆို ကြလေ၏၊ မင်းကြီးလည်း ထိုစကားကိုကြားလျှင် များစွာနှစ်သက်လတ်သဖြင့် ထိုသူတို့အား ဝတ်စားတန်ဆာတို့ကို ပေးအပ် ချီးမြှင့်ပြီးလျှင် ကောင်းစွာ ထားလေ ကုန်၏၊ ထို့နောင်မှ မောရိယအရပ်၌နေသော ဗောဓိမိတ္တာထေရီမ၏ ညီမ သုနန္ဒာ မင်းသမီးကို အဝတ်တန်ဆာ ကောင်းစွာဆင်ယင်စေ၍ မောရိယအရပ်နှင့်အနုရာဓမြို့၏အကြား လမ်းမကိုလှပတင့်တယ်စွာ ရှင်းလင်းသုတ်သင် တန်ဆာဆင်စေပြီးမှ ကြီးစွာသောအခမ်းအနား တို့ဖြင့် ယူဆောင်စေ၍ဗောဓိဂုတ္တမင်းသားနှင့် ထိမ်းမြားစုံဘက်တော် မူလေ၏။

ထို့နောင်မှ ဝေဒိသမြို့၌နေသော သုမနမင်းသမီးကို ရှေးနည်း အတူသာလျှင် ကောင်းစွာယူဆောင်၍ သုမိတ္တမင်းသားနှင့်ထိမ်းမြား

လက်ထပ်တော်မူလေသတည်း၊ ထိုအခါ ဗောဓိဂုတ္တမင်းသားကိုစွဲ၍ သုနန္ဒာမင်းသမီးမှ မဟိန္ဒ, ဝိစုရိန္ဒ-ဟူသော သားနှစ်ယောက်တို့ကို ဖွားမြင်လေ၏၊သုမနမင်းသမီးမှလည်း သုမိတ္တမင်းသားကိုစွဲ၍ ကဿပ, သယ်မိတ္တ-ဟူသော သားနှစ်ယောက်တို့ကို အစဉ်အတိုင်း ဖွားမြင်လေ၏။

ဒေဝါနံပိယတိဿမင်းကြီးလည်း ထိုအလုံးစုံသော အကြောင်းအရာတို့ကိုသိရှိ၍ များစွာနှစ်သက် ဝမ်းမြောက်တော်မူသဖြင့် နောက်ကာလ၌ ထိုညီနောင်လေးယောက်တို့ကိုခေါ်စေပြီးလျှင် "ဤမင်းသားတို့သည် မပြားမကွဲသောအမျိုးအနွယ်ရှိကြပေကုန်သည်၊ ထိုမင်းသားတို့အား ရာထူးဌာနန္တရတို့ကိုပေးအပ်ချီးမြှင့်ခြင်းငှါသင့်၏"ဟု အမတ်တို့နှင့် နှီးနှောတိုင်ပင်တော်မူ၍ မဟိန္ဒမင်းသားအား လက်အောက်စာချီယ်ရာထူး, ကဿပမင်းသားအား ဗောဓိအစောင့်အရှောက်သူဌေးကြီးရာထူး, ဝိစုရိန္ဒမင်းသားအား ကမ္ပည်းရေးရာထူး, သယ်မိတ္တမင်းသားအား အစောင့်အရှောက်သူဌေးငယ်ရာထူးတို့ကို အသီးအသီးပေးအပ်ခန့်ထားတော်မူလေ၏၊ ထို့နောင်မှ အဆောင်အယောင်အခမ်းအနားများနှင့် ပိုင်စားရာရွာတို့ကို အသီးအသီးချီးမြှင့်ပေးအပ်တော်မူပြန်လေ၏၊ ထိုသို့ ဒေဝါနံပိယတိဿမင်းကြီး ချီးမြှင့်ခန့်ထားတော်မူခဲ့သော မဟာဗောဓိ၏အစောင့်အရှောက် အမျိုးအနွယ်အစဉ်သည် သီဟိုဠ်ကျွန်း၌ အဆက်ဆက် ဆင်းသက်ပြန့်ပွား၍ တည်ရစ်လေသတည်း။

[ဤကား အကျဉ်းဥဒ္ဒေသဖြစ်သော စကားအစဉ်တည်း၊ အကျယ်ကို အလိုရှိမူ ဗောဓိဝင်အဋ္ဌကထာ၌ ယူတော်မူကြပါကုန်။]

သီဟိုဠ်ကျွန်းမဟာဗောဓိပင်၌
အစောင့်အရှောက်ခန့်ထားသည်ကိုပြသော
အကြောင်းကား ဤတွင်ပြီးပြီ။

---

## ၂၄။ ကကုသန်–စသောဘုရားသုံးဆူတို့၏ စေတီ, ဗောဓိပင်တို့အကြောင်း၊

ငါတို့ ဂေါတမမြတ်စွာဘုရားသခင် သာသနာတော်သည် ဘုရားကိုယ်တော်တိုင် ထင်ရှားရှိတော်မူစဉ်ကာလ၌ အဝန်းယူဇနာကိုးရာ

ရှိသော မဇ္ဈိမဒေသအတွင်း၌သာလျှင် လ,နေပမာ ရောင်ဝါထိန်ဝင်း ထွန်းလင်းတောက်ပတော်မူလေသည်။

ထို့နောင် ဘုရားသခင် ပရိနိဗ္ဗာန် ဝင်စံတော် မူပြီးသည့်နောက် နှစ်ပေါင်း၂၃၆-နှစ်သို့ ရောက်သောအခါ အရှင်မဟာမောဂ္ဂလိပုတ္တ-တိဿမထေရ်သည် ပါဋလိပုတ်ပြည် သိရီဓမ္မာသောကမင်းကြီးကို အမှီပြု၍ တထောင်သောရဟန္တာတို့နှင့်တကွ ဘုရားသခင်၏ မုခပါဌ်တော် အလုံးစုံတို့ကို တပေါင်းတည်း အညီအညွတ် ရွတ်ပြန်သဖြင့် တတိယ သင်္ဂါယနာတင်တော်မူသည်၊ ထို့နောင်မှ ပစ္စန္တဒေသအရပ်တို့၌လည်း ဘုရားသခင်၏သာသနာတော် ထွန်းပေါ်စည်ကားပြန့်ပွား တည်ရောက်စိမ့်သောငှါ—

၁။ မဇ္ဈန္တိကမထေရ်,
၂။ မဟာရေဝမထေရ်,
၃။ ရက္ခိတမထေရ်,
၄။ ယောနကတိုင်းသား ဓမ္မရက္ခိတမထေရ်,
၅။ မဟာဓမ္မရက္ခိတမထေရ်,
၆။ မဟာရက္ခိတမထေရ်,
၇။ မဇ္ဈိမမထေရ်,
၈။ အရှင်သောဏမထေရ်,
၉။ အရှင်ဥတ္တရမထေရ်,
၁၀။ အရှင်မဟိန္ဒမထေရ်—

အားဖြင့် ဤတကျိပ်သော မထေရ်တို့ကို အသီးအသီး ဝန်ခံစေ၍ ပစ္စန္တဒေသ အရပ်တို့သို့ စေလွှတ်တော်မူ၍ သာသနာတော်ကိုပြုစုစေသဖြင့် ဤဇမ္ဗူဒီပါကျွန်းမဇ္ဈိမဒေသအရပ်မှအပ ပစ္စန္တဒေသဖြစ်သော-

၁။ ကသ္မီရဂန္ဓာရတိုင်း,
၂။ မဟိံသတိုင်း,
၃။ အပရန္တတိုင်း,
၄။ မဟာရဋ္ဌတိုင်း,
၅။ ယောနကတိုင်း,

၆။ ဟိမဝန္တာအရပ်,
၇။ သုဝဏ္ဏဘူမိအရပ်,
၈။ ဝနဝါသီအရပ်-အားဖြင့် ဤရှစ်ပါးသောအရပ်တို့၌၎င်း,
၉။ အရံကျွန်းငယ်ဖြစ်သော သီဟိုဠ်ကျွန်း၌၎င်း—

ဤသို့အားဖြင့် ၊ကိုးပါးသော ပစ္စန္တအရပ်တို့၌လည်း ယခုထက်တိုင်အောင် မြတ်စွာဘုရားသာသနာတော်သည် စည်ပင်ပြန့်ပွားလျက်ထင်ရှားစွာတည်ရှိတော်မူလေသည်၊ ထိုကိုးတိုင်းကိုးဌာနတို့တွင် အရံဖြစ်သော သီဟိုဠ်ကျွန်း၌ကား ငါတို့မြတ်စွာဘုရား သာသနာတော်သာတည်သည်မဟုတ်၊ နောင်တော်ဖြစ်သော ကကုသန်,ကောဏာဂုံ,ကဿပဘုရား-သုံးဆူတို့၏ သာသနာတော်သည်လည်း တည်ဘူးလေသည်သာတည်း။

ထိုသုံးဆူသော ဘုရားရှင်တို့တွင်—

၁။ ကကုသန်ဘုရားသခင်ပွင့်တော်မူသောအခါ၌ ဤသီဟိုဠ်ကျွန်းသည် ဩဇဒီပကျွန်းဟု အမည်တွင်လေ၏၊ ၎င်းကျွန်းကို အစိုးရသောမင်းသည်ကား အဘယမင်းဟု အမည်တွင်လေ၏၊ စေတိယတောင်သည်ကား ဒေဝကူဋတောင်ဟု အမည်တွင်လေ၏၊ ထူပါရာမသည်ကား ပဋိယာရာမဟု တွင်လေ၏၊ ထိုကကုသန်မြတ်စွာဘုရားပွင့်တော်မူသောအခါ၌ ထိုမြတ်စွာဘုရားသခင်၏ တပည့်သားတော် မဟာဒေဝမထေရ်သည် ရဟန်းတထောင်တို့နှင့်တကွ ဇမ္ဗူဒီပါကျွန်းမှ ကောင်းကင်ခရီးဖြင့် ကြွတော်မူလတ်၍ ထိုဒေဝကူဋတောင်ထွတ်၌ သက်ဆင်းတော်မူလေ၏၊ ထိုအခါ ဩဇဒီပကျွန်းသူ လူအပေါင်းတို့သည် ရောဂါအနာတို့ဖြင့် များစွာသေကြေပျက်စီးကြလေကုန်၏။

ကကုသန် မြတ်စွာဘုရားသခင်သည် ဗုဒ္ဓစက္ခုဖြင့် လောကကိုကြည့်တော်မူသည်ရှိသော် ထိုသို့သေကြေပျက်စီးကုန်သော သတ္တဝါအပေါင်းတို့ကို မြင်တော်မူ၍ ကြင်နာ သနားတော်မူလှသဖြင့်လေးသောင်းကုန်သော နောက်ပါရဟန်းတို့နှင့်တကွ ထိုဩဇဒီပကျွန်းသို့ ကြွချီတော်မူလေ၏၊ ထိုသို့ကြွတော်မူ၍ ဆိုက်ရောက်တော် မူသောခဏ၌ပင်လျှင် မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်တော် အားဖြင့်

ယဉ်းနာစသော အနာရောဂါအပေါင်းတို့သည် ကင်းငြိမ်း ကွယ်ပလေကုန်၏၊ မြတ်စွာဘုရားသခင်သည် ထိုသို့ရောဂါအန္တရာယ်ကွယ်ပသည့်နောက်၌ သတ္တဝါအပေါင်းတို့အား တရားဟောတော်မူသဖြင့် ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့သည် သစ္စာလေးပါးကိုသိ၍ မဂ်,ဖိုလ်ကိုရကြလေကုန်၏။

ထို့နောက် မြတ်စွာဘုရားသခင်သည် ဝေနေယျတို့ ကိုးကွယ်ပူဇော်ကြစေရန်ဓမ္မကရိုဏ်တော်ကိုပေးခဲ့၍ဇမ္ဗူဒီပါကျွန်းသို့ ပြန်လည်ကြွချီတော်မူခဲ့လေ၏၊ ကျွန်းသူ ကျွန်းသားအပေါင်းတို့လည်း ထိုဓမ္မကရိုဏ်တော်ကိုတူပါရာမအာရာမ်၌ ပဋိယာရာမစေတီတော်တည်ထား၌ဘပနာ၍ ကိုးကွယ်ပူဇော်ကြလေကုန်၏၊ထိုအခါ မဟာဒေဝမထေရ်သည် ထိုကျွန်းကို စောင့်ထိန်း၍ နေတော်မူရစ်လေ၏၊ မေဃဝန်ဥယျာဉ်သည် ထိုအခါမဟာတိတ္ထဥယျာဉ်ဟု တွင်လေ၏။

ကကုသန်မြတ်စွာဘုရားသခင်သည် မဟာဗောဓိပင်တည်ရာအရပ်၌ ဖလသမာပတ်ကို ဝင်စားတော်မူ၍ ရာဇနန္ဒာ မည်သော မထေရ်မသည် ဇမ္ဗူဒီပါမဟာဗောဓိပင်တော်မှ လက်ျာခက်ကို ဆောင်ယူခဲ့စေသတည်းဟု မိန့်ဘွာန်တော်မူလျှင် ထိုမထေရ်မသည် ဒိဗ္ဗသောတနားဖြင့် ကြား၍ ကုက္ကိုဗောဓိပင် လက်ျာခက်ကို ဆောင်ယူခဲ့သဖြင့် ကကုသန်ဘုရား၏ ကုက္ကိုဗောဓိလက်ျာခက်တော်သည် ငါတို့ဂေါတမမြတ်စွာဘုရား၏ မဟာဗောဓိပင် တည်ရာအရပ်၌ပင် တည်လေသတည်း။

၂။ ကောဏာဂုံ မြတ်စွာဘုရားပွင့်တော်မူသောအခါ၌ ဤသီဟိုဠ်ကျွန်းသည် ဝရဒီပကျွန်းဟုတွင်၏၊ ပြည်သည်ကား ဝဍ္ဍမာနပြည်ဟုတွင်လေ၏၊ မင်းသည်ကား သမေန္တိမင်းမည်၏၊ စေတိယတောင်သည် သုဝဏ္ဏကူဋတောင်ဟု တွင်လေ၏၊ မေဃဝန် ဥယျာဉ်သည် မဟာနာမဥယျာဉ်ဟု တွင်လေ၏၊ထိုအခါ ဝရဒီပကျွန်း၌ မိုယ်းအလွန်ခေါင်သဖြင့် ကြီးစွာသော ငတ်မွတ်ခေါင်းပါးခြင်းဘေးဖြစ်၍ သတ္တဝါအပေါင်းတို့ သေကြေပျက်စီးကြလေကုန်၏။

ကောဏာဂုံမြတ်စွာဘုရားသည် ထိုအကြောင်းကို ဗုဒ္ဓစက္ခုဖြင့်မြင်တော်မူ၍ သတ္တဝါအပေါင်းတို့အား သနား ကြင်နာတော်မူလှ

သဖြင့် ထိုဘေးမှ ကယ်ချွတ်တော် မူအံ့သောငှါ ရဟန်းအပေါင်း သုံးသောင်းခြံရံလျက် ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ သုဝဏ္ဏကူဋ တောင်ထိပ်၌ သက်ဆင်းတော်မူလေ၏၊ ထိုအခါ ဝရဒီပကျွန်းအလုံး၌ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်တော်အစွမ်းကြောင့် ထက်ဝန်း ကျင်သောအရပ်တို့၌ မိုယ်းအရည်ထန်စွာရွာသွန်းလေ၏၊ အထံတော် သို့ ချဉ်းကပ်ဆိုက်ရောက်လာကြကုန်သောကျွန်းသူကျွန်းသားအပေါင်း တို့အား တရားမြွက်ဆေးတိုက်ကျွေးဟောချွတ်တော်မူသဖြင့်ရှစ်သောင်း လေးထောင်ကုန်သော ဝေနေယျတို့သည် အကျွတ်တရားကို ရကြလေ ကုန်၏။

ထို့နောက်မှ မြတ်စွာဘုရားသခင်သည် မဟာဗောဓိပင်တည်ရာ အရပ်၌ဖလသမာပတ်ကိုဝင်စားတော်မူ၍"ကဏ္ဍနန္ဒာမည်သောမထေရ် မသည် ရဟန္တာမငါးရာနှင့်တကွ ငါ၏ပွင့်တော်မူရာ မဟာဗောဓိပင်မှ ဒက္ခိဏသာခါကို ယူဆောင်၍ လာစေသတည်း"ဟု မိန့်ခွန်တော်မူ၏၊ ထိုရဟန္တာမလည်း ရေသဖန်းဖြစ်သော ဗောဓိပင် ဒက္ခိဏသာခါကို ယူဆောင်၍လာလေ၏။

ထို့နောက်မှ ကျွန်းသူကျွန်းသားတို့အား ကိုးကွယ်ပူဇော်စိမ့်သော ငှါ ခါးပန်းတော်ကို ပေးအပ်တော်မူ၍ သုမနမထေရ်ကို အခြံအရံ ရဟန်းတထောင်နှင့်တကွ ၎င်းဝရဒီပကျွန်း၌ ထားတော်မူခဲ့၍ မဇ္ဈိမ ဒေသသို့ ပြန်လည်ကြွချီတော်မူခဲ့လေ၏၊ ကျွန်းသူ ကျွန်းသားတို့လည်း ခါးပန်းတော်ကို ထူပါရာမစေတီ တည်ရာ အရပ်၌ စေတီတော် တည်ထား၌ပနာ၍ကိုးကွယ်ကြလေကုန်၏၊ရေသဖန်းဖြစ်သောဗောဓိ သာခါကိုလည်း ငါတို့ ဂေါတမမြတ်စွာဘုရား၏ ဗောဓိပင်တည်ရာ အရပ်၌ပင် စိုက်ပျိုးတည်ထား၍ ကိုးကွယ်ကြလေကုန်သတည်း။

၃။ ကဿပမြတ်စွာဘုရား ပွင့်တော်မူသောအခါ ဤသီဟိုဠ်ကျွန်း သည် မဏ္ဍလဒီပကျွန်းဟုတွင်၏၊ မင်းသည် ဇယန္တမင်းဟု တွင်၏၊ ပြည်သည်ကား ဝိသာလပြည်ဟု တွင်လေ၏၊ စေတိယ တောင်သည် သုဘကူဋတောင်ဟု တွင်၏၊ မေဃဝန်ဥယျာဉ်သည် မဟာသာလ ဥယျာဉ်ဟု အမည်တွင်၏၊ ထိုအခါ မဏ္ဍလဒီပကျွန်း၌ ကြီးစွာသော

ငြင်းခုံခြင်းဘေးရန်သည်ဖြစ်ကုန်၏၊ သတ္တဝါအပေါင်းတို့သည် သေကြေ ပျက်စီးခြင်းသို့ရောက်ကြလေကုန်၏။

ကဿပ မြတ်စွာဘုရားသခင်သည် ထိုသို့သော အကြောင်းကို ဗုဒ္ဓ စက္ခုဖြင့် မြင်တော်မူ၍ ထိုကျွန်းသူကျွန်းသားတို့အား သနားကြင်နာ တော်မူလှသဖြင့် ရဟန္တာနှစ်သောင်းခြံရံလျက် ကောင်းကင်ခရီးဖြင့် ကြွချီတော်မူ၍ သုဘကူဋတောင်ထိပ်၌ သက်ဆင်းတော်မူလေ၏၊ ထိုအခါ မြတ်စွာဘုရားသခင်သည် ထိုကျွန်းသူ ကျွန်းသားတို့အား ခိုက်ရန်ငြင်းခုံခြင်းမှ ကင်းလွတ်ကြစေရန် တရားဟောတော် မူသဖြင့် ကျွန်းသူအပေါင်းတို့သည် ငြင်းခုံခိုက်ရန်ခြင်းမရှိ၊ အချင်းချင်း ချစ်ခင် ကြင်နာလျက် ကောင်းစွာညီညွတ်သင့်မြတ်ကြလေကုန်၏၊ တရားတော် ၏အဆုံး၌ ရှစ်သောင်း လေးထောင် ကုန်သော ဝေနေယျတို့သည် အကျွတ်တရားကိုရကြလေကုန်၏။

ထို့နောင် ထိုကျွန်းသူတို့ကိုးကွယ်ကြစိမ့်သောငှါ သဗ္ဗနန္ဒီအမည် ရှိသော မထေရ်ကို အခြံအရံ ရဟန္တာတထောင်နှင့်တကွ ထားခဲ့၍ ရေသနုပ်တော်ကိုလည်း စေတီတည်၍ကိုးကွယ်ပူဇော်ကြစေရန် ပေး အပ်တော်မူခဲ့လေ၏၊ မဟာဗောဓိပင် တည်ရာမြေအဘို့၌ ဖလသမာ ပတ်ကို ဝင်စားတော်မူ၍ "သုဓမ္မရဟန္တာမထေရ်သည် ငါ၏ပွင့်တော် မူရာ မဟာဗောဓိပင် ဒက္ခိဏသာခါကို ယူဆောင်၍ လာစေသတည်း" ဟု မိန့်ဘွန်တော်မူသည်ရှိသော် ထိုသုဓမ္မရဟန္တာသည် ဒိဗ္ဗသောတဖြင့် ကြား၍ ညောင်ကြတ်ပင်ဖြစ်သော မဟာဗောဓိ ဒက္ခိဏသာခါကို ယူဆောင်၍ ရဟန္တာအခြံအရံနှင့်တကွ လာလေ၏၊ ရေသနုပ်တော်ကို လည်း ထုပါရာမအရပ်၌ စေတီတော်တည်ထား ဌာပနာ၍ကိုးကွယ် ပူဇော်ကြလေကုန်၏၊ ညောင်ကြတ်ဖြစ်သော မဟာဗောဓိ ဒက္ခိဏ သာခါကိုလည်း အရှင်ဂေါတမ မြတ်စွာဘုရား၏ ဗောဓိပင်တည်ရာ အရပ်၌ပင် တည်ထောင်စိုက်ပျိုး၍ ကိုးကွယ်ပူဇော် ကြလေကုန် သတည်း။

ဤသို့လျှင် ကကုသန်, ကောဏာဂုံ, ကဿပဘုရား- သုံးဆူတို့၏ သာသနာတော်, ပရိဘောဂစေတီ, ဗောဓိပင်ဒက္ခိဏသာခါတို့သည် ဤလင်္ကာ ဒီပကျွန်း၌ တည်ဘူးလေကုန်သလျှင်တည်း၊ ထို့နောင်

မြတ်စွာဘုရားသခင်တို့၏ သာသနာတော်ကုန်သောအခါ ထိုသို့သော စေတီ, ဗောဓိတည်ရာအရပ်တို့၌ စားကြွင်းအန်ဖတ် တံမြက်ချေး– အစရှိသည်တို့ကို မစွန့်မပစ်နိုင်စိမ့်သောငှါ ဆုံးအတိပြီးသော သစ်ပင် ချုံနွယ်တို့သည် ဖုံးအုပ်လျက် တောအတိဖြစ်၍ တည်လေကုန်သတည်း။

သီဟိုဠ်ကျွန်း၌ ရှေးဘုရားသုံးဆူတို့၏ စေတီဗောဓိတည်ရာ
တို့ကို ပြသောအကြောင်းကား ဤတွင်ပြီး၏။

ဗောဓိရောပနအခန်းပြီး၏။

---

## ၅။ ဗောဓိဝံသအခန်း

### ၂၅။ သီဟိုဠ်စေတီဗောဓိတို့ကိုဖူးမျှော်ကြသော ရဟန်းတို့အကြောင်း

ဂုဂံပြည်ပဋမနန်းတည် သမုဒ္ဒရာဇ်မင်းမှ နှစ်ဆယ့်တဆက်မြောက် ပုပ္ပါးစောရဟန်မင်း လက်ထက်၌ သုမုန္တရီမင်း ဖြို့ခွင်းပြုပြင်၍ ထားအပ်သော သက္ကရာဇ်သည် ၅၆၂–ခုဖြစ်သတည်း၊ ထိုသက္ကရာဇ် ကို ပုပ္ပါးစောရဟန်မင်းသည် ခ, ဆ, ပဥ္စ-ကိန်းဖြင့် ၅၆၀ ကိုဖြို၍ အစွန်း ၂-ခုကိုသာ ကောဇာသက္ကရာဇ် ၂-ခုဟူ၍ ထားပြန်သတည်း၊ ထိုပုပ္ပါးစောရဟန်မင်း ထားခဲ့သော ၂-ခုသော သက္ကရာဇ်မှစ၍ ကောဇာသက္ကရာဇ် ၄၁၉-ခုဘုရားပရိနိဗ္ဗာန်စံတော်မူသည်မှ ၁၆၀၁-ခုနှစ်တွင် ပုဂံပြည်၌ မင်း၄၃-ဆက်မြောက်ဖြစ်သော အနော်ရထာ မင်းစောသည် မင်းပြုလေသတည်း။

ထိုအနော်ရထာ မင်းစောသည် ပုသိန်သုံးဆယ့်နှစ်မြို့, ဟံသာဝတီ သုံးဆယ့်နှစ်မြို့, မုတ္တမသုံးဆယ့်နှစ်မြို့အားဖြင့် ပြည့်နှက်သော လူနေ အိမ်ခြေရှိသော ရာမညတိုင်း တလိုင်းသုံးရပ်နှင့်တကွ သုဝဏ္ဏဘူမိ သထုံပြည် မနူဟာမင်းကိုလက်ရသိမ်းပိုက် အောင်မြင်တော် မူသဖြင့် ၎င်းမနူဟာမင်းကို၎င်း, အရှင်သောဏမထေရ် အရှင်ဥတ္တရမထေရ် တို့ပြုသော သာသနာတော်အနွယ်အဆက်အားဖြင့် လာသော အရှင် ဗုဒ္ဓဃောသ မြန်မာ့အက္ခရာဖြင့် မာဂဓဘာသာသို့ ရေးကူးအပ်သော ပိဋကတ်သုံးပုံကို၎င်း, ရဟန်းသံဃာတော်အပေါင်းတို့ကို၎င်း သိမ်းယူ ခဲ့ပြီးလျှင် ပုဂံပြည်၌ သာသနာတည်စပြုလေသတည်း။

ထိုအခါ ပုဂံပြည်၌ သာသနာတည်စ နှစ်မှ ၁၀၇-ခုနှစ်မြောက်, သီဟိုဠ်၌ သာသနာတော်တည်စနှစ်မှ ၁၄၇၂-ခုနှစ်မြောက်, ဘုရားပရိနိဗ္ဗာန်စံတော်မူသောနှစ်မှ ၁၇၀၀-ခုနှစ်မြောက်, ပုပ္ပါးစောရဟန်မင်း ခ,ဆ,ပဋ္ဌ-ကိန်းဖြင့် ဖြိုး၍ထားသော ကောဇာသက္ကရာဇ် ၅၂၆-ခုနှစ်မြောက် ရောက်သောအခါ သီဟိုဠ်ကျွန်း၌ သိရိသံဗောဓိပရက္ကမဗာဟုမင်း မင်းပြု၍ ၁၀-နှစ်မြောက် ရောက်သတည်း၊ ထိုနှစ်ထိုမင်းသည်—

၁။ မဟာဝိဟာရဝါသီဂိုဏ်း,
၂။ အဘယဂိရိဝါသီဂိုဏ်း,
၃။ ဇေတဝနဝါသီဂိုဏ်း—

ဟုသုံးဂိုဏ်းကွဲပြားလျက်ရှိနေရာမဟာဝိဟာရဝါသီဂိုဏ်းသို့သက်၍ သာသနာတော်၏ အညစ်အကြေး ဖြစ်သော အဘယဂိရိကျောင်းမှ အနှစ် ၁၂၀၄-နှစ်တိုင်တိုင် စည်ပင်ပြန့်ပွားခဲ့သော မကောင်းသော အကျင့်သီလ အာစာရရှိကုန်သော အဘယဂိရိဝါသီဂိုဏ်း သံဃာအပေါင်းတို့ကိုရင်း, ဇေတဝန်ကျောင်းမှစ၍ အနှစ် ၈၉၅-နှစ်တိုင်တိုင် စည်ပင်ပြန့်ပွားခဲ့သော မကောင်းသော အကျင့်သီလ အာစာရရှိကုန်သော ဇေတဝနဝါသီဂိုဏ်း သံဃာအပေါင်းတို့ကိုရင်း တရားနှင့်ညီညွတ်စွာ နှိပ်နင်းစွန့်ပစ် ပယ်ရှားပြီးခါ သာသနာတော်၌ ကောင်းသောအကျင့်သီလရှိသော မဟာဝိဟာရဝါသီဂိုဏ်း သံဃာသို့ပေါင်းစည်းစေသောအားဖြင့် တဂိုဏ်းတည်းပြုလုပ်၍ သာသနာတော်ကို ပွတ်သစ်သော ခရုသင်း ထွန်းလင်းသောလကဲ့သို့ တောက်ပကြည်လင်သန့်ရှင်းစင်အောင် သုတ်သင်ဆေးကြော လေသတည်း၊ ထိုသုတ်သင်သောနှစ် ကောဇာသက္ကရာဇ်သည်ကား ၅၂၇—ခုနှစ်ဖြစ်လေ၏။

ယင်းသို့ သီဟိုဠ်ကျွန်း သိရိသံဗောဓိမင်း သာသနာတော်ကို သုတ်သင်သည်မှ ၆-နှစ်မြောက်,သာသနာတော် ၁၇၀၄-နှစ်မြောက်, ပုပ္ပါးစောရဟန်ထားသော သက္ကရာဇ် ၅၃၂-ခုနှစ်ရောက်သောအခါ ဝယ် သထုံပြည်၌နေသော လောကီချာန်ရ ပြာဏဒဿီ မထေရ်၏ တပည့် ကမုက်မြို့သား မဟာကာလမထေရ်, ၎င်းမဟာကာလမထေရ်

၏တပည့် အရိယာဝံသမထေရ်, ၎င်းအရိယာဝံသ မထေရ်၏တပည့် ဖြစ်သော ရာမညတိုင်းသား ဥတ္တရာဇီဝမထေရ်သည် ဆပဒရွာသား သာမဏေ အလုပ်အကျွေးနှင့်တကွ ရဟန်းသံဃာ များစွာတို့နှင့် စေတီတော် ဗောဓိပင်တို့ကို ရှိခိုးပူဇော်အံ့သောငှါ သီဟိုဠ်ကျွန်းသို့ ကူးကြွတော်မူကြလေသတည်း။

ထိုသို့ကူးကြွ၍ ဆိုက်ရောက်တော်မူသောအခါ သီဟိုဠ်ကျွန်း မဟာဝိဟာရဝါသီဂိုဏ်း သံဃာတော်တို့နှင့် ပေါင်းစည်းညီညွတ်၍ ပုဂံမှပါလာသော ဆပဒသာမဏေငယ်ကို ပဉ္စင်းခံတော် မူလေသတည်း၊ ထို့နောင် စေတီတော် ဗောဓိပင်တို့ကို ရှိသေစွာရှိခိုးပူဇော်ကြပြီးလျှင် သီဟိုဠ်ကျွန်းမှကူး၍ ပုဂံပြည်ကြီးသို့ ပြန်ကြွတော်မူကြလေကုန်၏။

ဆပဒ မထေရ်မှာမူကား ဆရာကိုပန်ကြား၍ သီဟိုဠ်ကျွန်း၌ပင် ဆယ်ဝါတိုင်တိုင်ပိဋကတ်သုံးပုံတို့ကို တတ်မြောက်အောင် သင်ကြား၍ နေရစ်လေသတည်း၊ ယင်းသို့ သင်ကြားပြီးမှ သီဟိုဠ်ကျွန်းသား အရှင်မဟိန္ဒမထေရ်, အရှင်သီဝလိမထေရ်, အရှင်အာနန္ဒာမထေရ်, အရှင်ရာဟုလာမထေရ်တို့နှင့်ညှိနှိုင်းတိုင်ပင်၍ သီဟိုဠ်ကျွန်းမှ ဤဇမ္ဗူဒိပ်သို့ ကူးလာကြရာ ဝါလနီးကပ်သဖြင့် ပုသိမ်တွင်တန့်ရပ်၍ ဝါကပ်တော်မူကြရလေကုန်၏၊ ဝါကျွတ်လတ်သော် ပုဂံပြည်သို့ သထုံရောက်သာသနာ ၁၂၄-ခုနှစ်၊ ပုပ္ပါးစောရဟန်သက္ကရာဇ် ၅၄၃-ခု ပုဂံ၌ မင်းငါးဆယ်မြောက်ဖြစ်သော နရပတိစည်သူမင်း မင်းပြု၍ ၁၈-နှစ်ရောက်အခါတွင် ဆိုက်ရောက်လာသဖြင့် သီဟိုဠ် သာသနာလည်း ပုဂံပြည်၌ တည်လေသတည်း။

[ဤကား တထာဂတဥဒါနဒီပနီကျမ်း၌ လာသော ဝတ္ထုကို ထုတ်ပြချက်တည်း။]

ပုဂံပြည်မှသီဟိုဠ်သို့ကူး၍ စေတီဗောဓိတို့ကိုဖူးမျှော်ကြသော ရဟန်းတို့ကို ပြခြင်းအကြောင်းပြီး၏။

## ၂၆။ မဟာဗောဓိပင်ကို ဘိုးတော်မင်းတရားကြီး အမှုးအမျှော် စေလွှတ်ခြင်း အကြောင်း၊

ကောဇာသက္ကရာဇ် ၁၁၇၁-ခုနှစ်၊မဟာဗောဓိပင်သို့ နန္ဒရန်,ရွှေ တောင်သာဂသူ့ဘိုကို သိရိပဝရဝိဇယာနန္ဒယသတြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ - ဟူသော ဘွဲ့တံဆိပ်နာမံခံတော် မူသော သာသနာ့ဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ် ဖြစ်ခံတော် မူသော ဘိုးတော်မင်းတရားကြီးဘုရားက စေလွှတ်တော်မူ၍ သွားသော အကြောင်းအရာကို ပြဆိုရာဖြစ်သော စာတမ်းကား မဟာဗောဓိပင် ကို ဖူးမျှော်ကြည့်ရှုစေရန်၎င်း, တိုင်းကြီး တဆယ့်ခြောက်တိုင်းများမှ ပိဋကတ်ကျမ်းဂန်စာပေများကို ဆောင်ယူစေရန်၎င်း စေလွှတ်တော် မူသော ပုရောဟိတ်ပုဏ္ဏား,ဝါသိဋ္ဌပြဟ္မာ, ရမ္မာဝတီမြို့ဝန်, ရွှေတောင် သာဂသူ, ဇေယျကျော်သူ, ဇေယျကျော်ထင်, ဇေယျကျော်စွာ—တို့သည် ရွှေဘွားတော်အောက်က စလင်းဘားအိုင် ဒလက်ကြောင်းသွား၍ ခရီးနှစ်ဆယ့်နှစ်ယူဇနာကွာသော ဓညဝတီရခိုင်မြို့သို့ ရောက်သည်။

ထိုကမှ အနောက်မြောက်ကို အောင်ဆိပ်, ငမန်းရည်, မရှုခုံ, ကျောက်ပန်တုကြောင်းသွား၍ ရှစ်ယူဇနာကွာသော မုန်တောကင်း သို့ရောက်သည်။

ထိုကမှအနောက်မြောက်ကို ရေငန်တုံ, သဘော်ပျက်ခုံ, ပန်းမော်, ပန်းဝါ, မဟာစိုကြောင်းသွား၍ ရှစ်ယူဇနာ ကွာသော စစ်တကောင်း မြို့သို့ရောက်သည်။

ထိုကမှ အနောက်မြောက်ကို ကုသိနာရုံ, ရေပေါ်မီး, စောင်းတီး ကျွန်း,ဟတ္တိရာဇကျွန်းကြောင်းသွား၍ ခုနစ်ယူဇနာကွာသော လောက် ချိပူရာမြို့သို့ ရောက်သည်။

ထိုကမှ အနောက်မြောက်ကို ဗြဟ္မာ့ပုတ္တရမြစ်ဆုံး, ပလောင်ဆေး ကြောင်းသွား၍ ခုနစ်ယူဇနာကွာသော ဒါကာမြို့သို့ရောက်သည်။

ထိုကမှ အနောက်မြောက် ဂင်္ဂါမြစ်ကို လျှောက်သွား၍ တဆယ့် လေးယူဇနာကွာသော မုသူမြို့သို့ရောက်သည်။

ထိုကမှ အနောက်မြောက် ဂင်္ဂါမြစ်ကို လျှောက်သွား၍ ခြောက် ယူဇနာကွာသော ရာဇမယံမြို့သို့ရောက်သည်။

ထိုကမှ အနောက်မြောက် ဂင်္ဂါမြစ်ကိုလျှောက်သွား၍ နှစ်ယူဇနာကွာသော သင်္ကဿကောသိကဂင်္ဂါ,အစိဝရတီမြစ်ဆုံသို့ ရောက်သည်။

ထိုကမှ အနောက်မြောက် အစိဝရတီမြစ်သို့ လျှောက်သွား၍ လေးယူဇနာကွာဝေးသော စမ္ပါနဂိုရ်ပြည်သို့ ရောက်သည်။

ထိုကမှ အနောက်မြောက် အစိရဝတီမြစ်ကိုလျှောက်သွားပြန်၍ နှစ်ယူဇနာကွာသော မုန်ကရစ်မြို့သို့ရောက်သည်။

ထိုကမှ အနောက်မြောက် အစိဝရတီဂင်္ဂါမြစ်ကို လျှောက်သွားပြန်၍ တဆယ့်နှစ်ယူဇနာကွာသောယခုပဋ္ဌနာခေါ်ဝေါ်သည့် ပါဋလိပုတ်ပြည်သို့ ရောက်၏၊ ထိုပါဋလိပုတ် ပြည်သို့ ရောက်သောအခါ ပုရောဟိတ်ပုဏ္ဏား,ဝါသိဋ္ဌမြဟ္မာ, ရာမဝတီမြို့ဝန်, ရွှေတောင်သာဂသူတို့မှာ သောဠသတိုင်းကြီးတို့သို့ စာပေကျမ်းဂန် အဆောင်အယူ ခွဲ၍ သွားကြလေသည်။

ဇေယျကျော်သူ, ဇေယျကျော်ထင်, ဇေယျကျော်စွာ တို့သည်ကား ပါဋလိပုတ်ပြည်က မဟာဗောဓိပင်ရှိရာ အနောက်တောင် အရပ်သို့ ကြည်းကြောင်းတက်သွားရာ တယူဇနာကွာ အတန်နီရွာသို့ ရောက်သည်။

ထိုကမှ အနောက်တောင်သို့ သွား၍ တယူဇနာကွာ ဇမ္ဗုရွာသို့ ရောက်သည်၊

ထိုကမှ အနောက်တောင်သို့သွားပြန်၍ တယူဇနာကွာ ရာဇဂိရိတောင်ခြေ ရာဇဂိရိမြို့သို့ရောက်သည်။

ထိုကမှတဖန် အနောက်တောင်သို့သွားကြပြန်၍ နှစ်ယူဇနာကွာတွင် ကျေးလက်၁၀-ရွာတို့ကို အပိုင်စားရ၍ မဟာဗောဓိပင်တော်ကို စောင့်ထိန်းကာနေသော မဟာပါလဂိရိဂူသံဇ် အမည်ရှိသော သူ၏ တိုက်အိမ်သို့ရောက်ကြ၍—

အမရပူရ ရွှေပြည်တော်ကြီးနှင့်တကွ တိုင်းကြီးပြည်ကြီးထီး ဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်မူသော ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရွှေတွင်း ငွေတွင်း ပတ္တမြား စသော ကိုးပါးသောရတနာတွင်းအပေါင်းတို့၏အရှင် ဥပေါ

သထဆဒွန်ဆင်မင်း စသော ဆင်ဖြူများသခင် သိရိပဝရဝိဇ ယာနန္တယသတြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိ ရာဇာ-အမည်တော်ရှိသော သာသနာ့ဒါယကာတော် မဟာ ဓမ္မရာဇ်တရားမင်းမြတ်က စေလွှတ်တော်မူ၍ မဟာဗောဓိပင် တော်သို့ အဖူးအမျှော်လာ ရောက်ကြောင်း—

နှင့် သံတော်အမတ်တို့က မဟာဗောဓိပင်စောင့် မဟာပါလဂိရိဂု သံဗိအားပြောကြားရာ ၎င်းမဟာပါလဂိရိဂုသံဗိသည် ကိုယ်ကိုင်ရှေ ညွှန်ပြ၍ ၁၁၇၁-ခု၊ တန်ခူးလဆန်း ၁၃-ရက်နေ့ မဟာဗောဓိပင် သို့သွားရောက်ပြီးလျှင် ဇေယျကျော်သူ, ဇေယျကျော်ထင်,ဇေယျကျော် စွာတို့ ဗောဓိပင်မြတ်ကို လက်ျာရစ်သုံးပတ်လှည့်လည်ကာ ဖူးမျှော်ပူ ဇော်ကြလေသည်၊ မဟာဗောဓိပင်တော်ကိုလည်း နှင်းရည်-စသော အမွှေးအထုံအပေါင်းတို့ဖြင့် သွန်းလောင်း ပူဇော်ကြလေသည်။

ဤသို့ မဟာဗောဓိပင်၏ အခြင်းအရာတို့ကို အကုန်အစင် သိမြင် တိုင်းတာ မှတ်သားပြီးနောက် လှည့်ပတ်ဖူးမျှော်ကြရာ မဟာဗောဓိ ပင် တံတိုင်းတော်မှာ မိစ္ဆာဒိဋ္ဌိတို့ဖျက်ဆီး၍ တောင်မျက်နှာ,မြောက် မျက်နှာ, အနောက်မျက်နှာ, တံတိုင်းမုခ်များ ပျက်ပြားယိုယွင်းလျက် ရှိသည်၊အရှေ့မျက်နှာမုခ်ဂူတံတိုင်းမှာ မယိုမယွင်းရှိသည်၊ မဟာဗောဓိ ပင် အာလိန်အောက်ခံပလ္လင်နှင့် စပ်လျက် အရှေ့မြောက် ဘိနပ်တော် အပြင် ဆယ့်နှစ်တောင်တွင် ပုထိုးတော်ကြီး အရပ်တော် သံတောင် ၁၀၀-ကျော်ခန့်ရှိသည်။

၎င်းပုထိုးတော်ကြီး၌ အရှေ့မျက်နှာမုခ်ကြီးအတွင်း—

၁။ ဂေါတမမုနိခေါ်သည့် ပဋ္ဌလိရာဇ ကျောက်ဆင်းတု၊ ထက်ဝယ် တော် ၃-တောင် ၂-မိုက်။

၂။ သကျမုနိခေါ် ကျောက်ဆင်းတု၊ ထက်ဝယ်တော် ၂-တောင် ၂-မိုက်။

၃။ မဟာမုနိခေါ် ကျောက်ဆင်းတု၊ ထက်ဝယ်တော် ၂-တောင် ၂-မိုက်။

ဂူဝင်းဆင်းတုတော် သုံးဆူကို မဟာပါလဂိရိဂူသံဇ် ပင့်၍ တိုက်အနီးတွင် အမိုးအကာနှင့် ကိုးကွယ်သည်၊ ဆင်းတုတော် ထားရင်းပလ္လင်တော်အောက်ပိုင်းတွင် ဆင်စီးလျက် မာရ်နတ်မင်းနှင့်တကွစစ်သည်အပေါင်းတို့ အရုပ်သဏ္ဍာန်လည်းရှိသည်၊ ပလ္လင်ကြာထပ်တွင်လည်း တေလင်စာ, တေလဟစ်စာ, ဒေဝနာဂရီစာကဲ့သို့ ရေးထုလျက်ရှိသည်။

> ပုထိုးကြီးရင်ပြင်တွင်လည်း ကျောက်တိုင် ကျောက်မိုးနှင့်ထားသည်၊ ခြေတော်ရာဖနောင့်က ခြေမဖျားထိ ၁-တောင့် ၂-မိုက်၊ အနံ ၁-မိုက် ၆-သစ်၊ ဂူဝင်းခြေတော်ရာတွင် စကြာ, ယပ်ဝန်း, ထီးဖြူ, ခွန်းတောင်း, သားမြီးယပ်, ပဒုမာ,ခရုသင်းစသော ရုပ်တုသဏ္ဍာန်များနှင့် ခြေဘဝါးလယ်က ခြေချောင်းသို့ တက်သည့် အရေးအကြောင်းများနှင့် ခြေတော်ရာအစုံရှိသည်။

ပုထိုးတော်ကြီး အရှေ့မျက်နှာ မုခ်ကြီးအရှေ့ ကျောက်ဆင်းတုနှင့်ဂူကြီး၁၊ ထိုမှအရှေ့ ပရိသတ်များနေရန် ဂူကြီး၁၊ ထိုမှအရှေ့ တံခါးမုခ်ပေါက်ရှိသည်၊ ပုထိုးတော်ကြီးက မဟာဗောဓိပင် အရှေ့မုခ်ဝရောက်အောင်အတောင် ၃၀-ကွာသည်၊အရှေ့မုခ်ဝ တောင်ဘက်တွင် ပဉ္စလိရာဇကျောက်ဆင်းတုနှင့်ဂူကြီး ၂၊ မြောက်ဘက် ၁၅-တောင်ကွာတွင်အရပ်အတောင် ၃၀-ခန့်ရှိစေတီတော်တဆူရှိသည်။

မဟာဗောဓိ ပလ္လင်ခုံအာလိန်မှစ၍ မဟာဗောဓိ ပတ်လည်မှာပဉ္စလိရာဇကျောက်ကိုထုလုပ်သည့် ၂-တောင်ခန့်,၁-တောင်ခန့်,၂-မိုက်ခန့်ရှိ မပျက်မစီးသော ဆင်းတုတော်အများပင်ရှိသည်၊ မိစ္ဆာဒိဋ္ဌိတို့ဖျက်ဆီး၍ ပျက်စီးသောဆင်းတုတော်လည်း အများပင်ရှိသည်။

မဟာဗောဓိပင်အရှေ့မှာ နေရဉ္ဇရာမြစ်ရှိသည်၊ မဟာဗောဓိပင်အရှေ့တောင်မှာ မုစလိန္ဒာအိုင်ရှိသည်၊ ထိုအိုင်အနီး၌စေတီတော်ကြီးတဆူရှိသည်၊ ထိုမှအနောက်တွင် ရေအိုင်ကြီးတခုရှိသည်၊ ဗောဓိပင်အနောက်မှာအနော်မာမြစ်ရှိသည်၊ဗောဓိပင်မြောက်မှာဆိတ်ကျောင်း

ညောင်ပင်ရှိသည်၊ ဗောဓိပင်အရှေ့ နေရဥ္စရာမြစ်၏ အရှေ့ဘက် တာ ၁၀၀-ကွာတွင် ဘိနပ်တော်အဝန်း ၁၀၃-လံရှိသော သိရိမဗ္ဗာ သောကမင်းကြီးကောင်းမှု စေတီတော်ကြီးတဆူ ပြိုပျက်လျက်ရှိသည်။

ထိုအကြောင်းအရာ အလုံးစုံတို့နှင့်တကွ မဟာဗောဓိပင် အခြင်း အရာတို့ကို ပုံစံရေးသားပြီးလျှင် ဗောဓိပင်ငယ် ပင်ပျိုတော် ၂-ပင်နှင့် ဗောဓိမြေများကို ဆောင်ယူပင့်သွားလိုကြောင်းကို သံတော်မှူးမတ် များက မဟာပါလဂိရိဂျသံဗိုထံ ပန်ကြားပြောဆိုသည်တွင် ၎င်းမဟာ ပါလဂိရိဂျသံဗိုက ဗောဓိပင်တော်-၂,၎င်းမြေ, ပဌလိရာဇကျောက် ဆင်းတုတော် ၃-ဆူ, စန္ဒာမုနိပုထိုးများတွင် သရဏ္ဏာယ်တော်မူရန် ဂါထာတို့ကို ကျွန်တော်မျိုးဖြစ်သော ဇေယျကျော်သူ,ဇေယျကျော်ထင်, ဇေယျကျော်စွာတို့အား ပေးအပ် ဆောင်နှင်းပြီးလျှင် မဟာပါလဂိရိ ဂျသံဗိုသည်အလွန်ရှိသေစွာအကြိမ်ကြိမ်ဦးညွှတ်လျက်"မင်းတရားကြီး ဘုရားအား ရှိခိုးပူဇော်ကြောင်းကို တင်လျှောက်ပါလေ"ဟု မှာထား ပြီးလျှင် အမတ်များသည်ပင့်ဆောင်ယူ၍ပြန်လာခဲ့ကြရာ သီတင်းကျွတ် လပြည့်ကျော် ၅-ရက်နေ့ ပါဋလိပုတ်ပြည်သို့ရောက်သည်။

သောဠသတိုင်းကြီးတို့သို့သွားသော ဝါသိဋ္ဌပြဟ္မာ, ရမ္မာဝတီမြို့ဝန် တို့သည် ဓါတုဒီယတိနိဗ္ဗာယနကျမ်း,ဇောတိတတ္တကျမ်း,သူရိယသိဒ္ဓန္တ ဗေဒင်ကျမ်း, ဘေသဇ္ဇနိဂဏ္ဍုဆေးကျမ်း, ဂဇသျှတ္တရဆင်လက္ခဏာ ကျမ်း, သုပိနဒါယ အိပ်မက်ကျမ်း, ဓာတုပြသံသက ဆေးကျမ်း, အဆန်းအကြယ်ကိုဟောသော သျှရဋ္ဌေးကျမ်း, တိတ်နိမိတ်ကိုဆိုသော ဂြဟာသန္တိယတြာကျမ်းအားဖြင့် လောကီကျမ်းပေါင်း ၉-ကျမ်း။

သာလိဂသျှ ကျောက်ပုတီးကုံး, ကရဘူပုတီးကုံး, ကေနံပုဆိုး, အင်္ဂျီတုရင်တော် အဘိုးအနဂ္ဃ ထိုက်တန်သော စိန်, မြ, ပုလဲ, အထူးထူးသော ထည်မျိုးအုပ်မျိုး, ကျွမ်းထိုးတိုင်တက် ကြိုးတန်း လျှောက် အတီးအကကုလားပညာသည် ၂၀-ကျော်, ဂင်္ဂါမြစ်ရေ, ယမုနာမြစ်ရေ,သာရသျှတ္တိမြစ်ရေ, ကပ္ပိရဒါရမြစ်ရေ, ဂန္ဓကီမြစ်ရေ, ဂေါမုတိမြစ်ရေ, သရရုပ်မြစ်ရေ, ပယာဂမြစ်ရေ လက်ဆောင်တော်

များကို ကာသိတိုင်း ဗာရာဏသီမင်းက ပုရောဟိတ်ပုဏ္ဏား မဟာဒေဝဘတ်, မဟာနန္ဒဘာဘူဘတ်, သေရှုနတ်–စသော ပုဏ္ဏားကြီးနှစ်ကျိပ် ခြောက်ယောက်တို့ကို ကြပ်မစေပြီးလျှင် ရမ္မာဝတီမြို့ဝန်, ရွှေတောင်သာဂဿတို့နှင့်အတူ ခြေတော်ဦးခိုက် အဆက်အသထည့်လိုက်၍ပြန်လာခဲ့သည်၊ ပါဌလိပုတ်ပြည်တွင် ဇေယျကျော်သူ, ဇေယျကျော်ထင်, ဇေယျကျော်စွာတို့နှင့်ပေါင်းဆုံမိကြလျှင် ခရီးလမ်းစခန်းစဉ်အတိုင်း အတူပြန်လာကြ၍ သက္ကရာဇ် တထောင့်တရာ့ ခုနစ်ဆယ့်နှစ်ခု နယုန်လပြည့်ကျော်တရက်နေ့ စစ်ကိုင်းမြို့သို့ဆိုက်ရောက်သည်။

ဆင်ဖြူများသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရားလည်း မဟာဗောဓိပင်နှင့် ရုပ်တုတော်များကို အိမ်ရှေ့မင်းကို စစ်ကိုင်းမြို့ရောက်ကြိုဆို ဆောင်ယူစေ၍ ဘုရားရုပ်တုတော်များကို စံနန်းတော်ဦးတွင် တန်ဆောင်းပြာသာဒ်အတွင်း မျက်နှာကြက်,ကြာယပ်, ထီးဖြူ,ရွှေထီး, ရွှေတံခွန်-စသော အခင်းအကျင်းနှင့်ထားတော်မူ၍ တိုင်းသူပြည်သူ အပေါင်းတို့အား ဖူးမျှော်ပူဇော်စေပြီးလျှင် မဟာဗောဓိပင် နှစ်ပင်ကို ဘေးလောင်းတော် သီရိမ္မာ သောကမင်းကြီး, ဒေဝါနံပိယတိဿမင်းကြီးတို့ ပင့်ဆောင်စိုက်ပျိုးသကဲ့သို့ အခမ်းအနား အခင်းအကျင်းပွဲသဘင်ကြီးစွာစီရင်တော်မူ၍ ရွှေထမ်းစင် ရွှေပြာသာဒ်နှင့် ထီးဖြူအုပ်လျက် အလယ်ကျွန်းစံနန်းတော်က ပင့်ဆောင်တော် မူပြီးလျှင် အနောက်ဘက်ပုထိုးတော်ကြီးမြောက်တွင်–

သံအိုးတထပ်, ထိုအတွင်းသလွဲတထပ်, ထိုအတွင်းကြေးနီတထပ်, ထိုအတွင်း ငွေတထပ်, ထိုအတွင်း မိုးကြိုးတထပ်, ထိုအတွင်း အဝန္နစ်တောင့်တမိုက်လေးသစ် အနားရေးတရာပတ္တမြားသုံးရစ်စီသော ရတနာရွှေအိုးတထပ်။

ထိုသို့ ခွဲစပ်သေချာစွာ လုပ်ဆောင်သော ရတနာအိုးတစုံတွင် မဟာဗောဓိမြေတော်များကို ထည့်တော်မူ၍ အောက်ခံလုပ်ပြီးလျှင် မဟာဗောဓိနှစ်ပင်ကို ဆင်ဖြူများသခင် အသျှင် ဘဝရှင် မင်းတရားကြီးဘုရား ကိုယ်တော်တိုင် စိုက်ပျိုးတော်မူသည်၊ တံတိုင်း မီးတားနှစ်ထပ် မုခ်ဝင်မုခ်ကူး အုဌ်ပြာသာဒ်ရှစ်ဆူ, တံတိုင်းလေးထောင့်အုဌ်

ပြာသာဒ်နှစ်ဆူ, အရံဇောင်နှစ်ရှင် တရော်နှစ်ဆယ့်ရှစ် များနှင့်တကွ လုပ်ဆောင်၍လည်း ကမ္ပည်းရေးသားထားတော်မူ၏။

[ဤကား ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် ပါရှိသည့် အတိုင်းထည့်သွင်းဖေါ်ပြလိုက်သည်။]

ဘိုးတော်မင်းတရားကြီးလက်ထက် မဟာဗေဒါမိပင်သို့
ကိုယ်စားတော် အဖူးအမျှော်စေလွှတ်သည်ကို
ပြသောအကြောင်းပြီး၏။

---

မှန်နန်း မဟာရာဇဝင်တော်ကြီးတွင် ပါရှိသော စကားရပ်နှင့် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ ပါရှိသော စကားရပ်တို့ အချင်းခပ်သိမ်းမတူ အချို့အချို့သော နေရာတို့၌ ဥိနအဓိက=အယုတ်အလွန် ဖြစ်၍ အဆိုမညီရှိကြသည်ကို နှစ်နည်းနှစ်ဘိုတို့အတွက် ညှိနှိုင်းတိုက်ဆိုင်၍ မှတ်ယူတော်မူကြရန် (မှန်နန်းရာဇဝင်) ထွက်ကို ထည့်သွင်းဖေါ်ပြဦးအံ့။

## ၂၇။ ဗေဒါမိပင်သို့စေလွှတ်သောအကြောင်းအရာ မှန်နန်းရာဇဝင်အရပြဆိုသည့်အကြောင်း

အမရပူရမြို့တည်နန်းတည် အောင်မြေလောကစေတီတော် ဒါယကာ ဗဒုံမင်းတရားကြီး လက်ထက်တော်အခါ မဟာဗောဓိတော်နှင့် စပ်လျဉ်းသော အကြောင်းအရာများကား—

သက္ကရာဇ် ၁၁၆၈-ခု တပေါင်းလဆန်း ၇-ရက်နေ့ မဇ္ဈိမတိုက်သို့ ရွှေတောင်သာဂရု,ရွှေတောင်သိရိစည်သူတို့ကို စေလွှတ်၍ ပိဋကတ်တော်များနှင့် လောကီကျမ်းဂန်များကို ရေးကူးဆောင်စေရာ ဗာရာဏသီမင်းက ဝေါဒိန္နမြဟ္မာအမည်ရှိသော ပုဏ္ဏားကြီးကို ကြီးမှူးကြပ်မစေ၍ ကျွန်တော်ရင်းရွှေတောင်သာဂရု, ရွှေတောင်သိရိစည်သူတို့နှင့် အတူတကွ သာဂရမင်းကောင်းမှု ကျောက်ဆင်းတုတော် ၂-ဆူ, ကာမာရတနကျမ်း, တန္တသာရ, အာယုဗေဒ, ဇန္တရစိန္တာမဏိ,

သမယဗျာဓိပဒေသ, ဂရိတစိန္တာမဏိ, ဇောတိသာရ, ဒိပိတတ္တဆေးကျမ်းများနှင့် အရဟာဇလတောင်ထိပ် နှံ့သာတော၌ရောက်သောသတ္တရန့်သိလာကျောက်, အရဟာဝတီမြေ, ဂင်္ဂါမြစ်ရေ, ယမုနာမြစ်ရေ, စိန်လုံးရေ-၃,နိဗ္ဗာနပစ္စယမဟာနာဂရာဇာဆင်မင်း လည်၌ဆွဲဆင်ရန်ရတနာမျိုးတို့ဖြင့် စီခြယ်အပ်သောတန်ဆာ, သုရဘိသားမြီးရပ်များကို အမရပူရမြို့တည်မင်းတရားကြီးသို့ ဆက်သလိုက်သည်။

ထို့နောက် ၁၁၇၀- ပြည့် သီတင်းကျွတ်လပြည့်ကျော် ၈-ရက်နေ့ မဇ္ဈိမဒေသ, ပဉ္စာလရစ်, ဒီလီ, လက္ခနော, ဗာရဏသီပုရ, ဇေတနဂရ, ဗာရာဏသီ, ရာဇဂြိုဟ်, ပါဋလိပုတ်ပြည်များက ရောက်လာသော ပုဏ္ဏား, ဇော်ဂီ, တပသီ, ရသေ့, ကုန်သည်ကြီးတို့နှင့်အတူ ဘက်တွဲ၍ နေပြည်တော်မှ ဝါသိဋ္ဌမြဟ္မာပုဏ္ဏားကြီး, ရမ္မာဝတီမြို့ဝန်, ရွှေတောင်သာဂသူ, ဇေယျကျော်သူ, ဇေယျကျော်ထင်, ဇေယျကျော်စွာ တို့ကို အမရပူရနေပြည်တော်မှ ဘုရားသခင် ပွင့်တော်မူရာမဟာဗောဓိရောက် ခရီးလမ်းစဉ်အဝေးအကွာများ တိုင်းတာမှတ်သားစေရန်၎င်း, မဟာဗောဓိပင်တော် အနေပုံသဏ္ဌာန်များကို ပုံစံရေးသားဆက်သစေရန်၎င်း, မဇ္ဈိမဒေသ တိုင်းပြည်များ၌ လောကီလောကုတ္တရာ စာပေကျမ်းဂန်များကို ရှာဖွေကူးယူစေရန်၎င်း စေလွှတ်တော်မူသည်။

ပုဏ္ဏားကြီး ဝါသိဋ္ဌမြဟ္မာနှင့် မှူးတော်မတ်တော်တို့လည်း ရွှေဘဝါးတော်အောက်မှ ထွက်ခွါပြီး စလင်း, ဘားအိုင်, ဒလက်ကြောင်းသွား၍ အမရပူရမြို့တော်မှခရီး ၂၂-ယူဇနာကွာသော ဓညဝတီသို့ရောက်ကြသည်။

ထိုကမှ အနောက်မြောက်ယွန်းယောင် အောင်ဆိပ်, ငမန်းရည်, မရှုခုံ, ကျောက်ပန်တူကြောင်းသွား၍ ခရီး ၈-ယူဇနာကွာ မှန်တောကင်းသို့ရောက်သည်။

ထိုကမှ အနောက်မြောက်ယွန်း ရေငန်တို, သဘော်ပျက်ခုံ, ပန်းမော်, ပန်းဝါ, မဟာစိုကြောင်းသွား၍ ခရီး ၈-ယူဇနာကွာ စစ်တကောင်းမြို့သို့ ရောက်သည်။

ထိုကမှ အနောက်မြောက်ယွန်း ကုသိနာရုံ, ရေပေါ်မီး, စောင်းတီးကျွန်း, ဟတ္ထိရာဇကျွန်းကြောင်းသွား၍ ခရီး ၇-ယူဇနာကွာ ချိပူရာမြို့သို့ရောက်သည်။

ထိုကမှအနောက်မြောက်ယွန်း ဗြဟ္မာ့ပုတ္တရမြစ်ဆုံ, ပလောင်ဆစ်ကြောင်းသွား၍ ခရီး ၇-ယူဇနာကွာ ဒါကာမြို့သို့ ရောက်ကြသည်။

ထိုကမှ အနောက်မြောက်ယွန်းယောင် ဂင်္ဂါမြစ်ကိုလျှောက်၍ ခရီး ၁၄-ယူဇနာကွာ မုဆ္ဆူမြို့သို့ရောက်သည်။

ထိုကမှ အနောက်မြောက်ယွန်းယောင် ဂင်္ဂါမြစ်ကိုလျှောက်၍ ၆-ယူဇနာကွာ ရာဇမယ်မြို့သို့ရောက်သည်။

ထိုကမှ အနောက်မြောက်ယွန်းယောင် ဂင်္ဂါမြစ်ကို လျှောက်၍ခရီး ၂-ယူဇနာကွာ သတ္တကောသိကဂင်္ဂါ အစိရဝတီမြစ်ဆုံသို့ရောက်သည်။

ထိုကမှ အနောက်မြောက်ယွန်း အစိရဝတီ ဂင်္ဂါမြစ်ကိုလျှောက်၍ ခရီး ၄-ယူဇနာကွာ စမ္ပာနဂိုရ်မြို့သို့ရောက်သည်။

ထိုကမှ အနောက်မြောက်ယွန်း အစိရဝတီဂင်္ဂါမြစ်ကို လျှောက်၍ ခရီး ၂-ယူဇနာကွာ မုန်ကရစ်မြို့သို့ရောက်သည်။

ထိုကမှ အနောက်မြောက်ယွန်း အစိရဝတီဂင်္ဂါမြစ်ကို လျှောက်၍ ခရီး ၁၂-ယူဇနာကွာ ယခုပဋ္ဌနာ ခေါ်ဝေါ်ကြသော ပါဋလိပုတ်ပြည်သို့ ရောက်သည်။

[ထိုကမှ ပုဏ္ဏားကြီး ဝါသိဋ္ဌဗြဟ္မာ, ရမ္မာဝတီမြို့ဝန်, ရွှေတောင်သာဂသူတို့ တိုင်းကြီး တဆယ့်ခြောက်တိုင်းများသို့ စာပေကျမ်းဂန်အရှာအဖွေ အဆောင်အယူခွဲ၍ သွားကြသည်။]

ဇေယျကျော်သူ, ဇေယျကျော်ထင်, ဇေယျကျော်စွာတို့လည်း ထိုပါဋလိပုတ်ပြည်ကမှ ဗောဓိပင်တော်တည်ရှိရာ အနောက်တောင်ယွန်းယောင် ကြည်းကြောင်းခရီးဖြင့် သွားကြရာ ခရီးတယူဇနာကွာ အတန်နီရွာသို့ ရောက်သည်။

ထိုကမှ အနောက်တောင်ခရီး တယူဇနာကွာ ဇမ္ဗူရွာသို့ ရောက်သည်။

ထိုကမှ အနောက်တောင်ယွန်း ခရီးတယူဇနာကွာ ရာဇဂိရိတောင်ခြေ ရာဇဂိရိမြို့သို့ရောက်သည်။

ထိုကမှ တဖန် အနောက်တောင်ယွန်း သွားကြပြန်ရာ ခရီး၂-ယူဇနာကွာ အရောက်တွင်မှ ကျေးလက် ၁ဝ-ရွာကိုပိုင်စားရသော မဟာဗောဓိပင်တော်စောင့် မဟာပါလဂိရိဂျသိဇ်တိုက်သို့ ရောက်ကြသည်။

မဟာပါလဂိရိဂျသိဇ်လည်း ကိုယ်တိုင်လမ်းညွှန်ပြ၍ ရွှေဘဝါးတော်အောက်က ရောက်လာသူ ဇေယျကျော်သူ, ဇေယျကျော်ထင်, ဇေယျကျော်စွာတို့ကို မဟာဗောဓိသို့ ပို့ဆောင်၍သက္ကရာဇ် ၁၁၇၀-ခု တန်ခူးလဆန်း ၁၃-ရက်နေ့ လူသုံးဦးတို့၏အထွတ် တမွတ်သျှောင်ဖျား ဂေါတမရှင်တော်ဘုရား၏သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားသိမြင်၍ သဗ္ဗညုအထွတ်သို့ရောက်တော်မူရာမဟာဗောဓိပင်ကိုဖူးမျှော်ကြရသည်။

သို့စခန်းယောက် အဆင့်ဆင့်အတန်တန် ခရီးယူဇနာ အကွာအခြား အရပ်ရပ်တို့ကို ပေါင်းစပ်တွက်စစ်လိုက်လျှင် အမရပူရနေပြည်တော်မှ ဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသ မဟာဗောဓိသို့အရောက် အခွန့်သချာ ယူဇနာပေါင်း၉၇-ယူဇနာ ဝေးကွာကြောင်းတွက်စစ်ရရှိသည်၊ ဤကား—အမရပူရ နေပြည်တော်မှ မဟာဗောဓိရောက် ခရီးစဉ် အဝေးအကွာ တိုင်းတာ မှတ်သားသည်ကို ဆိုသောစကားဖြစ်သည်။

ရွှေဘဝါးတော်အောက်မှ သွားရောက်ကြသော ကျွန်တော်မျိုးဇေယျကျော်သူ, ဇေယျကျော်ထင်, ဇေယျကျော်စွာတို့လည်း အမိန့်တော်မြတ်နှင့်အညီ၊ ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်တော်၏အနေပုံသဏ္ဍာန်များကိုတိုင်းတာ ရေးသားကြသည်မှာ—

မဟာဗောဓိညောင်တော်တည်ရာ ပတ်လည်ဝန်းကျင် မြေပြင်မြင့်မောက်လျက်ရှိသည်၊မဟာဗောဓိညောင်တော်မှ မဟာရံတံတိုင်း၃-ထပ်ဝန်းရံလျက်ရှိသည်၊ထိုမဟာရံ ၃-ထပ်မှာတထပ်နှင့်တထပ် ဆယ်တာစီ ခြားကွာကြသည်၊မဟာဗောဓိ ညောင်တော်ပင်ခြေတွင်အရှေ့နှင့်အနောက် အချင်းသံတောင် ၂ဝ-တောင်နှင့်မြောက် သံ ၃၉-တောင်တမိုက်, အမြင့်စောက် ၁၂—တောင် ပလ္လင်ခုံခံသည်။

ထို့အထက်၌ ပဌမ အာလိန် စောက် ၂-တောင်, အဝန်း ၄၅-တောင်၊ဒုတိယအာလိန် စောက် ၂-မိုက်၄-သစ်,အဝန်း၃၉-တောင်၊ တတိယအာလိန်စောက် ၂-မိုက် ၄-သစ်, အဝန်း ၃၆-တောင်၊ စတုတ္ထ အာလိန် စောက် ၂-မိုက် ၆-သစ်, အဝန်း ၃၁-တောင်၊ ပဉ္စမအာလိန် စောက် ၂-မိုက် ၆-သစ်,အဝန်း ၂၇-တောင်၊ အာလိန် ၅-ဆင့် စောက် ၅-တောင် တမိုက် ၄-သစ်၊အောက်ခံပလ္လင်ခုံနှင့်သော် ပကတိ မြေပြင်မှ ၁၇-တောင်တမိုက် ၄-သစ် မြင့်သည်၊

ထို ၁၇-တောင်တမိုက် ၄-သစ်၏အထက် ပဉ္စမအာလိန်၏ မျက်နှာ နှာပြင်အလယ်ဗဟို၌ သစ္စာ၄-ဆင့်ပွင့်တော်မူရာ မဟာဗောဓိစေတီ တော်ရောက်သည်။

[ဤကား ဗောဓိစေတီတော် တည်နေရာကို ပြဆိုသော စကားရပ်တည်း။]

ဘုရားမြတ်စွာ သစ္စာ၄-ဆင့်ပွင့်တော်မူရာ မဟာဗောဓိစေတီ တော်၏ ပင်စည်ကိုင်းခက် စံနစ်ပုံစံတော်မှာ—

မဟာဗောဓိစေတီတော် ပင်စည်လုံးပတ် ၁၉-တောင် ၂-မိုက် ၅-သစ် ရှိသည်၊ ပဉ္စမအာလိန်၏ အထက်မျက်နှာပြင်မှ ပင်စည်အမြင့် ၇-တောင်အရောက်တွင် ၆-ဖြာသော ခက်မကြီးတို့ထွက်သည်၊ ထို့ အထက်၌ ဒုတိယခက်မ ၄-ဖြာထွက်သည်၊ ထို့အထက်၌ တတိယ ခက်မ ၄-ဖြာထွက်သည်။

ထိုမှအထက် ပြန်တက်သည့် ပင်စည်မှ ခက်လက်ခက်ငယ်ပေါင်း များစွာ ထိုထိုအရပ်မျက်နှာတို့သို့ ဖြာလျက်ရှိသည်၊ အောက်ဆုံး ခက်မကြီး ၆-ဖြာအနက် တောင်အရပ်သို့စူးစူးထွက်သည့် ခက်မ ကြီးမှ ခက်လက်သုံးကိုင်းဖြာသည်တွင် လုံးပတ် ၅-ထွာတမိုက်ရှိသော အောက်ကိုင်းကို သိရိမဗ္ဘာသောကမင်းကြီးဖြတ်ယူ ပင့်ဆောင်သဖြင့် ပြတ်လျက်ရှိသည်။

"ထိုသို့သိရိမဗ္ဘာသောကမင်းကြီးဖြတ်ယူလေသော အကိုင်း တော်မှာ မဟာဗောဓိ စေတီတော်မှ တောင်စူးစူးသို့ ထွက်သော ဗောဓိကိုင်းဖြစ်၍ ဒက္ခိဏသာခါ အမည်တော်

ရလေသည်၊ ထိုမဟာဗောဓိခက်အပင်ကို သဃ်မိတ္တာထေရီမ သီဟိုဠ်ကျွန်းသို့ ပင့်ဆောင်သဖြင့် ဒေဝါနံပိယတိဿမင်းကြီး လက်ထက် သာသနာတော် ၂၃၆-နှစ် နတ်တော်လတွင် သီဟိုဠ်ကျွန်းသူ လူခပ်သိမ်းတို့၏ စီးပွားချမ်းသာအလို့ငှါ မဟာ ဗောဓိ ဒက္ခိဏသာခါ လက်ျာအကိုင်းတော်သည် ဇမ္ဗူဒိပ်မှ သီဟိုဠ်ကျွန်းသို့ ကြွရောက်စံနေတော်မူသည်”။

ထိုမဟာဗောဓိ၌ ခက်မကြီးတို့မှဖြာသော ခက်လက်ပေါင်း ၁၃၆- ရှိသည်၊ ထွာဆိုင်ညှိဆိုင်အောက်ယ်သော ဗောဓိခက်ငယ်တို့သည်ကား မရေတွက်နိုင်အောင်ပင် အလွန်စည်ကားများပြားသည်၊ မဟာဗောဓိ ညောင်တော်၏အရပ်တော်မှာ ပကတိမြေက ခက်မကြီး ၆-ခုဖြာသည် တိုင်အောင်အမြင့် ၂၄-တောင်တမိုက် ၄-သစ်၊ ထိုခက်မကြီး ၆-ခုဖြာရာ မှ အထက်ဗောဓိညောင်တော် အဖျားတိုင်အောင် အတောင် ၆၀- ကျော် ရှိသည်ဖြစ်၍ ဗောဓိညောင်တော်တပင်လုံး ရင်းဖျားဆုံး အတောင် ၉၀-ခန့်အမြင့်ရှိသည်။

ဤကား ဗောဓိညောင်တော်ပင်စည်ကိုင်းခက် စံနစ်ပုံစံကိုဆိုသော စကားဖြစ်သည်။

ထိုမဟာဗောဓိ ညောင်တော်မှ အနီးအပါး အရှေ့ အနောက် တောင်မြောက် ပတ်ဝန်းကျင်၌ တည်ရှိသော ထိုထို အဆောက်အဦ တို့၏အဝေးအကွာ အနေအခံ ပုံစံသဏ္ဌာန်များမှာ—

မဟာဗောဓိကို ရံဝန်းလျက်ရှိသော မဟာရံတံတိုင်း သုံးထပ်တို့၌ အနောက်မျက်နှာ မြောက်မျက်နှာ တောင်မျက်နှာရှိ မဟာရံတံတိုင်း များမှာ မိစ္ဆာဒိဋ္ဌိတို့ ဖျက်ဆီးသဖြင့် ပျက်စီးလျက်ရှိသည်၊ အရှေ့ တမျက်နှာ၌သာ မုခ်ဂူတံတိုင်းများ မပျက်မစီးရှိသည်။

ဗောဓိပင်ပလ္လင်ခုံနှင့်စပ်လျက် ဗောဓိပင်၏အရှေ့မြောက်တွင် ဘိနပ် တော်အမြင့် ၁၂-တောင်ခံ၍ ထို့အထက်၌ အမြင့်သံတောင် ၁၁၀- ကျော်ခန့် ပုထိုးကြီးတဆူရှိသည်၊ ထိုပုထိုးတော်ကြီးမှာ အရှေ့မျက်နှာ ဝယ်အလယ်တည့်တည့်ကမုခ်ကြီး-၁,ဝဲယာမုခ်ငယ်-၁ စီမုခ်၃-ခုရှိသည်၊ ထိုမုခ်၃-ခုအနက် အလယ်မုခ်ကြီးတွင် ဂေါတမမုနိဘွဲ့ အမည်တော်နှင့်

ထက်ဝယ်တော်သဏ္ဌာန် ရောင်လျှံတော်ကုန်၃-တောင် ၂-မိုက်ရှိ ပဋ္ဌလိ ရာဇာ ကျောက်ဆင်းတုတော် တဆူကိန်းဝပ်စမ့်ယ်တော် မူသည်၊ သကျမုနိဘွဲ့အမည်တော်နှင့် ထက်ဝယ်တော်သဏ္ဌာန် ရောင်လျှံတော် ကုန် ၂-တောင် ၂-မိုက်ရှိကျောက်ဆင်းတုတော်-၁, မဟာမုနိဘွဲ့အမည် တော်နှင့်ထက်ဝယ်တော်သဏ္ဌာန်ရောင်လျှံတော်ကုန် ၂-တောင် ၂-မိုက်ရှိ ကျောက်ဆင်းတုတော် ၁-များမှာ ဝဲယာမုခ်ဝယ်တို့၌ ကိန်းဝပ်စမ့်ယ် တော်မူလျက်ရှိသည်။

ထိုရုပ်တုတော်ကိန်းဝပ်သည့်ပလ္လင်တော်အောက်၌ ဘုရားဖြစ်တော် မူမည့်နေ့ ညနေချမ်းအချိန် ဗောဓိပင်ရင်း အပ္ပရာဇိတပလ္လင်၌ စံနေ တော်မူစဉ် ဝသဝတ္တိမာရ်နတ်မင်းသည် စစ်သည်ပေါင်း များစွာနှင့် ပလ္လင်လုဟန်ဂိရိမေခလာဆင်စီးလျက်မာရ်နတ်ရုပ်ပုံသဏ္ဌာန် စစ်သည် တို့ရုပ်ပုံသဏ္ဌာန်များ ထုလုပ်ရေးသားထားလျက်ရှိသည်၊ ပလ္လင်တော် ကြာချပ်၌လည်း ဒေဝနာဂရီစာကဲ့သို့ အက္ခရာ အရေး အသားဖြင့် ထုလုပ်ရေးသားလျက်ရှိသည်။

ထိုပုထိုးကြီးရင်ပြင်တော်၌ ကျောက်တိုင်ကျောက်မိုးနှင့်ထားသည့် ခြေတော်ရာ တစုံရှိသည်၊ ထိုခြေတော်ရာမှာ ဖနှောင့်တော်စွန်းက- ရှေ့ခြေတော်ဖျားထိ အလျားတတောင်နှစ်မိုက်,ဘဝါးတော်အနံ တမိုက် နှင့့်ခြောက်သစ်ရှိသည်၊ ထိုခြေတော်ရာတွင် စကြာမင်းရုပ်ပုံ, ထီးဖြူ, ချွန်းတောင်း, သားမြီးယပ်, ပဒုမာကြာ, ခရုသင်း-စသော စက် လက္ခဏာတော်စုံ ပုံသဏ္ဌာန်များနှင့်တကွ ခြေဘဝါးတော် လယ်မှသည် ခြေချောင်းတော်သို့တက်သည့် အရေးအကြောင်းများပါ ပါရှိသည်။

ထိုပုထိုးကြီး အရှေ့မျက်နှာ မုခ်ကြီးရှေ့တွင် ကျောက်ဆင်းတုတော် ကိန်းဝပ်လျက် ဂူကြီး ၁-ရှိသည်၊ထိုဂူကြီးအရှေ့တွင် ပရိသတ်နေ ဂူကြီး ၁-ရှိသည်၊ ထိုဂူကြီးအရှေ့တွင် မုခ်တံခါးရှိသည်၊ ထိုပုထိုးကြီးက မဟာ ဗောဓိ အရှေ့မုခ်တံခါးအရောက်အတောင်၃၀-ခြားကွာသည်၊ မဟာ ဗောဓိ အရှေ့မုခ်တံခါးအထွက် တောင်ဘက်တွင် ပဋ္ဌလိရာဇာ ကျောက်ဆင်းတုတော် ကိန်းဝပ်လျက်ဂူကြီး ၂-ရှိသည်၊ မဟာဗောဓိ အရှေ့မုခ်တံခါးအထွက် မြောက်ဘက် ၁၅-တောင်ကွာတွင် အရပ် တော် အတောင် ၃၀-ခန့်စေတီတဆူရှိသည်။

မဟာဗောဓိ ရောက်ရာပင်ခြေတွင် မြောက်မြင့်သည့် ပလ္လင်ခုံတော် အာလိန် ၅-ရပ်မှစ၍မဟာဗောဓိ၏ရှေ့နောက်ဝဲယာပတ်လည်ဝန်းကျင်၌ထက်ဝယ်တော်သဏ္ဌာန်နှစ်တောင်ခန့်,တတောင့်နှစ်မိုဌ်ခန့်,တတောင့်ထွာခန့် မပျက်မစီး ပဋိလိရာဇာကျောက်ဆင်းတုတော်အများရှိသည်၊ ကျိုးပဲ့ပျက်စီးသည်လည်း အများရှိသည်၊ ထိုမဟာဗောဓိမှ အရှေ့မျက်နှာအရပ်၌ ဘုရားဖြစ်တော်မူအံ့သောနေ့ သုဇာတာ သူဌေးသမီးလှူသော ယနာဆွမ်းကိုခံတော်မူ၍ ဘုဉ်းပေးတော်မူရာ ရေသပ္ပါယ်တော်မူရာ နေရဉ္စရာမြစ်ရှိ၏၊ ဗောဓိပင်မှ အရှေ့တောင် အရပ်၌ ဆဋ္ဌသတ္တာဟစံတော်မူရာ မုစလိန္ဒအိုင်ရှိသည်၊ ထိုမုစလိန္ဒအိုင်၏အနီးတွင် စေတီကြီး ၁-ဆူရှိသည်။

ထိုစေတီကြီးအနောက်တွင် ရေအိုင်ကြီး ၁-ရှိသည်၊မဟာဗောဓိမှ အနောက်၌ တောထွက်တော်မူသောနေ့ သဲသောင်ခုံ၌ ဆံတော်ကိုပယ်ရာ ဗြဟ္မာလှူသောသက်န်းဖြင့် ရဟန်းပြုတော်မူရာ အနော်မာမြစ်ရှိသည်၊ မဟာဗောဓိမှမြောက်၌ ပဉ္စမသတ္တာဟစံတော်မူရာ အဇပါလညောင်တော်ရှိသည်၊ မဟာဗောဓိမှ အရှေ့အရပ်၌ တည်ရှိသော နေရဉ္စရာမြစ်၏အရှေ့ဘက် တာ တရာကျော်ကွာတွင် ဘိနပ်တော်အဝန်း တရာ့သုံးလံရှိ သိရိဓမ္မာသောကမင်းကြီး ကောင်းမှုတော်စေတီကြီး ၁-ဆူ မြိုပျက်လျက်ရှိသည်။

[၅ကား မဟာဗောဓိညောင်တော်တည်ရာ ပတ်ဝန်းကျင်ရှိ ထိုထို အဆောက်အဦတို့၏ အဝေးအကွာ အနေအခံ ပုံစံသဏ္ဌာန်များရေးသားကြသည်ကိုဆိုသော စကားဖြစ်ပါသည်။]

ဤသို့လျှင် အမရပူရ နေပြည်တော်မှ ဘုရားပွင့်တော်မူရာ မဟာဗောဓိရောက် ခရီးလမ်းစဉ် အခွန့်ယူဇနာအကွာအဝေးကိုရင်း, မဟာဗောဓိညောင်တော်၏ အနေအခံပုံသဏ္ဌာန်တော်ကိုရင်း, မဟာဗောဓိပတ်ဝန်းကျင်ရှိ ထိုထိုအဆောက်အဦတို့၏ အဝေးအကွာ အနေအခံပုံသဏ္ဌာန်ကိုရင်း ကျွန်တော်မျိုး ဇေယျကျော်သူတို့ ပုံစံရေးမှတ်ကြသည်။

ပုံစံရေးသားပြီးပြေရှိလျှင် ဗောဓိပင်စောင့် မဟာပါလဂိရိဂူသံဇိက အမရပူရမြို့တည်နန်းတည်မင်းတရားကြီးကိုးကွယ်တော်မူရန်ဗောဓိပင်

ငယ် ၂-ပင်, ဗောဓိမြေ,ပဋ္ဌလီရာဇာ ကျောက်ဆင်းတုတော် သုံးဆူ, စန္ဒာမုနိပုထိုး, မင်းတရားကြီးသရဏ္ဍာယ်တော်မူရန် ဂါထာတော်များ ဆက်သသည်ကို သိမ်းပိုက်ဆောင်ယူခဲ့၍ ဇေယျကျော်သူ, ဇေယျကျော် ထင်,ဇေယျကျော်စွာတို့ မဟာဗောဓိမှ ပါဋလိပုတ်ပြည်သို့ ပြန်ခဲ့ကြ၏။

မဇ္ဈိမဒေသတိုင်းကြီး တဆယ့်ခြောက်တိုင်းတို့သို့ လောကီ လော ကုတ္တရာ စာပေကျမ်းဂန် အဆောင်အယူသွားကြသော ပုရောဟိတ် ပုဏ္ဏားဝါသိဋ္ဌဗြဟ္မာ, ရမ္မာဝတီမြို့ဝန်, ရွှေတောင်သာဂသူတို့ ကာသိ တိုင်း ဗာရာဏသီပြည်သို့ရောက်လျှင် ဗာရာဏသီမင်းက ပုရောဟိတ် ပုဏ္ဏားမဟာဒေဝဘတ်စသော ပုဏ္ဏားကြီး နှစ်ကျိပ်ခြောက်ယောက် တို့ကို ရွှေဘဝါးတော်အောက်မှ ရောက်လာသူဝါသိဋ္ဌဗြဟ္မာ,ရမ္မာဝတီ မြို့ဝန်တို့နှင့်အတူ ဘက်တွဲ၍ အမရပူရမြို့တည် မင်းတရားကြီးသို့ ဆက်သရန်—

ဓာတုဒိယတိနိဗ္ဗာယနကျမ်း, ဇောတိတတ္တ ဗေဒင်ကျမ်း, သူရိယသိဒ္ဓန္တ ဗေဒင်ကျမ်း, ဘေသဇ္ဇနိယဏ္ဍု ဆေးကျမ်း, ဂဇသျှတ္တရ ဆင်လက္ခဏာကျမ်း,သုပ္ပိနနိဒ္ဒါယ အိပ်မက်ကျမ်း, ဓာတုပြဿက ဆေးကျမ်း, သျှရဒွေးကျမ်း, တိတ်နိမိတ်ကို ဟောသော ဂြဟသန္တိယတြာကျမ်း,အဘိုးအနဂ္ဃထိုက်သော စိန်မြပုလဲ စသော ရတနာမျိုး, အထူးထူးသော ထည်မျိုး အုပ်မျိုး, ကျွမ်းထိုး တိုင်တက် ကြိုးတန်းလျှောက် စသော ကုလားပညာသည် နှစ်ဆယ်ကျော်, ဂင်္ဂါမြစ်ရေ, ယမုနာ မြစ်ရေ,သရဿတီမြစ်ရေ, ကပ္ပိရဒါရမြစ်ရေ, ဂန္ဒကီမြစ်ရေ, ဂေါမုတီမြစ်ရေ,သရရုပ်မြစ်ရေ,ပယာဂမြစ်ရေ—

စသော လက်ဆောင်တော်များကို ဆောင်နှင်း ဆက်သလိုက်၍ ဗာရာဏသီပြည်မှ ထွက်လာခဲ့ကြလေရာ ပါဋလိပုတ်ပြည်သို့ ရောက် လျှင် ဗောဓိပုံစံရေးဆိုင်ရာ ဇေယျကျော်သူ, ဇေယျကျော်ထင်,ဇေယျ ကျော်စွာတို့နှင့်တွေ့ကြသဖြင့် ပါဋလိပုတ်ပြည်မှသည်စခန်းစဉ်အတိုင်း အမရပူရနေပြည်တော်သို့ပြန်ခဲ့ကြသည်။

နေပြည်တော်အနီးသို့ ဆိုက်ရောက်လျှင် သက္ကရာဇ် ၁၁၇၂-ခု နယုန်လပြည့်ကျော်တရက်နေ့ စစ်ကိုင်းမြို့အရောက် မြေးတော်အိမ်ရှေ့ မင်းကြီးယူပင့်ဆောင်ခဲ့၍ ရုပ်တုတော်များကို မင်းကွန်းတဘက် အလယ်ကျွန်း စံနန်းရှေ့တွင် တန်ဆောင်းနှင့် တည်ထား ကိုးကွယ်တော်မူသည်။

ဗောဓိပင်ငယ် ၂-ပင်ကို ကောင်းမှုတော် မင်းကွန်းဘုရားကြီး မြောက်တွင် သံအိုးတထပ်,သလွဲအိုးတထပ်,ကြေးနီအိုးတထပ်,ငွေအိုးတထပ်,မိုးကြိုးအိုးတထပ်,ထိုအတွင်း အဝန္နစ်တောင် တမိုက်၌ လေးသစ်အနားရေးတရာပြည့် ပတ္တမြားသုံးရစ်စီ ရွှေအိုးတထပ်လုပ်ဆောင်သည့် အိုးတစုံတွင် ဗောဓိမြေစစ်ကိုအောက်ခံပြု၍ ဘဝရှင်မင်းတရားကြီးကိုယ်တော်တိုင် စိုက်တော်မူပြီးလျှင် မဟာရံတံတိုင်း ၂-ထပ်, မုခ်ဝင်မုခ်ကူး အုဍ်ပြသာဒ်ရှစ်ဆူ, တံတိုင်း ၄-ထောင့်၌ အုဍ်ပြသာဒ်ရှစ်ဆူ, အရံစောင့်နတ်ရုပ် ၁၂၀-များနှင့်တကွ ကမ္ပည်းကျောက်စာစိုက်မှတ်တည်ထားကိုးကွယ်တော်မူသဖြင့် မြန်မာတိုင်းသူရှင်လူခပ်သိမ်းတို့၏ လူနတ်နိဗ္ဗာန် သုံးတန်သော အစီးအပွါးအလို့ငှါ မဇ္ဈိမဒေသ မဟာဗောဓိမှ ဤမြန်မာ့တိုင်းနိုင်ငံသို့ ကြွရောက်စမ္ပယ်တော်မူပါသည်။

ဤအထက်ပါ အမရပူရမြို့တည် အောင်မြေလောက စေတီတော်ဒါယကာမင်းတရားကြီးလက်ထက်တော်က အမရပူရနေပြည်တော်မှ ဘုရားပွင့်တော်မူရာ မဟာဗောဓိရောက် ခရီးလမ်းစဉ် အဝေးအကွာတိုင်းတာ မှတ်သားခြင်း, မဟာဗောဓိညောင်တော် အနေအခံပုံစံရေးသားရခြင်း, မဟာဗောဓိပတ်လည်ဝန်းကျင်ရှိ ထိုထိုအဆောက်အဦတို့ အဝေးအကွာ အနေအခံ ပုံစံရေးမှတ်ခြင်း, မဟာဗောဓိပွါးပင်ငယ် ၂-ပင်ကို စစ်ကိုင်းမြို့ ကောင်းမှုတော် မင်းကွန်းဘုရားကြီးမြောက်တွင်စိုက်ပျိုးကိုးကွယ်တော်မူခြင်းအကြောင်းအရာ အထွေထွေတို့များမှာ ရတနာပူရစတုတ္ထမြို့တည်နန်းတည် မဟာဝိဇယရံသီစည်းခုံတော်ဒါယကာ မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၁၉၁-ခုတွင်

အမိန့်တော်မြတ်နှင့် မုံရွေးဆရာတော်, မဟာဓမ္မသင်္ကြံဇ္ဈရ မောင်း ထောင်ပညာရှိစသော ရဟန်းပညာရှိ လူပညာရှိတို့ မှန်နန်းတော် ဆောင်တော်ဦး နန်းမစနွှဲ ရေးသားသော မှန်နန်းမဟာရာဇဝင် တော်ကြီး၌ပါရှိသည်။

မှန်နန်းရာဇဝင်ထွက်ကိုဖော်ပြသောအကြောင်းကား ဤတွင်ပြီး၏။

## ၂၈။ စတုဏ္ဏရတနာပူရမြို့တည်နန်းတည် မင်းတရားကြီး မဟာဗောဓိပင်သို့လျှူဒါန်းစေခြင်းအကြောင်း

အမရပူရမြို့တည်နန်းတည် အောင်မြေလောက စေတီတော် ဒါယကာဗဒုံမင်းတရားကြီး၏ မင်္ဂလာအိမ်တော်ပါ မြောက်နန်း မိဖုရားမှဘွားမြင်တော်မူသော သားတော်အကြီး ရွှေတောင်မင်းနှင့် တောင်နန်း မိဖုရားမှ ဘွားမြင်တော်မူသော သမီးတော်အလတ် တောင်တွင်းကြီးမင်းသမီးကို ရေသွန်းလက်ထပ်၍ အိမ်ရှေ့နန်းတော် မူရာတွင် ဘွားမြင်သော မြေးတော်စစ်ကိုင်းမင်းသည် ခမည်းတော် အိမ်ရှေ့မင်းအရိုက်အရာကို ဆက်ခံ၍ အိမ်ရှေ့စံနေတော်မူစဉ် ဘိုးတော် မင်းတရားကြီးလက်ထက် မဇ္ဈိမဒေသမဟာဗောဓိပင်အကြောင်းအရာ အလုံးစုံကို မဇ္ဈိမတိုက်မှ လာရောက်ကြကုန်သော ပုဏ္ဏား,ဇော်ဂီ, တပသီရသေ့တို့ပြောဆိုလျှောက်တင်ချက်အရ ကြားသိတော်မူရသော ကြောင့် စင်စစ်အမှန် ကေန်သိတော်မူရအောင် ပုရောဟိတ်ပုဏ္ဏား ဝါသိဋ္ဌမြဟ္မာ, ရမ္မာဝတီမြို့ဝန်, ရွှေတောင်သာဂလျှ, ဇေယျကျော်သူ, ဇေယျကျော်ထင်,ဇေယျကျော်စွာတို့ကို မဇ္ဈိမတိုက်သို့ခန့်ထားစေလွှတ် တော်မူသည်။

လပေါင်း နှစ်ဆယ့်တလနှင့် ပြန်ရောက်၍ ရေးမှတ်ဆက်သသော သွားလမ်းစခန်းစဉ် မဟာဗောဓိမြေခွံပုံစံများကို ရှုစားတော်မူရ၍ ဗောဓိမြတ်အကြောင်းကို ကောင်းစွာ သိတော်မူသည့် ကာလကပင် နှောင် မင်းဖြစ်တော်မူသောအခါ သဗ္ဗညုရှင်တော်ဘုရား သစ္စာ လေးပါးတို့ကိုသိမြင်တော်မူရာမဇ္ဈိမတိုက်မဟာဗောဓိပင်ကိုအထူးလျှူ

သော အလှူတော်တို့ဖြင့် ပူဇော်လှူဒါန်းမည်ဟု သဒ္ဓါကြည်နူး ရည်စူး ကြံရွယ်တော်မူသော စေတနာတော် ပြဋ္ဌာန်းရင်း ရှိတော်မူသည့် အတိုင်း အထွတ်အမြတ်သို့ ရောက်တော်မူသောအခါ တင်လှူတော် မူရန် လုပ်ဆောင်တော်မူစေသည်ကား—

ရွှေပန်းခိုင်,ငွေပန်းခိုင်,ပတ္တမြားပန်းခိုင်, ရွှေတန်ဆောင် တိုင်, ငွေတန်ဆောင်တိုင်, ပတ္တမြား တန်ဆောင်တိုင်, ရွှေပေါက်ပေါက်,ငွေပေါက်ပေါက်, ပတ္တမြားပေါက်ပေါက်, ရွှေထီး, ငွေထီး,ပတ္တမြားထီး, ရွှေတံခွန်, ငွေတံခွန်,ပတ္တမြား တံခွန်,ရွှေကုက္ကား,ငွေကုက္ကား,ပတ္တမြားကုက္ကား, ရွှေမုလေး ပွါး,ငွေမုလေးပွါး,ပတ္တမြားမုလေးပွါး, ရွှေမြူတာ,ငွေမြူတာ, ပတ္တမြားမြူတာစသော အထူးထူးသော အလှူတော်များနှင့် တကွ—

မဟာဗောဓိမြေခံတွင် စိုက်ထောင်တည်ထားရန် ဆိုအပ်ခဲ့ပြီး သော ကောင်းမှုကုသိုလ်တော်တို့၏အဘိုကို ဝေဌသောအားဖြင့် နောင် လာသူအများတို့သဒ္ဓါတရားတိုးပွါးထက်သန်ကြစေရန် ကျောက်ထက် အက္ခရာတင် ရေးထွင်းထုစေသော ကျောက်စာသံပိုင်းတော်အလုံးစုံတို့ ပြီးပြေရှိလျှင် ပွဲသဘင်ကြီးစွာခံတော်မူ၍ မင်းညီမင်းသား, မှူးတော်, မတ်တော်,ကတော်မယားအပေါင်းတို့ဖြင့် ခြံရံလျက် အောင်သူတကာ တို့၏အဓိပတိဖြစ်တော်မူသောမြတ်စွာဘုရားသခင်တို့၏သစ္စာလေးပါး တရားတို့ကို သိမြင်တော်မူရာ မဟာဗောဓိပင်တော်ကို မတုန်မလှုပ် သက်ဝင်ကြည်ညိုတော်မူခြင်းတည်းဟူသော အစလသဒ္ဓါဖြင့် တောင် ညာစံမိဖုရားခေါင်ကြီးနှင့်တကွ သက္ကရာဇ် တထောင့်တရာ့ရှစ်ဆယ့် သုံးခုနှစ် နတ်တော်လဆန်း ကိုးရက် သောကြာနေ့တွင် ရေစက်သွန်း ချလှူဒါန်းတော်မူပြီးလျှင် ပုဏ္ဏားပုရောဟိတ် မဟာရာဇိန္ဒအဂ္ဂမဟာ ဓမ္မရာဇဂုရု, မြေနန်းဝန်မဟာမင်းလှသာဂသူ, အဆောင်တော်စုရေး စုကိုင်တို့နှင့်တကွ သူရဲငါးရာကျော်တို့ကို ခန့်အပ်တော်မူ၍ မဟာ ဗောဓိပင်သို့ အလှူတော်ဝတ္ထုပစ္စည်းများကို တင်လှူကြစေရန်စေလွှတ် တော်မူသည်၊ ထိုအခါ သေနာပတိဖြစ်သော မှူးတော်မတ်တော်

အပေါင်းတို့လည်း ပွဲသဘင်ကြီးစွာကျင်းပခြင်းရှိခင်းကျင်း၍ အလှူတော်များကို မြစ်ဆိပ်သို့အရောက် လိုက်ပို့ကြရကုန်၏။

အလှူတော်များကိုစီရင်၍ မြစ်ဆိပ်ရောက်ပို့စေသည်ကို ပြသောအကြောင်း၌တွင်ပြီး၏။

---

## ၂၉။ မဟာဗောဓိပင်၌ စိုက်ထူလျက်ရှိသော သံမိုင်းကျောက်စာတော်အကြောင်း။

ပုဏ္ဏားပုရောဟိတ် မဟာရာဇိန္ဒအဂ္ဂမဟာဓမ္မရာဇဂုရု, မြေနန်းဝန်မဟာမင်းလှသာဂသူတို့လည်း ဝက်မစွတ်မြို့စား မဟာသိရိစည်သူ စီကုံးဆက်သွင်းသည့် ဇုန္ဒနီလာမဟာရာကျောက်အပြင်တွင် ရေးသားထုလုပ်ပြီး ကမ္ဗည်းကျောက်စာနှင့် လှူဒါန်းတော်မူလိုက်သော အလှူတော်များကိုဆောင်ယူ၍ လမ်းခရီးစဉ်အတိုင်းထွက်သွားရာ မဟာဗောဓိပင်သို့ ရောက်ကာလ လှူဒါန်းရန်ပါသည့် ဝတ္ထုပစ္စည်းရပ်များကို လှူဒါန်း၍ ကျောက်စာတိုင်စိုက်ထူထားပြီးလျှင် မဟာဗောဓိပင် အရပ်က သကျမုနိရုပ်ရှင်တော် ဗောဓိပင်ပျိုးယ် သုံးပင်များကို မဟာဗောဓိအစောင့်ဇော်ဂီအကြီး မဟန္တဇိကပေးအပ်၍ ဆောင်ကြဉ်းပြန်လာရာ ဘင်္ဂလားမြို့သို့ရောက်လျှင် ဆင်မဖြူကျွန်းမှုနှင့် သတိုးသုဓမ္မမဟာဗန္ဓုလ ဓညဝတီမြို့သို့ချီထွက်သည့်အတွင်းဖြစ်၍ လမ်းခရီးမသာမယာ ရှိသောကြောင့် ဘင်္ဂလားမြို့တွင် ပင့်ဆောင်လာသော ရုပ်ပွါးတော် ဗောဓိပင်များနှင့်တကွ ရပ်ဆိုင်း၍နေရလေ၏။

လှူဒါန်းတော်မူသည့်ကမ္ဗည်းကျောက်စာအက္ခရာများကို ကျောက်စိုက်ထူပြီးဖြစ်၍ ရာဇဝင်များတွင် မထည့်မရေးကြသော်လည်း မဇ္ဈိမဒေသ ဂယာသီသ အရပ်သည် ဘုရားတကာတို့ သစ္စာလေးပါးတရားကို သိမြင်တော်မူရာ မဟာဗောဓိမဏ္ဍိုင် ဖြစ်သည်တကြောင်း, ဒေသခြားသည်တကြောင်း, စိုက်ဆောက်လှူဒါန်းသည်မှာ အထူးဝိသေသဖြစ်၍ နောင်လာလူတို့ ဤကျောက်စာကိုဘတ်နာရလျှင် သဒ္ဒါတရားပွါးများရန် ရှိသည်တကြောင်း ယင်းသို့သောအကြောင်းများကြောင့် ဤဗောဓိဝင်တွင် မူလကျောက်စာအကြောင်းကို ထည့်သွင်း ရေးသားပေအံ့။

## ကျောက်စာကား

ဇေယျတု။ ။အာဒိစ္စောဝ ပရိဗ္ဘန္တော၊
အတ္တနော တေဇသာ နဘံ။
ဝရစက္ကံ ဇနမ္ဗုဇံ၊
ဇယံ ဒေတု ဇယက်ရော။ ။

အာဒိစ္စော၊ နေမင်းသည်။အတ္တနော၊မိမိ၏။တေဇသာ၊တထောင်မက ဘုန်းတေဇဖြင့်။ နဘံ၊ ကောင်းကင်သို့။ အဗ္ဘုဂ္ဂယှ၊တက်လတ်၍။ ပရိဗ္ဘန္တောဝ၊ ပတ်ပတ်လေးကျွန်း အရောင်ဝန်းကဲ့သို့။ ဇယက်ရော၊ ငါးတွေဆယ်ပါး မာရ်အပြားကို အောင်မြင်ခြင်း၄ါ ပြူစွမ်းတော်မူနိုင်သော။ ယောဇိနော၊ အကြင်သုံးလူ့ရှင်သည်။ဇနမ္ဗုဇံ၊ ဝေနေယျကြာသတ္တဝါကို။ အတ္တနော၊ ကိုယ်တော်၏။ တေဇသာ၊ တန်ခိုးဖြင့်။ပေါဓယန္တော၊ ပွင့်စေလျက်။ ဝရစက္ကံ၊ ဒေသနာမြတ် စက်ရဟတ်ကို။ ပရိဗ္ဘန္တော၊ ပတ်ပတ်လည်စေတော်မူပြီ။ သောဇိနော၊ ထိုသုံးလူ့ရှင်သည်။ မမ္မရာဇဿ၊ ငါတို့ရွှေနန်းသခင် မင်းတရားအား။ ဇယံ၊ အောင်မြင်ခြင်းကို။ ဒေတု၊ ပေးတော်မူစေသတည်း။

အာဒိစ္စော၊ နေမင်းသည်။ အတ္တနော၊ မိမိ၏။ တေဇသာ၊တန်ခိုးဖြင့်။ နဘံ၊ ကောင်းကင်သို့။ အဗ္ဘုဂ္ဂယှ၊ တက်လတ်၍။ ပရိဗ္ဘန္တောဝ၊ ပတ်ပတ်လှည့်ထွန်း အရောင်ဝန်းကဲ့သို့။ ဇယက်ရော၊ ရန်အပေါင်းကို အောင်မြင်ခြင်း၄ါ ပြူစွမ်းတော်မူနိုင်သော။ ယောမမ္မရာဇာ၊ အကြင်ငါတို့ရွှေနန်းသခင် ဘုရားရှင်သည်။ ဇနမ္ဗုဇံ၊ တိုင်းနိုင်ငံသူ ရှင်လူအပေါင်းကို။ အတ္တနော၊ ကိုယ်တော်၏။ တေဇသာ၊တန်ခိုးတော်ဖြင့်။ ဝိဒမေန္တော၊ ကွပ်ညှပ်ဆုံးမလျက်။ ဝရစက္ကံ၊ ဓမ္မစက်အာဏာစက်နှစ်ပါးကို။ ပရိဗ္ဘန္တော၊ ပတ်ပတ်လည်စေတော်မူပြီ။သော မမ္မရာဇာ၊ ထို တရားမင်းကြီးသည်။ မဟာဇနဿ၊ လူအပေါင်းအား။ ဇယံ၊ အောင်မြင်ခြင်းကို။ ဒေတု၊ ပေးတော်မူပါစေသတည်း။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

သချေ်လေးကိန်း၊သိန်းကမ္ဘာမ၊တရိဝဋ္ဋ၊ သံသာရဌ်၊ ဒါနစသော ပါရမီအပြား တရားအပေါင်းတို့၏ ထွတ်ထိပ်ရွှေမှောက်၊ ဦးကိုင်

ဆောက်သော၊ ဂေါတမမည်ထင်၊ သုံးလူ့ချစ်သျှင်၊ ဘုရားရှင်သည်၊ သာရမဏ္ဍကပ္ပ၊ လွန်လေခါ၌၊ ဒိပင်္ကရာ၊ ဝိရိယာဓိက၊ ဘုန်းကျိုး ပြလျက်၊ နိယတဗျာဒိတ်၊ ဘိသိက်ထားတင်၊ ပန်ဆင်တော်မူသည်မှ စ၍၊ ဗုဒ္ဓါသုည၊ ပေါက်ပြငါးရပ်၊ဆယ့်တကပ်ထက်၊ ကောဏ္ဍည ကဿပ၊ အစအဆုံး၊ နှစ်ကျိပ်သုံးတိ၊ ဦးလုံးယိပ်ထက်၊ ရွှေခွန်းတော် မြွက်၊ ဆင်ခဲ့ရွက်ပြီး၊ မဟာဗောဓိမဏ္ဍိုင်အောက်၊ အနန်အပ်သော ကိလေသာရှိရကား၊ သစ္စာလေးပါး၊ တရားပုံရင့်၊ ပွင့်တော်မူလတ် သည်ရှိသော်၊ သီလ သမာဓိ၊ ပညာဘိညာဉ်၊ ငါးစည်နတ္တိ၊ဝိမုတ္တိ မဟာကရုဏာဟူသော၊ အမြစ်အပင်၊ ခက်ရှင်ဖူးပွင့်၊ မှည့်ရင့်ခိုင်ဖြိုး၊ အမြိုက်သီးတို့ဖြင့်၊သတ္တဝါသာဂရ၊ ဝေနေယျတို့အား၊တရားမြိုက်ဆေး၊ တိုက်ကျွေးတော်မူလျက်၊ ပင်ကြီးညွန့်ဟုံ၊ ချမ်းရိပ်မြိုင်၌၊ ခိုလှုံကိန်းကြ၊ ကျွတ်ပွဲမျှသတည်း။

ဘုရားကိုယ်ထင်၊မမြင်ရလိုက်၊ မကျွတ်မီလိုက်သော၊ အကြွက်ထိုခါ၊ သတ္တဝါတို့အား၊နောက်တော်စည်လာ၊သာသနာ၌၊မိုလ်မဂ်တင်းမေး၊ လိုက်ကုန်သေးဟု၊ ၈ လယ် ဆုံးဖျား၊ သုံးပါးဒေသနာ၊ ဓတ္တတော် သာဖြင့်၊ ကရုဏာရွှင်ပြုံး၊ ဘဝဂ်ဆုံးအောင်၊ မိုးလုံးသိမ်ထင်၊ မြိုက်ခဲ့ကျင် တည်း။

ရွှေခွန်းတော်မြွက်၊ မှာတော်ချက်နှင့်၊ စည်ဆက်စပ်ကာ၊ သရေ ခေတ္တရာ၊ပုဂံမြင်စိုင်း၊ ရတနာပူရ၊ ရတနာသိင်္ဃ၊ အမရပူရ၊ ပြည်မရွှေ ဟောင်၊ ကိုင်အောင်တလျှောက်၊ တောက်သဒိုးကဲ့သို့ဖြစ်၍၊ သုနာ ပရန္တ၊ တိုင်းမထိပ်ဦး၊ထုံခဲ့ဘူးသော၊စန္ဒကူးကျောင်းနုံ၊ ပျံ့လတ်ရကား၊ နမ္မဒါမြစ်ထိပ်၊ နှစ်ထပ်နှိပ်လျက်၊စက်မိုပ်ခတ်ထပ်၊ ရှင်တော်ပြုပ်၍၊ ရတနာသုံးဦး၊ ပွါးလူးရာရိုက်၊ ဇမ္ဗူဒိပါသောင်းတိုက်၊ ချိုးမွှမ်းလိုက် သော၊ ဤပြည်ကြီး၌၊ ကုန်းဘောင်နဂရ၊ ဇေယျာဘုံ၊ အောင်ဇာတိ ထက်၊တြိဘဝန၊ နေနတ်နာထ၊ အာဒိကဖြစ်၍၊မြေညှိဘဝါး၊နှင်းသွား ကွန့်လျှိုင်း၊ ဟတိုင်းပိုးဝင်း၊ ခံတွင်းအာစက်၊ ပေါင်းလတ်ဝရိန်၊ မီးရှူးထိန်သောဘေးတော်မင်းတရားကြီး၏၊ရွှေနှုန်းနှုတ်နက်၊ပြစ်ကော် မြွတ် တမူလည်းဖြစ်ထသော—

ကုသဝတီပြည်၊ မဟာသုဒဿန ဘေးလောင်းလျှကဲ့သို့၊ ဥပေက္ခာ ဥာဏ်၊ မေတ္တာရှာန်ဖြင့်၊ ပြန့်ပြန့်ပွားမှု၊ တရားရှုသော၊ ဆဒ္ဒန်ဆင်မင်း သခင်၊ သိရိပဝရတိလောကပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ မည်တော်ရှိသော၊ အမရပူရရွှေမြို့တော်တည်၊ ဘိုးတော် အလောင်းမင်းတရားကြီး၏၊ မြေးတော်စက္ကရတ်၊ ဗြဟ္မဒတ် တမူလည်းဖြစ်ထသော—

သမုဒ္ဒါကမ်းထိပ်၊ ဆိပ်နှင့်တကွ၊ မြို့မနိုင်ငံ၊ ခရိုင်ရံသော၊ ဓညဝတီ ရခိုင်ပြည်ကြီးကိုရွှေလက်တော်ဆန့်၊ ပန်းနှယ်တပွင့်၊ လှမ်းဆွတ်လင့်၍၊ မဟာမုနိ၊ တြိနာထ၊ ရုပ်ရှင်တော်မြတ်၊ သိဒ္ဓိဓာတ်ကို၊ အမရရွှေမြေ၊ ရောက်တတ်စေသော၊ ကြီတက်ယောက်ကျား၊ တန်ခိုးအားဖြင့်၊ သိရိမဟာဓမ္မာဘိဇယသီဟသူရ မည်တော်ရှိသော ခမည်းတော်မြတ်စစ်၊ မယ်တော်ချစ်တို့၏၊ ရွှေရင်နှစ်မြတ်၊ မဏိဇောတရည်၊ မုနောနတ် တမူလည်းဖြစ်ထသော—

သိရိပဝရသုဓမ္မမဟာရာဇာဓိရာဇာ မည်တော်ရှိသော တရားမင်းမြတ်သည် ကောဇာသက္ကရာဇ် ၁၁၈၁-ခု၊ နယုန်လဆန်း ၁၃-ရက် စနေနေ့အခါ၊စကြာရတနာ၊ရောက်စာရှေးရှေး၊ စကြာဝတေးမင်း ဖြစ်၊ နန္ဒရာဇ်ကဲ့သို့၊ ပြည်ပပြည်တွင်း၊ လုံးရင်းမိုလ်ပြူ၊ ပဒုမ္မြူဟာ၊ ချာချာပတ်မျှ၊ မိုးမြေရှတ်ရှတ်၊ အုတ်အုတ်ကျက်ကျက်၊ တပြိုင်နက် ကောင်းချီးမင်္ဂလာ၊ ကြော်ငြာစေလျက်၊ ပြည်လုံးကြက်သရေ၊ မြူတေ ဝန်းပတ်၊ နန်းလုံးနတ်ဖြစ်သော၊ မြတ်သောတောင်မိဖုရား ခေါင်ကြီး နှင့်တကွ၊မုနောဇမ္ဗူ တက်တော်မူသတည်း။

ရွှေတောင်တက်ပြီး၊ ကြီကြီးဝီရိယ၊ ဥဿဟဖြင့်၊ ယထာနုလောမ၊ ယထာပရာဓ၊ ယထာဓမ္မ၊ သာသနာတော်၌ တုန်လှုပ်ခြင်းမရှိသော၊ အစလသဒ္ဓါခြင်းဖြင့်၊ သာရိရိက၊ ပရိဘောဂ၊ ဥဒ္ဒိဿက၊စည်းခုံဂူထွတ်၊ ပြာသာဒ်တန်ဆောင်း၊ကျောင်းစသော၊ပရိကမ္မအပေါင်းတို့ဖြင့်၊ချီးမွမ်း အပ်သော ပါရမီတော်အားကား၊ သမုဒ္ဒါထက်စုန့်၊ သဲမှုန့်သော်မျှ၊ ပမာဏလျှင်ဖြစ်သတည်း၊ ထိုအခါ၊ မဇ္ဈိမတိုက်၊ ဝဇ္ဇီတိုင်း၊ ဝေသာလီ ပြည်၊လိစ္ဆဝီမင်းတို့အရိုက်မပျက်၊နန်းညွှန့်ဆက်ဖြစ်သော စန္ဒရဂန္ဓသျှိန်၊ ဇော်ရဟိန်စသော မင်းတို့မှလည်း၊ နတ်မနိမ့်အောက်၊ သုံးရောက်ဟိရို၊

မျိုးဘုန်းရှိကို၊ ဂြိုဟ်နိုးညွတ်ခဲ၊ ဆက်သစေခြင်း၊ တလွှားကုန်အောင်၊ ပြည်ထောင်ထီးဆောင်း၊ မင်းအပေါင်းတို့၊ ပျပ်ဝပ်ညွတ်ကိုင်း၊ ရှိုင်းရာဖြစ်ခြင်း၊ ညေပုည၊ ဥက္ကဋ္ဌဇုတ္တိ၊ ရဲရဲညီသောအားဖြင့်၊ ဖျောက်ဆိတ်သောက်ကြွာ၊ ကြယ်တကာတို့အလယ်၊ လမင်းပြည့်ဝန်းထွန်းတောက်ပ၏သို့ ဖြစ်သတည်း။

ဘုန်းတော်ကြီးမြတ်၊ တို့စောထွတ်ကား၊ မိုးနတ်မလွန်၊ ရောဝဏ်သို့၊ စွယ်ချွန်မင်္ဂလာ၊ ဆင်စကြာကို၊ ဘယ်ညာလက်ရိုန်၊ ပိုးဝင်းထိန်မျှ၊ ဝရဇိန်ဝန်းရစ်၊ ရွှေချွန်းလှစ်လျက်၊ ငယ်ရွယ်တော်ဖြစ်၊ဥပရာဇ်ဘုန်းလူး၊ နန်းညွန့်ဦးက၊ ကျေးဇူးလက်မွန်၊ လွန်လေသော်ကား—

မနောပုဗ္ဗင်္ဂမာ ဓမ္မာ,
မနောသေဋ္ဌာ မနောမယာ,
မနသာ စေ ပသန္နေန,
ရွှေခွန်းဟသောစကား၊
ဒါနံ ဒတွာ,
သီလံ သမာဒိယိတွာ,
ဥပေါသထကမ္မံ ကတွာ,
စကြာရတနာရောက်ထိုက်ရာသောအရိုးတရား၊

ဤသို့အာဒိ၊ ကျမ်းပါဠိဋ္ဌ၊ ရွှေနှလုံးမိ၊ နည်းနာရှိသော အားဖြင့်၊ နောင် ငါမင်းဖြစ်တော်မူသောအခါ၊ ဘုရားပွင့်ရာဗောဓိမဏ္ဍိုင်အား၊ ချီးမြှင့်တော်မူမည်၊ မနောပဏိဓိရှိတော်မူလင့်ဦးသကား၊ ဗာရာဏသီဝေသာလီစသော အနောက်မျက်နှာ၊ မြောက်မျက်နှာတလွှား၊ ပုဏ္ဏားဇောဂီ၊ ဒေသန္တရီ၊ ဗေရာဂီတို့အား၊ စူးစားမွေနည်တော်မူလျှင်—

ချက်မြင်ကေန် မှန်သောအားဖြင့်၊ မဇ္ဈိမတိုက် မဂဓရာဇ်တိုင်း၊ ဂယာသီသအရပ်၊ နေရဉ္ဇရာမြစ်အနီး၊ တဆယ့်ရှစ်မင်းပယ်စာ၊ မြေမျက်နှာထက်၊ ရွှေပေါ်နှောင်းပျက်၊ ဘွားဘက်တော်စစ်၊ မဟာပထဝီ၊ မြေဆီကောင်းနှစ်၊ အမွန်ဖြစ်သော၊ မင်္ဂလာဥကင်၊ သမိုက်ပြင်ထက်၊ အမြင့်အတောင်တရာ၊ အဝန်းထက်ဝက်၊ ခက်မပင်စည်၊ တည်သောအားဖြင့်၊ အရပ်ထက်

ဝန်းကျင်၊ သစ်ပင်နွယ်မြက်၊ လက်ယာရစ်ရွေ့ရှု၊ မျက်နှာမူလျက်၊ ဝဇီရာသနပလ္လင်၊ တကဲပြင်ကဲ့သို့ဖြစ်၍၊ အလုံးစုံသောသဗ္ဗညုဘုရားတို့၊ တိမ်မှောင်မိစ္ဆာ၊ ကိလေသာအပေါင်းကို၊ အရဟတ္တမဂ်ဉာဏ်တော်ဖြင့်၊ ပယ်ဖျက် အောင်မြင်တော်မူရာ၊ မဟာဗုဒ္ဓဟောစေတီမြတ်အား—

ဘေးလောင်းတော် သိရိဓမ္မာသောက,ဒေဝါနံပိယတိဿ, ကလိင်စကြာဝတေးမင်းတို့ကဲ့သို့၊ အလွန်ကြည်ညိုစွာသော ရွှေနှလုံးတော်ဖြင့်ချီးမြှင့်ပူဇော်လိုရကား၊ ရွှေ, ငွေ, ပတ္တမြားသုံးပါးခြယ်ပျစ်၊ နစ်ထလျက်သော၊ ထီးတံခွန်၊ တန်ဆောင်၊ ပန်းကုံးပန်းခိုင်၊ ပေါက်ပေါက်စသောဒေယျဓမ္မ၊ ဒါတဗ္ဗအပေါင်းကို ပရိက်လှူခြေ၊ ပြည့်စုံစေဦး၍၊ ရွှေနန်းနွယ်လာ၊ မင်းတကာတို့၊ မခြီးဦးရဲ၊ မဘူးမြဲသော ပုညာဘိဓေ၊ ပြအပ်သောတံခွန်ရှိရကား—

ဖြူသောအရေး၊ ကြော့သွေးဖွဲ့ရစ်၊ နန္ဒင်းနှစ်သွေး၊ ရွှေရေးငွေရေး၊ ပိုးပရန်သွေး၊ စွေးစွေးနီရောင်၊ ကြာညိုတောင်အားဖြင့်၊ တရာ့ငါးဆယ် ခြောက်သွယ်၊ ကြိုးရစ်နွယ်သောပတ္တမြားရှင်မျက်စိ၊ ဘဝါးချေလက်၊ ချိပ်စက်ပကတိ၊ တွေးတွေးညိ၍ကိုယ်လုံးဖြူလျက်၊ လက္ခဏာပုံညီ၊ကွေးကွေးချီသော၊ သိရိစန္ဒရ၊ လပြည့်နေ့ည၊ လ၏အဝါ၊ ကုမုဒြာကြာဖြူ၊ သင်းခွေပန်းအဆင်းရှိသော၊ နိဗ္ဗာနပစ္စယနာဂရာဇာ၊ ဆဒ္ဒန်ရတနာ၊ စကြာဆင်မင်း၊ တမွတ်ခင်းလျက်၊ သိရိပဝရ မဟာရာဇိန္ဒာရတနာဒေဝီအမည်တော်ရှိသော တောင်မိဖုရားကြီးနှင့်တကွ၊ ဘုရားသခင် သာသနာတော် နှစ်ထောင့်သုံးရာ့ ခြောက်ဆယ့်ငါးခုနှစ်၊ရောက်ပြီးသော ကောဇာသက္ကရာဇ် တထောင့်တရာ့ ရှစ်ဆယ့်သုံးခု၊ သရဝဏ်နှစ်၊ ကျတ္တိကာလ၊သရဒအခါ၊ မဟာဗောဓိမဏ္ဍိုင်၌ ပွင့်တော်မူသော ဘုရားမြတ်စွာ ကိုရည်မှတ်တော်မူ၍၊ အနုမောဒနာ၊ ကြော်ငြာသံတို့ဖြင့်၊ အဟုန်မစဲ၊ လှူပွဲသဘင်၊ ရင်တော်မူသည်။

အဆုံးစွန်သော ကိုယ်တော်အဖြစ်၌ သမ္မာသမ္ဗုဒ္ဓ ဆုကြီးရ၍ဝေနေယျတို့အား နိဗ္ဗာန်တရား ဟောကြား ကယ်ချွတ်နိုင်လိုသော

ဘဝများစွာ သံသရာလည်း ပါရမီဆယ်ပါး တရားအထွတ်တိုင်လိုသော ဆုတောင်းပဋ္ဌနာတော်နှင့်တကွ မယ်တော်၊ ခမည်းတော်၊ ဘိုးတော်၊ ဘွားတော်၊ ဘေးတော် မင်းတရားကြီးတို့အားလည်း အမျှဝေတော်မူသည်၊ မဟာပထဝီ ဤမြေကြီးကား—ငါ၏သက်သေဖြစ်စေသောဟူ၍လည်း ရွှေကရားဖြင့် ရေစက်သွန်းချ တိုင်တန်းတော်မူသည်။

ဤသို့လျှင် မြင်းမိုရ်ဂိရိ၊ ရဝိသသိ၊ မိုးလုံးသြ၏သို့၊ ကပ်လုံးကမ္ဘာ၊ ပြောပစရာ၊ အမွန်ရှည်ရာ၊တည်ရာဖြစ်စေ၊ အမရပူရ၊ ရွှေနန်းတော်မှ၊ မဟာရာဇိန္ဒ အဂ္ဂမဟာဓမ္မရာဇာဂုရုမည်သော၊ ပုရောဟိတ်၊ မြေနန်းတော်ဝန် မဟာမင်းလှသိခ်သူ ဟူသောအမတ်ကို အရာမကသော အချင်းအရင်းတို့နှင့်တကွ စေခန့်တော်မူ၍ မဏ္ဍိုမတိုက် မဟာဗောဓိမဏ္ဍိုင်၌ ဤကျောက်စာသံပိုင်းကို ထိုးမှတ်စိုက်ထားစေသတည်း။

မင်္ဂလာဗဟို၊ မြလျှံညိုသား၊ မြင်းမိုရ်တပိုင်း၊ တင်းကျမ်းမှိုင်းလျူက်၊ မြန်နိုင်းဇမ္ဗူ၊ လက်ရာငှုဝယ်၊ ပြောင်ဖြူပစ္စယ၊ ရဲနာဂနှင့်၊ အမရနန်းမြင့်၊ ဖြူဝန်းပွင့်သည်၊ ဆင်မင်းသခင်၊ ဆဒ္ဒန်ရှင်လျှင်၊ အောင်မြင်ဝှန်သည်း၊ ငါးမာရ်လှည်းသား၊ ဥဒည်းချက်ချာ၊ မြေမျက်နှာ၌၊ ဝဇီရာသန၊ နန်းမဥကင်၊ သမိုက်ပြင်ထက်၊ ပလ္လင်ဘုံရွှေ၊ ဗုဒ္ဓဟောကို၊ ရွှေငွေပတ္တမြား၊ သုံးပါးခြယ်နှစ်၊ ပြောင်ပြောင်ရစ်သား၊ အိုးပျစ်မြူတာ၊ရတနာတန်ဆောင်၊ ပန်တောင်ပေါက်ပေါက်၊ လွှံဆောက်မိုးစွန်၊ ထီးတံခွန်ဖြင့်၊ သရဝဏ်နှစ်၊ သက္ကရာဇ်ကောဇာ၊ ထောင်ရာဖွဲ့ကျူး၊ ရှစ်ဆယ့်သုံးတွင်၊ မိုးဆုံးဆောင်းစ၊ သရဒဝယ်၊ မဂမတိုင်းခြေ၊ ဗိုလ်ယုံစေ၍၊ ဖြစ်ထွေကြောင်းလျှား၊ လျှုတော်များကို၊ မွန်ကြားမင်္ဂလာ၊ မော်ကွန်းစာဖြင့်၊ မဟာသင်္ဃာ၊ မဟာသိရိ၊ ပါဠိနက်တွဲ့၊ ရွှေဘွဲ့နှစ်ပွင့်၊ စည်သူဆင့်၍၊ ရှင်ပင့်မိန့်တော်၊ ရွှေခွန်းခေါ်သည်၊ မတ်ကျော်ကဝိ၊ မြတ်ပဏ္ဍိလျှင်၊ နှောင်းပြီ သာသနာ၊ ကမ္ဘာ မြေရေ၊ တည်ထွန်းစေဟု၊ ကျက်သရေသွန်းနှိုး၊ စာရင်းထိုးသည်၊ မောက်ဖြိုးရွှေစာသံပိုင်းတည်း။

မဇ္ဈိမတိုက် မဟာဗောဓိမဏ္ဍိုင် သံပိုင်းတော်ကို လောက လက္ခဏာအင်္ဂါခြောက်ပါးနှင့်ပြည့်စုံသူ စောလှမြို့စား နေမျိုးသိရီရာဇသူအမတ်ကို ခန့်အပ်တော်မူ၍ ဇာန္ဒနီလာ မဟူရာကျောက်အပြင်၌ ကောင်းမွန်တင့်တယ်စွာ ကောဇာသက္ကရာဇ် တထောင့်တရာ့ ရှစ်ဆယ့်သုံးခု၊ တန်ဆောင်မုန်းလပြည့်ကျော် တဆယ့်တရက် အင်္ဂါနေ့တွင် ရေးသားထုလုပ်ရ၏၊ မြန်မာဘာသာလက်ာစကားပြေ စာကြောင်းရေ ရှစ်ဆယ့်ငါး,ကျောက်မျက်နှာ အလျားအရှည်နှစ်တောင်တမိုက်သုံးသစ်, အနံတတောင်တမိုက် သုံးသစ်ရှိသည်၊ ဝက်မစွတ်မြို့စား မဟာသိရိစည်သူရေးသားသည်။

မဟာဗောဓိကျောက်စာပြီး၏။

ဤသည်လျှင် ရတနာပူရ စတုတ္ထမြို့တည် မင်းတရားကြီးလက်ထက် မဟာဗောဓိပင်အရပ်၌ သံပိုင်း ကျောက်စာတိုင် စိုက်ထား လှူဒါန်းသည်ကို ပြသောအကြောင်းပြီး၏။

---

## ၃၀။ အမရပူရ ဘကြီးတော်မင်းတရားကြီး စိုက်ပျိုးအပ်သော ဗောဓိပင်အကြောင်း

အမရပူရမြို့တော် ဘကြီးတော်မင်းတရားကြီးလက်ထက် သက္ကရာဇ်တထောင့်တရာ့ ကိုးဆယ့်ခြောက်ခုနှစ် အနောက်မဇ္ဈိမဒေသ ဗုဒ္ဓယာမြို့က ဝန်ထောက်မင်းကြီး မဟာစည်သူ, စာရေးကြီး မင်းလှနန္ဒကျော်ထင်, အသုံးစာရေး နရာဓွဲတောင်နော်ရထာတို့ ပင့်ဆောင်ဆိုက်ရောက်လာသည့် မဟာဗောဓိပင်တော် စိုက်ပျိုးကိုးကွယ်တော်မူမည်ကို အမွန်ရှည်စွာ တည်စေရာသော ဌာဝရ ကုသိုလ်တော်ဖြစ်၍ အရပ်ဒေသ ဌာနဇင်္ဂမစသည်များကို သာသနာတော်ပြု ဆရာတော်အမှူးရှိသောတံဆိပ်တော်ရဆရာတော်-သံဃာတော် မင်းညီ မင်းသားမှူးတော်မတ်တော်တို့နှင့် ညှိနှိုင်းတိုင်ပင် ရွေးချယ်တော်မူပြီးလျှင် ရွှေနန်းတော်မှ အနောက်တောင် အလိုဝန်ကြီးကိုးကွယ်သည့် ကျောင်းတိုက်အတွင်း မြေလပ်တွင် ရှေးမဟာဗောဓိပင်စိုက် စာတမ်း-စာဟောင်းထွက်အတိုင်း ထိုသက္ကရာဇ် တန်ဆောင်မုန်းလဆန်း လေးရက်နေ့ တပ်ဝင်း အခင်းအကျင်းနှင့်တကွ တူရိယာအစုံ ကခုန်တီးမှုတ်ခြင်း

စသော ပွဲသဘင်စုံတို့ကိုခမ်းနားကြီးကျယ်စွာ ဖြစ်စေလျက် မင်းတရားကြီးကိုယ်တော်တိုင် စိုက်ပျိုးတော်မူပြီးလျှင် မဟာဗောဓိပင်တော်ကို အုဋ္ဌရိုးပလ္လင် အကျည်ခံလျက် ထိုမှအပ မဟာဗောဓိပင်တော်၏ ထက်ဝန်းကျင် အရပ်လေးမျက်နှာ အရပ်တို့၌ တံတိုင်းမိးတား နှစ်ထပ်ရံကာလျက် မုခ်ပြာသာဒ် အကြီးအခိုင်ဆောက်လုပ်စေ၍ တင့်တယ်ဆန်းကြယ်စွာ တည်လုပ်ကိုးကွယ်တော်မူလေသတည်း၊ ဤအကြောင်းအရာများမှာ ဒုတိယမဟာရာဇဝင်တော်ကြီး၌ ပါရှိလေသည်။

အမရပူရမြို့ ဘကြီးတော် မင်းတရားကြီးလက်ထက်
ကိုးကွယ်တည်ထားသော ဗောဓိပင်ကို ပြခြင်းအကြောင်းကား
ဤတွင်ပြီး၏။

## ၃၁။ မန္တလေးရတနာပုံ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး ခိုက်ပျိုးကိုးကွယ်တော်မူသော ဗောဓိပင်ကို ပြခြင်းအကြောင်း



ဇေယျတု။

ဗောဓော ပဒေသ ကာ-
မေနှ၊
ဗောဓော ပဒေသသမ္ဘူ-
တော။
ဒေဝဒေဝေါ ဒေဝဆတ္တံ၊
ဝဟန္တု၊ ဝဟတံဟဝေ။ ။

ငှင်းဂါထာကား-အနုရူပ ထောမနာသီသ တတိယ ရကာရ ဝိပုလာသေတဆတ္တဒွတ္တက ဂါထာ။ ။ဒုတိယပဒ ပဒေသ ဟူသော ပုဒ်၌ သဝယ် ဇဂိုဏ်းကြောင့် နိဂ္ဂဟိတလောပ၊ ယောဇနာသောအခါ ဗိန္ဒာဂမ၊

ဗောဓောပဒေသကာ-မေ နှ၊ ခပ်သိမ်းသော သတ္တဝါတို့အား သာဝကဗောဓိ, ပစ္စေက ဗောဓိ, သမ္မာသမ္ဗောဓိ ဟု ဆိုအပ်သော ဗောဓိသုံးပါးကို ရခြင်း၏ အကြောင်း ကောင်းမြတ်စွာလှ ဥပဒေသနယကို ညွှန်ပြခြင်းငှါ အလိုရှိ

တော်မူသည်။ ဟုတ္တာ၊ ဖြစ်၍။ ဗောဓော ပဒေသံ-ဗောဓောပဒေ သဘူတံ၊ ဗောဓိသုံးပါးကို ရခြင်း၏ အကြောင်း ကောင်းစွာဖြစ် ၍ဖြစ်ထသော၊ ယံဒေဝဆတ္တံ၊ အကြင်ကုသိုလ်ဆယ်ပါး တရားသုစရိုက် အမြိုက်ပေးတတ် နတ်ထီးမြတ်ကို။ ဒေဝဒေဝေါ၊ ဩပပါတိကသမုတိ ဒေဝအစုတ်တို့ထက်ဥတ္တရုတ္တရဝိသုဒ္ဓိဒေဝအစစ်ဖြစ်တော်မူသောရှင်စော ဘုရားသည်။ သဇ္ဈတော၊ လည်ချောင်းအာစောက် ထိရောက်လျှာဖျား နှုတ်ခမ်းသွားဖြင့်ဟောကြားပြုပြင်စီရင်တော်မူပေပြီ။ဟဝေ-ကေန္တေန၊ စင်စစ်သဖြင့်။ ဝဟတံ-ဝဟန္တာနံ၊ ဆက်ဆံမကင်း ယုံကြည်ခြင်းဖြင့် ကျင်းပဖြန့်မိုး ကိုးကွယ်ဆည်းကပ် မပြတ်ဆောင်ရွက်ကုန်သောသူတို့ အား။ တံဒေဝဆတ္တံ၊ ကုသိုလ်ဆယ်ပါး တရားဟူပြီး ထိုနတ်ထီးသည်။ ဝဟန္တု၊ အကုသိုလ်ဆယ်ပါး တရားမိုးရည် စွတ်မနှည်အောင် ရွက် ဆောင်ဆီးတား သိမ်းပကားတော်မူပါစေသတည်း။

တနည်းကား—

ဗောဓောပဒေသကာမေန၊ ခပ်သိမ်းသောသတ္တဝါတို့အား သစ္စာ လေးပါး တရားသိရာ မဟာဗောဓိပင်ကိုရခြင်း၏အကြောင်း ကောင်း မြတ်စွာလျှ ဥပဒေသနယကို ညွှန်ပြခြင်းငှါ အလိုရှိတော်မူသည်။ ဟုတ္တာ၊ ဖြစ်၍။ ဗောဓောပဒေသံ- ဗောဓောပဒေသဘူတံ၊ သစ္စာလေး ပါး တရားသိရာ မဟာဗောဓိပင်ကို ရခြင်း၏အကြောင်း ကောင်းစွာ ဖြစ်၍ ဖြစ်ထသော။ ယံဒေဝဆတ္တံ၊ အကြင် မဟာဗောဓိ ပရိဘောဂ စေတီတော်ဟုဆိုအပ်သော နတ်ထီးမြတ်ကို။ ဒေဝဒေဝေါ၊ဩပပါတိက သမုတိဒေဝအစုတ်တို့ထက် ဥတ္တရုတ္တရဝိသုဒ္ဓိဒေဝအစစ် ဖြစ်တော် မူသော ရှင်စောဘုရားသည်။ သဇ္ဈတော၊ နှောင်တော်မြတ်ဖျား ရှေး ဘုရားတို့ လေးပါးသစ္စာ သိရာဌာန ဇယဘူမိ အောင်ကိန်းဟိသော အရပ်၌ စိုက်ပျိုးပြုပြင် စီရင်တော်မူပေပြီ။ ဟဝေ- ကေန္တေန၊ စင်စစ် သဖြင့်။ ဝဟတံ-ဝဟန္တာနံ၊ ကြည်ညိုလေးမြတ် ဆည်းကပ်ဆောင်ရွက် ကုန်သော သူတို့အား။ တံ ဒေဝဆတ္တံ၊ မဟာဗောဓိ ပရိဘောဂ စေတီ တော်ဟု ဆိုအပ်သော ထိုနတ်ထီးသည်။ ဝဟန္တု၊ အကုသိုလ်ဆယ်ပါး တရားမလိမ်း ပျောက်ကင်းငြိမ်းအောင် ရွက်ဆောင်ဆီးတား သိမ်း ပကားတော်မူပါစေသတည်း။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ဆယ့်ခြောက်တွက်ရေ၊ သန်ျေကပ်ကိန်း၊ တသိန်းရှည်ကြာ၊ သံသရာဝယ်၊ ဒါနသီလ၊ စသည်ဆယ်လီ၊ ပါရမီတရား၊ ကိုဋ်ပွားညွှန့်သန်၊ ခါကောင်းတန်၍၊ သာရမဏ္ဍ၊ ကမ္ဘာမထက်၊ စတုတ္ထသခင်၊ ဒီပင်္ကရာ၊ မြတ်စွာသေဠ်နင်း၊ မင်းတရားစစ်ဖြစ်သောခါတည်း။

ထိုရေအခါ၊ ဒီပင်္ကရာ၊ လောကနာကား၊ အဝိဇ္ဇာလောဘ၊ ဝဋ္ဋမူလ၊ ဓမ္မနှစ်ရပ်၊ ပုံတောင်းစွပ်လျက်၊ အကွပ်နှစ်ဖြာ၊ ဇရာမရဏ၊ သန်ခါရထုံးဖွဲ့၊ နှစ်ဆယ့်ကိုးမည်၊ ကန့်ထောက်တည်၍၊ ခိုင်ကျည်စွာလှ၊ အာသဝဝင်ရိုး၊ လျှိုထိုးဖြီးခါ၊ အကမ္ဘာဘာ၊ ကြာတံစလှည့်၊ ဆွေးမြည့်ရုံမျှ၊ မဟိရသား၊ ဘဝသုံးပါး၊ ဝဋ်ရထားထက်၊ စီးသွားစိုင်းနှင်၊ ကျင်လည်ကြရ၊ စက္ကဝါဠ၊ ခကုဋ္ဋဝါ၊ စကြဝဠာ ကောင်းကင်၊ မြေပြင်မြစ်မင်း၊ အတွင်းအန္တရ၊ ဘုမ္မာကာသ၊ ဇာတ်ကျန်ကြသား၊ ပဒပရမ၊ နေယျဥဃဋိတဉ်၊ ဝိပဉ္စိတ၊ လေးပါးအနက်၊ စက်ပုညဝါ၊ ရှေးကံပါသား၊ သတ္တာဘုန်းရင့်၊ ကျွတ်နှင့်မည့်သူ၊ ရွေးကာယူလျက်၊ ယဉ်ဖြူတုလွတ်၊ ရှုန်းရှုန်းလွတ်သား၊ ဗောဇ္ဈင်ရတနာ၊ ခုနစ်ဖြာဟု၊ ပါရမီသမုဋ္ဌာန်၊ စကြာမွန်ဖြင့်၊ နိဗ္ဗာန်ပြည်ခိုင်၊ ရောက်တိုင်သဲသဲ၊ ပို့ဆဲသဘင်၊ ရင်လတ်သော်တည်း။

ထိုရေကာလ၊ ဗုဒ္ဓုပ္ပါဒနဝမ၊ ခဏကိုးဆင့်၊ ခါကောင်းသင့်၍၊ ကိုယ်နှင့်ဖလယ်၊ ရောင်းဝယ်ယှဉ်၊ လိုဘန်အင်ဖြင့်၊ ဗောဓင်္ဂမာ၊ တရားရှာသား၊ သုမေဓာဇာတ်၊ တို့သင်္ကျစ်လျှင်၊ စင်စစ်မယုတ်၊ မနုဿတ္တ၊ လိင်္ဂသမ္ပတ်၊ မှတ်သည်ရှေးဖျား၊ ဘုရားဖြစ်ဟိတ်၊ အစိတ်ရှစ်မည်၊ ကိုယ်၌တည်သား၊ ဇာနည်အထွတ်၊ တမွတ်ယောကျ်ား၊ ဘုရားမျိုးစေ့၊ ရသေ့တဆူ၊ ဖြစ်တော်မူတည်း။

ထိုရေအခါ၊ သုမေဓာကား၊ ဒီပင်္ကရာ၊ မြတ်စွာရှေ့မှောက်၊ ကျောက်ဆစ်တန်တား၊ ခင်းပစ်ထား၍၊ ဘုရားဘုရား၊ ဘုရားရှင်ဘိန်း၊ သားလေးသိန်းနှင့်၊ ယဉ်မိန်းဇုန္ဒြေ၊ နင်းကြွလေဟု၊ စေဘနာမတွန့်၊ သက်ကိုစွန့်တည်း။

ဒိပက်ရော လောကဝိဒူ၊
အာဟုတီနံ ပဋိဂ္ဂဟော။
ဉသီသကေ မံ ဌတွာန၊
ဣဒံ ဝစနမဗြဝိ။ ။

အစဟိသား၊ ပါဠိမာလာ၊ ဒေသနာအရ၊ ပဌမပကတူး၊ နိယတ်ကြူးသည်၊ ပန်းဦးထိုတွင်၊ ဆင်ခဲ့ပြီးမြောက်၊ နောက်နှစ်ကျိပ်သုံး၊ ပေါင်းရုံးတွက်ဖွဲ့၊ နှစ်ဆယ့်လေးခန်း၊ ဗျာဒိတ်ပန်းကို၊ဦးရန်းထိပ်ပြင်၊ ဆင်ခဲ့မပြတ်၊ အမှုဆက္က၊ သတဇာတ်ပေါင်း၊ အလောင်းတော်တန်း၊ ငြမ်းကြီးသုံးဆယ်၊ ဖြိုးကယ်မောက်မောက်၊ ဆောက်ကြီး ဆောက်၍၊ နောက်အန္တိမဒေဟ၊ သိဒ္ဓတ္ထကုမာရ၊ ဇာစ်ဘာဝဠ၊ ဉာဏအခေါင်၊ ဉဒည်းတောင်သို့၊ ရောက်အောင်တက်တော်မူသတည်း။

ဉဒည်းတောင်ကြီး၊ကိုယ်တော်ထီးလျှင်၊တက်ပြီးရောက်ခါ၊အညာတကောဏ္ဍညအစ၊ သုဘဒ္ဒအဆုံး၊ ပေါင်းရုံးမလွတ်၊ ပါစေချွတ်၍၊ ပြည်ထွတ်နေရဗာန်၊ မရကျန်သည်၊ သုံးတန်သတ္တဝါ၊ ဗြဟ္မာလူနတ်၊ ပရိသတ်အများ၊ သူတို့အားလည်း၊ ဘုရားငါနှင့်၊ တမြင့်နှင်းပန်း၊ တပဲမှန်းလျက်၊ တန်းတန်းဖြောင့်မတ်၊ ဝိပဿနာ၊ လမ်းသုံးဖြာဖြင့်၊ သုံးခါထောင်ဝက်၊ စက်တပြောင်ပြောင်၊ ကိလေရောင်ဟု၊ တောက်လောင်စွဲရာ၊ လောင်စာမဟိ၊ ပကတိချမ်းငြိမ်၊ ရွှေအိမ်နိဗ္ဗာန်၊ ရပ်ဌာန်သာလှ၊ ရောက်စေကြဟု၊ ပဋ္ဌဝဿသဟာသ်၊ ထောင်ကိန်းမှတ်၍၊ လူနတ်ပရမေ၊ ထားခဲ့ပေတည်း။

ဘုရားမြတ်စွာ၊ထားခဲ့သာသနာ၊စက်အာဏာသည်၊အာရုဋ္ဌာရုဋ္ဌ၊ တစတစ၊ဆန်းတက်ကြွ၍၊ဒုတိယဆည်းဆာ၊ နေဝါစည့်စည့်၊ မွန်းချက်တည့်၏သို့ဖြစ်သော၊သုနာပရန္တ၊ တမ္ဗဒီပ၊ နှစ်ဌာနထက်၊ ဒေဝဒဟ၊ ကောလိယ ကပိလမည်၊ ပြည်ထောင်သုံးပါး၊ အမွန်ထားပြီး၊ ပွါးပြိုး ပွါးပြိုး၊ ပုလဲကုံးသို့၊ ပေါင်းရုံးမပျက်၊ ဆက်ကာ ဆက်ကာ၊ အစည်လာသည်၊ ဉက္ကာမုခ၊ အသမ္ဘိန္န၊ သကျဂံသ၊ အာဒိစ္စဗန္ဓု၊ တိုင်းပြုပြည်ထောင်၊မင်းခေါင်မင်းဖျား၊ မင်းတရားအပေါင်းတို့သည်၊ သရေခေတ္တရာ၊ ပေါက္ကာရာမ၊ မြင်စိုင်း ပင်းယ၊ ဇေယျာပူရ၊ ရတနာပူရ၊

မြို့ပခရိုင်၊ နိုင်ငံအုပ်စိုးလျက်၊ မိုးဝအပြင်၊ ကြတ္တိကာသဘင်၊ စင်သော လကဲ့သို့ဖြစ်သတည်း။

ထိုတွင်အထူး၊ ကျေးဇူးထင်ပြ၊ ရှုလတ်သော်ကား—

၁။ ဘေးလောင်းတော်ရတနာသိဃ်မြို့တည် အနေလာင်းမင်းတရားကြီးဘုရား,

၂။ သားတော်ဇေယျာပူရမြို့တည် သိရိပဝရမဟာဓမ္မရာဇာ တံဆိပ်နာမံခံတော်မူသော ကန်တွင်း စေတီတော်ဒါယကာ,

၃။ ညီတော် ရတနာပူရမြို့တည် သိရိပဝရမဟာရာဇိန္ဒာဓိပတိ တံဆိပ်နာမံ ခံတော်မူသော နိဗ္ဗာန်ဆိပ်ဦး စေတီတော်ဒါယကာ,

၄။ ညီတော် အမရပူရပဌမမြို့တည် သိရိပဝရ ဝိဇယာနန္တယသ တြိဘဝနာဒိတျာဓိပတိပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာတံဆိပ်နာမံခံတော်မူသော အောင်မြေလောက စေတီတော်ဒါယကာ,

၅။ မြေးတော် ရတနာပူရစတုတ္ထမြို့တည် သိရိပဝရသုဓမ္မမဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံခံတော်မူသော မဟာဝိဇယရံသီစေတီတော်ဒါယကာ,

၆။ ညီတော်အမရပူရ ဒုတိယမြို့တည် သိရိပဝရဒိတျာလောကာဓိပတိဝိဇယ မဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံ ခံတော်မူသော လောကမဏိစူဠာစေတီတော်ဒါယကာ။

ဤသို့လျှင် ခမည်းတော်မြစ်တိုင်တိုင် ဆက်စည်မကွာ ဖြာခဲ့ပြီးနောက် ငါတို့သာသနာ့ဒါယကာ ပဉ္စမသင်္ဂါယနာတင်ရေမြေအသျှင်; မဟာဓမ္မရာဇ်တရားမင်းမြတ်သည်ကား သာသနာတော်၂၃၉၆-ခုနှစ် ကောဇာသက္ကရာဇ် ၁၂၁၄-ခု ဟေမန္တရတု ကြွေလုဆဲဆဲဖြစ်သော တပေါင်းလဆန်း ၁၁-ရက် ကြာသပတေးနေ့အခါ ဓရဏီမဏ္ဍလာ၊ မြေမျက်နှာထက်၊ စကြာတန္ခွန်း၊ မန္တာတ်ဘုန်းဖြင့်၊ ချုန်းချုန်းကြိုးထစ်၊ တန်ခိုးလှစ်သော၊ မင်းခေါင်မင်းစစ်၊ မင်းအဖြစ်သို့ ရောက်တော်မူသတည်း။

နိဗ္ဗာနပစ္စယနာဂရာဇာ အမည်ရှိသော ဆဒ္ဒန်ဆင်မင်းသခင်သည် ဘေးတော်စက္ကရတ် ဘိုးတော်မန္တာတ် ခမည်းတော်နာထ နတ်တို့၏ အရိုက်အရာ ဇမ္ဗူဒိပါ မင်းချမ်းသာကိုယူပြီးရကား ထိုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၉-ရက် ၆-နေ့အခါ ကပိလဝတ်နွယ်လာ သကျာဝံသ မင်းများအဓလေ့၊ မရှေ့နန်းရိုး၊ ဘေးဘိုးဘမင်း၊ မယွင်းမယို၊ ဘာဝနာဗြဟ္မစိုရ်၊ ကြာညိုပွံ့သင်း၊သတင်းသဒ္ဓါ၊ဖြူစင်စွာလျက်၊စကြာမန္တာတ်၊မင်းမြတ်မဟေသီ၊ သုဘဒ္ဒါဒေဝီ၊နတ်တည်တို့ကဲ့သို့၊ စတုသင်္ဂဟဝတ္ထု၊ အင်္ဂါအနုဋ္ဌိ၊ အစုံဟိသော၊ နှမတော်မြတ်၊ဟိရိနတ်အား၊ ကိုးပါးသောကျောက်မျိုးတို့ဖြင့်၊ ရစ်ဆင့်ခြယ်လယ်အပ်သော၊ ရတနာဥကင်၊ ခုံပလ္လင်ထက်၊ စကြာကမ္ဗူ၊ ထီးရွက်နုဖြင့်၊ ပြည်သူ့မိမြတ်၊ သတ်မှတ်တင့်ကဲ၊ ချီးဝဲ့ပြဋ္ဌာန်းတော်မူပြီးနောက်၊ အရောက်ကောဇာ ၁၂၂၁-ခု၊ ကဆုန်လပြည့်ကျော် ၇-ရက် ၂-လာနေ့အဝင်၊ သိကြားဆင်သ၊ သုမင်္ဂလ၊သမယဉ္၊ အမရကိန်းခြေ၊ ငြိမ်းခဲ့စေမှ၊ အစိန္တေယျော်၊ တိလော်ကဂ္ဂ၊ ဂေါတမဘုရား၊ ညီတော်မြတ်အား၊ ဗျာဒိတ်ထားသည်၊ မြေမျှော်ဦးစွန်း၊ ကြန်ခမြေသည်မြေ၊ သေတ္တာမြေထက်၊ ပရမေရန်နင်း၊ တြင်းသမား၊ နဝင်းသားတို့၊ မှတ်သားနှုန်းထွင်း၊ ငှက်မင်းဓာတ်သိုက်၊အလိုလိုက်၍၊ကောင်းမြိုက်သိမ်မွေ့၊ကိန်းဆိုက်တွေ့က၊ ဘုန်းငွေ့ပြိုင်တု၊ သူဇာလှသည်၊ ဇမ္ဗူ့ကြက်သရေ၊ မြူတေလျှံပတ်၊ တောင်နန်းနတ်နှင့်တကွ၊ မဏ္ဍိသေလ၊ ရတနာ့အသွေး၊ မြရောင်ပြေးသည်၊ မန္တလေးသာခေါင်၊ ဥဒည်းတောင်ထက်၊ ကုန်းဘောင်ဆယ်စင်း၊ သျှင်နေမင်းသည်၊ ထွန်းဝင်းပဋ္ဌမ၊ မနိတ်မပြ၊ ဇယသိဒ္ဓိ၊ အောင်ကိန်းဟိသော၊ သုတိမင်္ဂလာ၊ အခါတိုင်တန်းလျက်၊ ထီးနန်းမြို့ပြ၊ ထာဝရစိုက်ထူ၊ တည်တော်မူသတည်း။

ထီးနန်းစိုက်ထူ၊ ရွှေတောင်ဇမ္ဗူ၊တက်တော်မူပြီး၊ ဘုရားသာသနာ ၂၃၉၈-ခု၊ကောဇာသက္ကရာဇ် ၁၂၁၆-ခု၊နယုန်လပြည့်ကျော် ၆-ရက် ၆-နေ့၊ ဂုဏ်ကျေးဇူးအပေါင်းတို့ဖြင့် ထူးကဲလွန်မြတ်သော မဟာဥကင်သစ် လှစ်တော်မူ၍ သိရီပဝရသုဓမ္မမဟာရာဇာဓိရာဇာ တံဆိပ်နာမံခံတော်မူသော နိဗ္ဗာနပစ္စယ နာဂရာဇာ အမည်ဟိသော ဆဒ္ဒန်ဆင်မင်းသခင်သည် သိရီပဝရမဟာရာဇိန္ဒာရတနာဒေဝီ တံဆိပ်

နာမံ ခံတော်မူသော ပြည်ကြီးမိနှင့်တကွ သရဒအခါ၊ နဘာကာသ၊ တိထိပုဏ္ဏမ၊ လနှင့်အတူ၊ စင်ဖြူညစ်ကြေး၊ သားမြေးဝန်းပတ်၊ မှူးမတ်မဏ္ဍိုင်၊ ရံပြိုင်ညွတ်ခ၊ မဟာသမတ၊ ဝရမန္တာတ်၊ သုဒဿန၊ မဟာသုဒဿန၊ကုသနေမိ၊အမွန်ဟိသော၊ဘေးတော်စက္ကရတ်၊သမုတ်နတ်တို့ကဲ့သို့၊ မြတ်သောစည်းစိမ်၊ ငြိမ်စည်အခါ၊ ပညာအမြူ့တော၊ ဇာဗြွေ ထိုးထွင်း၊ ကြီတော်ရင်းကား၊ အယဋ္ဌပုဂ္ဂလော နိရယံဥပပန္နော၊လ၊ တထာဂတောလောကေ အနုပ္ပန္နော၊ပညာဝါအနေလမုဂေါ၊မိန္နဟော သံထင်၊အဋ္ဌဂ်တ္တရ၊ကျမ်းမဝေခွဲ၊ ငရဲတိရစ္ဆာန်ပြိတ္တာ၊ အပါယ်သုံးရွာ၊ ဒီဃာယုကဗြဟ္မာ၊ မိစ္ဆာဒိဋ္ဌိ၊ ဇာန္တိယဝေကလ္လ၊ ပစ္စန္တရပ်သူ၊ သယမ္ဘူမစပ်၊ သုညကပ်မှ၊ စွဲရပ်သန္ဓေ၊ နေလှာတိဟိတ်၊ဆိတ်ခဲ့တရား၊ ရှစ်ပါးရပ်ပြစ်၊ နစ်သောကာလ၊ ဗုဒ္ဓုပ္ပါဒ၊ နဝမခဏ၊ သမယကောင်းမြိုက်၊ ကြိုက်တော်မူလတ်ရကား။

အမျိုးသားတို့နတ်၊သတ္တမဇာသိ ဖြစ်တော်မူသော၊ ရှင်စောဘုရား၏ ရှစ်ပါးအံ့ဘွယ် ကြွယ်သောသာသနာကို လွှန်စွာချီးမြှောက်အံ့ ဟူသော ခိုင်ကြံ့သော သဒ္ဒါတော် မြတ်ဖြင့်၊ မပြတ်မစဲ၊ ဝင့်ကြဲလဲဝယ်၊ မြင့်မြဲရှည်ကြာ၊ ခန္ဓာမတုံး၊ ဝိဇ္ဇာဖုံးလည်း၊ အရှုံးမခံ၊ အဆုံးကြံလျက်၊ နိယံမပျက်၊ ကသိဏ်းကွက်နှင့်၊ မဂ်လေးပါးလျောက်၊ ဆီမီးသုံးတောက်၊ နေခြည်ရောက်အောင်၊ လုံးမစောင့်အဲကိုး၊ ကြိုးပမ်းကြပေသော၊ တောနေသခင်၊ အရှင်သူမြတ်တို့နှင့်တကွ၊ ဘုရားနှုတ်နက်၊ ဓမ္မစက်ငါးသွယ်၊ နိကာယ်ငါးကျမ်းကို၊ အစွမ်းအလျောက်၊ ရွှေနောက်ပတ်ပတ်၊ သင်အံမှတ်သော၊ ပရိယတ္တိဗဟုလပုဂ္ဂိုလ်၊ နှင်ဖြိုကိလေ၊ ဝင့်ကင်းကြွေသည်၊ ဗေရာဂီအလောင်း၊ ရဟန်းကောင်းတို့အား၊ စိတ်ထားဖင့်နွဲလျက်၊ လှူခဲလှူခက်လှူမရက်သော ဥစ္စာမည်သည်မဟိ၊ မဟာသဟာဿ၊ ကောင်ိမှတ်ထိန်း၊ အသိန်းမျှလောက်သောပစ္စည်းတို့ကို လှူဒါန်းတော်မူခြင်း။

ခုနစ်ရာ့နှစ်ဆယ့်ကိုးဆူ၊ ရောင်ဖြူပဝင်း၊ သလင်းဓမ္မစေတီတို့ဖြင့် ဆင့်ဆင့်ဝန်းပလျက်၊ နဝရတ်ရောင်ရင့်၊ အစုံပွင့်၍၊ မင်းမင့်သျှောင်ဦးဉ်၊ ဖြူးဖြူးစိုက်အပ်သော၊ မကိုဋ်သရဘူတို့ကို။ ပြက်ရယ်မှုဘိသကဲ့သို့ဖြစ်၍၊

ဇမ္ဗူရာဇ်ရောင်ရှင်၊ လင်းလင်းလင်သော ရွှေစင်နီဖလံ၊ ရာဂိမဆံ၊ ပုစွန်ခွံရဲရဲ၊ ရွှေခဲရွှေပြားအထက်၌၊ ဇောတိရသ၊ မနောမြဟု၊ မြတိုး မြခဲ၊ ပုလဲဝေါမုဒ်၊ ဥဿဘရား၊ ပြယိုးယားလျှံထိန်၊ စိန်အမြတေ စသော၊ ကျောက်မျိုးတို့ဖြင့် အသင့်အသင့် ပြိုင်၍ပွင့်လျက် ချက်လက် စုံစွာ၊ ရတနာမကိုဋ်၊ တင်ထားစိုက်အပ်သော၊ ဇဒိုလသုဝဏ္ဏ၏၊ ကံ ပေးရွှေတောင်၊ ပုံဆောင်နှိုင်းထောက်၊ လုံးပေါက်ပကတိ၊ ဘုမ္မိဥဂ္ဂ တ၊ ကြွားကြွားကြွသော၊ သတ္တဌာနအဝင်အပါ၊ မဟာလောကမာရ ဇိန်စေတီတော်ကြီးနှင့်တကွ၊ အဘယဂိရိ၊ တောင်ကြီးမှာဘက်၊ တျက် တျက်မာကြော၊ မြေဝေါဝေါထက်၊ မောမောလုံးတောက်၊ ပေါပေါ ပေါက်သား၊ ရွှေကျောက် ငွေကျောက်၊ သံကျောက်လောဟာ၊ ရတ နာကျောက်ခဲတို့ဖြင့်၊ တခဲနက်ပြီးသော မဟာအတုလ စေတီတော် ကြီး၊ အစဟိသည်တို့ကို၊တည်ထားတော်မူသဖြင့်၊ဘူဝနာကာသတလေ၊ မြေရေကောင်းကင်၊ အပြင်မဆံ့၊ မအံ့နိုင်ရာ၊ သမုဒ္ဒရာ၊ ဂင်္ဂါသဲလုံး၊ ကျုံးတချသို့၊ အသဒိသဒါန၊ အနဂ္ဃကောင်းမှုတော် မြတ်တို့ကို၊ အကိတ္တိတာပသအစ၊ သသပဏ္ဍိတအဆုံးရှိသော အလောင်းတော် တကျိပ်ကဲ့သို့ကား၊ ဝိဝဋ္ဋာနုသာရီ၊ ပါရမီဒါနတရားကို အားထုတ် ရည်သန်တော်မူသဖြင့်၊ အသင့်နှလုံး၊ ယူကျုံး သွင်းပိုက်တော်မူသည်။

ထိုသို့လှူဒါန်းတော်မူသောကာလ "အစေတနံ စေတနံစ ဝသုန္ဓရံ ကုဋ္ဋရံဝ နဒန္တော"၊ စိတ်ဇောမရှိသော ပကတိ မြေအပြင်ကိုလျက်၊ စိတ်စက်စေတနာ၊ ပြည့်စုံစွာသည်၊ မာတင်ဥက္ကာ၌၊ ပတ်ရပ်လုံးစည်း၊ ပေါက်မုန်သည်းကို၊ ရယည်းရှုမျှော်၊ စေ့စေ့ခေါ်၍၊ လစ်အော်ကြည်း ဟည်းစေသကဲ့သို့ကား၊ "သိနေရု ဝနဝဋံသကာ ပထဗျာ ကမ္ပိ" ပါဠိ တော်အစဉ်ဖြင့်၊ ဥယျာဉ်ဗိမာန်၊ ပန်းစုံပန်သော၊ မဏ္ဍိုင်ဗဟို၊ မြင်း မိုရ်တောင်မင်း တည်းဟူသောမြေ၏ ဦးခေါင်းကို၊ နံတောင်းကျောက် ရင်းပမာ၊ ဒီပါလေးဦးနှင့်တကွ၊ ရှင်မြူးကခုန်၊ တုန်လှုပ်စေသဖြင့်၊ အောင်မြေဦးကင်း၊ နင်းတော်မူသတည်း။

ကိကီဝ အဏ္ဍံ စမရီဝ ဝါလဓိံ။
ပိယံဝ ပုတ္တံ နယနံဝ ဧကကံ။

တထေဝ သီလံ အနုရက္ခမာနကာ၊
သုပေသလာ ဟောထ သဒါ သဂါရဝါ။

ဂါထာဝံသ၌၊ ဘုရား့ပါဠိ၊ လာရှိထင်ပြက်၊ အသက်စွန့်ပစ်၊ အဥ ချစ်သား၊ ရစ်မနည်းမှီ၊ စာမရီမြီးစောင့်၊သားကောင့်အမိ၊ မျက်စိတခု၊ စောင့်ထိန်းပြုသည်၊ ဥပဒေစဉ်စီ၊ ရှေးထုံးမှီသော၊ မဟာသီလဝ အစ၊ သခ်ပါလ အဆုံးရှိသော၊ အလောင်းတော် တကျိပ်ကဲ့သို့ကား၊ ဝိဝဋ္ဋနုသာရီ၊ ပါရမီသီလတရားကို၊ အားထုတ် ရည်သန်တော်မူသဖြင့်၊ အသင့်နှလုံး၊ ယူကျုံးသွင်းပိုက်တော်မူသည်။

တတိယမင်၊ ဉာဏ်စက်ရောင်ဝင်း၊ လင်းပြီးသော သူကဲ့သို့ကား၊ ကာမဂုဏ်ငါးပါး၊ တရားမချိုက်၊ လိုမလိုက်သော၊ စရိုက်အလေ့၊ ပြုကတေ့သဘောတော်ဖြင့်၊ ရမ္မာပြည်ကြီးသျှင်ဖြစ်သော ယုဓဥ္စယမင်း မြတ်သည်၊ နေခြည်လျှံတက်၊ မြက်ပင်နှင့်တကွ၊ ဘီလူးမလင်ပန်းဝယ်၊ ခန်းခြောက်လေသော နှင်းပေါက်ဆီခဲ၏၊မမြဲသည့်အဖြစ်ကို၊ နစ်နှော တွေးခေါ်၍၊အတ္တဘောဝ်ကိုရှုသကဲ့သို့၊ပုပုရွရွ၊ မြင်မြင်သမျှ၊ သဝိညာ ဏက၊ အဝိညာဏက၊ သခ်ါရတို့ကို၊ လက္ခဏာတရား၊ သုံးပါးထင် ထင်၊ မြင်အောင်ပိုက်ထုပ်လျက်၊ ရုပ်နာမ်တရားကို၊သိမ်းပကားတော် မူသတည်း။

ဤသို့လျှင် လွန်ကဲသောသဒ္ဓါ၊ လွန်ကဲသောပညာ၊ လွန်ကဲသောဝီရိ ယ၊ အဘိဇ္ဈစ္စဗလ၊အသာဓာရဏ၊ စတုစက္ကသမ္ပတ္တိ၊ ရာဇိန္ဒိဂုဏ်တရား တို့သည်၊ ပွါးလေပွါးလေ၊ ဖျားတက်ရေသို့ ဖြစ်လတ်ရကား–

စတုဒီပိဿရ၊ ကလိင်္ဂစကြာသခင်သည်၊ ဆင်ပျံရတနာဖြင့်၊ နဘာကာသ၊ မိုးဝခရီးသို့လှည့်လည်ရာ၊ ဘုရားသုံးဆူတို့၊သစ္စာ လေးပါး၊ တရားသိမြင်၊ ဗောဓိညွန့်ရှင်၊ သစ်ပင်တို့၏ ပေါက် ရောက်ရာဌာန၊ မာရာရိဝိဇယ၊ အဘိသေက သဗ္ဗဗုဒ္ဓ၊ ပထမ မြေပေါ်ကို၊ ဆင်တော်ပျံလွှား၊ မသွားဝံ့သည်ဖြစ်၍၊ ဆုတ်နစ် သောအခါ၊ စကြာနရိန်သည်၊ ဝရဇိန်ချွန်းတောင်းဖြင့်၊ နှင် မောင်းပြင်းထန်၊ ချွန်းချက်အန်ကြောင့်၊ ဆဒ္ဒန်ပျံမျိုး၊ ကြမ္မာ ညှိုးလည်း၊ ကန်ခိုးမင်းဘုန်း၊ ရှုန်းရှုန်းမြေထက်၊ မသက်တန့် နား၊ အစားဆင်ပျံ၊ ခံလှာရ၏သို့ကား၊

နိဗ္ဗာနပစ္စယနာဂရာဇာ၊ စကြာဆင်တော်လည်း၊ တေဇောကမ္ဘဇ၊ ချမ်းအေးမြကြ၊မင်းတရားဘုန်းတော်၊ဆော်သောအားဖြင့်၊ပတ္တမြားဂုစ်၊ ဘားဘားမင်းဆံ၊ ကေသရာပျံ၊ ဆီးခံရင်ဆိုင်၊ ဝံ့ရဲနိုင်သော၊ မောရိယ ပစ္စယနာဂရာဇာဂိရိ ဒုတိယဆဒ္ဒန်စက်တော်တင်ရန် ခံပြန်လှာရသော ပဥ္စမသင်္ဂါယနာတင် ဘုရင်မင်းတရားကြီးဘုရား၏ ရာဇဗိန္ဒိဂုဏ် တရား ဟုန်ကြောင့် ပါဠိလိပုတ်ပြည် တည်မည့်အခါ သမ္မာအယူရှိသောသူတို့ သုံးဆောင်လျှော နေရာအလို့ငှာ သမ္မာအယူရှိသော နတ်တို့သည် စိတ် နှလုံးကိုညွတ်စေသကဲ့သို့ သာသနာတော်စောင့်စသော နတ်ကောင်း နတ်မြတ်တို့သည် သီဟိုဠ်ကျွန်းခွင်အတွင်း သီတင်းသုံးနေသော ရဟန်း တော်တို့စိတ်နှလုံးညွတ်စေသဖြင့် ဒေဝါနံပိယတိဿ မင်းမြတ်အထံသို့ ဓမ္မာသောကမင်းကြီးသည် မဟာဗောဓိ ဒက္ခိဏသာခါကို ပို့သကဲ့သို့ ပုသိမ် အကောက်ဝန်သားငရာနှင့် အဆောင်တော်မြဲ မြေတ်မွေး, ငအောင်ထွန်းတို့ကို အထံတော်သို့ ပို့ရောက်ဆက်သလာစေသည်။

သာသနာတော် ၂၃၆-ခု၊ ဇမ္ဗူဒိပ်ကျွန်းကို အစိုးရသော ဓမ္မာ သောကမင်းကြီးသည် သီဟိုဠ်ကျွန်းကိုအစိုးရသော ဒေဝါနံပိယတိဿ မင်းကြီး အကျိုးငှါ ဆေးဒန်းမြင်းသီလာဖြင့် သား၍ ဖြတ်ယူအပ် သော မဟာဗောဓိဒက္ခိဏသာခါကို သီတင်းကျွတ်လမဟာပဝါရဏာ နေ့ ရွှေဖျဉ်း၌တည်စေပြီးလျှင် အစဉ်အတိုင်း ပူဇော်ပသ၍ နတ် တော်လ ပထမပါဋိပဒရက်၌'သင်္ဃမိတ္တာထေရီမ အမှူးရှိသော များစွာ သောအခြံအရံနှင့်တကွ တာမလိတ္တိသင်္ဘောဆိပ်မှ သီဟိုဠ်ကျွန်းသို့ ကူးသွားစေသည်၊သမုဒ္ဒရာအလယ်သို့ရောက်သောအခါများစွာသော နတ်နဂါးတို့သည် ဆောင်ယူပင့်မည်ရှိရာ သင်္ဃမိတ္တာ ထေရီမသည် ဂဠုန်ငှက်မင်းသဏ္ဌာန် ဘန်ဆင်းလှန့်ခြောက်သဖြင့် မပင့်မယူဝံ့သော အခါ သင်္ဃမိတ္တာအထံသို့ ကပ်ပြီးလျှင်—

"အရှင်ဘုရား....

လူ,နတ်,နဂါး, သိကြား, ဗြဟ္မာတို့အလို့ငှါ လောက၌ ဘုရားဖြစ်တော်မူပါသည်၊ ဂေါတမထင်ရှား ဘုရားမာရဇိန် မြတ်မုနိန်သည်လည်း မုစလိန္ဒမူလေန ဥရဂိန္ဒဘုဇဂေန ဆဋ္ဌမ

သတ္တာဟအတွင်း ကျည်းပင်ရင်း၌သီတင်းသုံးနေတော်မူသော ကာလ မုစလိန္ဒနဂါးမင်းသည် ရှည်လျားသော မိမိကိုယ်ကို ကြည်ညိုခြင်းပီတိဖြင့် ဂန္ဓကုဋိအဟန်ဖန်ဆင်းလျက် လွှမ်းခြုံသောအခါ သည်းခံတော်မူပါသည်၊ ဥရုဝေလ,ပနန္ဒတို့ကိုလည်း သုံးပါးသောသရဏဂုံ၊ ချပ်ရိုတန်ဆာတို့ကို ဆင်ယင်သဖြင့် ချီးမြှင့်တော်မူပါသည်။

အကျွန်ုပ်တို့ နဂါးပြည်သို့ ရက်လည်ရုံမျှ ပင့်ဆောင်ပါရမည့်အကြောင်း"နှင့်တောင်းပန်လျှောက်ထား ပင့်ဆောင်သွား၍ နဂါးတို့ပြန်ပို့ရောက်ဆိုက်သောနေ့၌ပင်လျှင် သီဟိုဠ်ကျွန်း ဇမ္ဗုကောလဆိပ်ကမ်းသို့ ညချမ်းအခါ ဆိုက်လာဘိသကဲ့သို့-

မြတ်စွာဘုရား စွယ်တော်ဆုရေ-၁။
ဓာတ်တော်ဆုရေ-ဂ။
စိန်ဆင်းတုတင်ပျဉ်ခွေ ဥာဏ်တော် ၉' (၉-လက်သစ်)ဆုရေ-၁။
မဟူရာ ကြောင်ဆင်းတု တင်ပျဉ်ခွေ ဉာဏ်တော် ဂ' ဆုရေ-၁။
ဒက္ခိဏသာခါ မဟာဗောဓိပင်တိုး-၂။
မဟာစေတီ, ထူပါရာမ, မဟာဝိဟာရ, လောဟပါသာဒ, မဟာဗောဓိပင်များနှင့်–

အရပ် သံ ၅ ဟိသော မဟာဗောဓိပင်ရှင်-၂ ကို ပုသိမ်အကောက်ဝန်သား ရောနှင့် အဆောင်တော်မြ ငမြတ်မွေး, ငအောင်ထွန်းတို့ကို သီဟိုဠ်ကျွန်းရဟန်းတော်တို့က ပင့်ဆောင် ဆက်သစေသကဲ့သို့ လေရေအဟုံ မသုံဖြောင့်ဖြောင့် နတ်ကောင်းစောင့်၍ ၁၂၂၁-ခုနယုန်လဆန်း ၁၄-ရက်နေ့ ရတနာပုံ ဆိပ်ကမ်းသို့ချမ်းအေးမြူးရွှင်၊ မတ်လုလင်တို့၊ ဘုရင်ဘုန်းဖျား၊ တရားဆယ်ပွင့်၊ ကိုယ်တော်ကျင့်ကြောင့်၊ လွယ်လင့်တကူ၊ဆိုက်တော်မူသတည်း။

ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ရှင်စောသုံးလူ၊ သဗ္ဗညု၏၊ ရုဟိန္ဒရာဇာ၊ မဟာဗောဓိ ဒက္ခိဏသာခါသည် "ယမကာယမကာ၊ ဂုမ္ဗာဂုမ္ဗာ၊ အာဝေလာအာဝေလာ" ခြောက်ဖြာယှက်ရုံ၊ အစုံအစုံ၊ အစုအစု၊အသွယ်

> အသွယ်ဟု ဆိုအပ်သော ရောင်ခြည်ကွန်ယက်တို့ကို ဘဝက်မိုးထွတ်၊ လွှတ်လျက်လွှတ်လျက်၊ ထွက်ခဲ့ပြီးရကား– သမုဒ္ဒရာမြစ်ဇွမ်း၊တင်းကျမ်းပြည့်မျှ၊ ဇမ္ဗူကောလဆိပ်ကမ်းသို့၊ ညချမ်းဆီးဆာ၊ ကြွရောက်လှာသော၊ ထိုအခါဝယ်၊ ဒေဝါနံပိယတိဿမင်းကြီးသည် ၃-ရက်ပတ်လုံး သီဟိုဠ်ကျွန်းမင်းအဖြစ်ဖြင့် ပူဇော်၍ ၄-ရက်မြောက်သောနေ့၌ မဆွကပင် သုတ်သင်ပြီးသောခရီးမဖြင့် ကြီးစွာသောသဘင်ကို ကျင်းပလျက် အနုရာဓမြို့သို့ ပင့်ယူ ပူဇော်လျက် ၁၄-ရက်မြောက်သောနေ့ အရိပ်ပွါးသော ညချမ်းအခါ အနုရာဓမြို့ မြောက်တံခါးမှ သွတ်သွင်းယူသယ်၍ မြို့လယ်မင်းလမ်းမဖြင့် ပင့်ဆောင်လျက် တောင်တံခါးမှ ထွက်သဖြင့် ၎င်းတံခါးနှင့် ကုလလေးတာ အပြန် ၅-ရာ ကွာသော မဟာမေဃဝန် ဥယျာဥ်ကျောင်းတိုက်၌ စိုက်ပျိုးကိုးကွယ်တော်မူသကဲ့သို့–

သီဟိုဠ်ကျွန်းရဟန်းတော်တို့က စေလွှတ်ပို့သ၍ ရတနာပုံ နေပြည်တော်သို့ ဆိုက်ရောက်လှာသော မဟာဗောဓိပင်ကြီး၏ သားတော်အစစ် ပင်ရှင်နှစ်ကို ပြည်သားပြည်သူ ရှင်လူရဟန်းတို့ကို လှူဒါန်းပူဇော် ဖူးမျှော်စေခြင်း စသော သဘင်ကြီးစွာ ဖြစ်စေတော်မူလျက် မဆွကပင် သုတ်သင်အပ်သော မင်းလမ်းမဖြင့် ရတနာပုံပြည်ကြီး၏ အရှေ့မျက်နှာမဟာဝိသုတာရာမတိုက်တော်သို့ ပင့်ဆောင်၍ အရောင်မြှုလှပ် အမိုးသုံးထပ် တန်ဆောင်းရပ်ဝယ် ခပ်သိမ်းသော ရဟန်းရှင်လူတို့ကို ပူဇော်ခစေပြီးမှ ကောဇာသက္ကရာဇ် ၁၂၂၂-ခု နတ်တော်လပြည့်ကျော် ၅-ရက်နေ့ ည ၃-ချက်တီးကျော် ၆-နာရီ အချိန်တွင် သဘင်စုံကျင်းပ၍ ရတနာပုံနေပြည်တော်ရှေ့မျက်နှာ အလယ်ဦးထိပ်တံခါးမှ သွတ်သွင်းယူသယ်၍ မြို့လယ်မင်းလမ်းမဖြင့် ပင့်ဆောင်လျက် တောင်မျက်နှာ အလယ်ကျော်မိုးတံခါးမှ ထွက်ခဲ့ပြီးကာ စံတော်မူရာ မဟာဝိရူပတိုက်ခန်းနှင့်တူသော အဆောင်ဆောင်သော ရွှေနန်းတော်မှ ဒက္ခိဏဒိသာ တာတထောင်ကွာဟိသော ဘူမိအာဘယမင်္ဂလာ ဘေးမဲ့ပေးတော်မူရာ အဘယာရာမကျောင်းတိုက်သို့ ပင့်ဆောင်ခဲ့၍–

ဂဏာစရိယဂဏာပါမောက္ခအစစ် သဃ်ရာဇ် ဖြစ်တော်မူသော "ဥ ယျမမ္မာဘိမုနိဝရညာဏကိတ္တိသိရိပဝရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ သာသနာပြုဆရာတော်ဘုရားကြီး အမှူးပြုသော ဆရာတော်သံဃာတော် ၅၀-ပါး ပရိတ်တော်ရွတ်မွန်း၍ မင်းညီမင်းသား,မင်းဆွေမင်းမျိုး,မှူးတော်မတ်တော်,သူဌေးပုဏ္ဏားအမျိုးလေးပါးတို့ မစ ခြံရံပြီးလျှင် သာသနာတော် ၂၄၀၄-နှစ်၊ ကောဇာသက္ကရာဇ် ၁၂၂၂-ခု နတ်တော်လပြည့်ကျော် ၆-ရက် ၂-လာနေ့-နေ့တချက်တီးကျော် ၃-နာရီ ၂-ပါဒ်,၅-ဗီဇနာ,၂-ပြန်,၁-ခရာ, ကုန်လင်,ကြင့်စန်း,သောကြာတြင်း,သောကြာနဝင်း,နက္ခတ် ၂၂-လုံး ၂ ပါဒ်ထက်လင်စီးလျက် ၆-ဘဝါး ၅-လက်သစ်ရှိသော ကောင်းမြတ်သော မင်္ဂလာအခါတော်တွင် ကောင်းချီးအနုမောဒနာ အခါတော်ကြား အမြောက်သံ ၃-ချက်ပေး၍ မြေမျိုး ရေမျိုးစုံတို့ဖြင့် ပတ္တမြား ၅-ရစ်စီ အပေါက် တထောင်ရှိသော ရွှေဖျဉ်းကြီးခံ၍ စိုက်တော်မူသည်။

အနန္တရဘဝမဆည်း ဖြတ်ခြည်းရုတ်ခြည်း ဝင့်ကုံလှည်း၍ ညစ်မည်းကင်းပ အရဟတ္တဖလစတုတ္ထမိုလ်ထွတ် ဆွတ်လိုသော ဟူ၍လည်း ပတ္တနာတော်မူသည်၊ စိုက်ပျိုးပြီးသော ဗောဓိညောင်တော်ကိုလည်း ကလိင်္ဂစကြာမင်းသည် ဘုရား ၃-ဆူတို့ပွင့်တော်မူသော ဗောဓိပင်ရာကိုမျှ ရွှေသည်တိုင် စိုက်မှတ်ခြင်း, တံတိုင်းမဟာရံပတ်ဝိုက်ခြင်း,လေးကျွန်းလုံး မင်းစည်းစိမ်ဖြင့် ပူဇော်ခြင်းကို ပြုသကဲ့သို့ ငါတို့သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်သည်လည်း သောမနဿသဟဂုတ်ဥက္ကဋ္ဌဇောစေတနာဖြင့် သစ် အုဌ် အင်္ဂတေ ရွှေသစ်စေးအလို့ငှါ အသပြာလေးသောင်းကျော်ကို ရွှေတိုက်တော်မှ ထုတ်ပေး၍ ဝိသုကမ္မအမတ်အား တည်ထားဖန်ဆင်းစေသည်မှာ—

ပရိဘောဂစေတီတော်ဟု ဆိုအပ်သော တောစိုးသစ်ပင်၏ ဝန်းကျင်မျက်နှာ၌ အာလိန်သုံးဆင့်မြင့်တော်မူခြင်း,

ထုပ်စွပ်လျောက်တင် ရွှေစင်အတိ မွမ်းမံအပ်သော သည်မသည်ရံ သည်တွေးတို့ကိုလေးဆင့်တိုင်တိုင်စိုက်ထူခြင်း,

ငွေသော်အတု ဖွေးဖွေးဖြူသော မဟာရံ ၂-ထပ် စရပ် ရှစ်တန် ရေကန်ရှစ်ခုတို့ကိုပြုစုတူးဘော်စေခြင်း,

နေ့စဉ်မပြတ် အရပ် ၄-မျက်နှာတို့၌ ဆီမီးပူဇော် ဆွမ်းတော်ကပ်လှူခြင်း, နှစ်စဉ်မပြတ် သဗ္ဗညု ဘုရားပွင့်တော်မူသော ကဆုန်လပြည့်နေ့ ညောင်ရေသွန်းလောင်းခြင်းဟုဆိုအပ်သော ဝိသာခါသဘင်စီရင်ခြင်း,

တန်ဆောင်မုန်းလ ဆီမီးတန်ဆောင် ပူဇော်ခြင်းဟု ဆိုအပ်သော သရဒသဘင် စီရင်ခြင်းစသည်တို့ဖြင့် မရေတွက်နိုင်သော ကောင်းမှုတော်တို့ကို ကြည်ညိုအားထုတ် မဆုတ်မနစ်ဖြစ်စေတော်မူသည်။

ဤသို့လျှင် ဓမ္မာသောကမင်းကြီးသည် သီဟိုဠ်ကျွန်းသို့ မဟာဗောဓိဒက္ခိဏသာခါကို ပို့သကဲ့သို့ သီဟိုဠ်ကျွန်း ရဟန်းတော်တို့က မဟာဗောဓိပင်ကို ရတနာပုံနေပြည်တော်သို့ပို့ဆက်ခြင်း,သီဟိုဠ်ကျွန်းသို့ရောက်သော ဗောဓိပင်ကို ဒေဝါနံပိယတိဿမင်း စိုက်ပျိုးသကဲ့သို့ ရတနာပုံနေပြည်တော်သို့ရောက်သော ဗောဓိပင်ကို စိုက်ပျိုးတော်မူခြင်း, ကလိင် စကြာမင်းသည် ဗောဓိပင်ရာကိုမျှကြည်ညိုလေးမြတ်စွာ ပူဇော်သကာကိုပြုသကဲ့သို့ စိုက်ပျိုးတော်မူပြီးသော ဗောဓိညောင်တော်ကို ရိုသေလေးမြတ်စွာ ပူဇော်သကာကိုပြုခြင်း, ယောဂီ ဇ္ဈာသိယတိ တာပသတို့ကို နိစ္စမပြတ် စောင့်ရှောက်စေခြင်းဟု ဆိုအပ်သော မဟာဗောဓိ၏အဋ္ဌုပ္ပတ္တိကို—

နောင်သောကာလ သာရိရိကဓမ္မတော်ဓာတ်တော်တို့သည် မဟာဗောဓိမဏ္ဍိုင်သို့ တပြိုင်နက်တည်း စုသဖြင့် ဓာတုပရိနိဗ္ဗာန်စံပြန်သည်တိုင်အောင် ထွန်းပြောင်မြင့်ရှည် တည်ရစ်စေသော—

ဟု ရတနာသိယ် နရဒေဝ ဒသမရာဇဝင် မထင်အတု အံသုမာလိနွယ်လာဟိသော ပဉ္စမသင်္ဂါယနာတင် ဘုရင်မင်းတရားကြီးဘုရားနန်းစံ နှစ်ဆယ့်ခုနစ်နှစ် ရောက်လစ်သောအခါ ဤကျောက်စာသံပိုင်းကို ထိုးစေရသတည်း။

ဗောဓိမဏ်လာ၊ ကွန့်ရွှန်းဖြာလျှက်၊ စက္ကဝါတပိုင်း၊ မြမြိုင်းတည့်၊
ဆိုင်းဆိုင်းယှက်ငြို၊ ခက်ချင်းထိ၍ပရိမဏ္ဍလ၊ ဝန်းဝန်းပလျှက်၊
ဂေါတမရှင်ချစ်၊သစ္စာလှစ်သား၊ဒုမရာဇ်ကျော်၊စေတီတော်ကို၊
ပူဇော်ကြရာ၊ ဖြစ်စေငှါဟု၊ ရတနာပုံ၊ မင်းပွဲစုံသည်၊ ရွှေဘုံ
ဌာန၊ ပဌမနန်းတည်၊ ဇာနည်ဥက္ကဌ်၊ ဖန်ဆင်းလတ်က၊ နတ်
မင်း လူမင်း၊ မြဟ္မာမင်းတို့၊ နန်းကင်းမကိုင်၊ ဝပ်စင်းတိုက်၍၊
ဦးခိုက်ကြည်လင်၊ပန်ကြဆင်သား၊ မဟာဏ်ဏာ၊အပြင်သာဝယ်၊
ဝဇီရာသန၊နေရာမထက်၊မြပြာသာဒ်ကြီး၊မြထီးမောက်မောက်၊
မြနန်းဆောက်သို့၊ ရွှေနောက်ယာဝဲ၊မြရိပ်ကြဲလျှက်၊ မြခဲပမာ၊
ချမ်းအေးစွာသား၊ ရတနာပုံ၊ ရိပ်မြုံဗောဓိ၊ ဌပြုတ္တိကို၊ မိမိ
လာကျော်ဟိုး၊ ပြည်ကြီးစိုးသား၊ မဃ္ဃဒိုးမင်းလျှဉ်၊ သားမြေး
စဉ်သို့၊ ပဥ္စမထင်၊တင်သည့်မင်းမြတ်၊ တို့စောထွတ်၏၊နာဂတ်
နန်းပျော်၊ သားမြေးတော်တို့၊ ပူဇော်ရှိသေ၊ ကိုးကွယ်စေဟု၊
ပရမေကဝိန်၊ပညာထိန်သည်၊နရိန္ဒာဘိသိရီသဒ္ဓမ္မ၊ စသည်တွက်
ဘွဲ့နှစ်ဆယ့်ခြောက်လုံး၊ စီကုံးအက္ခရာ၊ ရာဇာဓိရာဇ်၊ အသစ်
ခတ်နှိပ်၊ မင်းပေးလိပ်ဖြင့်၊တံဆိပ်နှစ်ဆင့်၊ ဘိသိက်မြှင့်သား၊
ဘုရင့်ဆရာ၊ ထေရ်မဟာလျှင်၊ အက္ခရာထင်းထင်း၊ မော်ကွန်း
ကွင်းသည်····သလင်းရွှေစာသံမိုင်းတည်း။

သက္ကရာဇ် ၁၂၄၁-ခု၊ တော်သလင်းလဆန်း ၁၃-ရက်
၅-နေ့ ရေးကူးထုလုပ်၍ပြီးသည်။

မန္တလေးရတနာပုံ ပဌမ မြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက် သီဟိုဠ်ကျွန်း ဒေဝါနံပိယတိဿမင်းမြတ်သည် အနုရာဓမြို့တော် တောင်မျက်နှာ ကုလလေးတာ အပြန် ငါးရာကွာသော မဟာမေဃဝန် ဥယျာဉ်ကျောင်းတိုက်၌ ဒက္ခိဏာသာခါမဟာဗောဓိပင်ကို စိုက်ပျိုးကိုးကွယ်တော်မူသောနည်းဖြင့်—

မန္တလေးရတနာပုံ ရွှေမြို့တော်၏ တောင်မျက်နှာ ဗောဓိကုန်းအရပ်၌ သီဟိုဠ်ကျွန်းရဟန်းတော်တို့က စေလွှတ်ပို့သအပ်သော ဗောဓိပင် ၂-ပင်တို့ကို စိုက်ပျိုးကိုးကွယ်တော်မူပြီး

နောက် ကောဇာသက္ကရာဇ် ၁၂၂၇-ခုနှစ် ကဆုန်လ မန္တြီမ ဒေသ မဟာဗေဒမိပင်တော်အရပ်က ဆောင်ယူဆက်သသည့် ဗေဒမိပင်တော်ကို မန္တလေးရွှေမြို့တော်၏ မြောက်မျက်နှာ ကျောက်တော်ကြီးဘုရား ရုပ်ပွါးတော်မဟာရံတံတိုင်းအတွင်း အရှေ့မြောက်ထောင့်အရပ်၌ ဗေဒမိပင်စိုက် အခမ်းအနား နည်းအားဖြင့် ပွဲသဘင်ကြီးကျယ်စွာ ကျင်းပတော်မူ၍ စစ် အင်္ဂါအပေါင်းတို့ဖြင့် ခြံရံလိုက်ပါစေလျက် ကိုယ်တော်တိုင် ထွက်တော်မူပြီးလျှင် အခါတော်ကောင်းသော မင်္ဂလာအချိန် တိုင်ရောက်သည်ကာလ အမြောက် သုံးချက် ပစ်ဖေါက် အောင်သံပေး၍ ဗေဒမိပင်တော်ကို ဘဝရှင်မင်းတရားကြီး ကိုယ်တော်တိုင် စိုက်ပျိုးတော်မူသည်။

၎င်းအနောက်မြောက်ထောင့် မဟာရံတံတိုင်း၏ ပြင်ထပ်အတွင်း ဗေဒမိပင်တော်ကိုလည်း အထက်အထက် ဗေဒမိပင်တော် စိုက်ပျိုး သည့်နည်းအတိုင်းအခမ်းအနားနှင့်တကွအရှင်နှစ်ပါးကိုယ်တိုင်ထွက် တော်မူ၍ စိုက်ပျိုးတော်မူသည်၊ ၎င်းအရှေ့တောင်ထောင့် အနောက် တောင်ထောင့်အရပ်များ၌လည်း ၎င်းဗေဒမိပင် စိုက်ပျိုးသောနည်း အတိုင်း စိုက်ပျိုးတော်မူလေသတည်း။

ဗေဒမိဝံသအခန်း ပြီး၏။

## ဗေဒမိဝင်ဝတ္ထု၌တွင်ရွှေပြီး၏။

---

## ပုံနှိပ်၍ပြီးစီးအောင်မြင်ကြောင်းနိဂုံး

သချိုလေးထပ်၊ကပ်တသိန်းလုံး၊ ပေါင်းရုံးသချ်ာ၊ ဖြစ်များစွာက၊ သမ္ဘာလုံ့ဆော်၊ ဘုန်းကြောင့်ပေါ်၍၊ အံ့အော်ထောမနာ၊ မဆုံး ရာသော၊ နာမံတော်မြတ်၊ ဂုဏ်သကတ်နှင့်၊ လူ့နတ်ပြဟ္မာ၊ ဘုံသုံး ရွာ၏၊ ဆရာမဗ္ဗရာဇ်၊ ဖြစ်ကြီးဖြစ်သော၊ ရှင်ချစ်မြတ်စွာ၊ တို့ဆရာ သည်၊ ဝါတော်တွက်ရေး၊ လေးဆယ်နှင့်ငါး၊ ကာလပျားအောင်၊

အများဟိန္ဒူ၊ ကျွတ်ထိုက်သူကို၊ နိဗ္ဗူအောင်မြို့၊ကိုယ်တိုင်ပို့၍၊ ပိတ်ဆို့အပိဋ္ဌာ၊ ဉာဏ်ဝါမှေးမှိန်၊ လင်းမထိန်သော၊ မုဒိန်,နေယျ၊ ပဒပရမ၊ နောက်မှနောက်မှ၊ ကျွတ်ရစ်ကြမည့်၊ သာဝကအများ၊တပည့်သားတို့၊ တရားငြိမ်းကြီး၊ အစဉ်မှီး၍၊ ခရီးမထောင့်၊ နေ့းမနှောင့်ဘဲ၊ ဖြောင့်ဖြောင့်လျှင်ပြင်း၊ လိုက်လှည့်မင်းဟု၊ ခင်းကျင်းဆုံးမ၊ ညွှန်ခဲ့ပြသား၊ တိပိဋကသာသနာ၊ ရောင်အဝါသည်၊ လက်ာဒီပ၊ သီဟဠနှင့်၊တမ္ဗပါဏိ၊ သုံးမည်ရှိသည့်၊ သိရိရွှန်းစို၊ ကျွန်းသီဟိုဠ်၌၊ နေပျို့လုလင်၊ တက်သစ်သွင်သို့၊ ကြည်လင်ရွှန်းသစ်၊ ထွန်းသည့်ခေတ်တွင်၊ ရှစ်အင်သမ္မာ၊ လေးဖြာသမ္ဗိ၊ခြောက်လီဘိညာဏ်၊တန်ခိုးထန်၍၊ရန်မာရ်ကိလေသာ၊ လွှတ်ကင်းကွာသော၊ ခီဏာသဝေါ၊ မြတ်ရှင်ကျော်တို့၊ အပေါ်ဌာန၊ မဏ္ဍမက၊ ဒုမမိပတိ၊ ပင်ဗောဓိ၏၊ ရှိသည့်ကြောင်းလျှား၊ ဌပြပွတ်များကို၊ နောက်သားနောင်လာ၊ သူတော်စွာတို့၊ သဒ္ဓါရှင်မော၊ သိစိမ့်သောဟု—

**ဗောဓိဝံသ၊ဗောဓိပိဘာဝနီ၊** ကျမ်းဂန္ထကို၊ သီဟဠဘာသာ၊ အက္ခရာဖြင့်၊ ကောင်းစွာရေးသား၊ ပြုစုထားခဲ့၊ ဆင့်ပွါးတခါ၊ သညာမဆိတ်၊ **ဥပတိဿဟု၊ ပဏ္ဍိတ်အမော်၊** မထေရ်ကျော်လျှင်၊ ရှုမြော်ချင့်စာ၊ ယင်းဘာသာမှ၊ ခရာလဲသုံး၊ မြန်စာလုံးဖြင့်၊ စီကုံးပါဠိ၊ ကူးယူညှိခဲ့၊ **ထိုပြီးရှေးခါ၊ ပည၀ါတို့၊** ဘာသာမူလ၊ မာဂဓမှ၊ မြန်မာ့ဝေါဟာ၊ ပျံ့ပျူးစွာဖြင့်၊ ဘတ်သာ နာပျော်၊ နားနှင့်လျော်အောင်၊ ဝင်တော်ဝတ္ထု၊ ရေးစီပြုရှင့်။

ရှေးသူ့မှတ်ငြမ်း၊ထိုသည့်ကျမ်းလျှင်၊ တိမ်လွှမ်းလဝါ၊ ပုံပမာသို့၊ မူစာတိမ်မြုပ်၊ကွယ်ငုပ်မထင်၊ရှိသည့်အင်ကြောင့်၊ ပေါ်လွင်ထင်လျှား၊ ပြည်နှံ့ပြားအောင်၊အားထုတ်ပြီးကာ၊ အရရှာ၍၊ သေချာရှုံးပေါင်း၊ ရိုက်နှိပ်ကောင်းဟု၊ ကျိုးကြောင်းနှက်သိ၊ မြော်ရှုမိကြောင့်၊ ဗောဓိခြင်းရာ၊ ဖေါ်ပြပါသား၊ ရာဇဝင်ထွက်၊ စကားနက်နှင့်၊ တွဲဘက်စီစဉ်၊ သင့်အောင်ယှဉ်၍၊ သညာနာမံ၊ သြဘာလျှံသား၊ **ဟံသာဝတီ၊** သမိုက်ချီသည့်၊ ဂုဏ်ဆိပြည့်ပြီး၊ တိုက်ကျော်ကြီးက၊ သီးသီးလက်ရှိ၊ မှူချင်းညှို၍၊ ပါဠိပါဌ်သား၊ပုဒ်ထားပုဒ်နေ၊ သဝေပိုဒ်မ၊ပင့်,ရစ်စသည်၊

ကျပေါက်မှားယွင်း၊ လုံးစုံကင်းအောင်၊သန့်ရှင်းပီပြင်၊ စက်ပုံတင်ရှင့်၊ လူတွင်ဝေါဟာ၊ ခေါ်ကြရှာသား၊ စမ္မာ,နဝါဒွိ,ကေ–ဟု၊ (၁၂၉၂) သကရာဇာ၊ ရောက်သောခါဝယ်၊ နှစ်ဖြာတွင်လတ်၊ အဋ္ဌုတ်,ဗာဟီ၊ ဘေးမသီဘဲ၊ဤဗေဒမိဝင်၊ပြီးအောင်မြင်ရှင့်၊လူ့,ရှင်အပေါင်း၊ ကောင်းချီးနှမော်၊ သာဓုခေါ်၍၊ ရှုမြှော်သုံးသပ်နိုင်စေသောဝ်။

နိဂုံးပြီး၏။

# ဤတွင်–ဗေဒမိဝင်ဝတ္ထု ပြီးပြီ။

"ဝနောတိ ပတ္ထရတီတိ
ဝံသော-သန္တာနော"
ဟူသော ဋီကာဒီဓမ္မာဂုလာနဲ့ပိဂြိုဟ်၊
"ဝံသော တန္တိ ပဝေဏီ" ဟူသော မဟာဝံသဋီကာနှင့်
အညီ ဖြစ်စဉ် ဖြစ်ရပ် အကြောင်းအရှုပ္ပတ်ကို ပြဆိုသော
ကျမ်းများသည် "ဝံသကျမ်း" မည်၏။
ထိုဝံသကျမ်းသည် -
၁။ ဗုဒ္ဓဝင် ၂။ အနာဂတဝင် ၃။ ဒီပဝင်
၄။ မဟာဝင် ၅။ ဗောဓိဝင် ၆။ ဒါဌာဓာတုဝင်
၇။ နလာဋဓာတုဝင် ၈။ ထူပဝင်
၉။ ရွှေပြည်ဝင် နှင့် တကွ
ဆကေသဓာတုဝင်၊ သာသနာဝင်၊
ဂန္ထဝင်၊ ရာဇဝင် စသည်ဖြင့်
များစွာရှိလေသည်။

GRAPHIC DESIGN: SHWEMYAY NANDA